

# သင်စီရင်သည့်အတိုင်း

Adrian Ebens

# သင်စီရင်သည့်အတိုင်း

ADRIAN EBENS

ဇူလိုင်လ ၄ ရက် ၂၀၁၉ ၌

ကွယ်လွန်သွားပါသော

သခင်ခရစ်တော်၌ ချစ်နှမ

Carolyn Hullquist ကို အမှတ်ရလျက်

www.maranathamedia-myanmar.com

fatheroflove.info

ဇူလိုင်လ ၄၊ ၂၀၂၀

# မာတိကာ

၁။ ကိုယ့်ကိုယ်ကိုသတိထားပါ ........................................................................ 5

၂။ အဆုံးအဖြတ်နေ့........................................................................................ 13

၃။ တရားမျှတခြင်းနှင့် တရားစီရင်ခြင်း............................................................ 21

၄။ အပြစ်ဖို့ခြင်းရဲ့မူလဘူတ ........................................................................... 29

၅။ ထင်မှတ်ခြင်း၊ အာရုံမြင်ကွင်းလွဲချခြင်း၊ အမှန်တရား................................... 38

၆။ ပထဝီကြီးသည် ခင်ဗျားကြောင့် အကျိန်ခံရ၏................................................ 43

၇။ သူ့ကိုရှုပါ ................................................................................................ 48

၈။ ခမည်းတော်ကို စီရင်ခြင်း .......................................................................... 52

၉။ ခမည်းတော်ဘုရား ကိုယ်ထင်ပြခြင်း............................................................. 58

၁၀။ ငါသည်လည်း သင့်ကိုမစီရင် ..................................................................... 67

၁၁။ ပညတ်သည် ဝိညာဉ်ပကတိဖြစ်၏ ................................................................ 74

၁၂။ သန္တာန်မှာ ကမ္ပည်းထွင်းထားသည် .............................................................. 79

၁၃။ ငါ့အကြံအစည်သည် သင့်အကြံအစည်နှင့်မတူ .............................................. 88

၁၄။ အိုဘုရားသခင် ကိုယ်တော်၏လမ်းသည် ဗိမာန်တော်မှာရှိပါတယ် .............. 95

၁၅။ စာအုပ်တွေဖွင့်ပြီး တရားစစီရင်ခြင်း ........................................................ 105

၁၆။ ခင်ဗျားဟာ ကနဦးမေတ္တာကိုစွန့်ခွာပြီ ..................................................... 120

၁၇။ တောက်ပသောမြစ် (သို့) မီးရောင်ခြည်.................................................. 133

၁၈။ အစမ္မရဲ့ဘာသာဗေဒ ..................................................................... 141

၁၉။ ခရစ်တော်ပြန်မကြွလာခင်မှာရှိမယ့် ကြိုတင်တရားစီရင်ခြင်း.................... 148

၂၀။ ယာကုပ်ရဲ့ဒုက္ခကာလ......................................................................... 161

၂၁။ လူတစ်ယောက်ရဲ့အမှားကြောင့် အပြစ်စီရင်ခြင်းကြုံရတယ် ...................... 172

၂၂။ ခရစ်တော်ရဲ့တရားခုံရုံး ................................................................... 181

၂၃။ ဗိမာန်တော်ကို ဆေးကြောခြင်းနဲ့ အပြစ်ဖြေရာနေ့ကြီး .............................. 192

၂၄။ တမန်မဲ့ဖြင့်........................................................................................ 209

၂၅။ အချိန် (Chronos) နှင့် ကရုဏာတံခါးပိတ်ခြင်း......................................... 217

၂၆။ ဝိညာဉ်ရေးဗိမာန်တော်ကို ဆေးကြောမွမ်းမံခြင်း........................................ 231

## ၁။ ကိုယ့်ကိုယ်ကိုသတိထားပါ

ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ ကလေးငယ်သန်းများစွာက ဒီဇင်ဘာလ ၂၄ ရက်ညကို ဘယ်လောက်တောင် မျှော်ကြမလဲဆိုတာ ဘိုင်သေမှန်းရခက်ပါတယ်။ မီးလက်လက် တောက်နေတဲ့ ခရစ်စမတ်သစ်ပင်တွေကလည်း နေရာအနှံ့မှာရှိပြီး "စန်တာကလော့ကို ကြိုဆိုပါ၏" ဆိုတဲ့ ဆိုင်းဘုတ်တွေကလည်း ဆန်းပြားတဲ့ မြောက်ဝင်ရိုးစွန်းနေဖိုးဖိုးပျော်ကို လက်ဆောင်တွေလာပေးဖို့ လက်ပြခေါ်နေပါတယ်။

ထိုထိုအပြစ်မဲ့ကလေးငယ်အားလုံးဟာ တပည့်တော်ကြီး ရှင်ယောဟန် ဗျာဒိတ်ကျမ်းထဲမှာ ကြုံခဲ့သလိုမျိုး ထပ်တူကြုံနေကြပါတယ်။ ခရစ်စမတ်ကာလ ကလေးငယ်တွေရဲ့ပြစ်မျိုးမဲ့ပျော်ရွှင်မှုဟာ ခံတွင်းမှာချိုပြီး၊ စန်တာဟာ ဒဏ္ဍာရီသာဖြစ်မှန်းသိရတဲ့အခါ ဝမ်းမှာခါးပါတယ်။

ခရစ်စမတ်ရိုးရာဟာ လူသားတွေရဲ့ဓာတ်သွေးကို အများကြီးဖွင့်အန်ပြပါတယ်။ မိဘတွေ ဟာ သူတို့ရဲ့ရင်သွေးတွေကို ယုတ္တိမရှိတာကို ဘာ့ကြောင့်သင်ပေးကြပါလိမ့်။ အတိုပြော ရရင် ကလေးတွေဟာ မဟုတ်တာတွေနဲ့ အလကားနေစိတ်ပျက်ကြမှာကို သိသိကြီးနဲ့ မိဘတွေက ဘာလို့ညာပြောကြတာလဲ။

ဩစတြေးလျက ခရစ်စမတ်ပွဲဆိုရင် ပိုဆန်းပါသေးတယ်။ ဩစတြေးလျမှာက ဒီဇင်ဘာလ ဆိုတာ နွေလယ်ခေါင်ကြီးဖြစ်တော့ သမင်၊ ဒရယ်၊ နှင်း၊ အင်္ကျီထူထူ အနီရောင် စန်တာ ကလော့ဆိုတာတွေဟာ အတော်ကိုခွကျပါတယ်။ ခရစ်စမတ်နေ့ဟာလည်း ၃၅ ဒီဂရီ စင်တီဂရိတ်ထက်လည်း ပိုတတ်တော့ စန်တာပရိသတ်များရဲ့ အိပ်မက်တွေကို ပျက်စေ နိုင်လောက်ပါတယ်။ ဒါပေမဲ့ ဒီလိုဖြစ်မသွားပါဘူး။ အစဉ်အလာဟာ အံမဝင်ခြင်းများစွာ နဲ့ပဲ လက်ဆောင်တွေ၊ အချိုပွဲတွေနဲ့ ဆက်ပြီးရှင်သန်နေပါတယ်။

စန်တာဟာ လူသားရဲ့စိတ္တဇရုပ်များစွာကို ပြတဲ့အတွက် အာရုံပေးသင့်တဲ့ကိစ္စဖြစ်ပါတယ်။ အားလပ်ရက် ဈေးပွဲတော်အခါဖြစ်တဲ့အပြင် နာမည်ကြီးစန်တာသီချင်းတစ်ပုဒ်က လူတွေ ဘဝကိုရှုမြင်ပုံကို ပြပါတယ်။

## စန်တာကလော့ကြီး မြို့ထဲဝင်လာပြီ

ကိုယ့်ကိုယ်ကိုသတိထားပါ
သင်မငိုပါနဲ့
သင်နှုတ်ခမ်းမစူပါနဲ့
ဘာလို့လဲဆိုတာငါပြောမယ်
စန်တာကလော့ကြီး မြို့ထဲဝင်လာပြီ

သူကစာရင်းလုပ်နေတယ်
နှစ်ခါတောင်ပြန်စစ်တယ်
ဘယ်သူနားကောက်လည်း၊ လိမ္မာလည်းဆိုတာရှာမှာ
စန်တာကလော့ကြီး မြို့ထဲဝင်လာပြီ

သင်ဘယ်အချိန်အိပ်တာကို သူမြင်တယ်
သင်ဘယ်အချိန်နိုးတာကို သူသိတယ်
သင်ကောင်းလား၊ ဆိုးလား သူသိတယ်
ဒါ့ကြောင့် လိမ်လိမ်မာမာနေပါ။

လက်ဆောင်ယူလာတဲ့သူရဲ့အမြီးမှာ အဆိပ်ဆူးရှိတယ်။ သင့်ရာဇဝင်အားလုံး သူက မှတ်တမ်းတင်ထားပါတယ်။ သူဟာ နေရာတိုင်းမှာ တစ်ပြိုင်တည်းရှိနိုင်တဲ့ သဗ္ဗဗလဒ္ဓရအစွမ်း ရှိပြီး သင်အိပ်နေချိန်၊ ထချိန်များကို မြင်နိုင်ပါတယ်။ သင်ကောင်းလား၊ ဆိုးလားဆိုတာ သိဖို့ စာရင်းကိုနှစ်ခါပြန်စစ်ပါတယ်။

ကျွန်တော်တို့လုပ်သမျှကို မြောက်ဝင်ရိုးစွန်းမှာ စာရင်းမှတ်ထားတယ်လို့ ကျွန်တော်တို့ဟာ ငယ်ငယ်ကတည်းကစပြီး နားသွင်းခံခဲ့ရပါတယ်။ လိုချင်တာက အကြောက်တရားပါ။ အကြောင်းက ကိုယ့်ကိုယ်ကိုသတိထားရင် ပိုကောင်းမယ်ဆိုတာပါ။ သင်ဟာ စောင့်ကြည့် ခံရပြီး သင်မလိမ္မာရင် လက်ဆောင်ကောင်းရမှာမဟုတ်ပါဘူး။ မူကွဲပုံပြင်တွေမှာဆိုရင် မီးသွေးလိုမျိုး၊ ဒါ့ထက်ဆိုးတာမျိုး ရတတ်တယ်တဲ့။

စန်တာကလော့ပုံပြင် မူကွဲရတဲ့အကြောင်းရင်းခံကတော့ ပဟေဠိအဖြစ် ရှိနေပါတယ်။ လက်ဆောင်တွေ ကစားစရာအရုပ်တွေထမ်းပြီး လည်ပတ်နေတဲ့ ဖိုးဖိုးပျော်ဟာ အမှန်တော့ တစ်ကမ္ဘာလုံးကို ထောက်လှမ်းနေခြင်းဖြစ်ပါတယ်။ သူ့ရဲ့လက်ဆောင်ကတော့ သင့်ကို လူကောင်းဖြစ်အောင်လုပ်တဲ့ လက်ဆောင်ပါပဲ။ နိုင်ငံသားကောင်းဖြစ်စေဖို့ပေါ့။

စန်တာကလော့ပုံပြင် ခရစ်ယာန်သာသနာအတွင်း မူကွဲရခြင်းဟာ ၁၈ ရာစုက စကော့(တ်)လူမျိုး ဥပဒေပညာရှင်၊ သမိုင်းပညာရှင်၊ ဒဿနပညာရှင် သခင် Kames ရဲ့ သုံးသပ်ချက်နဲ့ ပတ်သက်နိုင်ချေရှိပါတယ်။

> "သူက - ခရစ်ယာန်သာသနာသည် သိမ်မွေ့ခြင်း၊ သည်းခံခြင်း၊ မုဒိတာတရားများမှာ ထင်ရှားပါတယ်။ ဒါပေသိ ညှင်းဆဲနှိပ်စက်ခြင်းသည် အခြားဘာသာမှာ မဖြစ်ဖူးဘူးလို့ ဆိုပါတယ်။ Kames က ဒါကို ခရစ်ယာန်မှုနဲ့ လက်တွေ့ကြားဝိရောဓိဖြစ်ခြင်း 'လူ့သမိုင်းထဲက တစ်မူဖြစ်စဉ်ထူး' လို့ ဆိုပါတယ်။"[1]

မှန်ပါတယ်။ Kames ဟာ အနှီမူကွဲကို စတင်သုံးသပ်သူ (သို့) နောက်ဆုံးသုံးသပ်သူ မဟုတ်ပါဘူး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတွေကိုသင်ပေးတဲ့ ယေရှုဘုရားရဲ့ဘာသာကို ယုံကြည်သက်ဝင်ကြတဲ့သူများဆီကနေ ဒီလိုအဓမ္မအုပ်စိုးလိုစိတ် ထွက်ရတာပါလိမ့်။

---

[1] https://www.libertarianism.org/publications/essays/excursions/notes-persecution-toleration-history-christianity

ခရစ်ယာန်သမိုင်းကို ဒီထက်အရင်းစစ်တဲ့အခါမှာ အဓမ္မသုံးရခြင်းကို ဖြောင့်ချက်ပေးတဲ့ Augustine ရဲ့ပုံရိပ်ကို တွေ့နိုင်ပါတယ်။

> ဖမ်းဆီးညှင်းဆဲနည်းရဲ့ ဖိသုကာကြီး၊ ခရစ်ယာန်ဓမ္မဒဿနပညာရှင် Augustine က ယေရှုဘုရားလည်း တစ်ကြွေ့မှာသံနည်းအစား အဓမ္မနည်းသုံးခဲ့တာရှိရင် ထောက်ပြဖို့ ဝေဖန်သူတွေရဲ့ စိန်ခေါ်မှုကို ခံခဲ့ရတဲ့အခါမှာ သူကလည်း တမန်တော်ဝတ္ထု ၉:၁-၁၈ လာ ရှင်ပေါလုရဲ့ ဒမသက်မြို့သွားဖြစ်စဉ်အကြောင်း ထောက်ပြခဲ့ပါတယ်။ ရှင်ပေါလု (ယခင် ရှောလု) ဟာ ခရစ်ယာန်များကို နှိပ်စက်ဖို့ အသွားမှာ မြေပေါ် ပြိုလဲခဲ့ပြီး ယေရှုရဲ့အသံတော်ကို ကြားခဲ့ရပါတယ်။ မဟာအလင်းတန်းစူးကြောင့်လည်း မျက်လုံးကွယ်ခဲ့ရပါတယ်။ Augustine က ရှင်ပေါလု ပြောင်းလဲလာခြင်းမှာ အဓမ္မပါတယ်လို့ ဆိုပါတယ်။ ခရစ်တော်ဘုရားသည် "ပေါလုကိုအလဲထိုးဖို့ ပြာဋ္ဌိဟာသုံးခဲ့တယ်" "မျက်လုံးကွယ်စေခဲ့တယ် (၃ ရက်ခံလိုက်ရတယ်)" လို့ ဆိုပါတယ်။ ဒါ့ကြောင့် ရှင်ပေါလုသည် အဓမ္မနည်းအားဖြင့် သာသနာတော်ထဲကို ရောက်ခဲ့ပါတယ်။ ဒါနဲ့ပဲ ဘာသာရေး ကွဲပြားမှုကို လက်ခံသူများဆိုကြတဲ့ သခင်ခရစ်တော်သည် အဓမ္မနည်း ဘယ်တော့မှ မသုံးခဲ့ဖူးဘူးဆိုတဲ့ အဆိုက — အနည်းဆုံးတော့ Augustine နဲ့ သူ့အဆိုကို လိုက်ပြီးသုံးကြတဲ့သူတွေ အတော်ထိုးနှက်ပါတယ်။[2]

ယေရှုဘုရားရဲ့ဝါစာဖြစ်တဲ့ ကျွန်တော်တို့သည် "နှောင့်ယှက်သောသူကို မတားဆီးကြနှင့်" နဲ့ ပတ်သက်လို့ အထက်ပါသာဓကကို Augustine ရဲ့ အနက်ဖွင့်သွားပုံဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ အနက်ရင်းကတော့ သူတစ်ပါးကောင်းဖို့ ကျွန်တော်တို့ကို အဓမ္မသုံးခွင့် မပေးဘူးဆိုတာပါဘဲ။[3]

ဘာဖြစ်ဖြစ်ပါ၊ Augustine ကတော့ လူ့ဘောင်ကြီးအေးချမ်းဖို့၊ လူမိုက်များကို ဒဏ်ပေးဖို့ အတွက် "တရားသောစစ်" သီအိုရီကို အထက်ပါသာဓကကို အခြေခံပြီး

---

[2] Ibid

[3] http://maranathamedia.com/book/view/resist-not-evil

ထုတ်ခဲ့ပါတယ်။[4] လူ့ဘောင်ကြီးအေးချမ်းပြီး တရားဥပဒေစိုးမိုးနိုင်ဖို့အတွက် အများပြည်သူ ကောင်းစားရေး ကို ထိခိုက်နိုင်မဲ့အရာမှန်သမျှကို စုံစမ်းအပြစ်ပေးရမှာ ဖြစ်ပါတယ်။ "သခင်ခရစ်တော်ရဲ့ အသင်းတော်မှာ တရားပျက်သူများအပေါ် တရားသောညှင်းပန်းမှုဆိုတာ ရှိပါတယ်။" (Augustine, Letter to Boniface)[5]

Augustine ရဲ့ တရားသောညှင်းပန်းခြင်းအကျိုးက ဘာများပါလဲ။ ၎င်းရဲ့ဉာဏ်စဉ်ကြောင့် ပဲ အလယ်ခေတ် အသင်းတော်ကြီးမှာ ဒိဌ္ဌိစစ်ကြောရေးခုံရုံး၊ ဘာသာ ရေးစစ်ပွဲ၊ အလဇ္ဇီ၊ ဒိဌ္ဌိလို့ တံဆိပ်အတပ်ခံရသူသန်းများစွာ သတ်ဖြတ်ခြင်းခံရခြင်းများပါပဲ။ ခရစ်တော်ဘုရား ရဲ့ မေတ္တာတော်က အဲဒီခရစ်ယာန်တွေကို ဒီလိုလုပ်စေတာမဟုတ်ဘဲ အာဏာ၊ အသက် ခြိမ်းခြောက်ခြင်းများက လုပ်စေတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အုပ်ချုပ်ပုံစနစ်တွေ ပြောင်းခဲ့ပါပြီ။ သို့သော် ကျွန်တော်တို့ရဲ့ အခြေခံ ဓမ္မဗေဒ၊ မူ စတာတွေသည် ဘယ်လောက်များ ပြောင်းလဲပါသလဲ။

ခရစ်ယာန်သမိုင်းမှာ လူတွေက သမ္မာကျမ်းစာမှာ အနည်းအကျဉ်းတွေ့ရတဲ့ hades နဲ့ sheol ကို (သုသာန်ဟု ယေဘုယျအနက်ပြန်) ယူပြီး ဘုရားသခင်ရဲ့ရန်သူများဖြစ်တဲ့ ကျွန်တော်တို့ရဲ့ရန်သူများအပေါ် ကြောက်စရာကောင်းလောက်အောင် ခံရမဲ့အရပ်အဖြစ် အတွေးပုံချဲ့ပြီး "ငရဲ" လို့ သမုတ်ခဲ့ပါရော။

အခုရော ပြောင်းလဲတာတွေရှိပြီလား။ မရှိပါဘူး။ ကျွန်တော်တို့ရဲ့စိတ်ကူး ဘယ်လိုပြောင်း ပြောင်း တရားစီရင်ခြင်း၊ သေဒဏ်အကြောင်းတွေမှာ တဝဲလည်လည်နေတုန်းပါပဲ။ အဲဒီ အကြောင်းမှန်ကြောင်း ကျွန်တော်တို့က ရန်သူ့အပေါ် ဘယ်လောက်တောင် လက်တုံ့ပြန် ချင်သလဲဆိုတဲ့ စိတ်ရှိကြခြင်းကနေပြီး

[4] https://en.wikipedia.org/wiki/Just_war_theory
[5] https://egregores.blogspot.com/2010/10/augustine-in-defense-of-torturing.html

သိနိုင်ပါတယ်။ ဒီအူကြောင်းကြီးဟာ ဝတ္ထု၊ ရုပ် ရှင်ဇာတ်လမ်းတွေမှာ ဖန်တစ်ရာတေအောင်ပါပြီး အတတ်နိုင်ဆုံး ကြမ်း၊ ရမ်းပြပါတယ်။

တမန်တော်ကြီးရှင်ပေါလုက Augustine မှိုင်းတိုက်ခဲ့တဲ့ အပြင်ဘက်ကအားထက် အတွင်း ကထွက်တဲ့အားနဲ့ သခင်ခရစ်တော်ဘုရားနောက်ကိုလိုက်ဖို့ ချပြခဲ့ပါတယ်။

> "ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကို အနိုင်အထက် သွေးဆောင်၏။ အကြောင်းမူကား၊ တစ်ယောက်သောသူသည် လူအပေါင်းတို့အတွက်ကြောင့် အသေခံသည်မှန်လျှင် လူအပေါင်းတို့သည် သေလျက်နေကြသည်" - ကောရိန္သုသြဝါဒစာဒုတိယစောင် ၅:၁၄၊ ၁၅ (NKJV)

ခရစ်တော်ဖေဒက ခရစ်တော်ပြတဲ့ ဘုရားသခင်ရဲ့ အတ္တမဲ့မေတ္တာဟာ ကျွန်တော်တို့ ဘေးဘီမှာရှိတဲ့ လူတွေကိုချစ်အောင် အတွင်းကနေ လှုံ့ဆော်တဲ့ အခြေခံတရားကြီးဖြစ်ကြောင်း ကျွန်တော်တို့ကို သင်ပြသွားပါတယ်။ ဒီအနှစ်သာရသည် အလိုအလျောက်ဖြစ်မလာကြောင်း ရှင်ပေါလုက ဂလာတိသြဝါဒစာထဲမှာ ဆရာ့အောက်ရှိ သားတပည့်နဲ့ ဥပမာပေးခဲ့ပါတယ်။

> "တစ်ဖန်တုံ၊ အမွေခံမည်သည်ကား၊ ဥစ္စာရှိသမျှကို ပိုင်ထိုက်သော သူဖြစ်သော်လည်း၊ အရွယ်မရောက်မီ ကာလပတ်လုံး အစေအပါးကျွန်နှင့်တူ၏။ အဘစီရင်နှင့် သော အချိန်ကာလ မရောက်မီတိုင်အောင် အစောင့်အထိန်းအအုပ်အချုပ်တို့ လက်၌ရှိ၏။" - ဂလာတိ ၄:၁၊ ၂ (NIV)

မပြောင်းလဲတဲ့ပုဂ္ဂိုလ်တစ်ဦးဟာ လူကြီးမဆန်သေးသရွေ့ အထိန်းတော်များရဲ့ စည်းကမ်း ကလနားတွေနဲ့ အုပ်ချုပ်ခံရတဲ့ကျွန်လိုပဲ ခံစားရမှာပါ။ ခရစ်တော်ဘုရားရဲ့ ဝိညာဉ်တော် က အဲဒီပုဂ္ဂိုလ်ဆီမှာ ဖခမည်းတော်သည် ဘယ်လိုမျိုးပါလို့ တို့ထိမှသာ အပြောင်းအလဲ ဖြစ်လာမှာပါ။

"အချိန်ကာလစေ့သောအခါ၊ ငါတို့သည်သား၏ အခွင့်အရာကို ခံရမည်အကြောင်း၊ ပညတ်တရားလက်၌ရှိသောငါတို့ကို ရွေးနုတ်စေခြင်းငှါ၊ မိန်းမဝမ်း၌ ပဋိသန္ဓေ ယူ၍ ပညတ်တရား အောက်၌ဖွားမြင်ရသော သားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။ **ထိုသို့သင်တို့သည်သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ် တတ်သော သားတော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။ သို့ဖြစ်၍ သင်တို့သည် နောက်တစ်ဖန် အစေအပါးကျွန်မဖြစ်၊ သားပင် ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏ အမွေခံ လည်း ဖြစ်ကြ၏။**" - ဂလာတိ ၄:၄-၇ (NIV)

ခရစ်တော်ရဲ့ ဝိညာဉ်တော်က သန္တာန်ထဲမှာ "အဘ အဘ" လို့လာပြီး သဘောမပေါက်စေနိုင်သမျှ အဲဒီပုထုဇဉ်ဟာ အခြားသူရဲ့အုပ်ချုပ်မှုကိုခံရတဲ့ ကျွန်စိတ်ရှိနေမှာပါ။ စိတ်မလုံ၊ မပြောင်းလဲတဲ့ပုဂ္ဂိုလ်ဟာ သူများကို အုပ်စိုးနိုင်မှဖြစ်မယ်လို့ဆိုပြီး သူကပဲ သူများရဲ့ အအုပ်စိုးခံဖြစ်တာပဲ အဖတ်တင်တတ်ပါတယ်။ စိတ်မသန့်စင်တဲ့ပုဂ္ဂိုလ်ဟာ အကြွင်းမဲ့ အာဏာရှင်ယန္တရားကို အသိခေါက်ခက်စွာ တော်လှန်ရင်းနဲ့ အဲဒီဖက်ကို လှမ်းလျက်သား ဖြစ်နေတတ်ပါတယ်။ သခင်ခရစ်တော်ရဲ့ မေတ္တာမျိုးအတွင်းဖက်က လှုံ့ဆော်မှုမရှိရင် စိတ်ရင်းမပါတဲ့ဘုရားနိုင်ငံဟာ စာနာမှုမရှိ လူကိုပြစ်ဒဏ်သာပေးတဲ့ ခေါင်းဆောင်များ ရဲ့အောက် ရောက်သွားမှာပါ။

အဲဒါကြောင့်ပဲ ဖြစ်တည်လာမယ့်ခေတ်သစ် အကြွင်းမဲ့အာဏာရှင် (New World Totalitarian Order) စနစ်ကို သတိပေးကြသူများသည် အမှန်တော့ ဒါမျိုးကို ကူနေသူများဖြစ်နေပါရော။ အဲဒီအကြောင်းပဲ အဖန်ဖန်ပြောနေမှုဟာ မလုံခြုံမှု၊ မငြိမ်သက်မှု ပွားစေခြင်းက လူတွေကို အစိုးရအကူးအပြောင်းအတွက် နေကျင့်ရစေပါတယ်။

ကျွန်တော်တို့နေထိုင်တဲ့ကမ္ဘာကြီးဟာ သခင်ခရစ်တော်ရဲ့ အနစ်နာခံမေတ္တာကို ဘယ်လို ခံယူသလဲဆိုတဲ့ပိုင်းဖြတ်မှုရဲ့ရလဒ် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ် ၂,၀၀၀ မှာတုန်းက ပုထုဇဉ်

များဟာ ကျွန်တော်တို့ရဲ့ ဘဝအဘိဓမ္မာကြီး ပြောင်းပြန်လှန်နိုင်မဲ့အခွင့်အရေးကို ရခဲ့ပါတယ်။ ခရစ်တော်ဘုရားပေါ် ပြီးနောက် ၄ ရာစုအရောက်မှာ ခရစ်ယာန်သာသနာကြီး နိုင်ငံ တော်နှင့် ပေါင်းစည်းတဲ့အခါ ဒိုး စပစ်ပါတော့တယ်။ အနှီစနစ်ကြီးဟာ သူ့ရဲ့အောက် ရောက်သွားတဲ့ ဘယ်အစိုးရကိုမဆို သူ့အလိုကျ ပုံစံသွင်းပစ်လိုက်ပါတယ်။ အကြောင်း ကတော့ နောင်ရေးစိတ်အေးရအောင်လို့ လူတွေက အာဏာကိုသုံးချင်လို့ပါဘဲ။ အကျိုး ရလဒ်ကတော့ နည်းပညာ၊ အတန်းပညာ၊ လူမှုဆက်ဆံရေးလမ်းကြောင်းတွေကြောင့် ကျွန်တော်တို့ဟာ ကမ္ဘာ့သမိုင်းမှာမရှိဖူးတဲ့ ကျစ်လျစ်တဲ့ ထောက်လှမ်းရေးစနစ်အောက် မှာ နေနေကြရပါပြီ။

Augustine ကစပြီး Aquinas, Santa များအထိ မြို့ထဲဝင်လာကြပါပြီ။ အကြောက် တရားနဲ့ အုပ်စိုးနိုင်ဖို့ လူစာရင်းလုပ်နေတာတွေကလည်း ကမ္ဘာမှာ အသားကျနေပါပြီ။ ဒီစာအုပ်မှာတော့ အခြားရှုထောင့်တွေ ချပြထားပါတယ်။ ပထမအနေနဲ့ ဘုရားက စီရင် တယ်လို့ လက်ခံမှုကြီးထွားလာပုံအကြောင်း အရင်းစစ်ပါမယ်။ လူတစ်ယောက်ကို ခရစ် ယာန်ဖြစ်ဖို့ ဖိအားသုံးရမယ်ဆိုတာသည် ဘုရားအကြိုက်ဖြစ်တယ်လို့ ကျွန်တော်တို့ စိတ် ထဲစွဲသွားရင် ဘုရားရဲ့တရားစီရင်မှု၊ ကျမ်းစာကို ကျွန်တော်တို့စူးစမ်းပုံတွေ ဘယ်လို ရှိမယ်လို့ မှတ်သလဲ။

## ၂။ အဆုံးအဖြတ်နေ့

USA အနောက်မြောက်ပိုင်းတစ်နေရာမှာ ခရစ်ယာန်တစ်သိုက်ကို တရားဓွေဖြစ်ခဲ့တာကို ကျွန်တော်အခုထိ ထင်းထင်းကြီးအမှတ်ရပါတယ်။ ကျွန်တော်က ဘုရားမေတ္တာ၊ မုဒိတာ အကြောင်း တရားဓွေတဲ့အခါ အဲဒီဓမ္မမိတ်ဆွေတွေဟာ သူတို့မထင်မှတ်တဲ့ဖက်က ကြားရ ကြလို့ မှင်သက်ကြပါရော။ တရားဓွေအပြီးမှာ အမျိုးသမီးတစ်ဦး ကျွန်တော်ဆီကိုလာပြီး "တရားစီရင်မှုကို ပထုတ်လိုက်ရင် အပြစ်သားတစ်ယောက်ကို ဘာကနောင်တရစေနိုင် မလဲ။ အပြစ်သားတစ်ယောက် သူ့ရဲ့အဖြစ်ကို မြင်တတ်အောင် တရားစီရင်ဖို့ မလိုဘူး လား" လို့ လာပြောပါတယ်။

Augustine ရဲ့ အခြောက်တရားကို အဲဒီမာတုဂါမဆီကနေ ထပ်ကြားရတဲ့အခါ ကျွန်တော် အတွင်းကြေရပါတယ်။ ဘာဘဲပြောပြော ဒီပန်းချီကို ခရစ်ယာန်တွေ နှစ် ၁,၅၀၀ ဆွဲခဲ့ပြီး ဖြစ်ပါတယ်။ ၂၀ ရာစု အထင်ကရ ဓမ္မဂုရုကြီး Billy Graham လည်း သူတတ်စွမ်း သလောက် ချပြခဲ့ပါတယ်။

> ဘုရားသခင်ဟာ တရားစီရင်၊ အမျက်ထွက်၊ ဒေါသထွက်တဲ့ဘုရားလို့ သမ္မာကျမ်းစာက ဆိုပါတယ်။ ယေရှုဘုရားက တရားစီရင်ခြင်းအကြောင်းကို အထပ်ထပ် အဖန်ဖန် မိန့်ခဲ့ပါတယ် — "သင်တို့အား ငါဆိုသည်ကား လူတို့သည် မိမိတို့ပြောဆိုသည့် အကျိုးမရှိသောစကားအားလုံးအတွက် တရားစီရင်တော်မူရာနေ့၌ ဖြေရှင်းချက်ပေးကြရမည်။" - ရှင်မဿဲခရစ်ဝင် ၁၂:၃၆
>
> "လူ့သားသည် မိမိ၏ကောင်းကင်တမန်များကိုစေလွှတ်သဖြင့် သူတို့သည် မှားယွင်းစေသောအရာများနှင့် တရားမဲ့သောအမှုကိုပြုသောသူများအားလုံးတို့ကို နိုင်ငံတော်မှ နုတ်ယူပြီးလျှင် မီးပြင်းဖိုထဲသို့ ပစ်ချကြလိမ့်မည်။ ထိုနေရာ၌ ငိုကြွေးခြင်းနှင့် အံကြိတ်ခြင်းရှိလိမ့်မည်။" - ရှင်မဿဲခရစ်ဝင် ၁၃:၄၁၊ ၄၂

တမန်တော်ကြီးများကလည်း ခမ္မသစ်ကျမ်းတစ်လျှောက် တရားစီရင်မှုအကြောင်း ဟောကြပါတယ်။ ရှင်ပေါလုကလည်း ဒီလိုဆိုထားပါတယ် — "အကြောင်းမူကား ဘုရားသခင်သည် မိမိခန့်အပ်ထားသောအရှင်အားဖြင့် ကမ္ဘာလောကအား ဖြောင့်မတ်စွာတရားစီရင်မည့်နေ့ရက်ကို သတ်မှတ်ထားတော်မူ၏။" - တမန်တော်ဝတ္ထု ၁၇:၃၁

ဟေဗြဲသြဝါဒစာ ကလောင်ရှင်ကလည်း ဒီလိုဆိုထားပါတယ် — "လူတို့သည် တစ်ကြိမ်တည်းသေ၍ သေပြီးသည့်နောက် တရားစီရင်ခြင်းကိုခံရမည်။" - ဟေဗြဲ သြဝါဒစာ ၉:၂၇

ရှင်ပေတရုက သူတို့သည် "အသက်ရှင်သောသူတို့နှင့်သေသောသူတို့ကို တရားစီရင်ရန် အသင့်ရှိတော်မူသောအရှင်ထံ၌ ဖြေရှင်းချက်ပေးကြရလိမ့်မည်။" - ရှင်ပေတရုသြဝါဒစာ ပထမစောင် ၄:၅

တမန်တော်ရှင်ယောဟန်ကလည်း ဒီလိုဆိုထားပါတယ် — "ထိုအခါ ကမ္ဘာမြေကြီး၏ရှင်ဘုရင်များ၊ မှူးကြီးမတ်ရာများ၊ တပ်မှူးကြီးများ၊ ချမ်းသာသောသူများ၊ ခွန်အားကြီးသောသူများမှစ၍ ကျွန်နှင့်လွတ်လပ်သူရှိသမျှတို့သည် လိုဏ်ဂူတို့၌လည်းကောင်း၊ တောင်များပေါ်ရှိ ကျောက်ဆောင်တို့ကြား၌လည်းကောင်း ပုန်းအောင်းကြပြီးလျှင် တောင်များနှင့်ကျောက်ဆောင်များအား 'ငါတို့အပေါ်သို့ပြိုကျလျက် ပလ္လင်တော်ပေါ်တွင်ထိုင်တော်မူသောအရှင်၏မျက်နှာတော်နှင့် သိုးသငယ်တော်၏အမျက်တော်မှ ငါတို့ကိုဖုံးကွယ်ကြပါ။ အကြောင်းမူကား အမျက်တော်ထင်ရှားရာနေ့ရက်ကြီးကျရောက်လာပြီဖြစ်၍ မည်သူသည် ခံရပ်နိုင်မည်နည်း' ဟု ပြောဆိုကြ၏။" - ဗျာဒိတ်ကျမ်း ၆:၁၅-၁၇

လူလာဖြစ်ကြသူတိုင်းဟာ တရားစီရင်ခြင်းခံရမှာဖြစ်ကြောင်း ကျမ်းသက်သေရာချီရှိပါတယ် — တရားစီရင်ခြင်းကနေလွတ်မယ့်သူ တစ်ဦးမှမရှိပါ။ ခင်ဗျားက တရားစီရင်ခြင်းနဲ့ပတ်သက်တဲ့ ကျမ်းသက်သေတွေကို ရွေးထုတ်လိုက်ရင် ကျမ်းစာအုပ်ဆိုတာ နည်းနည်းဘဲကျန်ပါလိမ့်မယ်။

**ဘုရားသခင်သည် ပုထုဇဉ်ကို ၎င်းရဲ့မေတ္တာ၊ မုဒိတာ၊ ခွင့်လွှတ်ခြင်းတွေကို ပေးခဲ့ပါတယ်။ လက်ဝါးကားတိုင်ကနေပြီးတော့ ဘုရားသခင်ဟာ ကမ္ဘာကြီးကို "ချစ်ပါတယ်" လို့ မိန့်ခဲ့ပါတယ်။ ဒါပေသိ အဲဒီမေတ္တာတော်ကြီးဟာ အငြင်းခံရတဲ့အခါ ကုစရာဆေးဟာ တရားစီရင်ခြင်းပဲ ဖြစ်ပါတယ်။**[6]

Pastor Graham ကောက်နုတ်ထားတဲ့ ကျမ်းပိုဒ်တွေကို လေ့လာတဲ့အခါ နားကောက်သူတွေဟာ ဘုရားသခင်ရဲ့အမျက်ကနေ ပြေးမလွတ်နိုင်ကြောင်း တွေ့ရပါတယ်။ ဘုရားဟာ သင့်ရဲ့မှတ်တမ်းကို မြောက်ဝင်ရိုးစွန်းက အနီဝတ်ဖိုးဖိုးပျော်လိုဘဲ စာရင်းနဲ့ လုပ်သွားမှာ ဖြစ်ပါတယ်။ ခင်ဗျားဟာ ခမည်းတော်ဘုရားရဲ့သားတော်ကို လက်မခံရင် ခင်ဗျားရဲ့မနာခံမှုအတွက် အာဏာနဲ့စီရင်သွားမှာ ဖြစ်ပါတယ်။

လူ့အသိုင်းအဝိုင်းမှာ တရားဥပဒေစိုးမိုးဖို့အတွက် အင်အားမသုံးခြင်းဟာ စိတ်ကူးလို့ကိုမရတဲ့ အရာလို ဖြစ်ပါတယ်။ Pr. Graham ပြောပုံက ကြောင်းကျိုးသင့်လှပါတယ်။ ။

> ဘာဖြစ်ဖြစ် ဒီလိုဘုရားမျိုးက ဟားစရာကမ္ဘာ ဖြစ်စေမှာပါ။ ဇီးသီးဗန်းမောက်၊ တာဝန်မယူ၊ မိမိကိုယ်ကို ဖျက်ဆီးမှုတွေ ဖြစ်လာမှာပါ။ အဲဒီလိုကမ္ဘာမျိုးမှာ စိတ်အေးစွာ နေထိုင်ရပ်တည်ဖို့ဆိုတာ မဖြစ်နိုင်ပါ။ အဓိပ္ပာယ်ရှိရှိ နေနိုင်ဖို့ဆိုတာ ဥပဒေ၊ ဥပဒေ ပြဋ္ဌာန်းသူဆိုတာ ရှိရပါတယ်။[7]

ဥပဒေမလိုက်နာတဲ့ပုဂ္ဂိုလ်ကို ဒဏ်မပေးရင် ကိုယ့်အရပ်ကို ဘယ်လိုဦးဆောင်မှာလဲ။ ဘုရားသခင်လည်း အာဒံနဲ့ဧဝ အကောင်းအဆိုး ဉာဏ်ပွင့်မဲ့အသီးကို စားတဲ့အခါ သေရမယ်လို့ မိန့်ခဲ့တယ် မဟုတ်လား။ မောရှေပြဋ္ဌာန်းထားတဲ့စာအုပ်မှာ ဣသရေလနိုင်ငံကို အဆိုးပြုသူကို ဘယ်လိုဒဏ်မျိုး ပေးရမယ်ဆိုတာတွေနဲ့ ပြည့်နေပါတယ်။ မနာခံတဲ့လူတွေကို ဒဏ်ပေးရမှာက ကြောင်းကျိုးဆီလျော်ပါတယ်။

---

[6] https://decisionmagazine.com/justice-of-god/

[7] Ibid

ဥပဒေမစောင့်တဲ့လူတွေအတွက် ဘာဖြစ်ဒဏ်ရှိပါတယ်လို့ ခရစ်ယာန်တွေက ယေဘုယျ ပြောကြသလဲ။ ကက်သလစ်ရဲ့ ဓမ္မပုစ္ဆာဝိသဇ္ဇနာကျမ်း (Catechism) မှာ အောက်ပါအတိုင်း ဆိုထားပါတယ်။ ။

> ယေရှုဘုရားက "ဂေဟိနာ" "မငြိမ်းသောမီး" ဟာ မယုံကြည် မပြောင်းလဲလိုသူတွေရဲ့ ရုပ်နာမ်နှစ်ပါးလုံး ဆိတ်သုဉ်းစေမဲ့ အန္တိမလားရာအရပ်လို့ ခဏခဏ မိန့်ပါတယ်။ ယေရှုက "ဒုစရိုက်ပြုသူအားလုံးကို မီးတွင်းထဲချဖို့ သူ့ရဲ့ကောင်းကင်တမန်တွေကို စေလွှတ်မယ်၊ ကျိန်ခြင်းခံရသောအသင် ငါ့နောက်သို့ဆုတ်ပြီး ငရဲမီးထဲကျစေ" လို့ မိန့်ပါတယ်။ အသင်းတော်က ငရဲရှိကြောင်း၊ အစဉ်လည်းရှိမည်ဖြစ်ကြောင်း အတည်ပြုထားပါတယ်။ လူတစ်ဦး အပြစ်နဲ့စုတေ့တဲ့အခါ ငရဲကျပြီး ထာဝရငရဲမီးကို ခံရပါတယ်။ ငရဲရဲ့ စီရင်ချက်ထွတ်ခေါင်ဟာ ဘုရားသခင်နဲ့ ထာဝရကွေကွင်းရခြင်းပါ။ ပုထုဇဉ်တစ်ဦးအတွက် စီမံပေးထားတဲ့အသက်နဲ့ သုခချမ်းသာများသည် ဘုရားဆီမှာသာ ရှိပါတယ်။[8]

ငရဲမီးကို ထာဝရခံစားမယ်ဆိုတဲ့အကြောင်းသည် ဘုရားသခင်ရဲ့ပညတ်တော်ကိုစောင့်ဖို့ လူသားတွေကိုတွန်းတဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။ အဲဒီရဲ့ သဘောသဘာဝကတော့ လူတစ်ဦးသည် ကောင်းကင်ကိုသွားရမှာလား ငရဲကိုသွားရမှာလားဆိုတာကို ကင်းထောက်ခြင်းဖြစ်ပါတယ်။

လူသားအများစုဟာ "မျှောက်သည် အတုမြင်အတတ်သင်" ဆိုတဲ့စကားနဲ့ ရင်းနှီးပြီးသားပါ။ ဘုရားကို ဘယ်လိုမှတ်သလဲဆိုတာ ကိုယ့်ရဲ့စရိုက်က ပြသွားပါတယ်။ ဘုရားရဲ့စရိုက်သည် ဒီလိုပါဆိုပြီး ကျွန်တော်တို့ဟာ ပုံတူယူကြပါတယ်။ အပြစ်သားများကို ထာဝရနှိပ်စက်တဲ့ဘုရားလို့ မှတ်ကြတဲ့ပုဂ္ဂိုလ်တွေလည်း ဘုရားအဝန်းကို လူ့အဝန်းနဲ့ အစားထိုးတတ်ကြပါတယ်။ လူ့သမိုင်းမှာ ဘုရားဟာ အာဏာရှင်ဆန်တယ်ဆိုတာတွေနဲ့ စွန်းထင်းနေပါတယ်။ အဲဒီအဖြစ်တွေကို ပြင်သစ်တော်လှန်ရေး၊ စတာလင်ရဲ့ သန့်စင်စစ်ကြော

[8] https://en.wikipedia.org/wiki/Christian_views_on_Hell

ရေး၊ မော်စီတုံးရဲ့ ယဉ်ကျေးမှုတော်လှန်ရေး၊ ပေါလ်ပေါ့ရဲ့ သတ်ကွင်း၊ အခြားသော သာဓကတွေက ပုံတူကူးချပါတယ်။

ကင်းထောက်ခြင်း၊ စစ်ဆေးခြင်း၊ တရားစီရင်ခြင်းတွေနဲ့ပြည့်နေတဲ့ ယဉ်ကျေးတဲ့အသိုင်းအဝိုင်းမှာ နေနေရခြင်းအားဖြင့် ကျွန်တော်ဟာ သိုသိုသိပ်သိပ် နေတတ်လာပါတယ်။ မိဘ၊ ဆရာ၊ အစိုးရတို့ရဲ့ မျက်စိ၊ နား တွေကိုရှောင်ဖို့ ကျွန်တော်ဟာ အနေလျှို့ဝှက်လာပါတယ်။ ထောက်လှမ်းခံရပြီး အပြစ်ပေးခံရမှာ ကြောက်ခြင်းက ရှောင်လမ်းရှာစေပါတယ်။

ကိုယ့်အတွင်းရေး လူသိမှာ ကြောက်တာကိုပဲ ဒီဂျစ်တယ်ဒေတာတွေမှာ ပေါက်ကြားလာပါတယ်။ ဒီဂျစ်တယ်ကိုကျော်ပြီး အေးအေးလူလူနေနိုင်တဲ့လူ တစ်ယောက်တောင် မရှိပါဘူး။ ဟက်ကင်ကြောင့်ပေါ်လာတဲ့ သတင်းတွေက လူသန်းများစွာရဲ့ ချိန်းတွေ့မှု၊ သစ္စာမဲ့မှုတွေကို ချပြနေတာတွေက တစ်မျိုးရယ်စရာပါဘဲ။[9]

ဖုန်းထဲကနေ သီးသန့်ပြောတဲ့ဟာတွေ ဖြတ်ညှပ်ကပ်ပြီး ဝက်ဆိုက်ပေါ် အတင်ခံရတာတွေလည်း အများစုက သိကြပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့ ပတ်ဝန်းကျင်ဆိုတာဟာ သတင်းတွေ များသထက်များများရအောင်စုပြီး ရောင်းစားဖို့၊ ပြည်သူတွေ ဝန်ထမ်းတွေရဲ့ အရည်အချင်းကိုစစ်ဖို့၊ ကျွန်တော်တို့လုပ်ခဲ့ပြီးတဲ့ (သို့) လုပ်ဖြစ်လာမယ့် ကျူးလွန်မှုတွေ ကို ဒဏ်ပေးဖို့သုံးကြပါတယ်။

အဲဒီအကြောင်းရင်းခံနဲ့ သမ္မာကျမ်းစာတော်မြတ်ကြီးကိုဖတ်ဖို့ လွယ်လှပါတယ်။ ဒံယေလ အခန်းကြီး (၇) ကို သာဓကအဖြစ် လေ့လာကြည့်ကြရအောင်ပါ။

> "ထိုအခါ ငါကြည့်ရှုစဉ်၊ ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍၊ အသက်ကြီးသော သူတစ်ဦးသည် ထိုင်တော်မူ၏။ အဝတ်တော်သည် မိုဃ်းပွင့်ကဲ့သို့ဖြူ၏။ ဆံပင် တော်သည် ဖြူသောသိုးမွှေးနှင့်တူ၏။

[9] https://en.wikipedia.org/wiki/Ashley_Madison_data_breach

ပလ္လင်တော်သည် မီးလျှံဖြစ်၏။ ပလ္လင်တော် အောက်၌ မီးစက်လှည်းဘီးရှိ၏။ မျက်နှာတော်မှာ မီးရောင်ခြည်ထွက်လေ၏။ အတိုင်းမသိ များစွာသော သူတို့သည် အမှုတော်ကို ဆောင်ရွက်၍၊ ကုဋေသင်္ချေ မက ရှေ့တော်၌ ခစား၍နေကြ၏။ တရားစီရင်ခြင်းငှာ ပြင်ဆင်၍ စာစောင်များကို ဖွင့်ထားကြ၏။" - ဒံယေလ ၇:၉၊ ၁၀

ဒီကျမ်းပိုဒ်မှာတွေ့ရတဲ့ကြွန်အင်ဖြစ်တဲ့ တရားရုံးအကြောင်း၊ လူအယောက်တိုင်းဟာ ကိုယ့်ကုသိုလ်၊ အကုသိုလ်အလိုက် ဆု (သို့) ဒဏ်ရမှာဖြစ်ကြောင်း သိရပါတယ်။ အနီးဟာ စန်တာကလော့ပုံပြင်ရဲ့ လေးနက်တဲ့အကန့်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကလေးက လား နေလို့မရတော့ပါဘူး။ ကျွန်တော်တို့ရင်ဆိုင်ရမဲ့ပုဂ္ဂိုလ်သည် အနန္တသတ္တိရှင် ဘုရားသခင်ဖြစ်ပြီး၊ သူ့ရဲ့ကလနားတွေသည် အလွန်မြင့်လှပါတယ်။ ဒံယေလ အခန်းကြီး (၇) သည် မြောက်ဝင်ရိုးစွန်းကနေ သမင်ဆွဲတဲ့စွတ်ဖားစီးတဲ့ဘုရား မဟုတ်ပါဘူး။ မီးညွန့် တလူလူထွက်တဲ့ မဟာရာဇပလ္လင်တော်ပေါ်မှာထိုင်ပြီး ကောင်းကင်သားများအခြံအရံနဲ့ ဒုစရိုက်သားတွေကို ပြစ်ဒဏ်ပေးဖို့ အဆင်သင့်ရှိတဲ့ ဘုရားသခင်ဖြစ်ပါတယ်။

ကျွန်တော်တို့ စိတ်သက်သာရာရဖို့ ယေရှုဘုရားရဲ့မိန့်မှာမှုကို စူးစမ်းကြပါစို့။ ။

"သင်တို့အား ငါဆိုသည်ကား လူတို့သည် မိမိတို့ပြောဆိုသည့် အကျိုးမရှိသောစကားအားလုံးအတွက် တရားစီရင်တော်မူရာနေ့၌ ဖြေရှင်းချက်ပေးကြရမည်။ အကြောင်းမူကား သင်ပြောသောစကားများအားဖြင့် သင်သည် ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခြင်းခံရလိမ့်မည်။ သို့မဟုတ် သင်ပြောသောစကားများအားဖြင့် အပြစ်ရှိသည်ဟု သတ်မှတ်ခြင်းခံရလိမ့်မည်"ဟု မိန့်တော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၁၂:၃၆၊ ၃၇

"ကျဉ်းသောတံခါးမှဝင်ကြလော့။ အကြောင်းမူကား ပျက်စီးခြင်းသို့ရောက်သော တံခါးသည် ကျယ်ဝန်း၍ လမ်းသည်ပြန့်ပြူး၏။ ထိုတံခါးမှဝင်သောသူတို့သည် လည်း များပြားလှ၏။ အသက်ရှင်ခြင်းသို့ရောက်သောတံခါးသည် ကျဉ်း၍ လမ်း

သည်ကြမ်းတမ်း၏။ ထိုတံခါးကိုတွေ့ရှိသောသူတို့သည်လည်း နည်းလှ၏။" - ရှင်မဿဲခရစ်ဝင် ၇:၁၃၊ ၁၄

ဝါနုတဲ့ မာတင်လူသာလည်း ဒီအတွေးစီးကြောင်းနဲ့ ရဟန်းဝတ်ခဲ့ပြီး ဘုရားသခင်ရဲ့ ကြီးကျယ်ခမ်းနားမှုအကြောင်းမှာ သာယာခဲ့ပါတယ်။

ကမ္ဘာမှာရှိတဲ့ မင်းညီမင်းသားများရှေ့မှာတောင် ပြည်သူတွေရှိသေမှု ပြရသေးရင် ဒီလောက်ခမ်းနားလှတဲ့ အရှင်ကြီးရှေ့ဆိုရင် ဘယ်လိုစကားလုံးနဲ့ နှုတ်ခွန်းဆက် ရမှာလဲ။ ဘုရားသခင်ကို မျက်လုံးနဲ့ကြည့်၊ လက်ကမ်းရအောင် ငါဟာ ဘာလဲ။ ကောင်းကင်တမန်များက ဘုရားကိုဝန်းရံကြတယ်။ ဘုရားခေါင်းတစ်ချက် ညိတ် ရင် မြေကြီးလှုပ်ရော။ ငါလို ပဂ္ဂမီလိုလူပုက "ငါဒါလိုချင်တယ်၊ ငါ ဒါကို တောင်းနေ တယ် လို့ပြောရကောင်းလား။ ငါဟာ မြေမှုံ၊ ပြာမှုံသာဖြစ်ပြီး၊ အပြစ်နဲ့ ပြည့်နေတဲ့ လူပါ။ အဲဒီလူက နိစ္စထာဝရ ဘုရားမှန်ကို စကားပြောနေပါတယ်"[10] လို့ ကိုယ့်ကိုယ် ကို တွေးမိပါတယ်။

ဒီလိုအကြောက်တရားမျိုးက ရင်ထဲမုန်တိုင်းထန်စေပါတယ်။ လုသာရဲ့ ဒဿနအဆင့် တက်ပုံကို ကြည့်ရရင် အောက်ပါနိဂုံးကို တွေ့ရပါတယ်။

ငါတွေး၊ ငါလုပ်၊ ငါပတ္တနာပြုလိုက်တဲ့ အရာတွေက ဘုရားသခင်ကို ကျေနပ်စေမယ်လို့ ငါမယုံနိုင်ပါဘူး။ အပြစ်သားတွေကို ဒဏ်ပေးတဲ့ဘုရားမှန်ကို ငါ မုန်းပါတယ်၊ မချစ်ဘူး။

တကယ်ပါ။ (ဘုရားကိုကျူးလွန်ပြား) ငါဟာ ဘုရားသခင်ကို ဒေါသထွက်ပြီး "ဇာတ်နာကြတဲ့ အပြစ်သားတွေဟာ နဂိုမူလအပြစ်ကြောင့် (original sin)၊ ပညတ်တော် (၁၀) ပါးရဲ့နင်းချေမှုတွေက မလောက်သေးတဲ့ပုံနဲ့ ဘုရားသခင်ဟာ

[10] Roland Bainton, *Here I Stand* (NAL, 1978)

သူ့ရဲ့ဖြောင့်မတ်မှု၊ ဒေါသတွေနဲ့ ခရစ်ဝင်ကျမ်းထဲမှာ ထပ်ပြီးတော့ အနာတွေ ထပ်ပေးပုံပေါက်နေပါတယ်” လို့ ပြောပစ်လိုက်ပါတယ်။[11]

အနှိုက လူတစ်ယောက် ဘာလုပ်သလဲ၊ မအောင်မြင်ရင် ဒဏ်ပေးမယ်နဲ့ခြောက်ပြီး ကြိုး ကိုင်ခြင်း မဟုတ်ဘူးလား။ အဲဒီအဆင့်အားလုံးက ကျဆုံးမှုကိုမျှော်ပြီး ထပ်ကျအောင် လုပ်တဲ့ဘုရားမျိုး ပြနေတာမဟုတ်လား။

ခရစ်ယာန်ဘာသာက ဘုရားသခင်သည် တရားမျှတမှုကိုတောင်းဆိုပြီး အဲဒါကိုတုံ့ပြန် တဲ့အနေနဲ့ သူ့ရဲ့သားတော်ကို စတေးခံစေပါတယ်ဆိုပြီး သုံးသပ်ပါတယ်။ ၎င်းရဲ့ပညတ် တော်ချိုးဖောက်လို့ အမျက်ထွက်တဲ့ ဘုရားရဲ့ဒေါသကိုပြေစေဖို့ ဘုရားသခင်ဟာ ၎င်းရဲ့ သားတော်ကို ကျွန်တော်တို့သေဒဏ်ကို အစားခံစေခဲ့ပါတယ်။ အဲဒီအရာကို ကရုဏာ ဆိုပြီး သညာပြုထားပါတယ်။ ကျွန်ုပ်တို့ အသေခံရမည့်အဖြစ်ကို ဘုရားသားတော်က ခံပေးခဲ့ပါတယ်။

မေးသင့်တဲ့မေးခွန်းကတော့ တရားမျှတမှုဆိုတာသည် ကျူးလွန်သူဟာ သေရမယ်ဆိုတာ ဘယ်သူ့ရှေ့ဉာဏ်တော်ပါလိမ့်ပဲ ဖြစ်ပါတယ်။

---

[11] Luther’s Works, Vol 34, p.336-338

## ၃။ တရားမျှတခြင်းနှင့် တရားစီရင်ခြင်း

သမိုင်းလိုက်စားသူများအတွက် ဘုရားပေးဘုရင့်အာဏာနဲ့ အရွေးချယ်ခံပါလီမန်ရဲ့ ဥပဒေ စိုးမိုးရေး အားပြိုင်မှုဟာ အစိုးရတစ်ခုရဲ့မဏ္ဍိုင်ကြီး (၂) ခုလို ဖြစ်ပါမယ်။ ဒါဟာလဲ ရုပ်ရှင် မင်းသား Richard Harris တစ်ဦးတည်းက Julius Caesar နဲ့ Oliver Cromwell အဖြစ် စရိုက်နှစ်မျိုး သရုပ်ဆောင်ပြတဲ့ တိုက်ဆိုင်မှုထက် ပိုနိုင်ပါတယ်။[12] Oliver Cromwell ဟာ ဘုရင် Charles 1 ကို နိုင်ငံတော်သစ္စာဖောက်မှုနဲ့ တရားစွဲဖို့ အင်္ဂလန်ပါလီမန်မှာ ဦးဆောင် ခဲ့ပါတယ်။ Julius Caesar လည်း ရောမအင်ပါယာတည်ထောင်ဖို့ ရောမပြည်သူများကို ဆန့်ကျင်ခဲ့ပါတယ်။ သူ့အပေါ်သစ္စာခံကြတဲ့ စစ်သားများနဲ့ သူ့ရဲ့ စစ်နိုင်ခဲ့တဲ့ရာဇဝင်တွေ ဟာ အာဏာယူနိုင်မယ့် သူ့ရဲ့ဝှက်ဖဲဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံကို ဘုရင်စနစ်က၊ ဒီမိုကရေစီစနစ်က အုပ်ချုပ်ချုပ် ဘုံလက်ခံနိုင်တဲ့ အချက် တစ်ခုကတော့ ဥပဒေကိုအသက်ဝင်စေဖို့ အဓမ္မ သုံးခြင်းဘဲဖြစ်ပါတယ်။



Oxford အင်္ဂလိပ်အဘိဓာန်စာအုပ်မှာ တရားဥပဒေစိုးမိုးရေးဆိုသည့် စကားရပ်ကို “အာဏာသည် လူတစ်ဦးချင်း (သို့) အဖွဲ့အစည်းကို စိုးမိုးသည်ဟု တွေ့ရသည့်အခါ၊ (သို့ဖြင့်) တရားဥပဒေ စိုးမိုးရေးအောက်တွင် (နိုင်ငံတော် အစိုးရအဖွဲ့ အပါအဝင်) အများပြည်သူအားလုံး တန်းတူကြ

[12] https://en.wikipedia.org/wiki/Cromwell_(film), https://en.wikipedia.org/wiki/Julius_Caesar_(miniseries)

သည်” လို့ ဆိုထားပါတယ်။ ပုံထဲမှာ အမျိုးသမီးရဲ့ လက်နှစ်ဖက်စလုံးမှာ တစ်ဖက်ကဆုပေးဖို့ အုန်းလက်ကိုင်းပြီး၊ အခြားတစ်ဖက်က ဥပဒေ ချိုးဖောက်သူကို ပြစ်ဒဏ်ပေးဖို့ ဓားကိုင်ထားတဲ့ပုံကို တွေ့နိုင်ပါတယ်။

ကမ္ဘာ့သမိုင်း အလယ်ခေတ်မှာ လူ့အဖွဲ့အစည်းကို ဘုရားပေး အာဏာစက်ဆိုတဲ့သီအိုရီ ကြီးစိုးခြင်းကြောင့် ဘုရင်များကို ဘုရားကိုယ်စားလှယ်လို့ မှတ်စေပါတယ်။

> ဘုရားပေးအာဏာစက်ကို ဖွင့်ဆိုခဲ့တဲ့ပြင်သစ်သား အထင်ကရများထဲက တစ်ယောက်ဖြစ်တဲ့ ဘုန်းတော်ကြီး Jacques – Bénigne Bossuet (1627-1704) က ဘုရင့်ပုံရိပ်၊ အာဏာသည် မွန်မြတ်ပါတယ်။ ၎င်းရဲ့အာဏာသည် ဘုရားရဲ့ပုံစံကို ယူ၊ ဘုရားဆီကလာတာဖြစ်လို့ လုံးလုံးကိုအနန္တဖြစ်ပါတယ်။ ဉာဏ် (ရိုးရာ၊ ထုံးတမ်း) က သူ့ကိုပဲ့ကိုင်သွားပါတယ်။[13]

ဒါကြောင့်မို့ အလယ်ခေတ်က ကျမ်းစာဘာသာပြန်သူများဟာ တရားမျှတမှုဒဿနကို သူတို့ရဲ့ဘောင်နဲ့ ရှုကြပါတယ်။

> “ဖြောင့်မတ်ခြင်းနှင့်တရားမျှတခြင်းသည် ပလ္လင်တော်၏အခြေတည်ရာဖြစ်ပါ၏။ မေတ္တာကရုဏာနှင့်သမ္မာတရားသည် ကိုယ်တော်၏ရှေ့တော်မှသွားကြပါ၏။” - ဆာလံကျမ်း ၈၉:၁၄ (KJV)
>
> “မိုးတိမ်နှင့်အမှောင်ထုသည် ကိုယ်တော်၏ပတ်လည်၌ရှိ၏။ ဖြောင့်မတ်ခြင်းနှင့် တရားမျှတခြင်းသည် ပလ္လင်တော်၏အခြေတည်ရာဖြစ်၏။ မီးသည် ကိုယ်တော်၏ရှေ့မှသွား၍ ကိုယ်တော်၏ရန်သူတို့ကို လှည့်ပတ်လောင်ကျွမ်း၏။ ကိုယ်တော်၏လျှပ်စီးတို့သည် ကမ္ဘာလောကကိုလင်းလက်စေ၏။ ကမ္ဘာမြေကြီးသည်လည်း မြင်၍တုန်လှုပ်၏။ ထာဝရဘုရား၏ရှေ့တော်၊ ကမ္ဘာမြေတစ်ခွင်လုံးကိုအစိုးရ

---

[13] https://www.britannica.com/topic/divine-right-of-kings

သော အရှင်၏ရှေ့တော်၌ တောင်များသည် ဖယောင်းကဲ့သို့အရည်ပျော်ကြ၏။" - ဆာလံကျမ်း ၉၇:၂-၅ (KJV)

အစမှဆိုတဲ့ နိယာမတရားက ဘုရားသခင်ရဲ့ကြီးမြတ်မှုကို ထောက်ပေးပုံပေါက်ပါတယ်။

"ငါသည် အစဉ်အမြဲအသက်ရှင်ပေ၏ဟု ငါ့လက်ကို ကောင်းကင်သို့ချီ၍ ကျိန်ဆို၏။ ငါသည် ပြောင်လက်သောဓားကိုသွေး၍၊ တရားစီရင်စပြုလျက် ငါ့ရန်သူတို့၌ အပြစ်တရားကို စီရင်မည်။ ငါ့ကိုမုန်းသောသူတို့ ခံထိုက်သောအပြစ်အလျောက် ငါဆပ်ပေးမည်။ ငါ့မြားတို့ကို အသွေးနှင့်ယစ်မူးစေမည်။ ငါ့ဓားသည် အသားကို စားလိမ့်မည်။ သတ်သောသူ၊ လက်ရသောသူတို့၏ အသွေး၊ ရန်သူအကဲအမှူးတို့၏ ဦးခေါင်းကို စားသောက်လိမ့်မည်။" - တရားဟောရာကျမ်း ၃၂:၄၀-၄၂ (KJV)

စကြဝဠာတစ်ခုလုံးနီးပါးက ဘုရားရဲ့အချုပ်အခြာအာဏာကို လက်ခံကြပြီး ဒါကြောင့်လည်း လူ့အဖွဲ့အစည်းတိုင်းကို ဦးဆောင်ကြသူများက အာဏာကို အခြေခံကြပါတယ်။ တရားမျှတမှုဆိုတာ အပြုအမူတစ်ခုကို ကောင်း၏မကောင်း၏ စိစစ်ပြီး ဆုပေးဒဏ်ပေးတာပါ။

ဒါကြောင့်မို့ သေဒဏ်နဲ့ ခြိမ်းခြောက်ခြင်းသည် တစ်ဖက်ကရှုရရင် အာယုပါလပါဘဲ။ အနှီကို ဆက်ပြီးဆန့်ရရင်တော့ ကျွန်တော်တို့ဟာ အောက်ဖော်ပြပါ ခရစ်ယာန်ဒဿနမျိုး မြင်နိုင်ပါတယ်။ ။

"သူ့ရဲ့သမာဓိအပေါ်အခြေတည်ထားတာကြောင့် ထာဝရအသက်ရနိုင်ဖို့ ဘုရားရဲ့ ပညတ်သည် ဘယ်တုန်းကမှ မပြောင်းလဲခဲ့ပါဘူး။ ကျွန်တော်တို့ဖက်က နားမထောင်ရုံလေးနဲ့ ဘုရားသခင်ဟာ ၎င်းရဲ့သမာဓိကို မပြောင်းပါဘူး။ အာဒံရဲ့ အပြစ်က မနာခံခြင်းရဲ့အကျိုးဖြစ်တဲ့ ခန္ဓာနဲ့ဝိညာဉ်ရေးရာ စုတေ့ခြင်းကို ထပ်ထပ်ဖြည့်တာဘဲ ရှိပါတယ်။ အပြစ်လွတ်ခွင့်၊ ထာဝရအသက်ရခွင့်ဆိုတာ ဘုရားသခင်

ရဲ့တရားမျှတမှုစံကိုမမီဘဲ မရနိုင်ပါဘူး။ **ဘုရားသခင်ဟာ လူတစ်ဦးထဲကိုတောင် မျက်နှာသာပေးခဲ့လို့ရှိရင် ဘုရားဟုတ်တော့မှာ မဟုတ်ပါဘူး။**"[14]

ခရစ်ယာန်ဘာသာဗေဒရဲ့ ဗဟိုချက်မကတော့ ဘုရားသခင်ရဲ့ပညတ်ကို ချိုးဖောက်ရင် သေရမယ်ဆိုတာပါဘဲ။ အဲဒီအယူဟာ ဘယ်လောက်ထိ အမြစ်စွဲသလဲဆိုရင် ဘုရားရဲ့ ပလ္လင်သည် သေဒဏ်ပေးမဲ့အမိန့်ပေါ်မှာ တည်ထားတယ်လို့တောင် မှတ်ယူထားပါတယ်။ ဘုရားရဲ့ပလ္လင်ဟာ သူ့ရဲ့ပညတ်ကို ချိုးဖောက်သူတွေကို တရားစီရင်မယ့် သဘောတရား အပေါ်မှာလည်း တည်ထားပါတယ်။

ပသို့ဆိုစေ၊ ဆာလံ ၈၉ မှာတော့ ဘုရားရဲ့ရှေ့မှာ ကရုဏာတော် စီးဖြန်းထားတယ်လို့ လာပါတယ်။ ကျွန်တော်တို့က ကရုဏာတော်နဲ့ ပညတ်ကိုချိုးဖောက်တဲ့လူတွေ သေဒဏ်ပေးခြင်းကို ဘယ်လိုတွဲမှာလဲ။ အင်္ဂလိပ်ဝေါဟာရ mercy ခက်ဆစ်ကို စူးစမ်းကြပါစို့လား။

> Mercy သည် (အလယ်ခေတ်အင်္ဂလိပ်ဝေါဟာရ၊ အင်္ဂလို-ပြင်သစ်မှာ merci ။ အလယ်ခေတ် လာတင်ဘာသာမှာ merced-, merces ။ လာတင်မှာ "တန်ဖိုးပေးချေသည်၊ အဖိုးအဘာဂ၊" merc-, merxi ကနေ "ကုန်စည်-merchandise") သဒ္ဒါတရား၊ ခွင့်လွှတ်ခြင်း၊ လူမှုရေး၊ ဘာသာရေး၊ ဆက်ဆံရေး၊ တရားရေး နယ်ပယ်များမှာ သဒ္ဒါတရား၊ ခွင့်လွှတ်ခြင်း၊ ကြင်နာခြင်းများ ဖြစ်ပါတယ်။[15]

သနားစာနာခြင်းဆိုတာ အဖိုးဘာဂပေးမှ ဖြစ်နိုင်တာပါ။ ဒီနည်းအားဖြင့် အနှီအဘိဓမ္မာ အရ အကြွေးကြေမှ သနားစာနာခြင်းက နေရာရပါတယ်။ တရားမျှတခြင်းကလည်း သူ့ရဲ့ ဂုဏ်သမာဓိကိုထိန်းနိုင်ဖို့ လုပ်ကိုလုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ အကြွေးဆိုတာ ဘယ်သူကပေးပေး ဆပ်ပြီးပြီဆိုရင် တရားမျှတခြင်းကိုရပြီး စာနာခြင်းဆိုတာလည်း

---

[14] https://bible.org/article/god-s-perfect-and-unchanging-justice-ground-gospel
[15] https://en.wikipedia.org/wiki/Mercy

ထပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီအကြောင်းတရားက "အစားထိုးခံ" လို့ခေါ်တဲ့ ရင်ကြား စေ့ရေးဆိုတဲ့ ခရစ်ယာန်သီအိုရီကို အစပျိုးပေးပါတယ်။

> အစားထိုးခံ (တစ်ခါတစ်လေ၊ အထူးအားဖြင့် ရှေးစာပေများမှာ မှုခင်းဆိုင်ရာ သီအိုရီလို့ ခေါ်ပါတယ်) ဟာ ခရစ်ယာန်ဘာသာဗေဒမှာ အပြစ်ဖြေခြင်း သီအိုရီ ဖြစ်ပါတယ်။ ဒီသီအိုရီက ခရစ်တော်ဘုရားသည် သူ့ကိုယ်သူ စတေးခံဖို့ ရွေးချယ်ပြီး အပြစ်သားရဲ့ပြစ်ဒဏ် လာခံသွားခြင်းဖြစ်ပြီး အနှီလုပ်ရပ်က အပြစ်ကို ဖြေလွှတ်ပေးမယ့် ဘုရားသခင်ရဲ့တောင်းဆိုချက်ကို ဖြည့်ဆည်းပေးပါတယ်။[16]

သနားစာနာခြင်းသည် အကြွေးဆပ်ပြီးတဲ့ အဓိပ္ပာယ်ဆောင်ပါတယ်။ ပရိုတက်စ်တဲန့် (Protestant) ရဲ့ အစဉ်အလာမှာ အကြွေးကို ခရစ်တော်ဘုရားရဲ့ စတေးခံခြင်းဖြင့်သာ ကျွန်တော်တို့အစား ဆပ်ပေးနိုင်တယ်လို့ မှတ်ယူပါတယ်။ ကက်သလစ် အစဉ်အလာမှာ တော့ ကယ်တင်ခြင်းရဖို့ ကုသိုလ်ပဒေသာ စိုက်လို့ရပါတယ်။[17]

ပြန်နွှေးရရင်။ ယေဘုယျအားဖြင့် ကျမ်းစာတော်မြတ်အရဖြစ်ဖြစ်၊ လူ့ဗီဇအရဖြစ်ဖြစ် လူသားတွေမှတ်ယူတဲ့ တရားမျှတမှုဟာ တရားဥပဒေသက်ဝင်နိုင်ဖို့ ဥပဒေချိုးဖောက်သူကို အပြစ်ပေး၊ သေဒဏ်ပေးဖို့လိုတယ် ဆိုတဲ့မူအပေါ်ရပ်တည်ကြောင်း ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။

ဒါ့ကြောင့်မို့ ဒီစနစ်မှာ ကင်းထောက်ခြင်း၊ တရားစီရင်ခြင်း၊ အပြစ်ပေးခြင်း၊ သေဒဏ်ပေး ခြင်းတွေလုပ်ဖို့လိုအပ်ပါတယ်။ အဲဒီလက္ခဏာရပ်တွေဟာ တရားမျှတမှုဒဿနမှာ ဝမ်း တွင်းပါပြီးသား ဖြစ်ပါတယ်။ မေးရမှာကတော့ အဲဒီတရားရေးစနစ်က အကြောက်တရား မဲ့တဲ့ လူမှုအသိုင်းအဝိုင်းကို ဆောက်တည်နိုင်သလား ဆိုတဲ့အကြောင်းပါ။ ဘုရားသခင် ဟာ နဂိုတော်ကိုက သေမင်းဖြစ်ရင် သေခြင်းကို

---
16 https://en.wikipedia.org/wiki/Penal_substitution
17 https://en.wikipedia.org/wiki/Merit_(Christianity)

သွပ်သွင်းသူဖြစ်မှာဖြစ်ပြီး အဲဒီအကြောင်း တရားက ဘုရားသခင်ကိုယ်၌သည် သေခြင်းပုံရိပ် ဖြစ်မနေပေဘူးလား။ ဘုရားသခင်ဟာ သူ့စံနဲ့ ကျွန်တော်တို့ကို ကိုက်ညီသလားဆိုပြီး ကျွန်တော်တို့ရဲ့ နေ့တစူဝ ဖင်လှည့် ခေါင်းလှည့်ခြင်းတွေအထိ နဖားကြိုးလိုက်တပ်နေမယ်ဆိုရင် သူ့ရဲ့အအုပ်ချုပ်ခံတွေ သေ ခြင်းတရားရဲ့ ခြောက်လှန့်မှုကင်းစွာနေရမယ့်အရပ် ဘယ်မှာရှိတော့မှာလဲ။ ဒီဘောင် အတိုင်းသာ သွားလို့ကတော့ ဘုရားသခင်ဟာ တရားစီရင်၊ အပြစ်ပေး၊ သေဒဏ်ပေး ရတာတွေ လုပ်နေရတော့မှာပါ။

ကျွန်တော့်အနေနဲ့ ဒီမျက်နှာစာကိုယူပြီး ကျန်ရှိသေးတဲ့ စာမျက်နှာတွေကို လေ့လာဖို့ ကျမ်းပိုဒ်တော်မြတ် (၃) ပိုဒ်ကို စာရှုသူများရှေ့မှာ ချပြလိုပါတယ်။

> "ခမည်းတော်သည် မည်သူ့ကိုမျှ**တရားစီရင်**တော်မမူဘဲ တရားစီရင်ခြင်းအခွင့်ရှိ သမျှကို သားတော်အားပေးအပ်တော်မူပြီ။" - ရှင်ယောဟန်ခရစ်ဝင် ၅:၂၂၊ ၂၃
>
> "သင်တို့သည် လူ့စံနှုန်းအတိုင်း စီရင်တတ်ကြ၏။ ငါ[ယေရှု]မူကား မည်သူ့ကိုမျှ**မ စီရင်**။" - ရှင်ယောဟန်ခရစ်ဝင် ၈:၁၅
>
> "မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် မနာလိုခြင်း မရှိ။ ဝါကြွားခြင်းမရှိ။ မာနထောင်လွှားခြင်းမရှိ။ မလျောက်ပတ်စွာမပြုတတ်။ ကိုယ်ကျိုးကိုမရှာတတ်။ ဒေါသအလွယ်တကူမထွက်တတ်။ **သူတစ်ပါးအပြစ်ကို မှတ်၍မထားတတ်။**" - ကောရိန္သုသြဝါဒစာပထမစောင် ၁၃:၄၊ ၅ (NIV)

ဒီကျမ်းချက် (၃) ချက်က သေဒဏ်ကိုတုံးခုထားတဲ့ တရားမျှတမှု၊ တရားစီရင်မှုတွေကို စိန်ခေါ်ပါတယ်။ ယေရှုဘုရားက ၎င်းကိုယ်တိုင်ဖြစ်စေ၊ ခမည်းတော်ဖြစ်စေ ဘယ်သူ့ကိုမှ မစီရင်၊ အပြစ်မတင်၊ မစစ်ဆေး၊ ဒဏ်မပေးဘူးလို့ မိန့်ခဲ့ပါတယ်။[18] ကျမ်းစာတော်မြတ်ရှိ

[18] တရားစီရင်ဆိုတဲ့ဝေါဟာရအတွက် ဂရိစာလုံးက Krino ဖြစ်ပြီး ဒီနေရာမှာ ဆုံးဖြတ်၊ စစ်ဆေး၊ အပြစ်ဖို့၊ အပြစ်ပေး ဆိုတဲ့အဓိပ္ပာယ်တွေရှိပါတယ်။

မေတ္တာတော်အကြောင်း ဖွင့်ဆိုတဲ့အခန်းကြီးထဲမှာ မေတ္တာသည် အမှားတွေကို စာရင်းမလုပ်ထားဘူးလို့ လာပါတယ်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်ပါတယ်။ ဘုရားရဲ့ အနှီမေတ္တာကြီးက အကြောက်တရားအားလုံးကို ပယ်သတ်ပါတယ် (၁ ယော ၄:၈၊ ၁၈)။ ဘုရားသခင်ဟာ စန်တာကလော့လို လူတွေရဲ့ အကောင်းအဆိုးကို စာရင်းလုပ်ထားတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ဘုရားသခင်ဟာ ဒီလိုမျိုး စာရင်းမလုပ်ဘူးဆိုရင် လူသားတွေ နားလည်တဲ့ တရားမျှတမှု၊ တရားစီရင်ခြင်းကို မှတ်ယူပုံတွေဟာ အမှားဖြစ်နေပြီပေါ့။ "သင်တို့သည် ဇာတိပကတိအတိုင်း စီရင်တတ်ကြ၏" လို့ ယေရှုဘုရားက ကျွန်တော်တို့ကို မိန့်တဲ့အတိုင်း ဖြစ်နေပါတယ်။ သမ္မာကျမ်းစာမှာ အောက်ပါအတိုင်း လာပါတယ်။

> "ဆိုးသော သူသည် မိမိလမ်းကိုင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုင်း စွန့်ပစ်၍၊ ထာဝရဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူလိမ့်မည်။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင် တို့၏ အကျင့်နှင့်မတူ။ မိုဃ်းကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်ငင်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ငင်း သာ၍မြင့်၏။" - ဟေရှာယ ၅၅:၇-၉

ကျွန်ုပ်တို့ဟာ ဘုရားသခင်ရဲ့ တရားမျှတပုံကို သမ္မာဒိဋ္ဌိကျကျ နားလည်ပါတယ်လို့ကော ကိုယ့်ကိုယ်ကို အတပ်ပြောရဲသလား။ ဆိုခဲ့ပြီးတဲ့ ကျမ်းချက်တွေနဲ့ ဝိရောဓိဖြစ်နေတဲ့ အခြားကျမ်းချက်တွေကို ကျွန်တော်တို့က သဟဇာတဖြစ်အောင် ဘယ်လိုညှိနိုင်မှာလဲ။ တရားရေးဖက်က နောက်ကြောင်းရာဇဝင်ကို တောင်းဆိုနေတာကို မေတ္တာဆိုတာကြီးက နောက်ကြောင်းအမှားတွေကို အမှတ်မထားဘဲ ဘယ်လိုလုပ်ပြီး နေနိုင်ရတာလဲ။ ဒီအခင်းအကျင်းက ဝိရောဓိဖြစ်နေပါတယ်။ ကျွန်တော်တို့ လုပ်ရမှာက ထိုထိုဝိရောဓိတွေကို

ပယ်သတ်ပြီး ဘုရားသခင်ရဲ့ တရားမျှတမှု၊ သနားစာနာမှုမေ့စစ် ကျွန်တော်တို့ဆီကို ထင်ပြနိုင်စေဖို့ ဆုတောင်းရမှာဖြစ်ပါတယ်။

## ၄။ အပြစ်ဖို့ခြင်းရဲ့မူလဘူတ

ယေရှုဘုရားရဲ့သက်တော်စဉ်နဲ့ ဩဝါဒတွေက ကျွန်တော်တို့ကို ခမည်းတော်ဘုရားသည် ဘယ်လိုသော မြတ်စွာဘုရားဖြစ်ကြောင်း ထင်ပြပါတယ်။ ယေရှုဘုရားက ၎င်းတို့နှစ်ပါးစလုံးဟာ ဘယ်သူ့ကိုမှ အပြစ်မစီရင်၊ အပြစ်မဖို့ကြောင်းမိန့်တဲ့အခါ လက်တန်းမေးရမှာက ၎င်းတို့က တစ်ယောက်ကိုမှ အပြစ်မဖို့တာမှန်ရင် ကမ္ဘာကြီးဟာ ဘာဖြစ်လို့ အပြစ်ပေးခြင်း၊ အပြစ်ဖို့ခြင်းတွေနဲ့ ပြည့်ရတာလဲလို့ မေးရမှာပါပဲ။ ပုထုဇဉ်တွေက ဘာလို့အခြားတစ်ဦးကို စီရင်ရတာပါလိမ့်၊ ဒါတွေက ဘယ်ကနေမြစ်ဖျားခံလာတာလဲ။

ဒေင်ဥယျာဉ်တော်မှာ အာဒံနှင့်ဧဝတို့ ပညတ်ထားတဲ့အသီးကို စားပြီးတဲ့အခါမှာ ဘုရားသခင် သူတို့ဆီကိုလာတဲ့အခါ သူတို့ဟာ ဘုရားကိုကြောက်လို့ ပုန်းခဲ့ပါတယ်။ သူတို့ရဲ့အမှားကြောင့် ဘုရားသခင်က အပြစ်ပေးမှာ ကြောက်ခဲ့ပါတယ်။ အာဒံကို နင် ဘာအမှားလုပ်ခဲ့လဲလို့ မေးတဲ့အခါ အာဒံက အောက်ပါအတိုင်း ဖြေပါတယ်။ ။

> "လူကလည်း ကျွန်တော်၌အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကို ပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ၏။" - ကမ္ဘာဦးကျမ်း ၃:၁၂ (NIV)

သူ့ကို လမ်းမှားရောက်စေတဲ့မိန်းမကို ဘုရားကစီစဉ်ပေးတဲ့အတွက် ဘုရားဘဲ စပြီးမှားတယ်လို့ အာဒံက အပြစ်ပြောလိုက်ပါတယ်။ ဒါဟာ အာဒံက သူ့အမှားကို ဘုရားအပေါ်တင်တဲ့ သက်သေဖြစ်ပါတယ်။ အာဒံက သူ့ရဲ့လုပ်ရပ်ကြောင့် ဘုရားက သူ့ကိုအပြစ်ပေးဖို့လာခဲ့တယ်လို့ မှတ်ခဲ့ပါတယ်။ သူတို့ဟာ အသီးကိုစားတဲ့တစ်နေ့နေ့မှာ သေရမယ်လို့ ဘုရားကမိန့်ပြီးသားမဟုတ်လား။

အာဒံဟာ သေမှာကိုကြောက်ကြောင်း အောက်ပါကျမ်းပိုဒ်မှာ တွေ့ရပါတယ်။

> "ထိုသားသမီးအားလုံးတို့သည် အသွေးအသားရှိကြသည်ဖြစ်၍ ကိုယ်တော်သည်လည်း သူတို့နည်းတူ ထိုအသွေးအသားကို မျှဝေခံယူတော်မူ၏။ ဤသည်ကား အသေခံတော်မူခြင်းအားဖြင့် သေခြင်း၏တန်ခိုးအရှိန်အဝါကိုပိုင်သောသူဖြစ်သည့်

မာရ်နတ်ကို ဖျက်ဆီးလျက် **သေခြင်းကိုကြောက်ရွံ့သောသဘော၌ တစ်သက်လုံး ကျွန်ခံနေရသောသူတို့ကို လွတ်မြောက်စေရန်ဖြစ်၏။**" - ဟေဗြဲဩဝါဒစာ ၂:၁၄၊ ၁၅

ပုထုဇဉ်ရဲ့ဗီဇကိုက သေရမှာကို ဝမ်းတွင်းပါကြောက်ပြီးသားပါ။ အဲဒါက အာဒံ့ဆီကနေ ရခဲ့တဲ့ အမွေတစ်ခုပါ။ ဘုရားရဲ့ပညတ်ကို မစောင့်နိုင်ခဲ့လို့ ဘုရားက သူ့ကိုသတ်မှာပဲလို့ အာဒံ မှတ်ခဲ့ပါတယ်။ အာဒံကတော့ ဒီအမှားရဲ့တရားခံဟာ ဘုရားဖြစ်တဲ့အတွက် ဘုရားကပဲ အဲဒီအမှားအတွက် သေဒဏ်ကျသင့်တယ်လို့ ယူပါတယ်။ သူကတော့ ဒီလို တဲ့တိုး မပြောခဲ့ပါဘူး။ ဒါပေသိ သမ္မာကျမ်းဂန်မှာတော့ ကနဦးကစပြီး ဘာဖြစ်ခဲ့သလဲဆိုတာ ချပြခဲ့ပါတယ်။

"**ကမ္ဘာဦးမှစ၍ အသေသတ်ခြင်းခံရသည့် သိုးသငယ်တော်၏အသက်စာစောင်၌** အမည်မရေးထားသော ကမ္ဘာမြေကြီးပေါ်တွင်နေထိုင်သူအားလုံးတို့သည် ထိုသားရဲကို ကိုးကွယ်ကြလိမ့်မည်။" - ဗျာဒိတ်ကျမ်း ၁၃:၈

အာဒံက ဘုရားသခင်နဲ့ ၎င်းရဲ့သားတော်အပေါ် ဒီလိုစိတ်မျိုးရှိမယ်လို့ ကျွန်တော်တို့ အတပ်ပြောနိုင်သလား။ ။

"အဘယ်ကြောင့်ဆိုသော် **သွေးသားဇာတိနှင့်ဆိုင်သောစိတ်သဘောသည် ဘုရားသခင်နှင့် ရန်ဘက်ဖြစ်၏။** အကြောင်းမူကား ထိုစိတ်သဘောသည် ဘုရားသခင်၏ပညတ်တရားကို နာခံခြင်းမရှိ။ အမှန်စင်စစ် နာခံ၍လည်းမရနိုင်။" - ရောမဩဝါဒ စာ ၈:၇ (NIV)

အာဒံဟာ ဘုရားသခင်ရဲ့ပညတ်ကို ချိုးဖောက်ခဲ့တဲ့အခါ အပြစ်သင့်ခဲ့ပါပြီ။ သူ့ရဲ့သန္တာန်ဟာ ဘုရားနဲ့ စီးချင်းထိုးလို့နေပါတယ်။ ဘုရားရဲ့ပညတ်ကို စောင့်လိုစိတ်မရှိတော့ပါဘူး။ သူ့ရဲ့စိတ်ဟာ ဘုရားကို အပြစ်ဖို့လိုစိတ်တွေနဲ့ ပြည့်နေပါတယ်။ မာရ်နတ်ကို သခင်ပြုခဲ့တဲ့အတွက်ကြောင့် မာရ်နတ်အတိုင်းဘဲ တွေးခေါ်ပါတော့တယ်။ မာရ်နတ်က ကနဦး

ကတည်းက ဘယ်လိုတွေးခဲ့သလဲ။ သူ့ကိုသတ်လိုကြတဲ့ ယုဒခေါင်းဆောင်တွေကို ယေရှုက ဘယ်လိုမိန့်သလဲဆိုတာ တစ်ချက်လောက် နားစွင့်ကြပါစို့။

> "သင်တို့သည် သင်တို့၏အဖမာရ်နတ်နှင့်စပ်ဆိုင်ကြပြီး သင်တို့အဖ၏ဆန္ဒအတိုင်းပြုလိုကြ၏။ **မာရ်နတ်သည် အစအဦးကပင် လူသတ်သမားဖြစ်၏။** သူ၌သမ္မာတရားမရှိသောကြောင့် **သမ္မာတရား၌မရပ်တည်။** သူသည် လိမ်လည်သောသူဖြစ်ပြီး လိမ်လည်ခြင်း၏အဖလည်းဖြစ်သောကြောင့် လိမ်လည်ပြောဆိုသောအခါ မိမိပင်ကိုစရိုက်အတိုင်းပြောဆို၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၄၄

မာရ်နတ်ဟာ ဘုရားရဲ့သားတော်ကို ပကဒူးကတည်းက သတ်လိုခဲ့တာပါ။ ခရစ်တော်ဘုရားရဲ့ရာထူးကို လိုချင်ခဲ့၊ ဘုရားသခင်နဲ့ ပခုံးညီချင်ခဲ့ပါတယ်။

> "အိုနံနက်သား၊ မိုဃ်းသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီတကား။ အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည်၊ မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရလေ ပြီတကား။ သင်ကလည်း၊ ကောင်းကင်ပေါ်သို့ငါ တက်မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ် တော်တောင်ပေါ်မှာ ငါထိုင်မည်။ **မိုဃ်းတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံး သောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။**" - ဟေရှာယ ၁၄:၁၂-၁၄

ယုဒခေါင်းဆောင်တွေရဲ့ ကာယကံ၊ ဝစီကံတွေကနေ မာရ်နတ်ရဲ့ ဘုရားအပေါ်ထားရှိတဲ့ ဓာတ်ညစ်တွေကို ကျွန်တော်တို့တွေ့ရပါတယ်။ ဘုရားရဲ့သားတော်ကို မုန်းကြ၊ သတ်လိုကြတာကနေပြီး ဘုရားရဲ့သားတော်ကိုသတ်ပြီး သူ့နေရာကိုယူ၊ အမြင့်ဆုံးသော ခမည်းတော်နဲ့ ပခုံးညီချင်ခဲ့တဲ့ မာရ်နတ်ရဲ့ဆန္ဒတွေကို ကျွန်တော်တို့တွေ့ရပါတယ်။

စွပ်စွဲခြင်း၊ အပြစ်ပုံခြင်းဉာဉ်ကို စခဲ့သူဟာ မာရ်နတ်ဖြစ်ပါတယ်။ သမ္မာကျမ်းဂန်က သူ့ကို "ညီအစ်ကိုကို အပြစ်တင်သောသူ" လို့ သမုတ်ထားပါတယ်။

"ထိုအခါ တစ်ကမ္ဘာလုံးကိုလှည့်ဖြား၍ မာရ်နတ်ဟူ၍လည်းကောင်း၊ စာတန်ဟူ၍ လည်းကောင်း အခေါ်ခံရသည့် ရှေးမြွေဟောင်းတည်းဟူသောနဂါးကြီးသည် မြေကြီးပေါ်သို့ပစ်ချခြင်းခံရလေ၏။ သူနှင့်အတူ သူ၏စေတမန်တို့သည်လည်း ပစ်ချခြင်းခံရကြ၏။ ထို့နောက် ကောင်းကင်မှကျယ်လောင်သောအသံက "ငါတို့ဘုရားသခင်၏ကယ်တင်ခြင်း၊ တန်ခိုးတော်၊ နိုင်ငံတော်နှင့် ကိုယ်တော်၏ခရစ်တော်၌ရှိသောအာဏာစက်တို့သည် ယခုပေါ်ထွန်းလေပြီ။ အကြောင်းမူကား **ငါတို့၏ညီအစ်ကိုများကိုစွပ်စွဲသောသူတည်းဟူသော ငါတို့ဘုရားသခင်၏ရှေ့တော်၌ နေ့ရော ညပါ သူတို့ကိုစွပ်စွဲသောသူသည် ပစ်ချခြင်းခံရလေပြီ။**" - ဗျာဒိတ်ကျမ်း ၁၂:၉၊ ၁၀

မာရ်နတ်ရဲ့စိတ်ဓာတ်ဟာ အာဒံ့သန္တာန်ထဲစီးဝင်ပြီး သူ့ကိုသွေးဆောင်ခဲ့တဲ့ ဧဝကို ဖန်ဆင်းခဲ့တဲ့အတွက်နဲ့[19] ဘုရားရဲ့သားတော်ကို အပုပ်ချ၊ စွပ်စွဲ၊ အပြစ်တင်ခဲ့ပါတယ်။ အပုပ်ချ၊ အပြစ်တင်ခြင်းတွေဟာ အာဒံကိုမှီပြီး ကမ္ဘာမှာဝင်လာခဲ့ပါတယ်။ အာဒံက ဘုရားသခင့်ဆီ မတောင်းပန်ခဲ့ပါဘူး။ အာဒံက သူ့ရဲ့အပြစ်ဟာ ဖြေလွှတ်နိုင်မယ်လို့ မမှတ်ခဲ့ပါဘူး။ နောနဲ့မတူတာက အာဒံဟာ ဒီအဆင့်အထိ ဘုရားရှေ့မှာ ကရုဏာကိုမရှာခဲ့တာပါ (ကမ္ဘာ ၆:၈)။ အာဒံဟာ နောင်တရတတ်၊ ယုံကြည်တတ်တဲ့စိတ် (ခရစ်တော်ဘုရားရဲ့စိတ်ဓာတ်) နဲ့ နေရမယ့်အစား အပြစ်တင်လိုစိတ်၊ မောဟတွေနဲ့ လုံးချာလည်ခဲ့ပါတယ် (မာရ်နတ်ရဲ့စိတ်ဓာတ်ပါ)။ တမန်တော် ရှင်ပေါလုက အောက်ပါကျမ်းချက်မှာ အနှိုင်းမဲ့စစ်ကို ချပြခဲ့ပါတယ်။ ။

"ထို့ပြင် ဆုကျေးဇူးသည် တစ်ယောက်သောသူက အပြစ်ပြုသောကြောင့် ဖြစ်လာသည့်အရာကဲ့သို့မဟုတ်ပေ။ **အကြောင်းမူကား ကျူးလွန်သောအပြစ်တစ်ခု ကြောင့်ဖြစ်လာသည့် တရားစီရင်ခြင်းသည် ပြစ်ဒဏ်စီရင်ခြင်းသို့ရောက်စေ၏။** သို့သော် ကျူးလွန်သောအပြစ်များစွာကြောင့်ဖြစ်လာသည့် ဆုကျေးဇူးမှု

[19] ဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၏။ - ဧဖက် ၃:၉

ကား ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းသို့ရောက်စေ၏။" - ရောမဩဝါဒစာ ၅:၁၆ (KJV)

ဒီကျမ်းချက်ကနေ ဘုရားက အာဒံကို အပြစ်ဖို့ပါတယ်လို့ အများကမြင်ကြတဲ့အတွက် ကျွန်တော်တို့လည်း သတိကြီးကြီးကပ်ပြီး လေ့လာဖို့လိုပါတယ်။ အထင်ကရ အနက်ဖွင့်ပုံ တစ်ခု အောက်မှာပေးထားပါတယ်။

တရားစီရင်ခြင်း — အမိန့် ပြစ်ဒဏ်ကို ကြေငြာခြင်းပါ။ တရားသူကြီးက ချမှတ်တဲ့ အမိန့်ကို ရှင်းရှင်းဖော်ပြခြင်းဖြစ်ပါတယ်။ **ဒီမှာလည်း ဘုရားသခင်က တရားသူ ကြီးပမာ အာဒံ့ကျူးလွန်မှုကြောင့်၊ သူနဲ့သူ့မျိုးဆက်တွေအပေါ် ကျလာမယ့် အကျိုးတွေကို အမိန့်ချခြင်း ဖြစ်ပါတယ်** ကမ္ဘာ ၂:၁၇၊ ကမ္ဘာ ၃:၁၇-၁၉။ Albert Barnes Commentary.

မူကွဲကျမ်း (ဗားရှင်း) အတော်များများကလည်း ဘုရားသခင်က အာဒံ့ကို အပြစ်တင်တယ် ဆိုတဲ့အယူကို လက်ခံကြပုံပေါ်ပါတယ်။

"ထို့ပြင် ဆုကျေးဇူးသည် အပြစ်ပြုသူတစ်ယောက်ကြောင့် ဖြစ်လာသည့်အရာကဲ့သို့ မဟုတ်ပေ။ **အကြောင်းမူကား ကျူးလွန်သောအပြစ်တစ်ခုကြောင့် ဖြစ်လာသည့် တရားစီရင်ခြင်းသည် ပြစ်ဒဏ်စီရင်ခြင်းသို့ရောက်စေ၏။** သို့သော် ကျူးလွန်သောအပြစ်များစွာကြောင့်ဖြစ်လာသည့် ဆုကျေးဇူးမူကား ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းသို့ရောက်စေ၏။" - ရောမဩဝါဒစာ ၅:၁၆ (NKJV)

"ကျေးဇူးတော်အရာသည် လူတစ်ယောက်ပြစ်မှားသောအရာနှင့် မနှိုင်းနိုင်။ အပြစ် တစ်ခုကို **တရားစီရင်ခြင်းလိုက်လာပြီး ဒဏ်ခံစေ၏။** သို့သော် ကျူးလွန်သောအပြစ်များစွာကြောင့်ဖြစ်လာသည့် ဆုကျေးဇူးမူကား ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခြင်းသို့ရောက်စေ၏။" - ရောမဩဝါဒစာ ၅:၁၆ (NIV)

ထိုထိုဘာသာပြန်ချက်များက အာဒံ့ရဲ့အမှားက သူ့အပေါ်ကိုဘဲ ဘုရားသခင်ရဲ့အပြစ်ပေးမှုတွေ ကျစေတယ်လို့ ပြကြပါတယ်။ ဒါပေမယ့်လည်း ယေရှုဘုရားက ခမည်းတော်ဟာ

ဘယ်သူ့ကိုမှ အပြစ်မတင်ဘူးလို့ မိန့်ခဲ့ပါတယ် (ရှင်ယောဟန် ၅:၂၂)။ အဲဒါကြောင့် အနီ အဆိုဟာ မမှန်နိုင်ပါဘူး။ Young ရဲ့တိုက်ရိုက်ပြန်ဆိုပုံကိုလည်း သုံးသပ်ကြည့်ပါ။ ။

> "အပြစ်ပြုသူတစ်ဦးကြောင့် ဖြစ်လာသည့်ဆုကျေးဇူးကဲ့သို့မဟုတ်ပေ။ **အကြောင်းမူကား တရားစီရင်ခြင်းသည် တစ်ဦးကြောင့်ပြစ်ဒဏ်စီရင်ခြင်းသို့ ရောက်စေ၏။** သို့သော် ကျူးလွန်သောအပြစ်များစွာကြောင့်ဖြစ်လာသည့် ဆုကျေးဇူးမူကား ဖြောင့် မတ်သည်ဟုအသိအမှတ်ပြုခြင်းသို့ရောက်စေ၏။" - ရောမသြဝါဒစာ ၅:၁၆ (YLT)

အနီပြန်ဆိုမှုမှာ တရားစီရင်ခြင်းသည် တစ်ဦး "ရဲ့/ကြောင့်" ပြစ်ဒဏ်စီရင်ခြင်းသို့ရောက်ကြောင်း ကျွန်တော်တို့သိရပါတယ်။ "ရဲ့" ဆိုတဲ့ ဝေါဟာရသည် ဂရိပါဠိ ek ဆိုတဲ့ ဝေါဟာရကို ပြန်ဆိုခြင်းဖြစ်ပြီး အဓိပ္ပာယ်ကတော့။ ။

> အရင်းတည်ရာ မူလအရပ်ကိုပြတဲ့ ပဓာနဝိဘတ်ဖြစ်ပြီး (ရွေ့လျားမှုစဖြစ်တဲ့ အရပ်) မှ၊ အပြင်သို့။ Strong Concordance

အပြစ်တင်ဖို့အတွက် တစ်ဦးတစ်ယောက် (အာဒံ) ကနေ စီရင်ခြင်း ဖြစ်လာပါတယ်လို့ ပြတာဖြစ်ပါတယ်။ အာဒံသည် တရားစီရင်ခြင်း၊ အပြစ်တင်ခြင်းတို့ မြစ်ဖျားခံရာ ဖြစ်ပါတယ်။ ခရစ်တော်ဘုရားဆိုတာက အဲဒါရဲ့ ဆန့်ကျင်ဖက်ဖြစ်ပြီး သူ့ရဲ့ဖြောင့်မတ်ခြင်း လက်ဆောင်ကို ပံ့သကူပစ်သူ ဖြစ်ပါတယ်။ ခရစ်တော်ဘုရားသည် အာဒံရဲ့ဆန့်ကျင်ဖက်မှာ ရှိပါတယ်။ အာဒံက စုတ်ပေးချိန်မှာ ခရစ်တော်ဘုရားက လာဘ်ကို ပံ့သူကူပစ်ပါတယ်။ အများသော ခရစ်ယာန်ထုကြီးက အနီကျမ်းချက်ရဲ့သြဝါဒအဆီကို လုံးလုံးမျက်စိလျှမ်းခဲ့ကြပါတယ်။

ရောမ အခန်းကြီး (၅) အစပိုင်းမှာ အပြစ်ဖို့ကြိုက်ခင်ကြီးတွေနဲ့ ပတ်သက်လို့ ပြဿနာပေါ်ကြောင်း ကျွန်တော်တို့တွေ့နိုင်ပါတယ်။

"သို့သော် ငါတို့သည် အပြစ်သားများဖြစ်ကြစဉ်ပင် ခရစ်တော်သည် ငါတို့အတွက် အသေခံတော်မူခြင်းအားဖြင့် **ဘုရားသခင်သည် ငါတို့အပေါ်ထားရှိသော မိမိ၏ချစ်ခြင်းမေတ္တာတော်ကို ထင်ရှားစေတော်မူ၏။** သို့ဖြစ်၍ ယခုအခါ ခရစ်တော်၏သွေးတော်အားဖြင့် ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခြင်းခံရသော**ငါတို့သည် ကိုယ်တော်အားဖြင့် အမျက်တော်မှ ပို၍ပင် ကယ်တင်ခြင်းခံရလိမ့်မည်။**" - ရောမ ဩဝါဒစာ ၅:၈၊ ၉

ဘယ်သူ့အမျက်ကနေ ကျွန်တော်တို့ကို ကယ်တင်ခံရမှာပါလဲ။ ကျမ်းပိုဒ်အချို့ကို စူးစမ်းကြရအောင်ပါ။ ။

"ထို့ပြင်မက ယခုအခါ ခရစ်တော်၏သွေးတော်အားဖြင့် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းခံရသောငါတို့သည် **ကိုယ်တော်**အားဖြင့် **အမျက်တော်**မှ ပို၍ပင် ကယ်တင်ခြင်းခံရလိမ့်မည်။" - ရောမဩဝါဒစာ ၅:၉ (NASB)

"သို့ဖြစ်၍ ယခုအခါ ခရစ်တော်၏သွေးတော်အားဖြင့် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းခံရသောငါတို့သည် **ကိုယ်တော်**အားဖြင့် **အမျက်တော်**မှ ပို၍ပင် ကယ်တင်ခြင်းခံရလိမ့်မည်။" - ရောမဩဝါဒစာ ၅:၉ (NIV)

"ဘုရားရဲ့(of God)" ဆိုတဲ့ ဝေါဟာရသည် NASB ပြုစုသူများရဲ့ဖြည့်စွက်မှုဖြစ်ပြီး italic လုပ်ထားပါတယ်။ NIV နဲ့ အခြားမူကွဲ (ဗားရှင်း) များမှာတော့ "ဘုရားရဲ့အမျက် (God's wrath)" လို့ ပြထားပါတယ်။ ဂရိကျမ်းထဲမှာတော့ "ဘုရား" ဝေါဟာရကို လုံးဝ မသုံးထားပါဘူး။ အခန်းငယ် (၉) မှာ ဘုရားရဲ့အမျက်လို့ဆိုလိုရင် အခန်းငယ် (၈) မှာ ဘုရားက ၎င်းရဲ့မေတ္တာကို ကျွန်တော်တို့ဆီ စီးဖြန်းပေးနေခြင်းနဲ့ ကန့်လန့်တိုက်နေမှာပါ။ ခင်ဗျားကရော လူတစ်ယောက်အပေါ်မှာ အမုန်းနဲ့မေတ္တာကို တစ်ချိန်ထဲမှာကို ပြလို့ရသလား။ လူတစ်ယောက်ကို တစ်ချိန်ထဲမှာ သတ်လိုကယ်လိုတဲ့ဆန္ဒ ရှိနိုင်သလား။

New King James ဗားရှင်းကတော့ King James ဗားရှင်းအတိုင်းဘဲ မှန်မှန်ကန်ကန် ဘာသာပြန်ထားပါတယ်။ ဒီဗားရှင်းတွေက ကျွန်တော်တို့သည် အမျက်ဒေါသကနေ

ကယ် ချွတ်တော်မူခြင်းရမယ်လို့ ရိုးရိုးလေး ပြန်သွားပါတယ်။ ဘယ်သူ့ရဲ့ အမျက်ဒေါသကနေ ကျွန်တော်တို့ဟာ ကယ်ချွတ်ခြင်းခံရမှာပါလဲ။ အခန်းငယ် (၁၀) မှာ ဘုရားရဲ့ရန်သူဟာ ကျွန်တော်တို့ပါလို့ ပြထားပါတယ်။ ရောမ ၅:၁၆ မှာ ဆိုခဲ့ပြီးတဲ့အတိုင်း၊ အငယ် (၇) က စပြီး အာဒံ့ဆီကနေ ပြစ်ဒဏ်ဆိုတဲ့ ဝဋ် ထွက်လာပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဟာ ခရစ်တော်ဘုရားအားဖြင့် အာဒံ့ဆီကနေ အမွေရခဲ့တဲ့ ပြစ်ဒဏ်ကနေ ကွင်းလုံးကျွတ်ရတာ ပါ။

အနီးစကားကြောင်းကနေပြီး ရောမ ၈:၁ ဟာ ပိုပြီးတော့ အနှစ်သာရရှိလာပါတယ်။

> "ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍၊ ဇာတိပက တိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်း နှင့် လွတ်ကြ၏။" - ရောမဩဝါဒစာ ၈:၁

ခရစ်တော်ဘုရားက အပြစ်မပေးတဲ့အတွက် ခင်ဗျားသည် ခရစ်တော်ရဲ့စိတ်ဓာတ်မျိုးနဲ့ ပြည့်လို့ရှိရင် အပြစ်တင်လိုစိတ်ဆိုတာ မရှိနိုင်ပါဘူး။ ခင်ဗျားဟာ ခရစ်တော်ရဲ့စိတ်ဓာတ် မျိုးရှိတဲ့အခါ ခင်ဗျားကလည်း ဘယ်သူ့ကိုမှ အပြစ်တင်မှာ မဟုတ်တော့ပါဘူး။ ယေရှု ဘုရားက ကျွန်တော်တို့ကို အောက်ပါအတိုင်း သုတ္တန်ခဲ့ပါတယ်။

> "သင်တို့သည် စီရင်ခြင်းမခံရမည့်အကြောင်း သူတစ်ပါးကို မစီရင်ကြနှင့်။" - ရှင်မဿဲခရစ်ဝင် ၇:၁

အများစုကတော့ ကျွန်တော်တို့ဟာ ခရစ်တော်ရဲ့အောက်မှာ နေလို့ရှိရင် ပြစ်ဒဏ်မသင့် ဘူးလို့ မှတ်ကြတာက ယေရှုသည် ဘုရားသခင်ပေးတဲ့ ပြစ်ဒဏ်ကို ကာကွယ်ပေးလို့ပါ။ ဒီအတွေးဟာ ဘုရားသခင်သည် ဘယ်လိုကြီးလဲဆိုတဲ့ ကြောက်စရာ့ အတွေးမှားကြီး ဖြစ်ပါတယ်။ ဒါဟာ မှားပါတယ်။ ယေရှုဘုရားက ခမည်းတော်သည် ဘယ်သူ့ကိုမှ မစီရင်၊ ဒဏ်မပေးလို့ မိန့်ပြီးသားပါ။

ကျွန်ုပ်တို့ဟာ ခရစ်တော်ရဲ့အောက်မှာ ခိုလှုံကြတဲ့အခါ အပြစ်ဖို့တတ်တဲ့ညဉ်ဆိုးတွေ ကျွန် တော်တို့ဆီက ထွက်သွားမှာဖြစ်ပြီး ခမည်းတော်၊ သားတော်တို့ရဲ့ စိတ်ဓာတ်က အစားထိုး နေရာယူမှာဖြစ်ပါတယ်။ အဲဒါကတော့ သူများကို အပြစ်မဖို့တတ်တဲ့ စိတ်ဓာတ်ဖြစ်လို့ ကျွန်တော်တို့ဟာလည်း သူများကို အပြစ်ဖို့နေခြင်းတွေ ရပ်သွားမှာဖြစ်ပါတယ်။

အာဒံက ဘုရားရဲ့သားတော်ကို ပကဒူးကတည်းက အပြစ်တင်ကြောင်း ခင်ဗျားတွေ့နိုင် သလား။ အပြစ်တင်ခြင်းသည် သတ်ဖြတ်ခြင်းရဲ့ ရှေ့ပြေးဖြစ်တဲ့အတွက် သားတော်ဟာ ကမ္ဘာတည်စကတည်းက အသတ်ခံရပြီးသား ဖြစ်ပါတယ်။

ရောမ ၅:၁၆ မှာ ဘုရားသခင်က အာဒံကို ဒဏ်ပေးဖို့စီရင်ပါတယ်လို့ ကျွန်တော်တို့က အာရုံဖေါ်ခြင်းသည် ကျွန်တော်တို့ကလည်း အာဒံ့အတိုင်း လုပ်နေကြောင်းကို ပြခြင်းပါ ဘဲ။ ကျွန်တော်တို့က ဘုရားသခင်ဟာ တစ်ယောက်ယောက်ကို အပြစ်ဖို့နေတယ်လို့ စိတ်ကူးနေတာက တကယ်တော့ ကျွန်တော်တို့ကပဲ အပြစ်ဖို့တာဖြစ်ပါတယ်။ ကျွန်တော် တို့ရဲ့ အတွေးပုံရိပ်ကို ဘုရားအပေါ် ရိုက်ပြီး ဘုရားကို ကျွန်တော်တို့နဲ့တူတယ်လို့ တွေး တတ်ကြပါတယ်။

> "ဤအမှုတို့ကိုသင်ပြု၍ ငါသည်တိတ်ဆိတ်စွာနေသဖြင့် ငါသည် သင်နှင့်တူသည် ဟု သင်ထင်မှတ်၏။ ငါသည် သင့်ကိုဆုံးမ၍ သင်၏အပြစ်ကို သင့်ရှေ့မှောက်၌ ခင်းပြမည်။" - ဆာလံကျမ်း ၅၀:၂၁

## ၅။ ထင်မှတ်ခြင်း၊ အာရုံမြင်ကွင်းလွဲချခြင်း၊ အမှန်တရား

အခုတလော ကျွန်တော်တင်ထားတဲ့ "ခင်ဗျားဟာ ကျွန်တော်ထင်ထားတဲ့ ခင်ဗျားမဟုတ်ဘူး" ဆိုတဲ့ပို့စ်ရဲ့ အောက်ကတက်လာတဲ့ မှတ်ချက်တွေကို ဖတ်ဖြစ်ခဲ့ပါတယ်။ သူတို့ရဲ့ ပတ်သက်ရာ အကွဲအပြဲ ဇာတ်လမ်းတွေကြောင့် ဒေါပွ၊ ပူပန်၊ စိတ်ကျကြတဲ့စုံစီနဖာတွေ ဖတ်ဖြစ်ခဲ့ပါတယ်။ ထင်မှတ်ခြင်းနဲ့ တကယ့်အဖြစ်က လုံးလုံးကွာခြားပါတယ်။

လူနှစ်ဦးကို မေတ္တာသက်ဝင်စေတဲ့အကြောင်းများနဲ့ပတ်သက်ပြီး (၂) ဖက်သောအမြင်သည် ကွာခြားပါတယ်။ ဣတိယတွေက အပြုံး၊ လက်ဆောင်၊ အထိ တွေကို သူမမျက်စိကျတဲ့သူက သူမကိုဂရုစိုက်ပါလားလို့ မှတ်တတ်ကြတာတွေဟာ တစ်မျိုးတစ်ဘာသာခြားနိုင်ပါတယ်။ ဝမ်းနည်းစရာက ပုရိသတွေက ဒီယုန်မြင်လို့ ဒီခြုံထွင်သွားကြခြင်းဖြစ်ပါတယ်။ ပြောင်းပြန်လည်း ဖြစ်တတ်ပါတယ်။ ဆက်ဆံရေးနယ်ပယ်တိုင်းမှာ ကြံစည် သူတွေ ရှိတတ်ပါတယ်။

ဒါမျိုးတွေက တစ်ဖက်သားရဲ့စရိုက်ကို မစိတ်ဖြာနိုင်ခင်အတွင်း သဒ္ဓါကျွံရာကနေ ဖြစ်တတ် ပါတယ်။

ဇာတ်လမ်းစုံတွေထဲကနေ ကောင်းကင်ဘုံမှာရှိတဲ့ ခမည်းတော်က ပုထုဇဥ်တွေကို ဘယ်လိုထိန်းကျောင်းရသလဲဆိုတဲ့ တစ်မူထူးတဲ့ပို့စ်ကို ဖတ်ဖြစ်ခဲ့ပါတယ်။

*ဆေးရုံကိုပို့ပေးသော ရဲသားသို့*

ကျွန်မကိုယ်ကျွန်မ သတ်သေဖို့လုပ်တာကို ခင်ဗျားက ကျွန်မကို ဟောက်မယ်၊ ဆူမယ်၊ တစ်ကိုယ်ကောင်းဆန်သူ၊ သူရဲဘောကြောင်သူလို့ ပြောမယ်မှတ်ပြီး ခင်ဗျားကို ကြောက်ခဲ့ပါတယ်။ ဒါပေမယ့် ခင်ဗျားက ဒီလိုမလုပ်ဘဲ ခင်ဗျားရဲ့ ကားရှေ့ခန်းမှာ ကျွန်မကို ထိုင်ခိုင်းပြီး ရေဒီယိုသီချင်းနားထောင်ချင်လားလို့ မေးခဲ့ပါတယ်။ ကျွန်မငိုနေတာကို ခင်ဗျားက မမြင်ဟန်ဆောင်ပေးခဲ့ပါတယ်။

ရဲသားက အနီအမျိုးသမီးဆီလာတဲ့အခါ၊ သူမက ဒီရဲကတော့ သူ့လုပ်ရပ်တွေအတွက် ဒဏ်ပေးတော့မှာပဲလို့ မှတ်ခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ အဲဒီအမျိုးသမီးက ရဲသားကိုမြင်တဲ့ သူ့ရဲ့အမြင်ဟောင်းကိုပယ်သတ်ပြီး ဂရုစိုက်သူ၊ ကြင်နာသူဆိုပြီး ပြောင်းမှတ်လိုက်ပါ တယ်။

ဒီအဖြစ်အပျက်ဟာ ပုံစံမျိုးစုံနဲ့ ဇာတ်သိမ်းနိုင်ပါတယ်။ ရဲသားက အမျိုးသမီးကို ကားထဲ ဝင်ခိုင်းတဲ့အခါ ဒီရဲကတော့ သူ့အပြစ်တွေကိုဖော် ပြီး ပြစ်ဒဏ်ပေးတော့မှာပဲလို့ မှတ် ကောင်းမှတ်ခဲ့ပါလိမ့်မယ်။ သူ့ကို တစ်ယောက်ထဲထားခဲ့ဖို့လည်း အော်နိုင်ပါတယ်။ အရာ အားလုံးဟာ သူက ဒီရဲသားကို ဘယ်လိုမြင်သလဲ ဆိုတဲ့အပေါ် မူတည်ပါတယ်။ သူ့ရဲ့ ထင်မှတ်ခြင်းက တကယ့်ဖြစ်ရပ်ကို ပဲ့ကိုင်သွားမှာ ဖြစ်ပါတယ်။

အဲဒီအမျိုးသမီးက အိမ်ပြန်ပြီး သူ့သမီးဆီမှာ ကြောက်စရာကောင်းတဲ့ရဲကြီးက သူ့ကို အန္တ ရာယ်ပြုဖို့ လာကြောင်းပြောပြီး သူ့သမီးကိုလည်း ရဲတွေဟာမကောင်းပါဘူးလို့ မျိုးစေ့ချ ပေးလို့ရှိရင် ဘယ်လိုဖြစ်မလဲ။ အဲဒီလို ထင်မှတ်ခြင်းဟာ စိတ်ထဲစွဲပြီး မျိုးဆက်သစ်တွေ ကို ဝမ်းတွင်းပါစေပြီး အဆက်ပြတ်တော့မှာ မဟုတ်ပါဘူး။

အာဒံက တားမြစ်ထားတဲ့ အသီးကိုစားလိုက်တဲ့အခါမှာ ဘုရားသခင်က သူ့ရဲ့ဇနီးကို သူမရဲ့အမှားကြောင့်သတ်မှာပဲဆိုတဲ့ အမှတ်နဲ့စားခဲ့ပါတယ်။ အသီးကိုစားသော တစ်နေ့ မှာ သေလိမ့်မယ်ဆိုတဲ့စကားကို (ကမ္ဘာ ၂:၁၇) ကို အာဒံက ဘုရားသခင်ဟာ သူတို့ကို သတ်လိမ့်မယ်လို့ မှတ်ခဲ့ပါတယ်။

ဟေဗြဲပါဠိရဲ့ မူရင်းအနက်က သင် သေလိမ့်မယ် ဖြစ်ပါတယ်။ ဧဝက ဘုရားရဲ့ မိန့်ကြား ချက်ကို မြွေဆီမှာပြန်ဆိုပြတဲ့အခါ ကျွန်တော်တို့သေကိုသေရမယ်ဆိုတဲ့ အဓိပ္ပာယ် ရောက်အောင် ကွန့်ခဲ့ပါတယ် (ကမ္ဘာ ၃:၃)။ ဒီလိုမျိုး မှတ်ထင်မှုက အာဒံ့ကို ဘုရားသခင် ဟာ သူ့မိန်းမကို သတ်ချင်တယ်လို့ မှတ်စေခဲ့ပါတယ်။ သူက အငံ့စိတ်အခံနဲ့ အသီးကို ယူစားပြီး အကျိုးကိုရင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဝေဟာ အညာခံရတာဖြစ်ပြီး အာဒံကတော့ အညာမခံရပါဘူး။ သူ့ရဲ့အချိုးက ဘုရား အပေါ် အမြင်စောင်းခြင်းကိုမှီပြီး ကန့်လန့်တိုက်ခြင်းမျိုးပါ။ အာဒံက သူ့ကိုလမ်းပြပေးဖို့ ဘုရားကိုမတောင်းခဲ့ပါဘူး။ တကယ်ဆို တောင်းသင့်ခဲ့ပါတယ်။ အခြေအနေကို သူကိုယ် တိုင်ပဲ ပဲ့ကိုင်ခဲ့ပါတယ်။ အမှန်ကတော့ အာဒံက ဘုရားသခင်ကို အမြင်စောင်းတာဖြစ်ပြီး အဲဒါကိုပဲ ဘုရားသခင်က သူ့တို့ကို အမြင်စောင်းတယ်လို့ မှတ်ခဲ့တာပါ။ အာဒံက သူ့ရဲ့ ထင်မြင်မှုအတိုင်း ဘုရားကိုအာရုံရိုက်ခြင်း ဖြစ်ပါတယ်။ အနှီထင်မြင်ချက်ကလည်း တကယ့်အမှန် မဟုတ်ပါဘူး။

အာဒံက ဘုရားသည် တရားစီရင်တယ်၊ အပြစ်တင်တယ်၊ ဒဏ်ပေးတယ်လို့ မှတ်ခဲ့တာပါ။ သူ့စိတ်ထဲမှာ ဘုရားကို အဲဒီလိုမှတ်တဲ့အတွက် အဲဒီလိုပဲသုံးသပ်ခြင်း ဖြစ်ပါတယ်။

၁။ သူက ဘုရားသခင်သည် မတရားဘူးလို့ မှတ်ခဲ့ပါတယ်။

၂။ သူက ဘုရားကို သေသင့်တယ်လို့ အပြစ်ပေးခဲ့ပါတယ်။

အာဒံက ဘုရားကို အဲဒီလိုတွေး၊ အဲဒီလိုလုပ်ချင်တဲ့အတွက်ကြောင့် ဘုရားသခင်က သူ့ကို ဒီလိုလုပ်မယ်လို့ မှတ်ခြင်းဖြစ်ပါတယ်။ အဲဒီအကြောင်းတရားက ကျွန်တော်တို့ကို နည်း ထူးကြီးတစ်ခုဆီ မောင်းပို့ပါတယ်။ ။

ကျွန်ုပ်တို့ရဲ့ဘဝမှာ အထင်ကရပုဂ္ဂိုလ်တွေအပေါ် အမှတ်မှားခြင်းက သူတို့နဲ့ မျက် နှာချင်းဆိုင် ဆက်ဆံရတဲ့အခါ ကျွန်ုပ်တို့ရဲ့ဘဝဟာ ကြည့်မှန်လို ဖြစ်နေပါတယ်။

အာဒံရဲ့ ဘုရားသခင့်သိက္ခာကို အမှတ်မှားမှုက သူ့ရဲ့သန္တာန်မှာ ပုန်ကန်လိုစိတ် မျိုးစေ့ ပေါက်ပြီး ဘုရားသခင့်သားတော်ကိုတောင် သတ်လိုတဲ့အထိ ဖြစ်သွားပါတယ်။ ဒါကြောင့် မို့ ဘုရားရဲ့သားတော်က အာဒံကို လာတွေ့တဲ့အခါ အာဒံကြောက်စိတ်ဝင်ခဲ့ပါတယ်။ အာဒံဟာ အခုရောက်နေတဲ့ဘဝအတွက် ဘုရားရဲ့သားတော်ကိုမုန်းပြီး သေစေချင်စိတ် တောင် ဖြစ်ခဲ့ပါတယ်။ တရားစီရင်ခြင်း

လိုအပ်ရခြင်းနဲ့ သူ့ရဲ့အနက်ကို ကျွန်တော်တို့ နားလည်ချင်လို့ရှိရင် ဒီအတွေးမျိုးသည် အရေးပါပါတယ်။

အထက်မှာပြောထားတဲ့စိတ်မျိုး ကာဣနစိတ်မှာရှိကြောင်း တွေ့ရပါတယ်။ ကာဣနက သူ့ရဲ့ညီကိုသတ်အပြီးမှာ သူများက သူ့ကိုသတ်မှာကို ကြောက်ရောပဲ။

> "အကျွန်ုပ်ကို မြေကြီးပြင်မှ ယနေ့နှင်ထုတ်တော်မူပြီ၊ မျက်နှာတော်ကိုလည်း မမြင် ရ။ မြေကြီးပေါ်မှာ ပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူဖြစ်ပါရမည်။ **တွေ့ သမျှသောသူတို့သည် အကျွန်ုပ်ကိုသတ်ပါလိမ့်မည်**ဟု ထာဝရဘုရားကို လျှောက် ဆို၏။" - ကမ္ဘာဦးကျမ်း ၄:၁၄

ဒီလိုအဖြစ်ကို စိတ်ပညာမှာ စိတ်ကူးပုံဖော်ခြင်းလို့ ခေါ်ပါတယ်။

> စိတ်ကူးပုံဖော်ခြင်းသည် ကိုယ့်မသိစိတ်မှာဖြစ်နေတဲ့ ကိုယ့်ရဲ့အတ္တ အကောင်းအဆိုးတွေကိုတော့ဖုံး သူများအပေါ်ကျ ပုံချတဲ့ ယန္တရားတစ်မျိုး ဖြစ်ပါတယ်။[20]

ဘုရားရဲ့သားတော်ဟာ ဥယျာဉ်တော်မှာနေနေတဲ့ အာဒံ့ဆီလာတဲ့အခါမှာ အာဒံ့စိတ်ဟာ ဘုရားကို အပြစ်ဖို့ သေစေလိုစိတ် ဖြစ်ပေါ်လျက်ပါပဲ။ သူ့ကိုယ်သူကာကွယ်တဲ့အနေနဲ့ ကိုယ့်စိတ်ကို သားတော်၊ ခမည်းတော်ဘုရားအပေါ် နှိုင်းခဲ့ပါတယ်။ အာဒံဟာ သူ့စိတ်မှာ ဘာဖြစ်နေလဲဆိုတာကို သတိမမူခဲ့ပါဘူး။ သူ့ထဲမှာ ဒီလိုတွေဖြစ်နေတာကို ပိတ်ငြင်းပြီး ဘုရားရဲ့သားတော်အပေါ် ပုံချပါတယ်။

အာဒံဆီကို ဘယ်လိုချဉ်းကပ်ရမှာပါလဲ။ သားတော်နဲ့ ခမည်းတော်ဘုရားအပေါ် သူ့ရဲ့ခံစား ချက် ဘယ်လိုရှိပုံကို သူပြန်နားလည်နိုင်အောင် သူ့ကို ဘယ်လိုအလင်းပြရမှာပါလဲ။

---

[20] https://en.wikipedia.org/wiki/Psychological_projection

အာဒံသည် အခြားပုဂ္ဂိုလ်ကို အပြစ်စဖို့ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ပြီး အနီအကျင့်ကို သူ့ရဲ့သားတွေကို လက်ဆင့်ကမ်းခဲ့ပြီး သူတို့ကလည်း သူတို့ရဲ့သားတွေကို ဆက်ပြီးကမ်းခဲ့ပါတယ်။ ဒီလို နဲ့ဘဲ အဲဒီအကျင့်ကို ပုထုဇဉ်တိုင်းက သုံးခဲ့ပါတယ်။ အားလုံးဟာ အနီအချက်မှာတင် အပြစ်ရှိသူ ဖြစ်ကုန်ကြပါတယ်။ အဲဒီအပြစ်ဖို့ခြင်းက ကမ္ဘာပေါ်မှာဖြစ်ပျက်နေတဲ့ အနိဋ္ဌာရုံ အားလုံးကို ဖြစ်စေခဲ့ပါတယ်။

အသပြာမလိုဘဲ ဘုရားသခင်က ကြင်နာခြင်း၊ ခွင့်လွှတ်ဖို့အဆင်သင့်ရှိချိန်မှာ အာဒံကို သူ့ရဲ့အဖြစ်မှန်တွေပြဖို့ ဘာအဆင့်တွေလိုပါသလဲ (ဟေရှာယ ၅၅:၁)။ လူတစ်ဦး ဘုရားသခင်အပေါ် အမြစ်စွဲစွာ အမှတ်မှားခြင်းကို ပပျောက်အောင် ဘယ်လိုလုပ်လို့ရပါသလဲ။

## ၆။ ပထဝီကြီးသည် ခင်ဗျားကြောင့် အကျိန်ခံရ၏

မျိုးစေ့အမျိုးမျိုးကို ခင်ဗျားရှုဖူးပါသလား။ ဘယ်အစေ့က ဘာအပင်ပေါက်မယ်ဆိုတာကို ခင်ဗျား အတပ်ပြောနိုင်သလား။ ဒီလို အတပ်ပြောနိုင်ဖို့ မျက်စိရှင်ဖို့လိုပါတယ်။ ကျွန် တော်တို့ဟာ မျိုးစေ့အကြောင်း ဗဟုသုတမရှိရင် ဘာပင်ပေါက်လာမလဲသိဖို့ စိုက်ပျိုး၊ ရေးလောင်းပေးရမှာပါ။ ပွင့်ကြ (သို့) သီးကြတဲ့အခါမှ ချို၊ ခါး၊ ကောင်း၊ ဆိုးတွေ သိရမှာပါ (ရှင်မဿဲ ၇:၁၆-၂၀)။

အာဒံ့ထဲကမျိုးစေ့ဆိုးလည်း အပင်ပေါက်ဖို့ လိုပါတယ်။ အဲ့ဒီအသီးဟာ ကောင်းလား၊ ဆိုးလားဆိုတာကို သူက မြည်းစမ်းဖို့လိုပါတယ်။

> "ယောကျ်ားကိုလည်း၊ ထိုအပင်၏အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည်မယား၏စကားကိုနားထောင်၍ စားမိသောကြောင့်၊ **မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။** မြေ၏အသီးကို တစ်သက်ပတ်လုံး ပင်ပန်းစွာ စားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဖို့ မြေပေါက်စေမည်။ လယ်၌ ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့ မပြန်မီ တိုင်အောင်၊ သင်၏မျက်နှာမှချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူ ကား၊ သင်သည်မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။" - ကမ္ဘာ ၃:၁၇-၁၉

ပထဝီအပေါ်ကျတဲ့ ကျိန်စာဟာ ဘုရားဆီက လာခဲ့တာမဟုတ်ပါဘူး။ ကျိန်စာဟာ အာဒံ့သန္တာန်ထဲမှာ ရှိပြီးသားဖြစ်ပြီး ကမ္ဘာကိုအုပ်စိုးခွင့်ရတဲ့ သူ့ရဲ့ရာထူးကြောင့် ပထဝီဟာ ခံရတာပါ။ အာဒံကတော့ သူ့သန္တာန်မှာ ကျိန်ခြင်းတွေနဲ့ပြည့်ကြောင်းကို မသိခဲ့ပါဘူး။

မာရ်နတ်လည်း ဘုရားသခင်နဲ့ ယောဘကိစ္စ ငြင်းဆိုကြတုန်းကလည်း ယောဘဆီကနေ အဲလိုမျိုး ကျိန်စာတိုက်နိုင်ခဲ့မယ်လို့ မာရ်နတ်က ထင်ခဲ့ပါတယ်။ မာရ်နတ်က ဘုရားဆီမှာ အောက်ပါအတိုင်း ဆိုခဲ့ပါတယ်။ ။

> “ကိုယ်တော်သည် သူ့(ယောဘ)ကိုယ်မှစ၍ သူ့အိမ်နှင့် သူ့ဥစ္စာရှိသမျှပတ်လည်၌ စောင့်ရန်းကာတော်မူသည် မဟုတ်လော။ သူပြုလေသမျှတို့ကို ကောင်းကြီးပေးတော်မူပြီ။ သူ့သိုးနွားအစရှိသော တိရစ္ဆာန်တို့သည် မြေပေါ်မှာ အလွန်ပွားများကြပြီ။ ယခုမူကား၊ လက်တော်ကိုဆန့်၍ သူ၏ဥစ္စာရှိသမျှကို ထိခိုက်တော်မူလျှင်၊ သူသည်မျက်မှောက်တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု ထာဝရဘုရားကို ပြန်လျှောက်လေ၏။” - ယောဘ ၁:၁၀၊ ၁၁

ဘုရားက ယောဘကို ကောင်းချီးအများကြီး ပေးခဲ့ပါတယ်။ ယောဘသာ ကပ်ဆိုက်ရင် အာဒံဆီကနေရခဲ့တဲ့ အမွေကျိန်စာ ထွက်မှာပဲလို့ တွက်ခဲ့ပါတယ်။ ယောဘလည်း သားသမီးတွေကအစ ဓနအားလုံးဆုံးရှုံးအပြီးမှာ သူ့မိန်းမပါးစပ်ကနေ အယုတ္တစကားတွေ ထွက်လာပါတယ်။ ။

> “ထိုအခါမယားက၊ သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော။ ဘုရားသခင်ကို စွန့်ပယ်၍ သေလော့ဟုဆို၏။” - ယောဘ ၂:၉

ပုထုဇဉ်ရဲ့အနေအထားကို ရှင်ပေါလုက ရှင်းရှင်းချပြပါတယ်။ ။

> “ဤသည်ကား “ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ တတ်သိနားလည်သောသူမရှိ၊ ဘုရားသခင်ကိုရှာသောသူမရှိ။ လူအပေါင်းတို့သည် လမ်းလွဲကြ၍ တညီတညွတ်တည်းအသုံးမကျသောသူများဖြစ်ကြပြီ။ ကောင်းသောအမှုကိုပြုသောသူမရှိ၊ တစ်ယောက်မျှမရှိ။ သူတို့၏လည်ချောင်းသည် ဖွင့်ထားသောသင်္ချိုင်းတွင်းဖြစ်ကြ၏။ သူတို့သည် မိမိတို့လျှာဖြင့် လိမ်လည်ပြောဆိုတတ်ကြ၏။ သူတို့၏နှုတ်ခမ်းအောက်၌ မြွေဆိုး၏အဆိပ်အတောက်ရှိ၏။ **သူတို့၏နှုတ်သည် ကျိန်ဆဲသောစကား၊ ခါးသီးသောစကားတို့ဖြင့် ပြည့်ဝလျက်ရှိကြ၏။**”
> - ရောမဩဝါဒစာ ၃:၁၀-၁၄ (NIV)

အာဒံ့သန္တာန်မှာကိန်းနေတဲ့ ကျိန်ခြင်း၊ ခါးသီးခြင်းတွေဟာ သူ့ရဲ့ဝါစာ၊ မံသမျိုးစေ့၊ ရုက္ခလောကတွေမှာ ပေါ်လာမှာကို ဘုရားသခင်က သိပြီးသားပါ။ ထိုထိုကျိန်ခြင်း ခပ်သိမ်း

တွေက သူ့သန္တာန်ထဲကရှိတဲ့အငုံစိတ်ကို ဘုရားသခင်ဆီ ပြမှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ မေတ္တာရှိရှိနဲ့ အာဒံထဲမှာရှိတဲ့မျိုးစေ့ အကျိုးတရားဖြစ်လာဖို့အတွက် အချိန်ပေးခဲ့ပါတယ်။ အာဒံကိုအချိန်ပေးနိုင်ဖို့ အာဒံက သူခံရမဲ့အကျိုးတွေကို ခံနိုင်ဖို့၊ တရားရနိုင်ဖို့အတွက် ဘုရားသခင်ရဲ့ဝိညာဉ်တော် အာဒံ့အပေါ်သက်ရောက်ဖို့ လိုပါတယ်။

မြေမှုန့်ကနေဖြစ်လာတဲ့ အာဒံဟာ သူ့နံရိုးကနေ ဖြစ်လာတဲ့ ဧဝဆီမှာ မျိုးစေ့ချခဲ့ပါတယ်။ အဲဒီ "အမိမြေကြီး" ကနေပြီး အာဒံ၊ ဧဝတို့ရဲ့ပုံတူ ကာဣနဆိုတဲ့သား ဖွားခဲ့ပါတယ်။ အာဒံက ဘုရားကို ငှင်းဖန်ဆင်းပေးခဲ့တဲ့ မာတုဂါမကြောင့် ဒီလိုတွေ ကြုံရတာလို့ ထုချေတဲ့ အခါမှာ အာဒံဟာ ကောင်းကင်မြေကြီးကို ကျိန်ဆဲခဲ့ခြင်း ဖြစ်ပါတယ်။ ဧဝလို့ဖြစ်လာတဲ့ မြေကြီးဟာ အာဒံ့ကြောင့် အကျိန်ခံရပါတယ်။ မြေကြီးကိုမှီပြီး ဖြစ်လာတဲ့ မာတုဂါမက အာဒံ့မျိုးစေ့ကို မွေးထုတ်ပေးမှာဖြစ်ပြီး ဖြစ်လာမယ့်အကျိုးကို မြင်ရမှာဖြစ်ပါတယ်။

အာဒံဟာ သွေးစွန်းနေတဲ့ သူ့ရဲ့သား အာဗေလအလောင်းကို ရှုသဘင်ပြုနေချိန်မှာ သူ့ထဲမှာရှိတဲ့ ကျိန်ခြင်းတရားရဲ့အကျိုးကို မျက်မြင်တွေ့ရပြီ ဖြစ်ပါတယ်။ ဘုရားသခင်ကို အပြစ်ပုံခဲ့တဲ့ ကာဣနဆီမှာ သူ့အဖေရဲ့မျိုးစေ့ပါနေပြီး သူ့ညီအာဗေလကို အပြစ်မြင်ပြီး သတ်ခြင်းဖြင့် ပြခဲ့ပါတယ်။ အာဒံဟာ သူစိုက်ခဲ့တဲ့ မျိုးစေ့ရဲ့အသီးကို အခုတွေ့ရပါပြီ။

အာဒံကရော သူ့ရဲ့မကောင်းတဲ့မျိုးစေ့ကို မြင်တတ်ရဲ့လား (သို့) ကာဣနကို အပြစ်ဖို့ခြင်း အားဖြင့် ဒီဆိုးသွမ်းမှုတွေကို ဆက်ရှင်သန်စေမှာလား။

ဥယျာဉ်တော်ထဲမှာရှိတဲ့ သတ္တဝါအားလုံး အာဒံ့ကျိန်ခြင်းအောက် ရောက်နေပါတယ်။ ဥယျာဉ်ထဲမှာ သူ့ရဲ့အသံ မကြားဖြစ်တဲ့နေရာဆိုတာ မရှိပါဘူး။ သူ့ရဲ့အသံဟာ ဥယျာဉ် အစွန်အဖျားအထိ ခတ်ပါတယ် (ဆာလံ ၁၉:၃၊ ၄)။ အာဒံ့အသံအောက်မှာ အသံလှိုင်းက အဖန်ဆင်းခံအားလုံးကို လာဘ်ဝင်စေရမှာဖြစ်ပေမယ့် အလုံထိုးခံရပါတယ်။

“ကောင်းချီးပေးရမည်အကြောင်း၊ အမိန့်တော်ကိုငါခံရပြီ။ ဘုရားသခင် ကောင်းချီးပေးတော်မူပြီ။ ထိုကောင်းချီးကိုငါမဖျက်နိုင်။” - တောလည်ရာ ၂၃:၂၀

ကာဣနက အာဗေလကို အပြစ်ဖို့၊ အသေမသတ်ခင် အစောကြီးကတည်းက ဘုရားသခင် သည် အာဒံကို သူ့အထဲမှာ ဘာအမဲစက်ရှိကြောင်းကို မြင်စေခဲ့ပါတယ်။ သဘော်သဖန်းပင် ကို ကျိန်ခဲ့တဲ့အဖြစ်မှာ ယေရှုဘုရားက သူ့ရဲ့တပည့်တော်တွေကို ယုဒနိုင်ငံဟာ နောင်တ မရခဲ့လို့ရှိရင် အကျိုးမလှမှာကို အလင်းပြခဲ့ခြင်း ဖြစ်ပါတယ်။ ခရစ်တော်ဘုရားက အလင်း ပြဖို့ သဖန်းပင်ကိုကျိန်ခဲ့သလို အာဒံဟာ နောင်တမရလို့ရှိရင် ဘဝပျက်မှာကိုပြဖို့ ဘုရား သခင်က သိုးသငယ်ကိုသေစေခြင်းဖြင့် အလင်းပြခဲ့ပါတယ်။

“ထာဝရအရှင်ဘုရားသခင်သည်လည်း လူလင်မယားဘို့သားရေဖြင့် ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏။” - ကမ္ဘာဦးကျမ်း ၃:၂၁

အာဒံ၊ ဧဝတို့ အဝတ်ခြုံနိုင်ဖို့အတွက် အပြစ်မဲ့တဲ့တိရစ္ဆာန်က မဆီမဆိုင်အသက်ပေးရပါတယ်။ အာဗေလလည်း ဘုရားအတွက် သူ့ရဲ့အိမ်မွေးတိရစ္ဆာန်ထဲကနေ သိုးကိုပူဇော်ဖို့ ဆွဲခဲ့ကြောင်းကို ကျွန်တော်တို့ တွေ့နိုင်ပါတယ်။ အာဗေလကလည်း သိုးနဲ့ပူဇနိယသဘင် ပြုရခြင်းကို သူ့အဖေဆီကနေ သိခဲ့ပါတယ်။ အာဒံဟာ ဘုရားရဲ့သားတော်ကို ဘယ်လို ဖြစ်စေခဲ့သလဲဆိုတာ သိုးကိုသတ်ခြင်းနဲ့ ဘုရားသခင်က ပြခဲ့ပါတယ်။

“ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သကာကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော်မမူ။” - ဆာလံကျမ်း ၄၀:၆

“အကြောင်းမူကား၊ သင်တို့ဘိုးဘေးများကို အဲဂုတ္တုပြည်မှ ငါနုတ်ဆောင်သောအခါ၊ မီးရှို့ရာယဇ်အစရှိသော ယဇ်များအတွက် သူတို့ကို ငါမှာထားသည်မဟုတ်။ ငါမှာထားသောအရာဟူမူကား၊ ငါ့စကားကို နားထောင်ကြလော့။ သို့ပြုလျှင်၊ ငါ

> သည်သင်တို့၏ ဘုရားသခင်ဖြစ်မည်။ သင်တို့သည်လည်း၊ ငါ၏လူမျိုးဖြစ်ကြလိမ့်မည်။ သင်တို့သည် ကိုယ်အကျိုးကိုစောင့်လိုသောငှာ၊ ငါစီရင်သမျှသောတရားလမ်းသို့ လိုက်ရကြမည်ဟု မှာထား၏။" - ယေရမိအနာဂတ္တိကျမ်း ၇:၂၂၊ ၂၃

ဘုရားသခင်ဟာ မီးရှို့ရာယဇ် မတောင့်တပါဘူး။ ဘုရားသခင်ဟာ အာဒံကို စာနာခြင်းများ စွာနဲ့ အာဒံ့စိတ်ထဲမှာ ဘာရှိလဲဆိုတာကို ပြခဲ့တာပါ။[21] အနီအဖြစ်က အာဒံကို နောင်တရ ခွင့် ပေးခဲ့ပါတယ်။ သိုးသငယ်ကိုသတ်ခြင်းကနေ အာဒံဟာ သူ့ရဲ့အငုံစိတ်ကို မြင်ခွင့်ရပါ တယ် — အဲဒါကတော့ မရဏာကိုဦးတည်ကြောင်း၊ ပိုဆိုးတာက အပြစ်မဲ့တဲ့ဘုရားသား တောင် သေရခြင်းဖြစ်ပါတယ်။

အာဒံ့သန္တာန်ထဲကမျိုးစေ့ဟာ သိုးသငယ်သေရခြင်းမှာ ပေါ်လွင်ခဲ့ပါတယ်။ သိုးသငယ်သေရခြင်းက သားတော်ဘုရားကို အပြစ်ဖို့လို၊ သတ်လိုတဲ့ အာဒံ့အငုံစိတ်ကို ချပြခြင်းဖြစ်ပါတယ်။

[21] ဒီအကြောင်းနဲ့ပတ်သက်လို့ fatheroflove.info မှာ *ကားတိုင်တော်အား ဆန်းစစ်ခြင်းနှင့် ကားတိုင်တော်အား တွေ့ဆုံခြင်း* စာအုပ်မှာ လေ့လာနိုင်ပါတယ်။

## ၇။ သူ့ကိုရှုပါ

လျှောင်ပြောင်၊ ရိုက်နှက်၊ သွေးဒီးဒီးကျပြီးမှ ဘုရားသားတော်ကို လူရှေ့ကိုခေါ်ထုတ်တဲ့ နေ့မှာ ပိလတ်မင်းဟာ ယေရုရှလင်မြို့သားတွေကို ခေါ်တာတင်မဟုတ်ဘဲ ပုထုဇဉ်အားလုံးကို ခေါ်ခြင်းပါ — သူ့ကိုကြည့်ကြလော့ (ရှင်ယောဟန် ၁၉:၅)။

ဘုရားရဲ့သားတော်ဟာ သေဒဏ်ကျဖို့တောင်းဆိုတဲ့ မတရားစွပ်စွဲသူတွေရှေ့မှာ မြင့်မြတ်စွာရပ်နေတာကို ကျွန်တော်တို့ရှုသဘင်ပြုတဲ့အခါ ကျွန်တော်တို့ရဲ့ဗီဇကို သိရပါတယ်။ ခရစ်တော်ယေရှုဘုရား တရားအစွဲခံရခြင်း၊ အသေခံရခြင်းတွေက အာဒံ့ဆီ မာရ်နတ်ချပေးခဲ့တဲ့မျိုးစေ့ အပင်ပေါက်ကြောင်း တွေ့ရခြင်းဖြစ်ပါတယ်။

မြေမှုန့်ကလာသူ အမိဝမ်းကနေ မွေးဖွားခြင်းခံ (ဂလာတိ ၄:၄) အာဒံ၏မျိုးနွယ်၊ ခရစ်တော်ဘုရားသည် ကျွန်တော်တို့ထဲမှာ ဘာဓာတ်ညှစ်တွေရှိသလဲဆိုတာ ကျွန်တော်တို့ ပိုင်းခြားဝေဖန် ဝိဘဇ္ဇပြုတတ်အောင် ကျိန်ခြင်းကို လာခံခဲ့ပါတယ်။ အဲဒီဉာဏ်အလင်းကို မှီပြီး ကျွန်တော်တို့အပြစ်တွေကို နောင်တရ၊ ဘုရားကို မယုံရဲခြင်းကနေ ဘုရားက ကျွန်တော်တို့ကောင်းဖို့ ရည်သန်ကြောင်း မြင်တတ်ဖို့ ဘုရားကဆန္ဒရှိပါတယ်။ ကျွန်တော်တို့ဟာ ဘာကိုတောင်းရမှာကိုသိလာ၊ တောင်းဆိုသူအပေါင်းထံ သူ့မေတ္တာကို အစဉ်စီးဖြန်းပေးမယ်ဆိုတာကို ယုံလာမှာဖြစ်ပါတယ်။

ဘုရားသခင်က ခရစ်တော်အားဖြင့် တစ်ကမ္ဘာလုံးနဲ့ ပြန်ပြီး ရင်ကြားစေ့နေခဲ့ပါတယ် (၂ ကော ၅:၁၉)။ ပုထုဇဉ်ရဲ့သန္တာန်မှာ ဘာကမင်းမူနေလဲဆိုတာကိုပြဖို့ ဘုရားသခင်က အာဒံကို အပြစ်မဲ့တဲ့သိုးကို သတ်စေခဲ့ရတဲ့အတိုင်းဘဲ ကျွန်တော်တို့က တရားမြင်ပြီး နောင်တရတတ်ဖို့ သူ့ရဲ့သားတော်ကို ကျွန်တော်တို့ဆီ ပို့ခဲ့ပါတယ်။

ပုထုဇဉ်တွေက အပြစ်သင့်တဲ့အနေအထားနဲ့ လက်ဝါးကားတိုင်ကို လှမ်းတဲ့အခါမှာ ဘုရား ရဲ့မျှတမှု၊ အပြစ်ပေးမှုတွေကို တွေ့သိကျေနပ်ကြပါတယ်။

“ထာဝရဘုရားသည် စိုးစံတော်မူ၏။ ကမ္ဘာမြေကြီးသည် ရွှင်လန်းပါစေ။ များစွာသောကမ်းရိုးတန်းနိုင်ငံတို့သည် ဝမ်းမြောက်ကြပါစေ။ မိုးတိမ်နှင့်အမှောင်ထုသည် ကိုယ်တော်၏ပတ်လည်၌ရှိ၏။ ဖြောင့်မတ်ခြင်းနှင့်တရားမျှတခြင်းသည် ပလ္လင်တော်၏အခြေတည်ရာဖြစ်၏။ မီးသည် ကိုယ်တော်၏ရှေ့မှသွား၍ ကိုယ်တော်၏ရန်သူတို့ကို လှည့်ပတ်လောင်ကျွမ်း၏။” - ဆာလံကျမ်း ၉၇:၁-၃ (NIV)

“**ခရစ်တော်သည် ငါတို့အတွက် ကျိန်ခြင်းခံရသူဖြစ်ပြီး ငါတို့ကို ပညတ်တရား၏ကျိန်ခြင်း**မှ ရွေးနုတ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် “သစ်တိုင်ပေါ်၌ဆွဲထားခြင်းခံရသူတိုင်း ကျိန်ခြင်းကိုခံရသူဖြစ်၏” ဟု ရေးထား၏။” - ဂလာတိဩဝါဒစာ ၃:၁၃

ပညတ်တော်ဟာ ဉာဏ်ရှိသူအတွက် အသက်စမ်းရေဖြစ်ပါတယ် (သုတ္တံ ၁၃:၁၄)။ အနှီပညတ်ကဘဲ မတရားသူများအတွက် ကျိန်ခြင်းဖြစ်ပါတယ်။

“ထို့ကြောင့် ပညတ်တရားသည် သန့်ရှင်း၏။ ပညတ်တော်သည်လည်း သန့်ရှင်းဖြောင့်မတ်၍ ကောင်းမြတ်၏။ သို့ဖြစ်လျှင် ဤကောင်းမြတ်သောအရာသည် ငါ့အတွက် သေခြင်းအကြောင်းဖြစ်သလော။ လုံးဝမဟုတ်ပေ။ ငါ့အတွက် သေခြင်းအကြောင်းဖြစ်သောအရာမှာ အပြစ်ပင်ဖြစ်၍ အပြစ်သည် အပြစ်ဖြစ်ကြောင်းထင်ရှားစေရန် ဤကောင်းမြတ်သောအရာအားဖြင့် ငါ၌ သေခြင်းကိုဖြစ်ပေါ်စေ၏။ ဤသို့ဖြင့် အပြစ်သည် ပညတ်တော်အားဖြင့် အတိုင်းထက်အလွန် အပြစ်များသောအရာဖြစ်လာ၏။” - ရောမဩဝါဒစာ ၇:၁၂၊ ၁၃

ပညတ်ကျူးလွန်ရင် သေဒဏ်ကျမယ့် ပညတ်ကိုဖက်တွယ်ခဲ့သူဟာ အာဒံဖြစ်ပါတယ်။ အာဒံက သူ့ရဲ့ဒိဋ္ဌိအမှားနဲ့ အနှီပညတ်ကို ဘုရားအပေါ် ပုံရိုက်ပြီး ဒါဟာဘုရားသခင်ရဲ့ ပညတ်ပါလို့ ယုံခဲ့ပါတယ်။

“ပြဋ္ဌာန်းချက်အားဖြင့် ဒုက္ခပြဿနာကိုဖြစ်ပေါ်စေသော ယုတ်မာစဉ်းလဲသည့်ရာဇပလ္လင်သည် ကိုယ်တော်နှင့်မိတ်ဖွဲ့နိုင်ပါမည်လော။ - ဆာလံကျမ်း ၉၄:၂၀

ပုထုဇဉ်တို့ကတော့ အာဒံ့အမြင်ဖက်ကနေဘဲ ရှုကြပါတယ်။ ဒါ့ကြောင့်လဲ ခရစ်တော်ရဲ့ ကားတိုင်လမ်းစဉ်ကိုလည်း ဘုရားသခင်က ကျွန်တော်တို့အပြစ်အတွက် သူ့ရဲ့သားတော်ကို သေစားသေစေတဲ့အမိန့် ချချင်တယ်လို့ မှတ်ကြပါတယ်။ ဘုရားသခင်က အစဉ်မြဲတဲ့ သူရဲ့ညာတာမှု၊ ခွင့်လွှတ်မှုကို နားလည်ပေးတတ်ဖို့၊ ဘုရားဟာ ကျွန်တော်တို့ကို အပြစ်တင်နေသူ မဟုတ်ဘဲ ကျွန်တော်တို့ကသာ ကိုယ့်အစွဲနဲ့ကိုယ် ကိုယ့်အပြစ်ကြောင့် သေသင့်တယ်လို့ သုံးသပ်နေကြောင်း မြင်တတ်ကြဖို့ လိုလားနေခဲ့တာပါ။ ဒီအဖြစ်ဟာ ကျွန်တော်တို့က တစ်ခြားလူအပေါ် ဘယ်လိုအပြစ်ပေးကြသလဲ ဆိုတဲ့သာဓကတွေမှာ ပေါ်လွင်ပါတယ်။

သခင်ယေရှုဘုရား အကြံခံ၊ စီရင်ခံ၊ အသေခံရတဲ့ အဖြစ်ကနေပြီး ကျွန်တော်တို့ရဲ့ သန္တာန်ထဲက အငုံစိတ်ရဲ့သဘာဝကို ဆင်ခြင်လို့ရပါတယ်။ ပုထုဇဉ်တွေက တရားစွဲ၊ အပြစ်တင်၊ ပြစ်ဒဏ်ပေးခြင်းတွေနဲ့ ပြဿနာကို ဖြေရှင်းကြပါတယ်။

ပုထုဇဉ်တွေက လူသားတွေရဲ့သရုပ်မှန်ကိုချပြတဲ့ လက်ဝါးကားတိုင်ကနေ တရားရတတ်ကြမယ်ဆိုရင် ဖြတ်သန်းလာခဲ့ရတဲ့ နှစ် ၂,၀၀၀ ရဲ့သမိုင်းဟာ လုံးလုံးထူးခြားခဲ့မှာပါ။ သည့်အစား လွန်ခဲ့တဲ့နှစ် ၂,၀၀၀ က ခရစ်တော်ဘုရားချခဲ့တဲ့ ဓမ္မမျိုးစေ့ဟာ လူသားအများထုက ဘုရားရဲ့လူများ၊ ဘုရားရဲ့သတင်းစကားများကို နောက်ဆုံးပိတ်ငြင်းဆန်ကြခြင်းကြောင့် တရားစီရင်ခံ၊ အပြစ်ဖို့၊ သေဒဏ်ခံရဖို့ ဖြစ်ရပြန်ပါတယ်။

အခြားလူအပေါ် ကျွန်တော်တို့က တံတွေးစွတ်တာကို ဘုရားသခင့်အပေါ် ပုံချပြီး ဘုရားက ကျွန်တော်တို့ကို ရိုက်ပါတယ်လို့ ကျွန်တော်တို့က ဘယ်လိုအကွက်ချွေသလဲ ဆိုတဲ့ အကြောင်းကို ကျွန်တော်တို့ အစကနေပြန်ပြီး ကောက်မှာဖြစ်ပါတယ်။

လက်ဝါးကားတိုင်ဖြစ်စဉ်မှာ ကျွန်တော်တို့ဟာ ဘယ်လိုမျိုးပါဆိုတာကိုပြဖို့ ဘုရားသခင်က သူ့ရဲ့သားတော်ကိုပေးခဲ့သလို ကျွန်တော်တို့လည်း ကိုယ့်အမှားကိုယ်မြင်ပြီး

နောင်တရ ဖို့ ဘုရားသခင်က သူ့ကိုယ်ကို အပြစ်ပေးသူကြီးလို့ အမြင်မှားခွင့်ပေးခဲ့ပါတယ်။

## ၈။ ခမည်းတော်ကို စီရင်ခြင်း

> "တစ်ဖန် ကိုယ်တော်က "လူတစ်ဦး၌ သားနှစ်ယောက်ရှိ၏။ သားငယ်သည် ဖခင်အား 'အဖေ၊ အကျွန်ုပ်ရထိုက်သောအမွေပစ္စည်းကို ခွဲဝေပေးပါ'ဟု ဆိုသဖြင့် ဖခင်သည် သူ၏ဥစ္စာပစ္စည်းများကို သူတို့အား ခွဲဝေပေးလေ၏။ ထို့နောက် ရက်များမကြာမီ သားငယ်သည် မိမိ၌ရှိသမျှတို့ကိုစုစည်းပြီးလျှင် ဝေးလံသောတိုင်းပြည်သို့ခရီးထွက်၍ ထိုအရပ်၌ အထိန်းအကွပ်မရှိအသက်ရှင်လျက် မိမိ၏အမွေပစ္စည်းများကို ဖြုန်းတီးလေ၏။" - ရှင်လုကာခရစ်ဝင် ၁၅:၁၁-၁၃

အသုံးအဖြုန်းကြီးတဲ့ အိမ်ပြေးသား သာဓကထဲက ဖခင်ရဲ့အဖြစ်မျိုးဟာ မိဘများစွာတို့ရဲ့ အဖြစ် ဖြစ်ပါတယ်။ သားသမီးတွေသည် ရွယ်တူများရဲ့ပယောဂကြောင့် မိဘကို တစ်မျိုး မြင်လာကြပါတယ်။ ကိုယ့်သားသမီးတွေကို ကောင်းစေချင်လို့ ထိန်းကျောင်းပေးတာကို ချုပ်ချယ်တယ်လို့ တလွဲကောက်ပါရော။ သားသမီးတွေကို မိဘများစွာက အလွန်အကျွံ တင်းကျပ်ကြမှာဖြစ်ပေမယ့် ယေရှုဘုရားမိန့်ခဲ့တဲ့ သာဓကမှာတော့ ဒီလိုမဟုတ်ပါဘူး။

သားက သူရမယ့်အမွေကို ကြိုတင်လိုချင်၊ အိမ်ကထွက်ချင်တဲ့ဆန္ဒမှာ သူ့အဖေကို ဘယ်လိုမြင်သလဲဆိုတာကို ပြပါတယ်။ တကယ်တော့ အမွေတောင်းခြင်းက "အဖေသေတဲ့အထိ သားမစောင့်နိုင်ဘူး။ သားရစရာရှိတာကို အခုဘဲပေးလိုက်တော့" လို့ ဆိုခြင်းပါဘဲ။

ဒီသာဓကမှာ အဖေကသားကို ဘာမှမတုံ့ပြန်၊ အပြစ်မတင်ခဲ့ပါဘူး။ သူ့သားနှစ်ယောက်ကို အမွေခွဲပေးလိုက်ပါတယ်။ သုံးထားတဲ့ ဂရိဝေါဟာရကတော့ bios ဖြစ်ပြီး "အသက်" လို့ အဓိပ္ပာယ်ရပါတယ်။ သားငယ်က သူ့ဆီကနေထွက်ဘို့ကြံတဲ့အတွက် အဖေဟာ စိတ်အတော်နာမှာပါ။ အဖေကတော့ သူ့ရဲ့သားတွေကို အတော့်ကိုချစ်တဲ့အတွက် အရွယ်မရောက်သေးဘူးလို့ မြင်နေတုန်းမှာ သူ့သားက အိမ်ကနေထွက်ဖို့ကြံတဲ့အတွက် ရင်နာရှာမှာပါ။ ဘယ်လောက်ဘဲရင်နာရပါစေ အဖေကြီးကလည်း သားရဲ့ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ပါတယ်။

သားကတော့ ကျေးဇူးခွန်းဆိုမပြခဲ့ဘဲ သူရခဲ့တာတွေအတွက် ကျေနပ်ပုံမရပါဘူး။ ဒါ့ကြောင့်လည်း ရခဲ့တဲ့ပိုက်ဆံတွေကို တန်ဖိုးမထား ဘုံးဘောလအော ဖြုန်းပစ်ပါတယ်။ ဖခင်က စိတ်နာနာနဲ့ပေးခဲ့ပေမယ့် သားကတော့ တန်ဖိုးထားရကောင်းမှန်း မသိခဲ့ပါဘူး။

ဒီလိုနဲ့ပဲ အဲဒီသားငယ်ရဲ့အမွေတွေလည်း ကုန်ကုန်လာပြီး ကြပ်တည်းစပြုလာပါတယ်။ ခလုတ်ထိမှ အမိတပါရော။

> "ထိုအခါ သူသည် အသိတရားပြန်ရ၍ 'ငါ့အဖေထံ၌ အလုပ်သမားမည်မျှပင်များစေကာမူ သူတို့တွင် စားစရာအလျှံပယ်ရှိ၏။ ငါမူကား ဤအရပ်၌ အစာတော်လျက် သေလုမတတ်ဖြစ်နေရ၏။ ငါသည်ထ၍ ငါ့အဖေထံသို့သွားပြီး 'အဖေ၊ အကျွန်ုပ်သည် ကောင်းကင်ကိုလည်းကောင်း၊ အဖေ့ကိုလည်းကောင်း ပြစ်မှားခဲ့ပါပြီ။ အကျွန်ုပ်သည် အဖေ၏သားဟူ၍အခေါ်ခံရန် မထိုက်တန်တော့ပါ။ အကျွန်ုပ်ကို အဖေ၏အလုပ်သမားတစ်ဦးအဖြစ်ထားပါ' ဟူ၍ ငါပြောမည်ဟုဆို၏။" - ရှင်လု ကာခရစ်ဝင် ၁၅:၁၇-၁၉

သားငယ်ရဲ့ စိတ်ကူးကို ကျွန်တော်တို့ မြင်ရပါတယ်။ သူ့ကိုယ်သူ သားဆိုတဲ့အဆင့်နဲ့ ပြန်နေလို့ရမယ်လို့ မယုံကြည်တော့ဘဲ ကျွန်လောက်တော့ ဖြစ်နိုင်ပါတယ်လို့ စိတ်ကိုချခဲ့ပါတယ်။ သူဟာ အိမ်မှာနေတုန်းမှာ အဖေ့ကို ကူလုပ်ပေးခဲ့ချိန်တုန်းက သူ့အဖေကို ကျွန်ခေါင်းလို့မှတ်ခဲ့ပါတယ်။ အဖေဟာ သူ့ကိုချုပ်ချယ်တယ်၊ သူ့ရဲ့လွတ်လပ်မှုကို ချုပ်ချယ်တယ်လို့ခံစားပြီး ဒါ့ကြောင့် အိမ်ကနေထွက်ချင်ခဲ့ပါတယ်။

အဲဒီသားဟာ အိမ်ကိုပြန်တဲ့အခါမှာလည်း သူ့အဖေအပေါ် ဘယ်လိုမြင်ကြောင်းလည်း တွေ့ရပါတယ်။ သူ့ရဲ့စိတ်ထဲမှာ ခွင့်လွတ်ခြင်းဆိုတာ ရှိကိုမရှိခဲ့ပါဘူး။ သူ့အပြစ်အတွက် ပြစ်ဒဏ်ခံမယ်လို့ပဲ နှလုံးမူထားပါတယ်။ တရားစီရင်သူဟာ သူပဲဖြစ်ပါတယ်။ အခုတော့ သူ့ကိုယ်သူ တရားစီရင်တာ ဖြစ်ပါတယ်။ သူ့အဖေမရှိဘဲ နေလို့မဖြစ်ဘူးဆိုတာကို လက်ခံ ပေမယ့် သူပြုခဲ့တဲ့အမှုတွေအတွက် အပြစ်ဒဏ်ကို ခံယူရမယ်လို့ပဲ

တွက်ခဲ့ပါတယ်။ သူ့ရဲ့ ပတ်ဝန်းကျင် ပြောင်းခဲ့ပေမယ့် သူ့အဖေအပေါ် သူ့ရဲ့အမြင်ကတော့ အရင်အတိုင်းပါပဲ။ သူ့အဖေကို ကျွန်ခေါင်းအဖြစ် မြင်နေဆဲပါပဲ။

"ထို့၌ မိမိဖခင်ထံသို့ပြန်လာလေ၏။ သူသည် အဝေး၌ရှိနေစဉ်ပင် သူ၏ဖခင်သည် သူ့ကိုမြင်လျှင် ကြင်နာစိတ်ရှိသဖြင့် ပြေးလာ၍ သူ့ကိုဖက်လျက် နမ်းလေ၏။" - ရှင်လုကာခရစ်ဝင် ၁၅:၂၀

သူ့အဖေအပေါ်ထားတဲ့ သူ့အမြင်ဟာ လုံးလုံးကိုမှားပါတယ်။ အဖေကတော့ သူ့ကိုနေ့တိုင်းမျှော်၊ နေ့တိုင်း ဆုတောင်းပေးခဲ့ပါတယ်။ ပြန်လာဖို့ ဆန္ဒအမြဲပြုခဲ့ပါတယ်။ သူ့ရဲ့ လုပ်ရပ်ကို အပြစ်မမြင်ခဲ့ပါဘူး။ သူဟာ သူ့သားကို ချစ်အားကြီးလွန်းလို့ လွယ်ကူစွာ ခွင့်လွှတ်ခဲ့ပါတယ်။

သက်ကြီးရွယ်အိုတစ်ယောက် ဝမ်းသာမျက်ရည်နဲ့ သားဆီကို ပြေးသွားမယ့်ပုံကို ခင်ဗျားအာရုံခံလို့ရသလား။ သူကတော့ သူ့သားကို ဖက်လို့၊ နမ်းလို့ပါပဲ။ အဲဒီအချိန်မှာ ဘာအာဃာတ၊ ဘာအပြစ်တင်ခြင်းမှ မရှိဘူး။ မေတ္တာပဲ မင်းမူပါတယ်။ အဖေ့ရဲ့အပြုအမူကြောင့် သားကရော ဘယ်လိုတုံ့ပြန်ပါသလဲ။

"သားကလည်း 'အဖေ၊ အကျွန်ုပ်သည် ကောင်းကင်ကိုလည်းကောင်း၊ အဖေ့ကိုလည်းကောင်း ပြစ်မှားခဲ့ပါပြီ။ အကျွန်ုပ်သည် အဖေ၏သားဟူ၍အခေါ်ခံရန် မထိုက်တန်တော့ပါ' ဟု ဆို၏။" - ရှင်လုကာခရစ်ဝင် ၁၅:၂၁

သားလည်း သူ့အဖေရဲ့သဘောအတိုင်းနေပြီး ခွင့်လွှတ်ခြင်းကို ခံယူခဲ့မယ်ဆိုရင် သူ့အဖေလိုဘဲငိုပြီး သူ့ရဲ့အကုသိုလ်လုပ်ရပ်တွေကို ဆင်ခြင်နိုင်မှာဖြစ်ပါတယ်။ သူ့ရဲ့မာနထုကြီးက သူ့အဖေရဲ့အပြုအမူကို လက်မခံနိုင် ဖြစ်နေပါသေးတယ်။ ဒါ့ကြောင့်လည်း သူ့ဟာသူ တိုက်ထားတဲ့ စကားလုံးတွေ ထွက်လာခဲ့ပါတယ်။ သူဟာ သခင်နဲ့ကျွန်ဇာတ်ရုပ်ထဲပဲ ဝင်ချင်ခဲ့ပါတယ်။ သူ့ရဲ့အကြွေးတွေကို ကျွန်လိုနေပြီး

သူ့အဖေကျေနပ်အောင်ဆပ်ဖို့ပဲ ရှယ်ခဲ့ပါတယ်။ အဲဒီသမယမှာ သူဟာ ဖခင်ရဲ့ခွင့်လွှတ်ခြင်းမေတ္တာကို လက်မခံခဲ့ပါဘူး။

> "သို့သော် ဖခင်သည် မိမိအစေအပါးတို့အား 'အကောင်းဆုံးသောဝတ်လုံကို အမြန်ယူခဲ့၍ သူ့ကိုဝတ်ပေးကြလော့။ လက်၌ လက်စွပ်ကိုစွပ်ပေး၍ ခြေ၌ ဖိနပ်ကို စီးစေကြလော့။ ဆူဖြိုးသောနွားသငယ်ကိုလည်းဆွဲလာ၍ သတ်ကြလော့။ ငါတို့သည် ပျော်ရွှင်စွာစားကြစို့။ အကြောင်းမူကား ငါ၏ဤသားသည် သေဆုံးခဲ့သော်လည်း ပြန်ရှင်လာပြီး ပျောက်ဆုံးခဲ့သော်လည်း ပြန်တွေ့ရပြီ'ဟု ဆိုလေ၏။ ထို့နောက် သူတို့သည် ပျော်ပွဲရွှင်ပွဲကိုအစပြုကြလေ၏။" - ရှင်လုကာခရစ်ဝင် ၁၅:၂၂-၂၄

သားက သူ့လမ်းစဉ်အတိုင်းပဲ သူ့အဖေကို ပေးဆပ်ဖို့ ပြောနေချိန်မှာ အဖေကြီးကတော့ သူ့ရဲ့မေတ္တာကို သားအပေါ်မှာ ဆက်ဆက်ပြီးပေးခဲ့ပါတယ်။ သူ့လမ်းစဉ်က သူ့ကိုပိနေပါတယ်။ အဖေ့ခွင့်လွှတ်ခြင်းကို လက်မခံနိုင်ဖြစ်နေတုန်းပါပဲ။

သားငယ်ရဲ့ဇာတ်လမ်းကတော့ ဒီမှာပဲရပ်ပါတယ်။ ပွဲခံပြီး အဖေနဲ့အတူ ဝတ်ကောင်းစားလှနဲ့ ပွဲတည်တဲ့အကြောင်းကို ကျွန်တော်တို့ တွေ့ရပါတယ်။ သားရဲ့ဆုံးဖြတ်ချက်ဘာများဖြစ်မလဲဆိုတာတော့ စာရှုသူရဲ့လက်ထဲမှာရှိပါတယ်။ ခင်ဗျားကရော အဖေ့မေတ္တာကို လက်ခံမယ့်သူလား (သို့) တိတ်တိတ်ကလေးနဲ့ ကျွန်လိုပဲနေသွားမှာလား။ ကောင်းကင်ဘုံမှာရှိတဲ့ ကျွန်တော်တို့ရဲ့အဘ ဘုရားကလည်း ခင်ဗျားကို မစီရင်ပါဘူး။ ဘုရားက သူ့အသက်ကို ခင်ဗျားကြိုက်သလို သုံးနိုင်ဖို့အတွက် ခင်ဗျားကိုပေးခဲ့ပါတယ်။ အဲဒီအတွက် ခင်ဗျားကို ဘယ်တုန်းကမှလည်း အပြစ်မတင်ခဲ့ပါဘူး။ ခင်ဗျားကကော ဘုရားကို ကျွန်ခေါင်းလို့ မှတ်ပါသလား။ ဘုရားမရှိရင် ဘယ်လိုမှမဖြစ်နိုင်ကြောင်းသိလို့ ဘုရားဆီလှည့်တဲ့အခါ သူ့ရဲ့နွေးထွေးပွေ့ပိုက်မှုကို ခင်ဗျားခံစားရပါသလား။ ဘုရားရဲ့ သားသမီးဖြစ်ပါတယ်လို့ ခင်ဗျားကိုယ်ခင်ဗျား လက်ခံမှာလား။

"ငါဆိုလိုသည်ကား အမွေခံသည် အမွေပစ္စည်းရှိသမျှကို ပိုင်ဆိုင်သူဖြစ်သော်လည်း ကလေးသူငယ်ဖြစ်နေသေးသရွေ့ ကျွန်နှင့်ခြားနားခြင်းမရှိဘဲ ဖခင်သတ်မှတ်သောအချိန်မရောက်မချင်း အိမ်မှုကိစ္စစီမံကွပ်ကဲသူနှင့်ဘဏ္ဍာစိုးတို့၏လက်အောက်၌ နေရ၏။ ထိုနည်းတူ ငါတို့သည်လည်း ကလေးသူငယ်ဖြစ်ကြစဉ် လောက၏အခြေခံတရားအောက်၌ ကျွန်ခံခဲ့ကြ၏။ သို့သော် အချိန်ကာလပြည့်စုံခြင်းသို့ရောက်သောအခါ ဘုရားသခင်သည် မိမိ၏သားတော်ကိုစေလွှတ်တော်မူ၍ ထိုသားတော်သည် မိန်းမတစ်ဦးမှမွေးဖွားလျက် ပညတ်တရားအောက်၌ ပေါ်ထွန်းတော်မူ၏။ ဤသည်ကား ပညတ်တရားအောက်၌ရှိသောသူတို့ကို ရွေးနုတ်တော်မူသဖြင့် ငါတို့သည် သားသမီးအရာကိုရရှိကြရန်ဖြစ်၏။ ထိုသို့ သင်တို့သည် သားသမီးများဖြစ်ကြသောကြောင့် ဘုရားသခင်သည် "အဗ္ဗ၊ အဖ"ဟု ခေါ်တတ်သော မိမိသားတော်၏ဝိညာဉ်တော်ကို ငါတို့၏စိတ်နှလုံးထဲသို့ စေလွှတ်တော်မူ၏။ သို့ဖြစ်၍ သင်သည် ကျွန်မဟုတ်တော့ဘဲ သားဖြစ်၏။ သားဖြစ်လျှင် ဘုရားသခင်အားဖြင့် အမွေခံလည်းဖြစ်၏။" - ဂလာတိဩဝါဒစာ ၄:၁-၇

တရားစီရင်မှုအပိုင်းမှာ သားကြီးကလည်း သားငယ်လိုပါပဲ။ သားကြီးရဲ့စိတ်မှာ အဲဒီစိတ်ပဲရှိကြောင်း သတိကပ်ပါ။ ဒါပေမယ့် အဖေနဲ့ သူ့ရဲ့ပတ်သက်မှုက တစ်မျိုးဖြစ်တဲ့အတွက် သူ့ရဲ့အမြင်ဟာလည်း တစ်မျိုးတစ်ဘာသာ ကွဲပါတယ်။ မှုကတော့ တူပါတယ်။

"လယ်၌ရှိသော သားကြီးသည် ပြန်လာ၍ အိမ်အနီးသို့ရောက်လာသောအခါ တီးမှုတ်သံနှင့်ကခုန်သံတို့ကိုကြားရသဖြင့် အစေခံတစ်ဦးကိုခေါ်၍ 'မည်သည့်အခြင်းအရာများဖြစ်ပျက်နေသနည်း'ဟု မေးမြန်းလေ၏။ အစေခံကလည်း 'သင်၏ညီပြန်ရောက်လာပြီ။ သူ့ကိုကျန်းမာစွာဖြင့် ပြန်တွေ့ရသည့်အတွက် သင်၏ဖခင်သည် ဆူဖြိုးသောနွားသငယ်ကိုသတ်ပါပြီ'ဟု ပြောဆို၏။ ထိုအခါ သားကြီးသည် အမျက်ထွက်၍ အထဲသို့မဝင်လိုသောကြောင့် သူ၏ဖခင်သည် အပြင်သို့ထွက်လာ၍ သူ့ကိုဖျောင်းဖျလေ၏။ သို့ရာတွင် သူသည် ဖခင်အား 'အကျွန်ုပ်သည် နှစ်ပေါင်းများစွာ အဖေ့ကိုအစေခံ၍ အဖေ၏အမိန့်ကို တစ်ခါမျှမလွန်ဆန်ခဲ့ပါ။ သို့

သော် အကျွန်ုပ်သည် အကျွန်ုပ်၏မိတ်ဆွေများနှင့်အတူပျော်ရွှင်ရန် အဖေသည် အကျွန်ုပ်အားဆိတ်တစ်ကောင်ကိုမျှမပေးဖူးပါ။ သို့ရာတွင် အဖေ၏ဥစ္စာပစ္စည်းများကို ပြည့်တန်ဆာများနှင့်ဖြုန်းတီးခဲ့သည့် အဖေ၏ဤသားပြန်လာသောအခါ၌မူ သူ့အတွက် ဆူဖြိုးသောနွားသငယ်ကို သတ်ပေးသည်တကား'ဟု ဆို၏။ ဖခင်ကလည်း 'ငါ့သား၊ သင်သည် ငါနှင့်အတူအမြဲရှိနေ၏။ ငါ၏ဥစ္စာရှိသမျှသည် သင်၏ဥစ္စာဖြစ်၏။ သင်၏ညီမူကား အထက်ကသေ၏။ ယခုရှင်ပြန်၏။ အထက်က ပျောက်၏။ ယခုတွေ့ပြန်၏။ ထိုကြောင့် ပျော်မွေ့ဝမ်းမြောက်စရာအကြောင်းရှိ၏၊ အဘဆိုသည်ဟု မိန့်တော်မူ၏။" - ရှင်လုကာခရစ်ဝင် ၁၅:၂၅-၃၂

သားကြီးကလည်း သူ့အဖေကို မတရားဘူးလို့ မှတ်ခဲ့ပါတယ်။ သူကလည်း သူ့အဖေအတွက် သားလိုမဟုတ်ဘဲ ကျွန်လိုခစားခဲ့ပါတယ်။ အဖေက သားငယ်ကို ချစ်ပြလွန်းတဲ့အခါမှာ သားကြီးက အဖေ့ကို ငွေဖြုန်းတယ်၊ အ,တယ်လို့ မှတ်ခဲ့ပါတယ်။ သားကြီးဟာ ဘုရားဆီကနေ ကိုယ့်ရဲ့လုပ်အားခမျှော်တဲ့ ခရစ်ယာန်တွေကို ပုံဆောင်ပါတယ်။ သူတို့ဟာ လောကီနွံထဲ ကျရောက်သူတွေကို ရွံကြပါတယ်။ သူတို့ဟာ လောကီနောက်ပါသွားကြတဲ့ လူတွေကို အပြစ်ပြောရတာကို သာယာနေကြပါတယ်။ သူတို့ရဲ့ သီလသန့်စင်မှုနှင့် အတ္တ ဘောနောက် လိုက်နေကြတဲ့လူတွေကို နှိုင်းကြပြီး အဲဒီလူတွေကို ခွင့်လွှတ်လက်ခံဖို့ စိတ်မရှိကြပါဘူး။ အဲဒီမှာ သားကြီးနဲ့သားငယ် ဘယ်သူက တကယ်ပျောက်တာလဲ။ သားငယ်က သူ့ကိုယ်သူ ပျောက်မှန်းသိပါတယ်။ သားကြီးကတော့ မသိရှာပါဘူး။

နှစ်ယောက်စလုံးက အဖေ့ကို ကျွန်ခေါင်းကြီးလို မှတ်ကြပါတယ်။ နှစ်ယောက်စလုံးက ကရုဏာကို မမြင်ခဲ့ကြပါဘူး။ အဖေကတော့ သားနှစ်ယောက်စလုံးဆီမှာ သူ့ရဲ့မေတ္တာကို လက်ခံပြီး တင်းတိမ်ကြဖို့ ဖျောင်းဖျခဲ့ပါတယ်။ နှစ်ယောက်စလုံးက အာဒံဆီကရခဲ့တဲ့ အငုံစိတ်ကို ပြောင်းပြန်လှန်ပစ်နိုင်ဖို့၊ ခမည်းတော်ဘုရားရဲ့ သိက္ခာတော်အမှန်ကိုတွေ့ဖို့ လိုကြပါတယ်။

## ၉။ ခမည်းတော်ဘုရား ကိုယ်ထင်ပြခြင်း

ကျွန်တော်တို့ နှီးနှောပြီးခဲ့တဲ့အတိုင်းပဲ ရောမ ၅:၁၆ က အာဒံ့ကြောင့်ပြစ်ဒဏ်ခံရကြောင်း ချပြပြီးဖြစ်ပါတယ်။ အဲဒါကြောင့်မို့ လူတစ်ယောက်ကြောင့် ကမ္ဘာမှာ သေခြင်းတရား ရောက်လာပါတယ်။

> "ထို့ကြောင့် တစ်ယောက်သောသူအားဖြင့် အပြစ်တရားသည် ဤလောကထဲသို့ ဝင်လာ၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်လာသည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ပြုသဖြင့် လူသားအားလုံးအပေါ်၌ သေခြင်းတရားသက်ရောက်ခဲ့၏။" - ရောမသြဝါဒစာ ၅:၁၂

အာဒံလုပ်ခဲ့တဲ့အပြစ်ဟာ ဒဏ်ခံရဖို့ဖြစ်ပါတယ်။ အနှီလက္ခဏာဟာ ဘုရားသခင့်သိက္ခာတော်နဲ့ လားလားဆန့်ကျင်ပါတယ်။ ဒဏ်ခတ်ဖို့စီရင်ခြင်းက အခြားလူကို သေဒဏ်ပေးနေပါတယ်။ သေခြင်းဟာ အဲဒီလိုနဲ့ ကမ္ဘာမှာရောက်လာတော့တာပါဘဲ။

> "ညီအစ်ကိုတို့၊ အချင်းချင်းပုတ်ခတ်ပြောဆိုခြင်းမပြုကြနှင့်။ ညီအစ်ကိုကိုပုတ်ခတ်ပြောဆိုသောသူ၊ သို့မဟုတ် မိမိညီအစ်ကိုကိုစီရင်သောသူသည် ပညတ်တရားကိုပုတ်ခတ်ပြောဆို၍ ပညတ်တရားကိုစီရင်သူဖြစ်၏။ သင်သည် ထိုသို့ ပညတ်တရားကိုစီရင်လျှင် ပညတ်တရားကိုလိုက်နာကျင့်သုံးသောသူမဟုတ်ဘဲ တရားစီရင်သောသူဖြစ်၏။" - ရှင်ယာကုပ်သြဝါဒစာ ၄:၁၁

ဒီလိုအနေအထားမျိုးနဲ့ဘဲ လူတွေက ဘုရားသခင်ကို မှားယွင်းစွာ ကိုယ့်စိတ်နဲ့ နှိုင်းခဲ့ကြပါတယ်။

> "ဤအမှုတို့ကိုသင်ပြု၍ ငါသည်တိတ်ဆိတ်စွာနေသဖြင့် **ငါသည် သင်နှင့်တူသည်ဟု သင်ထင်မှတ်၏။** ငါသည် သင့်ကိုဆုံးမ၍ သင်၏အပြစ်ကို သင့်ရှေ့မှောက်၌ခင်းပြမည်။" - ဆာလံကျမ်း ၅၀:၂၁

ဘုရားအပေါ် လူတွေရဲ့အမှတ်မှားမှုကို အမှန်ဖြစ်ဖို့အတွက် ဖခမည်းတော်ဟာ ဘယ်လို မျိုးပါဆိုတာပြဖို့ သားတော်ဘုရားကို ဒီကမ္ဘာကို စေလွှတ်ခဲ့ပါတယ်။ ယေရှုဘုရားက သူ လာခဲ့ရတဲ့ ရည်ရွယ်ရာကို မိန့်ခဲ့ပါတယ်။

"အကျွန်ုပ်ဆောင်ရွက်ရန် ကိုယ်တော်ပေးအပ်တော်မူသော အမှုတော်ကို အကျွန်ုပ်သည် ပြီးမြောက်စေ၍ **ကိုယ်တော်၏ဘုန်းတော်ကို မြေကြီးပေါ်၌ထင်ရှားစေပါပြီ။**" - ရှင်ယောဟန်ခရစ်ဝင် ၁၇:၄

ယေရှုဘုရားက ခမည်းတော်ရဲ့ဘုန်းကို တင်ခဲ့ပါတယ်။ ဒီကမ္ဘာမှာပွင့်ခဲ့တုန်းက ခမည်းတော်ဟာ ဘယ်လိုမျိုးပါဆိုတာကို ချပြသွားတယ်လို့ ဆိုလိုခြင်းပါ။ သူ့ရဲ့တပည့်တော်တစ်ယောက်ဆီမှာ အောက်မှာတွေ့ရတဲ့အတိုင်း မိန့်ခဲ့ပါတယ်။ ။

"ယေရှုက "ဖိလိပ္ပု၊ ငါသည် သင်တို့နှင့်အတူ ဤမျှလောက်ကြာမြင့်စွာရှိလျက်နှင့်ပင် သင်သည် ငါ့ကိုမသိခဲ့သလော။ **ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်လေပြီ။** သို့ဖြစ်လျှင် 'ခမည်းတော်ကို အကျွန်ုပ်တို့အားပြတော်မူပါ'ဟု သင်မည်သို့ဆိုနိုင်သနည်း။" - ရှင်ယောဟန်ခရစ်ဝင် ၁၄:၉

ယေရှုဘုရားက ဖိလစ်မြင်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ ခမည်းတော်နဲ့ ချွတ်စွပ်တူသူပါလို ဆိုခဲ့ပါတယ်။ ပုထုဇဉ်တွေ ဘုရားနဲ့ ပြန်လည်ရင်ကြားစေ့နိုင်ဖို့က အဲဒီပုဂ္ဂိုလ်ဟာ ဘယ်လိုမျိုးလဲဆိုတာ ကို သိမှဖြစ်မှာပါ။ ယေရှုဘုရားသာ ကိုယ်ထင်ပြလာခြင်းမရှိခဲ့ရင် ကျွန်တော်တို့က ဘုရား ကို အမှန်မြင်နိုင်မှာမဟုတ်ဘဲ ဘုရားဟာ ပြစ်ဒဏ်ပေးသူကြီးလို့ မြင်ကြမှာ ဖြစ်ပါတယ်။

"ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။ ဤသည်ကား သားတော်ကိုယုံကြည်သောသူတိုင်း မပျက်စီးဘဲ ထာဝရအသက်ကိုရရှိစေရန်ဖြစ်၏။ **ဘုရားသခင်သည် သားတော်ကို ဤလောကသို့စေလွှတ်တော်မူသည်မှာ လောကီသားတို့ကို**

**ပြစ်ဒဏ်စီရင်ရန်မဟုတ်။** လောကီသားတို့သည် သားတော်အားဖြင့် ကယ်တင်ခြင်းခံရရန်အတွက်ဖြစ်၏။" - ရှင်ယောဟန်ခရစ်ဝင် ၃:၁၆၊ ၁၇

ဘုရားသခင်က ဘယ်သူ့ကိုမှ အပြစ်မတင်တဲ့အတွက် ယေရှုဘုရားကိုလည်း အပြစ်လာတင်ဖို့ ဒီကမ္ဘာကို မစေလွှတ်ခဲ့ပါဘူး။ ဘုရားဟာ ဘယ်လိုမျိုးလဲဆိုတာကိုပြဖို့ သူ့ရဲ့သားတော်ကို စေလွှတ်ခဲ့တာဖြစ်ပြီး ကျွန်တော်တို့ရဲ့အမြင်စောင်းမှုတွေကို တည့်ပေးဖို့လာခဲ့ပါတယ်။

> "သားတော်ကိုယုံကြည်သောသူသည် ပြစ်ဒဏ်စီရင်ခြင်းကိုမခံရ။ မယုံကြည်သောသူမူကား ဘုရားသခင်၏တစ်ပါးတည်းသောသားတော်၏နာမတော်ကို မယုံကြည်သောကြောင့် ပြစ်ဒဏ်စီရင်ခြင်းကိုခံရပြီဖြစ်၏။" - ရှင်ယောဟန်ခရစ်ဝင် ၃:၁၈

ယေရှုဘုရားရဲ့နာမတော်၊ သိက္ခာတော်ကို ယုံကြည်သူများ ပြစ်ဒဏ်မခံရခြင်းသည် ဘယ်သူ့ကိုမှ အပြစ်မပေးတဲ့ယေရှုကို သိကျွမ်းလာတဲ့အခါမှာ ဘုရားသခင်လည်း အဲဒီလိုပါလား ဆိုတာကို သိလာရလို့ ဖြစ်ပါတယ်။ ယေရှုဘုရားကို မယုံကြည်သူများက ဘုရားသခင်ဟာ ဘယ်သူ့ကိုမှ အပြစ်မတင်ကြောင်း မမြင်နိုင်ကြပါဘူး။ အာဒံဆီက ကျွန်တော်တို့ရတဲ့ မျိုးစေ့က ဘုရားကို မလက်ခံသူများကို တစ်ခြားလူတွေကို အပြစ်လိုက်ဖို့စေ၊ ဘုရားက အပြစ်သားတွေကို မသနားဘူးလို့ အမှတ်မှားစေပါတယ်။

ဘုရားသခင်က ခင်ဗျားကို အပြစ်မတင်ဘူးလို့ယုံနိုင်ဖို့က ခင်ဗျားကိုယ်၌က ယေရှုဘုရားဟာ ဘယ်သူ့ကိုမှ အပြစ်မတင်ဘူးဆိုတာကို ယုံရမှာဖြစ်ပါတယ်။ ဒီပရမတ်ကသာလျှင် ကျွန်တော်တို့ရဲ့စိတ်ကို ဖိနှိပ်နေတဲ့ အပြစ်ဖို့တတ်ခြင်း ညှဉ်ဆိုးကနေလွှတ်စေမှာ ဖြစ်ပါတယ်။

အများသောတရားဟောဆရာများက ယေရှုဘုရားဟာ လက်ဝါးကားတိုင်မှာ အသေခံဖို့လာခဲ့ပြီး လက်ဝါးကားတိုင်ကို လက်မခံတဲ့သူတွေကို ဘုရားကအပြစ်ပေး၊ ငရဲမှာဖျက်

ဆီးမယ်လို့ ဟောကြပါတယ်။ အဲဒီတရားသာ မှန်မယ်ဆိုရင် ဘုရားသခင်က ပုထုဇဉ်တွေကို အပြစ်ရှာဖို့အတွက် သူ့ရဲ့သားတော်ကို စေလွှတ်ခဲ့တယ်လို့ ပြောရတော့မှာပါ။ ဘုရားသခင်က လက်ဝါးကားတိုင်ရဲ့လုပ်ဆောင်မှုကို ငြင်းပယ်သူတိုင်းကို အပြစ်ရှာတယ်ဆိုရင် လက်ဝါးကားတိုင်ရဲ့ သက်ရောက်မှုသည် ဘုရားသခင်ကို အပြစ်ပေးခွင့် ပေးတယ်လို့ပဲ ဆိုရတော့မှာပါ။

> "အကျွန်ုပ်ဆောင်ရွက်ရန် ကိုယ်တော်ပေးအပ်တော်မူသောအမှုတော်ကို **အကျွန်ုပ်သည် ပြီးမြောက်စေ**၍ ကိုယ်တော်၏ဘုန်းတော်ကို မြေကြီးပေါ်၌ထင်ရှားစေပါပြီ။" - ရှင်ယောဟန်ခရစ်ဝင် ၁၇:၄

ယေရှုဘုရားက လက်ဝါးကားတိုင်ပေါ် အသေမခံရခင်ညမှာ ဘုရားရဲ့အမှုတော်ကို ဘယ်လိုလုပ် ပြီးအောင်လုပ်နိုင်ခဲ့တာပါလဲ။

> "ထို့နောက် ယေရှုသည် မိမိကိုဖမ်းဆီးရန်ရောက်လာကြသော ယဇ်ပုရောဟိတ်အကြီးအကဲများ၊ ဗိမာန်တော်အစောင့်တပ်မှူးများနှင့် သက်ကြီးဝါကြီးများအား 'သင်တို့သည် ဓားပြကိုဖမ်းသကဲ့သို့ တုတ်၊ ဓားများကိုင်ဆောင်လျက် လာကြသလော။ ငါသည် နေ့တိုင်း သင်တို့နှင့်အတူဗိမာန်တော်၌ရှိစဉ် သင်တို့သည်ငါ့ကိုမဖမ်းဆီးကြ။ သို့သော် **ဤသည်ကား သင်တို့၏အချိန်ဖြစ်ပြီး မှောင်မိုက်ခြင်း၏အခွင့်အာဏာဖြစ်၏**' ဟု မိန့်တော်မူ၏။" - ရှင်လုကာခရစ်ဝင် ၂၂:၅၂၊ ၅၃

ယေရှုဘုရားသေရခြင်းသည် စာတန့်လက်ချက်ဖြစ်ပါတယ်။ ပကဒူးကတည်းကရှိခဲ့တဲ့ မာရ်နတ်ရဲ့ဆန္ဒ အထမြောက်ခြင်း ဖြစ်ပါတယ်။ နို့ပြီးလည်း ကမ္ဘာစတည်ကတည်းက သားတော်ဘုရားအပေါ်ထားရှိတဲ့ အာဒံ့စိတ်ဓာတ် ပေါ်လွင်ခြင်းလည်း ဖြစ်ပါတယ်။

လက်ဝါးကားတိုင်က လူသားတွေရဲ့သန္တာန်မှာ ဘာရှိသလဲဆိုတာကို ပြပါတယ်။ မသိစိတ်မှာရှိတဲ့ ဘုရားအပေါ်ထားရှိတဲ့ ကျွန်တော်တို့ရဲ့အငုံစိတ်ကို ဖွင့်ပြပါတယ် (ရောမ ၈:၇)။

လူသားများကို သားတော်ကို သတ်ခွင့်ပေးခြင်းအားဖြင့် ဘုရားသခင်က ကျွန်တော်တို့ အထဲမှာကိန်းတဲ့ အာဒံ့ဆီကနေရခဲ့တဲ့ မကောင်းတဲ့မျိုးစေ့နှင့် ထိပ်တိုက်တွေ့စေပါတယ်။

လူသားတွေအတွက် သူ့ရဲ့သားတော်ကို မငြိုမငြင်လှူနိုင်တဲ့ ဘုရားသခင့်မေတ္တာတော်သည် ဘယ်လောက်တောင်ကြီးမားပါသလဲ။ ပိုပြီးထူးဆန်းတာက ကျွန်တော်တို့က သူ့အပေါ် အဆိုးတွေဒီလောက် လုပ်ခဲ့တာတောင်မှ အပြစ်မရှာခဲ့တာပါပဲ။ လက်ဝါးကားတိုင်ပေါ်ကနေမိန့်ခဲ့တဲ့ ယေရှုဘုရားရဲ့ ဝါစာတွေသည် ဘုရားသခင်ကိုယ်တိုင်ရဲ့ ဆန္ဒတွေပါပဲ။

> "ထိုအခါ ယေရှုက 'အို အဖ၊ သူတို့သည် မိမိတို့ပြုနေသောအမှုကို မသိကြသည်ဖြစ်၍ သူတို့ကိုခွင့်လွှတ်တော်မူပါ' ဟု မြွက်ဆိုတော်မူ၏။" - ရှင်လုကာခရစ်ဝင် ၂၃:၃၄

> "**ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်၊** လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၅:၁၉

ကျွန်တော်တို့က သူ့ရဲ့သားတော်ကို သတ်ခဲ့ကြသည့်တိုင် ဘုရားသခင်က ခွင့်လွှတ်လိုစိတ် ရှိကြောင်း လက်ဝါးကားတိုင်တော်က ပြပါတယ်။

> "'သင့်ဝန်းကျင်၌ရှိသောသူကိုချစ်၍ သင်၏ရန်သူကို မုန်းရမည်' ဟု ဆိုထားသည်ကို သင်တို့ကြားရ၏။ သို့သော် သင်တို့အား ငါဆိုမည်။ **သင်တို့၏ရန်သူများကို ချစ်၍ သင်တို့ကိုညှဉ်းဆဲသောသူတို့အတွက် ဆုတောင်းပေးကြလော့။ သို့မှသာ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖ၏သားများဖြစ်ကြလိမ့်မည်။** အကြောင်းမူကား ကိုယ်တော်သည် မကောင်းသောသူများနှင့်ကောင်းသောသူများအပေါ် မိမိ၏နေကိုထွက်စေတော်မူ၍ ဖြောင့်မတ်သောသူများနှင့်မဖြောင့်မတ်သောသူများအပေါ် မိုးရွာစေတော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၅:၄၃-၄၅

ကျွန်တော်တို့ရဲ့ခမည်းတော်ဘုရားက သူ့ကို ရန်သူလို့မှတ်တဲ့သူတွေကို ချစ်ပါတယ်။ သူ့ကို ကျိန်ဆဲသူများကို ကောင်းချီးသွန်းဖြိုးပေးပါတယ်။ အဲဒါကို ယေရှုဘုရားက ဒီကမ္ဘာ ကိုလာပြီး ပြခဲ့ပါတယ်။ ယေရှုက သူ့ကိုငြင်းပယ်တဲ့သူတွေကို မစီရင်၊ အပြစ်မဖို့၊ မသတ်ခဲ့ ပါဘူး။ သူကသာ အာဒံမျိုးဆက်များရဲ့ စီရင်ခြင်း၊ အပြစ်ဖို့ခြင်း၊ သတ်ခြင်းတွေခံခဲ့ရတာပါ။

ယေရှုဘုရား အဲဒီဒုက္ခတွေကို ခံပြသွားတာသည် ကျွန်တော်တို့ရဲ့သန္တာန်မှာ ဘာရှိသလဲ ဆိုတာကို ပြသွားတာပါ။ အဲဒါကလည်း အပြစ်တင်ဖို့ပြတာ မဟုတ်ပါဘူး။ မေတ္တာကရုဏာကိုပေးဖို့ ကျွန်တော်တို့ရဲ့အဖြစ်မှန်ကို အလင်းပြပေးခြင်းသာ ဖြစ်ပါတယ်။

> "ပညတ်တရားမူကား ကျူးလွန်သောအပြစ်ကို များပြားစေရန်ဝင်ရောက်ခဲ့၏။ သို့သော် အပြစ်များပြားလာသည့်နေရာ၌ ကျေးဇူးတော်သည် ပို၍ပြည့်စုံကြွယ်ဝလေ၏။" - ရောမသြဝါဒစာ ၅:၂၀

ယေရှုဘုရားကို ဘယ်လိုဘဲအမှုစွဲစွဲ သူ့မှာအပြစ်မရှိကြောင်း ကျွန်တော်တို့အားလုံး သိပါတယ်။ ယေရှုဟာ ပတ်ဝန်းကျင်ရဲ့ ပီတိချမ်းသာ ရင်းမြစ်ဖြစ်ပါတယ်။ ယေရှုက ဂိလာနတွေကို ပျောက်စေ၊ သေသူကိုပြန်ရှင်စေ၊ ကလေးငယ်တွေကို ကောင်းချီးပေးပြီး သူတို့ကို ဖခမည်းတော်က ဘယ်လောက်ချစ်ကြောင်းကို မိန့်ခဲ့ပါတယ်။

အပြစ်ဝဲထဲ လည်နေသူများကို နောင်တရကြဖို့ တိုက်တွန်းခဲ့ပါတယ်။ သူဟာ မေတ္တာ အရင်းခံ အလင်းပြခဲ့ပြီး ငြင်းဆန်သူများအတွက် ကြေကွဲခဲ့ရပါတယ်။

သူ့ရဲ့ ပြီးပြည့်စုံတဲ့သက်တော်စဉ်ကဘဲ ဘုရားသခင်သည် ဘယ်လိုမျိုးဖြစ်ကြောင်းကို ပြခဲ့ ပါတယ်။ သူ့ရဲ့အသက်တာကဘဲ ကျွန်တော်တို့ကို အမှားအမှန် ပြသွားခဲ့ပါတယ်။ အဖ ဘုရားအကြောင်း ဒီလိုလာပြသွားတာကို လက်မခံဘဲနဲ့တော့ ဘုရားသခင်ကို အမြင်စောင်းခဲ့တဲ့စိတ်နဲ့ သမ္မာကျမ်းစာကိုလေ့လာရင် စိတ်ထွေနိုင်ပါတယ်။

အသီးကိုစားဖြစ်ခဲ့ရတဲ့ အကြောင်းမှာ အာဒံက ဘုရားသခင်ကို ပြန်ပြီးမေးခွန်းထုတ်သလို မျိုးပဲ ကျမ်းစာကို လေ့လာသူတိုင်းကလည်း မေးမိနိုင်ပါတယ်။ ကျွန်တော်တို့က ဓမ္မ ဟောင်းကျမ်းကို ဘယ်လိုအမှတ်နဲ့ လေ့လာသလဲဆိုတာက ကျွန်တော်တို့ရဲ့ရှိရင်းစွဲဓာတ် ညစ်အပေါ်အထူးမူတည်ပါတယ်။

ယေရှုဘုရားရဲ့ သက်တော်စဉ်တစ်ခုတည်းကဘဲ ကျွန်တော်တို့ကို ဓမ္မဟောင်းကျမ်းကို အမှန်မြင်စေနိုင်ပါလိမ့်မယ်။ သားတော်ဘုရားက တစ်ဆင့်ပြခဲ့တဲ့ ဘုရားရဲ့သိက္ခာတော်ကို ကျွန်တော်တို့က ငြင်းမယ်ဆိုရင် ကျွန်တော်တို့ဟာ သမ္မာကျမ်းစာကို လေ့လာတဲ့အခါမှာ ယနကြီးနဲ့ လေ့လာသလိုဖြစ်နေမှာပါ။

> "ငါတို့သည် ဤသို့သောမျှော်လင့်ခြင်းရှိသည်ဖြစ်၍ အလွန်ရဲရင့်စွာဖြင့်ပြုမူလျက် မောရှေသည် မေးမှိန်သွားသောအရာ၏အဆုံးကို အစ္စရေးအမျိုးသားတို့အား စေ့စေ့မကြည့်ရစေရန် မိမိမျက်နှာကို မျက်နှာလွှားဖြင့်ဖုံးအုပ်ထားသကဲ့သို့ ငါတို့မပြုကြချေ။ ထိုသူတို့၏စိတ်နှလုံးသည် မာကျောလျက်ရှိ၍ **ယနေ့တိုင်အောင် ပဋိညာဉ်ဟောင်းကိုဖတ်သောအခါ ထိုမျက်နှာလွှားသည် ဖယ်ရှားခြင်းမခံရဘဲ ရှိနေသေး၏။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်အားဖြင့်သာ ထိုမျက်နှာလွှားကို ဖယ်ရှားနိုင်၏။** ယနေ့တိုင်အောင် မောရှေ၏ကျမ်းများကိုဖတ်သည့်အခါတိုင်း ထိုသူတို့၏စိတ်နှလုံးပေါ်တွင် ထိုမျက်နှာလွှားသည် ဖုံးအုပ်လျက်ရှိ၏။ **သို့သော် သခင်ဘုရားထံသို့ ပြန်လှည့်လာသောအခါ ထိုမျက်နှာလွှားသည် ဖယ်ရှားခြင်းခံရ၏။** သခင်ဘုရားသည် ဝိညာဉ်တော်ဖြစ်၏။ သခင်ဘုရား၏ဝိညာဉ်တော်ရှိရာအရပ်၌ လွတ်လပ်မှုရှိ၏။ **ငါတို့ရှိသမျှသည်လည်း မျက်နှာလွှားမပါသောမျက်နှာပေါ်တွင် သခင်ဘုရား၏ဘုန်းတော်ကို ထင်ဟပ်စေလျက် ကိုယ်တော်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဝိညာဉ်တော်ဖြစ်သော သခင်ဘုရားအားဖြင့် ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဌာန်ပြောင်းလဲစေခြင်းကိုခံရကြ၏။**" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၃:၁၂-၁၈

ဘုရားသခင်က ဘယ်လိုများပြုမူမှာလဲလို့ ခင်ဗျားသိချင်တဲ့အခါတိုင်းမှာ ခရစ်တော်အကြောင်းချပြတဲ့ ခရစ်ဝင်ကျမ်း (၄) ကျမ်းကိုအရင်ဆုံး ဖတ်ဖြစ်အောင်ဖတ်ပါ။ ဒီကျမ်းတွေ က ဘုရားသခင်ရဲ့သိက္ခာကို တိုင်းပြတဲ့ပေတံဖြစ်ပါတယ်။

အဖဘုရားသခင်က တရားမစီရင်ကြောင်းကို အသုံးကြမ်းတဲ့အိမ်ပြေးသားသာဓကထဲမှာ ယေရှုဘုရားက ချပြခဲ့ပါတယ်။ အဖေ့ကို ပေတံတိုင်းတာကသားဖြစ်ပါတယ်။ ဒါဆိုရင် ဒီအောက်ကကျမ်းချက်တွေကျတော့ ဘယ်လိုသဘောလဲ။

> "အချုပ်အခြာစကားဟူမူကား၊ ဘုရားသခင်ကို ကြောက်ရွံ့၍၊ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သော အမှုအရာအလုံးအစုံတို့ကို ချုပ်ခြာသတည်း။ အကြောင်းမူကား၊ **ဘုရားသခင်သည်** ခပ်သိမ်းသော ဝှက်ထားခြင်းမှစ၍၊ **အလုံးစုံသောအမှု၊** ကောင်း မကောင်းရှိသမျှတို့ကို စစ်ကြော၍၊ တရား သဖြင့် **စီရင်တော်မူလတ္တံ့သတည်း။**" - ဒေသနာကျမ်း ၁၂:၁၃၊ ၁၄

> "သင်တို့အား ငါဆိုသည်ကား လူတို့သည် မိမိတို့ပြောဆိုသည့် **အကျိုးမရှိသောစကားအားလုံးအတွက် တရားစီရင်တော်မူရာနေ့၌ ဖြေရှင်းချက်ပေးကြရမည်။** အကြောင်းမူကား သင်ပြောသောစကားများအားဖြင့် သင်သည် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းခံရလိမ့်မည်။ သို့မဟုတ် သင်ပြောသောစကားများအားဖြင့် အပြစ်ရှိသည်ဟု သတ်မှတ်ခြင်းခံရလိမ့်မည်"ဟု မိန့်တော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၁၂:၃၆၊ ၃၇

> "**အကြောင်းမူကား ငါတို့အားလုံးသည်** ကိုယ်ခန္ဓာ၌ရှိစဉ် ပြုကျင့်သည့်အတိုင်း ကောင်းသောအမှုအတွက်ဖြစ်စေ၊ ဆိုးညစ်သောအမှုအတွက်ဖြစ်စေ **အကျိုးအပြစ်ကို အသီးသီးခံစားရရန် ခရစ်တော်၏တရားပလ္လင်ရှေ့၌ ပေါ်လာကြရမည်။**" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၅:၁၀

အနီးကျမ်းပိုဒ်တွေက ကျွန်တော်တို့လုပ်သမျှ အားလုံးကို ဘုရားသခင် တရားစီရင်မယ်လို့ ပြောတယ်လို့ ကျွန်တော်တို့ကို မှတ်စေမှာပါ။ ဒါပေမယ့် အဲဒီအကြောင်းတွေကို ယေရှု ဘုရားအလင်းပြခဲ့တာတွေနဲ့ ကျွန်တော်တို့ ဘယ်လိုညှိရမှာပါလဲ။

> "ခမည်းတော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ။ တရားစီရင်ခြင်းအခွင့် ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၅:၂၃

> "သင်တို့သည် လူ့စံနှုန်းအတိုင်း စီရင်တတ်ကြ၏။ ငါ(ယေရှု)မူကား မည်သူ့ကိုမျှမ စီရင်။" - ရှင်ယောဟန်ခရစ်ဝင် ၈:၁၅

တရားစီရင်မှုရှိမယ်ဆိုတာကတော့ သေချာပါတယ်။ ကျွန်တော်တို့ပြုခဲ့တဲ့ အမှုအားလုံး တရားစီရင်ခံရမယ်ဆိုတာ မှန်ပါတယ်။ မေးချင်တာက ဘယ်သူက တရားစီရင်မှာပါလဲ။ ဘုရားသခင်က ဘယ်သူ့ကိုမှ တရားမစီရင်ဘဲနဲ့ တရားစီရင်ခြင်းဆိုတာ ဖြစ်နိုင်မှာလား။

တရားစီရင်ခြင်းဆိုတာ ရှိမှာပါ။ ယေရှုဘုရားက အနီးတရားစီရင်ခြင်းသည် ဘယ်လိုမျိုးလဲ ဆိုတာကို အတိအကျ မိန့်ခဲ့ပါတယ်။

## ၁၀။ ငါသည်လည်း သင့်ကိုမစီရင်

အောက်ကကျမ်းချက်ကို ကြည့်ခြင်းအားဖြင့် တရားစီရင်ခြင်းကို ကြောက်ဖို့မလိုကြောင်း တွေ့ရပါတယ်။

> "သင်တို့သည် စီရင်ခြင်းမခံရမည့်အကြောင်း သူတစ်ပါးကို မစီရင်ကြနှင့်။ အကြောင်းမူကား သင်တို့စီရင်သည့်နည်းလမ်းအတိုင်း သင်တို့သည် စီရင်ခြင်းခံရ၍ သင်တို့တိုင်းတာခြင်တွယ်သည့်စံနှုန်းအတိုင်း သင်တို့အတွက် တိုင်းတာခြင်တွယ်ပေးလိမ့်မည်။" - ရှင်မဿဲခရစ်ဝင် ၇:၁၊ ၂

ကျွန်တော်က ဒီကျမ်းချက်ကို စန်တာကလော့အကြောင်း နားလည်ပုံကိုမှီပြီး ဖတ်ခဲ့ဖူးပါတယ်။ ဘုရားသခင်က နင့်လုပ်ရပ်အားလုံးကို စာရင်းမှတ်ထားတယ်။ နင့်ကို အပြစ်ပေးမှာမို့လို့ သတိထားပါ။ အာဒံ့ဆီကနေ အမွေရခဲ့တဲ့စိတ်နဲ့ ဒီကျမ်းချက်ကို ဖတ်ခဲ့တုန်းက လူလူချင်းအပြစ်ရှာတတ်တဲ့လူကို ဘုရားသခင်က အပြစ်ပြန်ရှာမယ်လို့ မှတ်ခဲ့ဖူးပါတယ်။ အဲဒီစာလုံးတွေကို စာရိုက်ချိန်မှာ ဒီအတွေးမျိုးဟာ သဟဇာတမဖြစ်ကြောင်း မမြင်တတ်ခဲ့ ပါဘူး။

ဘယ်သူ့ကိုမှ အပြစ်မပေးဘဲနဲ့ ဘုရားသခင်က တရားစီရင်မှုမှာ ဘယ်လိုလုပ်ပြီးပါလို့ရမှာ ပါလဲ။ အောက်ပါသာဓကကို ရှုကြရအောင်ပါ။ ။

> "ယေရှုမူကား သံလွင်တောင်သို့ ကြွတော်မူ၏။ အရုဏ်တက်ချိန်၌ ဗိမာန်တော်သို့ နောက်တစ်ဖန်ကြွတော်မူရာ လူအပေါင်းတို့သည် အထံတော်သို့ရောက်လာကြသဖြင့် ကိုယ်တော်သည် ထိုင်၍သူတို့အား သွန်သင်တော်မူ၏။ ထိုအခါ ကျမ်းပြုဆရာတို့နှင့်ဖာရိရှဲတို့သည် အိမ်ထောင်ရေးဖောက်ပြန်မှုကိုကျူးလွန်သည့်အတွက် အ ဖမ်းခံရသောမိန်းမတစ်ယောက်ကိုခေါ်ဆောင်လာ၍ အလယ်၌ထားပြီးလျှင် 'ဆရာ၊ ဤမိန်းမသည် အိမ်ထောင်ရေးဖောက်ပြန်မှုကို ကျူးလွန်နေစဉ်၌ပင် အဖမ်းခံရပါသည်။ မောရှေသည် ဤသို့သောမိန်းမမျိုးကို ခဲနှင့်ပေါက်သတ်ရန် ပ

ညတ်တရား၌ အကျွန်ုပ်တို့အား ပညတ်ထားပါသည်။ ဆရာကား မည်သို့ဆိုမည်နည်း’ ဟု ကိုယ်တော်အား လျှောက်ကြ၏။” - ရှင်ယောဟန်ခရစ်ဝင် ၈:၁-၅

ယုဒခေါင်းဆောင်တွေက အမျိုးသမီးတစ်ယောက်ကို အပြစ်စီရင်ပေးဖို့ ယေရှုဆီကို ခေါ်လာခဲ့ပါတယ်။ သူတို့ထွက်ဆိုတဲ့စကားတွေအရ ကာမဖောက်ပြန်တဲ့ အပြစ်အတွက် ချမှတ်ချင်တဲ့အမိန့်က ရှိပြီးသားပါ။ အခင်းဖြစ်တဲ့နေရာမှာတင် မိခဲ့တယ်ဆိုတာကိုက ဒီလူတွေလည်း ဒီအမှုနဲ့ဆက်နွယ်တယ်ဆိုတာ ပေါ်ပါတယ်။ ဘာဖြစ်ဖြစ် အမျိုးသမီးက မှားခဲ့ပြီးပြီဖြစ်ပြီး မောရှေရဲ့ဥပဒေအရ သေထိုက်ပါတယ်။

“သူတို့သည် ကိုယ်တော်ကို စွပ်စွဲခွင့်ရရှိရန် ကိုယ်တော်ကိုစမ်းသပ်လိုသဖြင့် ဤသို့လျှောက်ထားကြခြင်းဖြစ်၏။ သို့ရာတွင် ယေရှုသည်ငုံ့၍ လက်ညှိုးတော်ဖြင့် မြေပေါ်၌ရေးလျက်နေတော်မူ၏။ ထိုသူတို့အထပ်ထပ်မေးမြန်းကြသောအခါ ယေရှုသည် ကိုယ်ကိုမတ်၍ “သင်တို့တွင် အပြစ်ကင်းသောသူသည် သူ့ကို ခဲနှင့် အဦးဆုံးပေါက်စေ”ဟု မိန့်တော်မူ၏။” - ရှင်ယောဟန်ခရစ်ဝင် ၈:၆၊ ၇

အဲဒီဉာဏ်များတဲ့လူတွေက ယေရှုဘုရားကို မောရှေပညတ်နဲ့ ဆီဇာရဲ့ပညတ်ကြား အမိဖမ်းဖို့ အကွက်ဆင်ကြတာပါ။ ယေရှုဘုရားကတော့ စကားတစ်ခွန်းမဟပါဘူး။ သူ့တို့ရဲ့ အပြစ်တွေကိုဖော် ပြီး သေဒဏ်ပေးနိုင်ပေမယ့် ယေရှုက ဘာမှမလုပ်ပါဘူး။ မြေပေါ်မှာ စာထွင်းလိုက်ပါတယ်။ အဲဒီလူတွေလည်း ယေရှုကို ဖိအားဆက်ပေးတဲ့အခါ သူတို့အထဲကနေ အပြစ်မရှိတဲ့သူက အမျိုးသမီးကို ကျောက်ခဲနဲ့ပေါက်သတ်ဖို့ မိန့်လိုက်ပါတယ်။

သူဟာ ဘုရားသားဖြစ်တဲ့အတွက် ခမည်းတော်ရဲ့အာနုဘော်ဟာ သူ့မှာရှိပြီး လူ့မနောကို ဖတ်နိုင်ပါတယ်။ အဲဒီလိုစွမ်းကြောင်းကို အခြားနေရာမှာ ပြခဲ့ပါတယ်။

“ယေရှုက ‘သွား၍ သင်၏ယောကျ်ားကိုခေါ်ပြီး ဤနေရာသို့လာခဲ့လော့’ ဟု မိန့်တော်မူ၏။ ထိုအမျိုးသမီးကလည်း ‘ကျွန်မမှာ ယောကျ်ားမရှိပါ’ဟု ပြန်လျှောက်လေ၏။ ယေရှုက ‘ယောကျ်ားမရှိဟု သင်ပြောသည်မှာ မှန်ပေ၏။ အဘယ်ကြောင့်ဆိုသော် သင်၌ ယောကျ်ားငါးယောက်ရှိခဲ့လေပြီ။ ယခု သင်ပေါင်းနေ

> သောသူသည်လည်း သင်၏ယောက်ျားမဟုတ်သောကြောင့် သင်ပြောသောစကားသည် မှန်ပေ၏' ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၄:၁၆-၁၈

အဲဒီအမျိုးသမီးမှာ လင်ငါးယောက်အပြင် လင်ငယ်နေတာတွေအတွက် ယေရှုက သူမကို အပြစ်မတင်ခဲ့ပါဘူး။ သူမအကြောင်းကို သိကြောင်းဘဲပြတာပါ။ အဲဒီအတိုင်းဘဲ ယေရှုက မြေပြင်ပေါ်မှာစာရေးပြီး ဒီလူတွေရဲ့အကြောင်းတွေကိုသိကြောင်း ပြခဲ့တာပါ။ သူတို့ကို အပြစ်မရှာပါဘူး။ ဒီအမျိုးသမီးက တရားဝင်လက်ထပ်ထားတာ မဟုတ်ကြောင်းသိသိနဲ့ သူ့ရဲ့ယောက်ျားဘယ်မှာလဲလို့ မေးခဲ့ပါတယ်။ အခုလည်း အမျိုးသမီးကို ခေါ်လာကြတဲ့ လူတွေလည်း အပြစ်မကင်းကြောင်းကို ယေရှုသိပါတယ်။ သူတို့နောင်တရဖို့ ယေရှုက အခွင့်အရေးပေးနေတာပါ။ သူတို့ကို အပြစ်မရှာခဲ့ပါဘူး။

> "တစ်ဖန်ငုံ့လျက် မြေပေါ်တွင် ဆက်၍ရေးတော်မူ၏။ သူတို့သည် ထိုစကားကို ကြားရသောအခါ **အသက်ကြီးသောသူတို့မှစ၍ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြ**သဖြင့် ယေရှုတစ်ပါးတည်းသာ အလယ်၌ရှိနေသောထိုမိန်းမနှင့် ကျန်ရစ်ခဲ့၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၈၊ ၉

မြေပေါ်မှာ ယေရှုဘုရားရေးခဲ့တဲ့စာက ဒီလူတွေကို အလင်းရစေပါတယ်။ ထိုထိုစာလုံးများ သည် အပြစ်တင်ခြင်းမဟုတ်ဘဲ အပြစ်ကနေလွတ်ဖို့ ဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။ သခင် ယေရှုက သူတို့ရဲ့ ကြီးစဉ်ငယ်လိုက်အသက်ကိုတောင်သိကြောင်း သူတို့ရဲ့ပြန်ဆုတ်ခွာပုံ က ပြခဲ့ပါတယ်။ ဒီလူတွေဟာ ယေရှုနဲ့အမျိုးသမီးကို တရားစီရင်ဖို့လာခဲ့တာ ဖြစ်ပေမယ့် သူတို့ပဲ ပြန်ပြီးအစီရင်ခံရပါတယ်။ ဒီအဖြစ်က ဒေင်ဥယျာဉ်ထဲကအဖြစ်ကို အမှတ်ရစေပါတယ်။ ဧဝက လူစီဖာရဲ့မှုသားကိုယုံပြီး ဖောက်ပြန်သွားခဲ့ပါတယ်။ အာဒံကလည်း အမျိုး သမီးကို ခုတုံးလုပ်ပြီး ဘုရားသားတော်ကို အပြစ်တင်ခဲ့ပါတယ်။ အာဒံဟာ သူ့သဘောနဲ့ သူ ပြန်ခံရတာပါ။ ရှင်ယောဟန် အခန်းကြီး (၈) မှာလာတဲ့ သာဓကသည် ကမ္ဘာဦးတုန်းက ဘာဖြစ်ခဲ့သလဲဆိုတာကို ပြပါတယ်။

ဒီအမျိုးသမီးကို ခေါ်လာသူတွေက တရားစီရင်ရမယ့်အချိန်ကို ပိုင်းဖြတ်ပြီးသားပါ။ အကြောင်းကတော့ သူတို့က  အမျိုးသမီးကို ယေရှုဆီခေါ်လာကြပါတယ်။ ယေရှုက သူတို့ကို အပြစ်တင်ဖို့ မစုခဲ့ပါဘူး။ သူတို့ကသာ ယေရှုဆီလာပြီး သူနဲ့အမျိုးသမီးကို အပြစ်ရှာဖို့ လာခဲ့တာပါ။

အဖဘုရားသည် အရာအားလုံးကို ဒီလိုဘဲ စီရင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်အတိုင်းသာ ခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စီရင်လိုတဲ့နည်း၊ ပြင်းပြမှုပမာဏ အတိုင်း ကျွန်တော်တို့စီရင်ခံရမှာဖြစ်ပါတယ်။

ဒီလူတွေ သူတို့အကြောင်းသူတို့သိပြီး တစ်ယောက်ပြီးတစ်ယောက် ယေရှုဆီကနေ ပြန်ထွက်ခဲ့ပါတယ်။ သူတို့က ယေရှုအပေါ်ဖြစ်ဖြစ်၊ အမျိုးသမီးပေါ် ဖြစ်ဖြစ် သက်ညှာမှု မပြခဲ့ ကြတာကြောင့် ယေရှုဆီကနေ သက်ညှာမှုကို မတောင်းခဲ့ကြပါဘူး။ သူများရဲ့အပြစ်ကို မြင်တတ်ကြလို့ သူတို့ရဲ့အပြစ်ကို ပြန်မြင်ကြပြီး ဖြေလွှတ်ပေးမှုမရဘဲ ကမ္ဘာ့အလင်းရှင် ဆီကနေ လှည့်ပြန်ခဲ့ကြပါတယ်။

ယေရှုဘုရားက သူတို့ကို မစီရင်ခဲ့ (သို့) အပြစ်မတင်ခဲ့ပါဘူး။ သူနဲ့မျက်နှာချင်းဆိုင်ကြရတဲ့အခါမှာ သူတို့ရဲ့ရာဇဝင်ဆိုးတွေနှင့် ပြန်ရင်ဆိုင်ကြရပါတယ်။ သခင်ခရစ်တော်ရှိနေခြင်းဖြင့် သူတို့ရဲ့ရာဇဝင်ကို ပြန်အမှတ်ရကြတဲ့အခါမှာ သူတို့ကိုယ်သူတို့ အပြစ်တင်ကြပြီး သူတို့ရဲ့အမှားကိုမေ့ပျောက်ဖို့ သူ့ဆီကနေ ထွက်သွားကြပါတယ်။ အမှောင်မှာဇာတ်မြုပ်ဖို့ ရွေးခဲ့ကြပါတယ်။

> "ဆိုးညစ်သောအမှုများကို ပြုကျင့်သောသူတိုင်း အလင်းကိုမုန်းလျက် မိမိပြုသောအမှုများ ဖော်ပြခြင်းခံရမည်ကိုစိုးရိမ်သဖြင့် အလင်းထံသို့မချဉ်းကပ်ကြ။" - ရှင် ယောဟန်ခရစ်ဝင် ၃:၂၀ (KJV)

အရာအားလုံး ဒီလိုဖြစ်နေချိန်မှာ ကူရာမဲ့အမျိုးသမီးက အပြစ်မရှိတဲ့သူက သူမကိုပစ်သတ် နိုင်ကြောင်း မိန့်သံကြားရပါတယ်။ ယေရှုရဲ့အမိန့်ဟာ

သူမအတွက်သေမိန့်လို့ မှတ်စေပါ တယ်။ သူ့ရဲ့အတိတ်ကို ပြန်သုံးသပ်တဲ့အခါ သူ့ဘဝဟာ နိဂုံးရောက်သလို ဖြစ်နေပါပြီ။

> "ထိုအခါယေရှုသည် ကိုယ်ကိုလှန်တော်မူပြန်၍၊ ထိုမိန်းမမှတစ်ပါး အဘယ်သူကိုမျှ မမြင်လျှင်၊ အချင်းမိန်းမ၊ သင့်ကို အပြစ်တင်သောသူတို့သည် အဘယ်မှာရှိကြသနည်း။ သင်၏အမှုကို အဘယ်သူမျှမစီရင်လော ဟုမေးတော်မူ၏။ ထိုမိန်းမကလည်း၊ အဘယ်သူမျှ မစီရင်ပါသခင်ဟု လျှောက်၏။ ငါသည်လည်း သင်၏အမှုကို မစီရင်။ သွားလော့။ နောက်တစ်ဖန် ဒုစရိုက်ကိုမပြုနှင့်ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၁၀၊ ၁၁

သူမကိုခေါ်လာသူတွေ ဘယ်ရောက်ကုန်ပြီလဲလို့ ယေရှုကမိန့်တာဟာ သူမကိုယ်တိုင် အခြေအနေကိုသုံးသပ်ဖို့ မိန့်ခြင်းဖြစ်ပါတယ်။ သူ့ကိုထောင်ဖမ်းပြီး ယေရှုကိုပါ ဆက်ပြီး ထောင်ဖမ်းခြင်းအပေါ် သူ ဒေါသထွက်ရမှာလား။ သူ့ပတ်ဝန်းကျင်ကို သူ အပြစ်တင်ချိန်အတွင်းမှာ သူ့ကိုယ်သူလည်း အပြစ်တင်၊ အနာဂတ်မဲ့ပြီလို့ ထင်မိမှာပဲ။

သူလည့် သူ့ဘေးဘီကိုရှုတဲ့အခါ အသင်းတော်ခေါင်းဆောင် တစ်ယောက်မှမရှိတော့တာကိုမြင်ပြီး ယေရှုကိုရှုပြီး အားတက်ခဲ့ပါတယ်။ ကယ်တင်ရှင်ရဲ့မျက်နှာကို ရှုဖြစ်တဲ့အခါ ယုံကြည်သဒ္ဓါအားတွေ တိုးလာခဲ့ပါတယ်။ ယေရှုက "သင့်ကို အပြစ်တင်သောသူတွေ မရှိ တော့ဘူးလား" လို့ မေးခဲ့ပါတယ်။ မေးခွန်းက သူ့ရင်ကို စိုက်ပါတယ်။ သူ့ကိုယ်သူပြန်ပြီး စီရင်ရမှာ ဖြစ်ပါတယ်။ သူ့အတိတ်တွေ ခေါင်းထဲမှာပြေးနေပါတယ်။ သူ့အတိတ်မဲက သူ့ကိုပြန်ဆွဲနေပါတယ်။ ဒါပေမယ့် သခင်ယေရှုရဲ့ မေတ္တာမွှန်းတဲ့အပြုံးက သူ့အတွက် အားဆေးဖြစ်စေပြီး "ဘယ်သူမှမရှိပါ သခင်" လို့ ဖြေခဲ့ပါတယ်။

သူ့အမှုကို သူဘဲစီရင်လိုက်သလို ယေရှုကလည်း စီရင်ပေးပါတယ်။ "ငါသည်လည်း သင့်ကိုမစီရင်" လို့ မိန့်ခဲ့ပါတယ်။ သူ့ကိစ္စ သူဆုံးဖြတ်တဲ့အတိုင်း ယေရှုက ရောင်ပြန်ဟပ်

ပါတယ်။ ဘုရားသခင်လည်း ကျွန်တော်တို့ကို ဒီလိုဘဲ စီရင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောခဲ့တဲ့စကားလုံးတိုင်းက ဒီလိုဘဲ စီရင်ခြင်းခံရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ခရစ်တော်ဘုရားရဲ့တရားရုံးရှေ့မှာ စီတန်းရမယ်ဆိုတာသည် အာဒံနဲ့ သူ့ရဲ့မျိုးဆက်များက ဘုရားသခင်နဲ့ ဆန့်ကျင်ဖက်သဘာဝဖြစ်တဲ့ အပြစ်တင်တတ်တဲ့ စိတ်နဲ့ တရားစီရင်ခြင်းရှိမယ်ဆိုပြီး မှတ်ကြလို့ပါ။ ခရစ်တော်ကလည်း တရားစီရင်မှုမှာ မပါဖို့ မငြင်းခဲ့ပါဘူး။ ဒါပေသိ ကိုယ်စီကိုယ်စီ ပါဝင်နိုင်တဲ့နည်းကို သုံးခဲ့ပါတယ်။

> "ပညတ်တရားမရှိသောလူမျိုးခြားတို့သည် ပညတ်တရား၏ပြဋ္ဌာန်းချက်များကို အလိုအလျောက်လိုက်နာကျင့်သုံးကြသောအခါ သူတို့၌ပညတ်တရားမရှိသော်လည်း သူတို့ကိုယ်တိုင်သည် မိမိတို့အတွက် ပညတ်တရားဖြစ်ကြပြီး မိမိတို့စိတ်နှလုံးထဲ၌ရေးထားသည့် ပညတ်တရားနှင့်ဆိုင်သောအကျင့်ကို ပြသလျက်ရှိကြ၏။ **သူတို့၏အသိစိတ်သည်လည်း အတူတကွသက်သေခံ၍ သူတို့၏စဉ်းစားဆင်ခြင်မှုတို့သည် အချင်းချင်းစွပ်စွဲတစ်ခါ ကာကွယ်တစ်လှည့်ပြုနေကြ၏။ ဤအမှုအရာများသည် ငါဟောပြောသည့်ကောင်းမြတ်သောသတင်းအရ လူတို့၏လျှို့ဝှက်သောအကျင့်အကြံတို့ကို ခရစ်တော်ယေရှုအားဖြင့် ဘုရားသခင်စစ်ဆေးစီရင်တော်မူသောနေ့၌ ဖြစ်လိမ့်မည်။**" - ရောမသြဝါဒစာ ၂:၁၄-၁၆ (YLT)

အချက် (၂) ချက်ကို ကျွန်တော်တို့ ယုံကြည်မယ်ဆိုရင် အလွန်ကောင်းတဲ့ သတင်းထူးပါ။

၁။ ဘုရားသည် ခင်ဗျားကို ချစ်ကြောင်း၊ ခွင့်လွှတ်ကြောင်း သင် ယုံပါ။

၂။ ယေရှုဘုရားသည် ခမည်းတော်ရဲ့သိက္ခာတော်ကို ဒီကမ္ဘာမှာလာပြီးပြသွားတယ်လို့ သင် ယုံပါ။

သမ္မာကျမ်းစာလာ တရားစီရင်ခြင်းအကြောင်းကို ခင်ဗျားက ယေရှုဘုရားရဲ့အသက်တာဖက်ကနေမရှုရင် သမ္မာကျမ်းစာလေ့လာရာမှာ ခမည်းတော်ရဲ့ဘုန်းကို မမြင်နိုင်ဖြစ်နေပါမယ်။

အနီဖြစ်စဉ်ကနေပေါ်လာတဲ့ မေးခွန်းကတော့ တရားစီရင်မှုပြုလိုတဲ့ လူတွေရဲ့အပြစ်ကို ယေရှုဘုရားက ဘယ်လိုလုပ်သိတာလဲ ဆိုတဲ့အကြောင်းပါ။ ဒီအဖြစ်က ယေရှုမှာ မှတ်တမ်းရှိတယ်လို့ ဆိုရာမကျဘူးလား။ သမ္မာကျမ်းစာမှာ တရားစီရင်တဲ့အခါ ကျွန်တော်တို့ ပြောခဲ့သမျှတွေကို သွင်းထားတဲ့ စာအုပ်တွေရှိတယ်လို့ ပြောထားတယ်မဟုတ်လား။ အဲဒါကြောင့် ဘုရားသခင်ဟာ တရားစီရင်တဲ့အခါကျရင် မှတ်တမ်းအားလုံးကိုသုံးမယ်လို့ ဆိုလို တာ မဟုတ်ဘူးလား။

## ၁၁။ ပညတ်သည် ဝိညာဉ်ပကတိဖြစ်၏

ဒီစာအုပ်ရဲ့ အခန်း (၂) မှာ လူ့ပတ်ဝန်းကျင်ကြီး စနစ်ကျနိုင်ဖို့ ကင်းထောက်ရ၊ အားအင်သုံးရကြောင်းတွေ စူးစမ်းခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုအနေအထားမှာတော့ မှီတင်းနေထိုင်သူများအပေါ် ဥပဒေပြဌာန်းရပါတယ်။ အဲဒီမှာ လူတွေက အနှီဥပဒေသည် ကောင်းလို့ စောင့်ကြတာမဟုတ်ဘဲ ကျူးလွန်မှုတစ်ခုခုကြောင့် ပြစ်ဒဏ်ခံရမှာကြောက်လို့ စောင့်ကြတာပါ ...

ပြခဲ့ပြီးဖြစ်တဲ့ကျမ်းသက်သေကို ကျွန်တော်ပြန်ပြီး သုံးချင်ပါတယ်။ အဲဒါပြီးတော့ ခရစ်တော်မိန့်ခဲ့တာတွေနဲ့ ဘယ်လိုရင်ကြားစေ့သလဲဆိုတာကို ရှုကြပါမယ်။

> "ထိုအခါ ငါကြည့်ရှုစဉ်၊ ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍၊ **အသက်ကြီးသော သူတစ်ဦးသည် ထိုင်တော်မူ၏။** အဝတ်တော်သည် မိုးပွင့်ကဲ့သို့ဖြူ၏။ ဆံပင်တော်သည် ဖြူသော သိုးမွေးနှင့်တူ၏။ ပလ္လင်တော်သည် မီးလျှံဖြစ်၏။ ပလ္လင်တော်အောက်၌ မီးစက်လှည်းဘီး ရှိ၏။ မျက်နှာတော်မှာ မီးရောင်ခြည်ထွက်လေ၏။ အတိုင်းမသိ များစွာသောသူတို့သည် အမှုတော်ကို ဆောင်ရွက်၍၊ ကုဋေသန်းချီမက ရှေ့တော်၌ ခစား၍နေကြ၏။ **တရားစီရင်ခြင်းငှာပြင်ဆင်၍ စာစောင်များကို ဖွင့်ထားကြ၏။**" - ဒံယေလအနာဂတ္တိကျမ်း ၇:၉၊ ၁၀

စာအုပ်သက်သေတွေနဲ့ရှိနေတဲ့ တရားရုံးအခင်းအကျင်းက ကျွန်တော်တို့နဲ့မစိမ်းတဲ့ အခင်း အကျင်းပါ။ ကောင်းကင်မှာရှိတဲ့တရားရုံးမှာ အသက်ကြီးသောသူ — ခမည်းတော်ဘုရား — က ဘယ်သူသေရမယ်၊ ရှင်ရမယ်ဆိုတာကို သူ့ရဲ့ပညတ်ကြီးနဲ့ တရားစီရင်မယ်ဆိုရင် ခရစ်တော်ဘုရား မိန့်ခဲ့တဲ့အဆိုဟာ မှားတယ်လို့ထောက်ရတော့မှာ ဖြစ်ပါတယ်။

> "ခမည်းတော်သည် အဘယ်သူကိုမျှ တရားမစီရင်" - ရှင်ယောဟန် ၅:၂၂

ဒီနေရာမှာ ကျွန်တော်တို့ အခုထိမရှုဖြစ်သေးတဲ့အကြောင်းကို ရှုကွက်ဆင်းမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ပညတ်တော်ကို ကောင်းကင်ဖက်ကနေ မရှုရသေးခြင်းပါ။

> "**ပညတ်တရားသည် ဝိညာဉ်ပကတိ**နှင့်စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ သို့ရာတွင် ငါသည် သွေးသားဇာတိ၌ရှိသူဖြစ်ပြီး အပြစ်တရား၏လက်အောက်တွင် ရောင်းစားခြင်းခံရသူဖြစ်၏။" - ရောမသြဝါဒစာ ၇:၁၄

ဘုရားရဲ့ပညတ်ဟာ လူ့ဝိညာဉ်နဲ့ သက်ဆိုင်ပါတယ်။ ဘုရားပညတ်ရဲ့ပင်ကိုဟာ သဟာယဆန်ပါတယ်။ ပညတ်တော်က သင့်ကို ဘုရားရဲ့စိတ်တော်တွေ့နိုင်ဖို့ ဘာလုပ်ရမယ်လို့ ပြဌာန်းတာထက် ဘုရားရဲ့ဝိညာဉ်တော်ဟာ သင့်အထဲမှာကိန်းကြောင်း အသိပေးပါတယ်။

> "**သို့သော် လွတ်လပ်ခြင်းနှင့်ဆိုင်သောစုံလင်သည့်တရားတော်ကို သေချာစွာကြည့်ရှု**လျက် စောင့်ထိန်း**သောသူ**သည် ကြားနာ၍မေ့လျော့တတ်သူမဟုတ်ဘဲ လက်တွေ့လိုက်နာကျင့်သုံးသောသူဖြစ်၏။ ထိုသူသည် မိမိပြုသောအမှု၌ ကောင်းချီးမင်္ဂလာကိုခံစားရလိမ့်မည်။" - ရှင်ယာကုပ်သြဝါဒစာ ၁:၂၅

စည်းကမ်းလိုက်နာဖို့ အာဏာသုံးတဲ့ဥပဒေသည် လွတ်လပ်မှုပေးတဲ့ ဥပဒေမဟုတ်ဘဲ နဖားကြိုးတပ်တဲ့ဥပဒေ ဖြစ်ပါတယ်။ ဘုရားရဲ့ပညတ်တော်ဟာ ဘုရားကိုချစ်တဲ့လူတွေ သူ့စိတ်ဓာတ်မျိုးရှိတဲ့သူတွေ ဘယ်လိုကြံကြမယ်ဆိုတာ ဗျာဒိတ်ခြင်းဖြစ်ပါတယ်။

> "ထာဝရဘုရားက 'ထိုနေ့ရက်များနောက်တွင် အစ္စရေးအမျိုးနှင့် ငါပြုမည့်ပဋိညာဉ်ကား ဤသို့တည်း။ **ငါသည် ငါ၏ပညတ်တရားတို့ကို သူတို့၏အသိဉာဏ်ထဲတွင် ထည့်သွင်း၍ သူတို့၏စိတ်နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်ပြီး သူတို့သည်လည်း ငါ၏လူမျိုးတော်ဖြစ်ကြလိမ့်မည်။**'" - ဟေဗြဲသြဝါဒစာ ၈:၁၀ (NIV)

လူတစ်ယောက်ရဲ့သန္တာန်မှာ ပညတ်တော်ကို ဘယ်လိုစာထွင်းနိုင်မှာလဲ။ အနီးဟာ ပုဂ္ဂိုလ် ခင်မှ ဖြစ်နိုင်မဲ့ကိစ္စ ဖြစ်ပါတယ်။ ပုထုဇဉ်တစ်ယောက်က ဘုရားနဲ့သိက္ခမ်းလာပြီး ဝိညာဉ် တော်ကို တောင်းလျှောက်တဲ့အခါ ဝိညာဉ်တော်က သူ့အပေါ် အလုပ်စလုပ်နိုင်ပြီး ပညတ် တော်ဆိုတာ အလိုအလျောက် အသက်ဝင်လာမှာဖြစ်ပါတယ်။ ဒီတစ်လမ်းကနေပဲ ပညတ် တော်က လွတ်လပ်ခြင်းကိုပေးပါတယ်။

အဲဒါဆို ပုထုဇဉ်တွေက ပညတ်တော်ဆိုတာ ပြဋ္ဌာန်းရမယ်၊ ကျူးလွန်ခဲ့လို့ရှိရင် ဘုရားက အပြစ်ပေးမယ်လို့ ဘာ့ကြောင့်မှတ်ကြတာလဲ။

> "အကြောင်းမူကား အပြစ်သည် ပညတ်တော်အားဖြင့် အခွင့်ရကာ ငါ့ကိုလှည့် ဖြား၍ ထိုပညတ်တော်အားဖြင့် ငါ့ကိုသတ်လေ၏။ - ရောမသြဝါဒစာ ၇:၁၁

အပြစ်ကရော ပညတ်ကိုသုံးပြီး ကျွန်တော်တို့ကို ဘယ်လိုလှည့်စားခဲ့သလဲ။ အပြစ်ဟာ ကျွန်တော်တို့ကိုလှည့်စားတဲ့ ပုထုဇဉ်လိုပုဂ္ဂိုလ် မဟုတ်ပါဘူး။ အပြစ်ဟာ မာရ်နတ်ကနေ စခဲ့တာဖြစ်ပြီး မာရ်နတ်ကလည်း အပြစ်ကိုမှီပြီး လူသားများ ပညတ်တော်ကို ရှုမြင်ပုံကို ကြိုးကိုင်ခဲ့ပါတယ်။ သူက ဘယ်လိုကြိုးကိုင်ခဲ့သလဲ။

> "မြွေကလည်း၊ သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်း ကိုသိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ္တံ့သည်ကို၊ ဘုရားသခင်သိတော်မူသည် ဟု မိန်းမအားဆို၏။" - ကမ္ဘာဦးကျမ်း ၃:၄၊ ၅

မာရ်နတ်က အာဒံနဲ့ဧဝဆီမှာ အသက်ဟာ ဘုရားပေါ်မှာမမှီပါဘူးလို့ မှိုင်းတိုက်ခဲ့ပါတယ်။ အသက်ဟာ သူတို့အထဲမှာရှိပြီးသား၊ မသေနိုင်ဘူးလို့ မှိုင်းတိုက်ခဲ့ပါတယ်။ ဒီအပင်ရဲ့ အသီးကို မှီဝဲနေသမျှ ဘယ်တော့မှမသေဘူးပေါ့။ မာရ်နတ်မှိုင်းတိုက်ခဲ့တာဟာ မှန်ခဲ့လို့ရှိ ရင် ဘုရားက ပညတ်ခဲ့တာတွေက ကြံစည်မှု၊ ကြိုးကိုင်မှု ဖြစ်သွားပြီပေါ့။ ပုထုဇဉ်ဟာ

ဘုရားမလိုဘဲ တကယ်ဖြစ်တည်နိုင်လို့ရှိရင် ဘုရားရဲ့လုပ်ရပ်အားလုံးသည် အဓမ္မသုံးသလို ဖြစ်သွားပါတယ်။[22]

အဲဒီလိမ်ဆင်တွေနဲ့ မာရ်နတ်က ဘုရားသခင့်ပညတ်တော်ကို လွတ်လပ်မှုပေးတဲ့ပညတ်လို့ ထင်ထားတဲ့ ကျွန်တော်တို့ရဲ့စိတ်ကို တင်းကျပ်တဲ့ပညတ်၊ အဓမ္မဆန်တဲ့ပညတ်လို့ ထင်စေပါတယ်။ ကျွန်တော်တို့လူသားတွေကလည်း ဘုရားရဲ့ပညတ်ဟာ ကျွန်တော်တို့ကို ဖိတဲ့ပညတ်လို့ မြင်လာပါရော။ ဘုရားက အနိုပညတ်နဲ့ ကျွန်တော်တို့ကို ရှင်စေ၊ သေစေ မယ်လို့မြင်ပါရော။

ပညတ်ကို ဒီလိုအမှတ်မှားမှုက ကင်းထောက်၊ တရားစီရင်၊ အပြစ်ပေးဆိုတာမျိုးတွေ စီတန်းပြီး လိုအပ်စေပါရော။ ဒီလိုမကောင်းမြင်ခြင်းမျိုးဟာ အာဒံကနေ စလာတာဖြစ်ကြောင်း၊ ခရစ်တော် (သို့) ခမည်းတော်ကနေ မစကြောင်း ရှင်ပေါလုရှင်းပြခဲ့တာကို ကျွန်တော်တို့ သတိကပ်ရပါမယ် (ရောမ ၅:၁၆)။

ဒါ့ကြောင့် မာရ်နတ်နိုင်ငံတော်ရဲ့အုတ်မြစ်မှာက လူသည် အမတပုဂ္ဂိုလ်၊ တည့်တည့်ပြောရရင် လူ့ဝိညာဉ်သည် အမတဖြစ်တယ်ဆိုတဲ့မုသားမှာ အခြေခံထားပါတယ်။ သဘောက ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို မုသားဖြစ်စေတာပါ - ကျွန်တော်တို့က နားမထောင်ခြင်းဖြင့် ဘုရားသခင်နဲ့ အဆက်ဖြတ်ရင် သေမယ်လို့ မြင်စေတာပါ။ ဒါဟာ မုသားပါ။ ဘုရားသခင်က ကျွန်တော်တို့ကိုစီရင်မှ သေရတာပါဆိုတဲ့ဖက်ကို အတင်းတွန်းပို့ပါတယ်။ ကင်းထောက်ရခြင်း၊ တရားစီရင်ရခြင်း၊ ပြစ်ဒဏ်ပေးရခြင်းတွေဟာ ဒီကနေမြစ်ဖျားခံ တာပါ။ အဲဒီမုသားနဲ့ မာရ်နတ်က ဘုရားရဲ့ပညတ်တော်ကို အိုးမဲသုတ်ပြီး မတရားပလ္လင် တည်ခဲ့ပါတယ်။

---

[22]ဒီအကြောင်းနဲ့ပတ်သက်လို့ ပိုသိချင်ရင် fatheroflove.info မှာရနိုင်တဲ့ Life Matters စာအုပ်မှာ လေ့လာနိုင်ပါတယ်။

“ပြဋ္ဌာန်းချက်အားဖြင့် ဒုက္ခပြဿနာကိုဖြစ်ပေါ်စေသော ယုတ်မာစဉ်းလဲသည့်ရာဇပလ္လင်သည် ကိုယ်တော်နှင့်မိတ်ဖွဲ့နိုင်ပါမည်လော။” - ဆာလံကျမ်း ၉၄:၂၀

ပညတ်တော်သည် ဝိညာဉ်ပကတိဖြစ်ပြီး သဟာယဆိုတာ ဘယ်လိုမျိုးပါလို့ ပြတာဖြစ်လို့ ရှိရင် အဲဒီသဟာယ ဆင့်ကဲကောင်းလာဖို့ နည်းလမ်းရှိရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆို တော့ သဟာယဆိုတာ အမှတ်တရများစွာကနေ တည်ဆောက်လာတာပါ။

## ၁၂။ သန္တာန်မှာ ကမ္ပည်းထွင်းထားသည်

ပြီးခဲ့တဲ့အခန်းထဲမှာ ဘုရားသခင်က သူရဲ့ပညတ်တော်ကို ကျွန်တော်တို့ရဲ့သန္တာန်မှာ ထွင်းထားနိုင်ကြောင်း ကျွန်တော်တို့ သိခဲ့ပြီးဖြစ်ပါတယ်။ အကြောင်းကတော့ ပညတ်ဟာ ဝိညာဉ်ပကတိဖြစ်တဲ့အတွက် လောကုတ္တရာကို ဘူမိနက်သန်ပါတယ်။

ဘုရားသခင်က ကျွန်တော်တို့အချင်းချင်းရဲ့ဖြစ်စဉ်တွေကို မှတ်တမ်းမှတ်ထားနိုင်အောင် လို့ ဒီကမ္ဘာကို ပုံစံဆွဲခဲ့တာပါ။ ကျွန်တော်တို့ရဲ့ မျက်စိ၊ နားနဲ့ အခြားအာရုံတွေဟာ သန္တာန် မှာ အချက်အလက် စုသိမ်းနိုင်တဲ့ ကိရိယာများဖြစ်ပါတယ်။ အယောက်တိုင်းက ကိုယ့် ရာဇဝင်ကို သန္တာန်ထဲမှာ စုသိမ်းထားပါတယ်။ အဲဒီမှတ်တမ်းတွေကြောင့် အသံ၊ ရုပ်တွေ ကို ခွဲခြမ်းနိုင်ကြတာ ဖြစ်ပါတယ်။ အဲဒါကို ရှင်ပေါလုက အောက်ပါအတိုင်း ချပြခဲ့ပါတယ်။

> "**သင်တို့သည် ငါတို့စိတ်နှလုံးပေါ်၌ ရေးထားသောစာ၊ လူအပေါင်းတို့သိ၍ ဖတ် တတ်သော ငါတို့စာပင် ဖြစ်ကြသတည်း။** အဘယ်သို့နည်းဟူမူကား၊ **သင်တို့သည် မင်နှင့် ရေးထားသော စာမဟုတ်။ အသက်ရှင်တော်မူသော ဘုရားသခင်၏ ဝိ ညာဉ်တော်နှင့် ရေး**၍လည်းကောင်း၊ ကျောက်ပြားပေါ်၌မရေးဘဲ အသားနှင့် ပြည့် စုံသော နှလုံးပြားပေါ်၌ ရေး၍လည်းကောင်း၊ ငါတို့ပြုစုသော ခရစ်တော်၏စာ ထင်ရှားစွာဖြစ်ကြ၏။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၃:၂၊ ၃

ရှင်ပေါလုက ဒေသနာကို သာသနာပတွေဆီဟောတဲ့အခါ သူတို့က လက်ခံကြပြီး ဘုရားရဲ့ ဝိညာဉ်တော်က သူတို့ရဲ့သန္တာန်ထဲမှာ ယုံကြည်ခြင်းကြောင့်ရလာတဲ့ ဖြောင့်မတ်ခြင်းသုခ ကို ထွင်းပေးခဲ့ပါတယ်။ လူတွေလည်း ဘဝသစ်သို့ ပြောင်းလဲခဲ့ကြပါတယ်။ အနှီပြောင်းလဲ ခြင်းကို ဘုရားရဲ့ဝိညာဉ်တော်က သူတို့ရဲ့သန္တာန်ထဲမှာ စာထွင်းမှတ်ခဲ့ပါတယ်။

ဘုရားရဲ့ဝိညာဉ်တော်ကို ယေရှုဘုရားက ဘုရားလက်ညှိုးတော်လို့ မိန့်ခဲ့ပါတယ်။ အနီ အကြောင်း ရှုကြရအောင်ပါ။

"သို့ရာတွင် ငါသည် **ဘုရားသခင်၏ဝိညာဉ်တော်**ကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင် ထုတ်သည်ဆိုလျှင် ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့ထံရောက်ရှိလေပြီ။" - ရှင်မဿဲခရစ်ဝင် ၁၂:၂၈

"သို့ရာတွင် ငါသည် **ဘုရားသခင်၏လက်ညှိုးတော်**အားဖြင့် နတ်ဆိုးတို့ကိုနှင် ထုတ်သည်ဆိုလျှင် ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့ထံရောက်ရှိလေပြီ။" - ရှင်လုကာခရစ်ဝင် ၁၁:၂၀

ကျွန်တော်တို့ရဲ့ရာဇဝင်ကို ယေရှုဘုရားက သူ့ရဲ့လက်ညှိုးနဲ့ ကျွန်တော်တို့ရဲ့သန္တာန်မှာ ရေးမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ကို ဘုရားပေးထားတဲ့ အာရုံများအားဖြင့် ကျွန်တော်တို့ရဲ့ သန္တာန်မှာ အနီစာရင်းတွေကို ရေးမှတ်ထားတာပါ။ အနီစာရင်းဟာ တိကျပြီး အမှားမရှိ ပါဘူး။ ကျွန်တော်တို့ မျက်လုံးကတွေ့ထားပြီးသားတွေကို မတွေ့ဖူးဘူးလို့ ပြန်လုပ်လို့ မရပါဘူး။ ကျွန်တော်တို့ နားနဲ့ကြားထားပြီးသားတာတွေလည်း မကြားဖူးဘူးလို့ လုပ်လို့ မရပါဘူး။ ကျွန်တော်တို့က မေ့ပျောက်အောင် ကြိုးစားလို့ရပါတယ်။ ဒါပေမယ့် မှတ်တမ်း ကတော့ သန္တာန်ထဲမှာ အမြဲရှိသွားမှာပါ။ အနီမှတ်တမ်းကို ကျွန်တော်တို့ကလည်း ပူး ပေါင်းရေးနေတာပါ။ အကြောင်းကတော့ ဒီလိုလုပ်မယ်၊ ကြံမယ်လို့ ကိုယ်ကိုယ်တိုင်က ဆုံးဖြတ်ခဲ့လို့ ဖြစ်ပါတယ်။

အမှတ်တရကောင်းတွေကြုံတဲ့အခါတော့ နေပျော်ပြီး၊ ဘုရားသခင်နဲ့ သဟာယဖြစ်ခွင့် ထူးကို ထိပါးတဲ့အခါမှာ ဒီအဖြစ်တွေကိုသံကညစ်အပေါ်မှာ အက္ခရာတင်ထားပါတယ်။

"ယုဒအမျိုး၏ အပြစ်သည် **သံကညစ်၊ စိန်ချွန်နှင့် သူတို့နှလုံးပြား**၌၎င်း၊ ယဇ်ပလ္လင် ဦးချိုမြို့၌၎င်း အက္ခရာ တင်၍ မှတ်သားလျက်ရှိ၏။" - ယေရမိ ၁၇:၁

စိန်ချွန်ဆိုတာကတော့ ကျွန်တော်တို့ရဲ့သိစိတ်ကိုထိုးနေတဲ့ ချွန်းသဘောပါ။ ဘာဖြစ်လို့ သံကညစ်ပေါ်မှာ ရေးရတာပါလိမ့်။ ကျွန်တော်တို့များပြီလို့ သိစိတ်မှာပေါ်တဲ့အခါ ဆက်ပြီး မိုက်လို့ရှိရင် ကျွန်တော်တို့ရဲ့သန္တာန်မှာ အဲဒီအမှားက အမာရွတ်လို ထင်ကျန်နေမှာ ဖြစ်ပါ တယ်။ အပြစ်အမာရွတ်ကြီးက ကျွန်တော်တို့ရဲ့စိတ်ကိုမာစေပြီး အပြစ်ကို အမှုထားတော့ မှာ မဟုတ်ပါဘူး။ အပြစ်လုပ်လေလေ၊ နှလုံးလည်း မာထန်လေလေဖြစ်ပြီး သံမဏိ နှလုံးသား လုံးလုံးဖြစ်သွားနိုင်ပါတယ်။

အဲဒီအပြစ်တွေကို ဘုရားက သူ့လက်နဲ့ ကျွန်တော်တို့ရဲ့သန္တာန်မှာ အက္ခရာတင်ထား ကြောင်း ကျွန်တော်တို့သိကြပါပြီ။ ပြုသူက ကျွန်တော်တို့ဖြစ်ပြီး ဘုရားသခင်ရဲ့ ဝိညာဉ် တော်က ဒီအကြောင်းတွေ ကျွန်တော်တို့ရဲ့သန္တာန်မှာ ထင်ကျန်အောင် ပုံစံဆွဲပြီးသား ဖြစ်ပါတယ်။ မှတ်တမ်းကောင်းတွေက ကျွန်တော်တို့အတွက် အားဆေးဖြစ်ဖို့ ဘုရားက ပုံစံချခဲ့တာပါ။ အတိတ်မဲကြီးတွေကိုထမ်းဖို့ ပုံစံဆွဲခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်တို့က အပြစ်လုပ်မိတဲ့အခါ အငြင်းခံရတဲ့ ဘုရားသခင့်ဝိညာဉ်တော်ရဲ့ ဖျောင်းဖျခြင်းတွေ ကျွန် တော်တို့ရဲ့သန္တာန်ထဲမှာ ရေးထိုးထားပါတယ်။ အဲဒီဖျောင်းဖျခြင်းကို ငြင်းလေလေ၊ ကျွန် တော်တို့ရဲ့စိတ်ဟာ ဖာရောဘုရင်လိုပဲ လုံးလုံးကိုမာသွားပါတယ်။ ဘုရားရဲ့ဝိညာဉ်ကို လုံးဝလက်မခံတော့ဘူးလို့ ဆိုလိုတာပါ။

အဲဒီအကြောကနေပြီး ဘုရားသခင်ဟာ အပြစ်သားကို အမှုန်ချေနိုင်ပါတယ် ဆိုတာကို သိနားလည်နိုင်ပါတယ်။

> "'သင်သည် သံလှံတံဖြင့် သူတို့ကိုကျိုးပဲ့စေ၍ သူတို့ကို မြေအိုးကဲ့သို့ ရိုက်ခွဲလိမ့် မည်' ဟု ငါ့အား မိန့်တော်မူ၏။" - ဆာလံကျမ်း ၂:၉

သံကညစ်ဆိုတာ ကျွန်တော်တို့က သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဖျောင်းဖျခြင်းကို ကျား ကန် ပြီး ကိုယ့်အလိုအတိုင်း ဘုရားသခင်ကိုဆန့်ကျင်တဲ့အခါမှာ ရေးမှတ်တဲ့ကိရိယာပါ။ ဘုရားကို စဉ်ဆက်ငြင်းဆန်တဲ့အခါမှာ စိတ်ဟာအလွန်မာထန်ပြီး ပျက်ဖို့သာရှိပါတော့

တယ်။ သူတို့ရဲ့အပြစ်တွေကို သူတို့ရဲ့သန္တာန်မှာရေးထိုးတဲ့ သံကညစ်က သူတို့ကို အမှာမှာ ဖြစ်အောင် ထိုးနှက်ပါတယ်။ ဘုရားရဲ့ဝိညာဉ်တော်ကို စိတ်နာစေတဲ့သိစိတ်ကို သံပူ တံဆိပ် အခတ်ခံရပါတယ်။

> "သို့သော် နောင်လာမည့်အချိန်ကာလများ၌ လူအချို့တို့သည် လှည့်ဖြားသောဝိညာဉ်များနှင့် နတ်ဆိုးတို့၏သွန်သင်ချက်များကို အာရုံစိုက်လျက် ယုံကြည်ခြင်းကိုစွန့်ခွာကြလိမ့်မည်ဟု ဝိညာဉ်တော်သည် အတိအလင်းမိန့်တော်မူ၏။ ထိုသွန်သင်ချက်များသည် **မိမိတို့အသိစိတ်ကို သံပူတံဆိပ်ခတ်ထားခြင်းခံရ**သည့် လိမ်လည်သောသူတို့၏သူတော်ကောင်းယောင်ဆောင်မှုအားဖြင့်ဖြစ်၏။" - တိမောသေ ဩဝါဒစာပထမစောင် ၄:၁၊၂

ကျွန်တော့်ဘဝမှာလည်း ကျွန်တော့်ရဲ့သတိသမ္ပဇဉ်ကိုကျော်ပြီး အပြစ်လုပ်ဖို့ အဆွယ်ခံရတဲ့အခါမှာ ရင်ထဲမီးတောက်ခဲ့ရတဲ့ အဖြစ်မျိုးကို အမှတ်ရပါတယ်။ ဝိညာဉ်တော်ရဲ့ လုပ်ဆောင်မှုကို ကျားကန်ဖို့ အတော့်ကိုကြိုးစားရပါတယ်။ အပြစ်လုပ်ဖို့ ဓမ္မညဏ်ကို ခြေစုံကန်ကိုကန်ရမှာ ဖြစ်ပါတယ်။ အဲဒါကို အဖန်ဖန်လုပ်ဖြစ်သွားရင် နောက်ဆုံးပိတ်မှာ ကြွပ်ဆတ်လွန်းလို့ မွမွကွဲဖို့ဘဲ ရှိပါတော့တယ်။

ဒါ့ကြောင့် လူတိုင်းမှာ ရာဇဝင်ကိုယ်စီရှိကြောင်း ကျွန်တော်တို့တွေ့ကြပြီး ဖြစ်ပါတယ်။ ဒီမှတ်တမ်းက မှားတယ်လို့ စောဒကတက်လို့မရတဲ့မှတ်တမ်းမျိုးပါ။ အကြောင်းကတော့ ကိုယ်ကိုယ်တိုင်က ရေးခဲ့လို့ပါပဲ။ ဒီမှတ်တမ်းဟာ နာမ်မှတ်တမ်းပါ။ လူလုပ် ကညစ်တွေ၊ မှင်တွေနဲ့ မှတ်ထားတာ မဟုတ်ပါဘူး။ အဲဒီမှတ်တမ်းဟာ ကောင်းကင်မှာ တစ်ပြိုင်တည်း မှတ်ထားတာပါ။ အဲ့ဒါကလည်း ရုပ်ဓာတ်စာအုပ်ထဲမှာ မဟုတ်ဘဲ ဘုရားရဲ့လက်ဝါးပြင်မှာ ရေးထိုးထားတာပါ။

> "ငါသည် ကိုယ်လက်ဝါး၌ သင့်ကို စာထိုးပြီ။ သင်၏ မြို့ရိုးသည် ငါ့ရှေ့မှာ အစဉ်ရှိ၏။" - ဟေရှာယ ၄၉:၁၆

ကောင်းကင်ဘုံရှိ ကျွန်တော်တို့ရဲ့ခမည်းတော်ဟာ ဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့ရဲ့သမိုင်းကို သိတာပါ။ ကျွန်တော်တို့ပြုသမျှကို ဘုရားကသိပါတယ်။ ကျွန်တော်တို့ရဲ့သန္တာန်မှာ ရေးမှတ်ထားသလို ဘုရားဆီမှာလည်း ရေးမှတ်ထားပါတယ်။ မိဘတွေသူတို့ရဲ့ ကလေးအယောက်စီအကြောင်း ဘယ်လိုမှတ်ထားကြလဲဆိုတာကို စဉ်းစားကြည့်ပါ။ ကျွန် တော်တို့ရဲ့အကြောင်း ဘုရားမှတ်ထားတဲ့မှတ်တမ်းက သူ့အတွက် ပိုပြီးတော့တန်ဖိုး ပိုကြီးပါတယ်။ ကျွန်တော်တို့ရဲ့ဆံချည်တွေကို ဘုရားက ရေတွက်ပြီးသားဖြစ်ပါတယ်။

> "စာကလေးငါးကောင်ကို အသပြာနှစ်ပြားနှင့်ရောင်းသည်မဟုတ်လော။ သို့ရာတွင် ထိုစာကလေးတစ်ကောင်ကိုမျှ ဘုရားသခင်မေ့လျော့တော်မမူ။ **သင်တို့ဦးခေါင်းမှဆံပင်ရှိသမျှကိုပင် ရေတွက်ထားတော်မူ၏။ မကြောက်ကြနှင့်။ သင်တို့သည် စာကလေးများစွာတို့ထက်အဖိုးထိုက်ကြ၏။**" - ရှင်လုကာခရစ်ဝင် ၁၂:၆၊ ၇

ကျွန်တော်တို့ရဲ့အဘနဲ့ ကျွန်တော်တို့ရဲ့ကယ်တင်ရှင်တို့က ကျွန်တော်တို့ကို အပြစ်ပေးဖို့ မှတ်တမ်းထားထားတာ မဟုတ်ပါဘူး။ သူတို့က ကျွန်တော်တို့နဲ့ အဆက်မပြတ်ချင်လို့ မှတ်ထားခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အသက်ဟာ သူတို့ရဲ့လက်ထဲမှာရှိတဲ့အတွက် ကျွန်တော်တို့ကို အသက်ထောက်ပေးဖို့ မှတ်တမ်းထားထားခြင်းသာ ဖြစ်ပါတယ်။ အဲဒါကြောင့် အဲဒီအကြောင်းကို လက်ခံသူများကို ဘုရားက အောက်မှာပြထားတဲ့အတိုင်း ပြုခဲ့ပါတယ်။ ။

> "ထို့နောက် ခရစ်တော်ယေရှုအားဖြင့် ငါတို့ကို ကိုယ်တော်နှင့်အတူထမြောက်စေ၍ အထက်ကောင်းကင်အရပ်၌ ကိုယ်တော်နှင့်အတူထိုင်စေတော်မူ၏။" - ဧဖက်သြဝါဒစာ ၂:၆

ခရစ်တော်ဘုရားရဲ့နှလုံးသားမှာ ရေးမှတ်ထားတဲ့ ကျွန်တော်တို့ရဲ့ရာဇဝင်ကို ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဝင်ရေးတာပါ။ ခရစ်တော်ကလည်း သူ့ရဲ့နှလုံးသားမှာ ရေးခွင့်ပေး

တာကြောင့် ကျွန်တော်တို့ရဲ့ရာဇဝင်ဟာ ခရစ်တော်ရဲ လက်ဖဝါးမှာ စာထွင်းပြီးသား ဖြစ်ပါ တယ်။ ကျွန်တော်တို့ရဲ့ရာဇဝင်အားလုံး ဘုရားဆီမှာရှိတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မှတ်ထင်တဲ့ ကင်းထောက်၊ တရားစီရင်၊ အပြစ်ပေးဖို့ မှတ်ထားတာ မဟုတ်ပါ ဘူး။ ပုဂ္ဂိုလ်တစ်ဦးက အခြားတစ်ဦးကို ချစ်ကျွမ်းဝင်တဲ့အခါ သူတို့ကို အစဉ်ဂရုစိုက်လို့ ရေးမှတ်ထားတာပါ။

> "အို အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်ပြုတော်မူသောအမှု တည်းဟူသော ကိုယ်တော်၏အံ့ဖွယ်သောအမှုများနှင့် **အကျွန်ုပ်တို့အတွက်ကိုယ်တော်၏အကြံအစည်များသည် များပြားလှပါ၏။ ကိုယ်တော်နှင့်နှိုင်းယှဉ်ရမည့်သူမရှိပါ။ ထိုအမှုတို့ကို အကျွန်ုပ်ထုတ်ဖော်၍ပြောဆိုသောအခါ ရေတွက်မကုန်နိုင်အောင် များပြားလှပါ၏။**" - ဆာလံကျမ်း ၄၀:၅

အဲဒါကြောင့်ပဲ ခရစ်တော်ဘုရားက ပုရိသနဲ့ပြစ်မှားတဲ့အမျိုးသမီးကို ဆွဲလာကြတဲ့ အမျိုးသားတွေရဲ့စိတ်ကို ဖတ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူတို့ရဲ့စိတ်ကိုဖတ်ပြီး ဆင်ခြင်တတ်ကြဖို့ လုပ်ခဲ့တာပါ။ သူတို့ကလည်း ခရစ်တော်ဘုရားရဲ့ရှေ့မှာ ဘာမှဖုံးထားလို့မရကြပါဘူး။ မြေ ပေါ်မှာ ခရစ်တော်ရေးခဲ့တဲ့အကြောင်းက သူတို့ရဲ့သဘောတူညီမှုနဲ့ သူတို့ရဲ့ သန္တာန်မှာ အတူတကွ ရေးခဲ့တဲ့ဟာတွေပါဘဲ။

ဒါကြောင့်မို့ ဘုရားသခင်ဟာ ကောင်းကင်မှာရှိတဲ့စာအုပ်တွေကို ဖွင့်တဲ့အခါမှာ လူသားတွေရဲ့သန္တာန်ကို ဖွင့်ခြင်းဖြစ်ပါတယ်။ ဘုရားဟာ ကျွန်တော်တို့လို စာအုပ်မလိုအပ်ပါဘူး။ ဘုရားရဲ့ပညတ်သည် ရုပ်ဓာတ်မဟုတ်ဘဲ ဝိညာဉ်ပကတိ နာမ်ဓာတ်ဖြစ်ပြီး ကျွန်တော်တို့ အသွေးအသားမှာပေါ်လာတဲ့ အတွင်းသဏ္ဍာန်ကို စီရင်တာပါ။

ဘုရားသခင်ဟာ တရားစီရင်ဖို့၊ အပြစ်ပေးဖို့ ကျွန်တော်တို့ကိုကြိုးမကိုင်ပါဘူး။ ဘုရားသည် ကျွန်တော်တို့ကို မေတ္တာနဲ့ရှုနေပြီး ကောင်းချီးပေးဖို့ဘဲ နေ့စဉ် စဉ်းစားပေးနေပါ

တယ်။ မှတ်တမ်းဟာ ဘုရားရဲ့နှလုံးသားမှာ ဒီလိုဘဲ မှတ်ထားတာပါ။ ကျွန်တော်တို့က အပြစ်လုပ်တဲ့အခါ ကျွန်တော်တို့က ခရစ်တော်ကို သံချွန်နဲ့ အရှင်လတ်လတ် ထိုးကော်နေ ပါတယ်။

> "ရွေ့လျော့ဖောက်ပြန်သောသူတို့သည် **ဘုရားသခင်၏သားတော်ကို** သူတို့ကိုယ်တိုင် **လက်ဝါးကပ်တိုင်ပေါ်၌ပြန်တင်**၍ အရှက်ကွဲစေသောသူများဖြစ်ကြသောကြောင့် သူတို့ကို အသစ်တစ်ဖန်နောင်တရခြင်းသို့မရောက်စေနိုင်ရာ။" - ဟေဗြဲဩဝါဒစာ ၆:၆

ခရစ်တော်ဘုရားရဲ့နှလုံးသားဟာ သံလိုမာမသွားပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့က အပြစ်လုပ်တိုင်းမှာ ခရစ်တော်ကို အတင်းရှုခိုင်းသလိုဖြစ်ပြီး အဲဒါက သူ့ကိုခံရခက်စေပါတယ်။ ခရစ်တော်သည် အပြစ်နဲ့ဘယ်အခါမှာမှ အသားမကျခဲ့တဲ့အတွက် အဲဒီလိုဖြစ်ပျက်တိုင်း ခံစားနေရပါတယ်။ ခရစ်တော်နဲ့ ထိပ်တိုက်တွေ့ကြမယ့်အချိန်ကျရင် ကျွန်တော်တို့ရေးခဲ့တဲ့ မှတ်တမ်းတွေအားလုံးက ကျွန်တော်တို့ကို ပြန်ပြီးအဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။ "ခင်ဗျားကို အပြစ်ဖို့မဲ့လူမရှိဘူးလား" လို့ ခရစ်တော်က မေးလာ လို့ရှိရင် ခင်ဗျားကရော ဘယ်လိုပြန်ဖြေမှာလဲ။ ခင်ဗျားပြောခဲ့တဲ့ စကားအားလုံး၊ အကြံ အားလုံးဟာ ခရစ်တော်ဆီမှာ ရေးထိုးထားတာဖြစ်တဲ့အတွက် သူ့ရှေ့မှာရပ်တဲ့အခါ ခင်ဗျားကိုယ်ခင်ဗျား ဘယ်လိုစီရင်မှာလဲ။ ကျွန်တော်တို့ကြံခဲ့တဲ့အကြံအားလုံး၊ ဖုံးဖိခဲ့တဲ့ အတိတ်မဲတွေအားလုံးကို ပြန်ပြီးရင်ဆိုင်ရတဲ့အခါ အဲဒါတွေက ကျွန်တော်တို့ကို ပြန်ပြီး ဝါးမျိုမှာလား။ ယေရှုကတော့ ကျွန်တော်တို့ကို အရှက်မရစေချင်ပါဘူး။ ယေရှုက ကျွန် တော်တို့ကို ဒီစိတ်မလုံမှုတွေကို လက်လွှတ်စေ၊ သူ့ကိုကုခွင့်ပေးစေလိုပါတယ်။

ဒီဘောင်ဖက်ကနေပြီးတော့မှ ကျွန်တော်တို့ရဲ့ ဖန်ဆင်းရှင်ဘုရားသခင်၊ သူ့ကိုယ်သူ ချစ်ခြင်းမေတ္တာပါလို့ (၁ ယော ၄:၈) မိန့်သူက ကျွန်တော်တို့ကို လက်စတုံးဖို့ ကျွန်တော်တို့ရဲ့အမှားတွေကို မမှတ်ထားပါဘူး။

> "မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် မနာလိုခြင်းမရှိ။ ဝါကြွားခြင်းမရှိ။ မာနထောင်လွှားခြင်းမရှိ။ မလျောက်ပတ်စွာမပြုတတ်။ ကိုယ်ကျိုးကိုမရှာတတ်။ ဒေါသအလွယ်တကူမထွက်တတ်။ **သူတစ်ပါးအပြစ်ကို မှတ်၍မထားတတ်။**" - ကောရိန္သုဩဝါဒစာပထမစောင် ၁၃:၄၊ ၅ (NIV)

ယေရှုဘုရားရဲ့နှလုံးသားမှာ ရေးထိုးထားတဲ့ ကျွန်တော်တို့ရဲ့မှတ်တမ်းနဲ့ စာအုပ်ကြီးထဲမှာ ရေးမှတ်တဲ့ပြစ်မှုတွေ ဘာကွာသလဲ။ ယေရှုသိမ်းထားတဲ့မှတ်တမ်းက သူ့ကိုယ်တွင်းမှာ ရှိပါတယ်။ အရာခပ်သိမ်းက သူ့အပေါ် မှီတည်ကြတဲ့အတွက် ဝမ်းတွင်းပါကြီးလို ဖြစ်နေပါ တယ် (ကောလောသဲ ၁:၁၇)။ မှတ်တမ်းဆိုးတွေသည် အပြင်ကနေလာတာဖြစ်ပြီး နာခြင်း၊ ဝမ်းနည်းခြင်း၊ ပျောက်ရှခြင်း ဆိုတာမျိုးတွေ မခံစားတတ်ပါဘူး။ အသဲမပါတဲ့ အတွက် အသဲမပါတဲ့ သေဒဏ်ပေးခြင်းမျိုးတွေအထိ ရှိတတ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဘနဲ့ သားတော်ဘုရားကတော့ ကျွန်တော်တို့ရဲ့အမှားတွေကို အကြင်နာမပါတဲ့မှတ် တမ်းမရေးဘဲ ခရစ်တော်ရဲ့နှလုံးသားမှာဘဲ မှတ်တမ်းတွေရေးမှတ်ထားပါတယ်။

အဲဒီပဓာနတရားကို ဗျာဒိတ်ကျမ်းအခန်းကြီး (၅) မှာရှိတဲ့ ဘယ်သူမှဖွင့်မရတဲ့စာလိပ်ရုပ်ပုံမှာ တွေ့ရပါတယ်။

> "ထို့နောက် သူတို့သည် သီချင်းအသစ်ကိုသီဆိုလျက် '**ကိုယ်တော်သည် စာလိပ်ကိုယူ**၍ ၎င်း၏တံဆိပ်များကိုဖွင့်**ရန် ထိုက်တန်သောသူဖြစ်ပါ၏။** အကြောင်းမူကား ကိုယ်တော်သည် အသေသတ်ခြင်းခံရ၍ ကိုယ်တော်၏သွေးတော်အားဖြင့် မျိုးနွယ်စု၊ ဘာသာစကား၊ လူမျိုးနှင့် တိုင်းနိုင်ငံအသီးသီးတို့ထဲမှ လူတို့ကို ဘုရားသခင်အတွက် ရွေးနုတ်ဝယ်ယူပြီး သူတို့ကို အကျွန်ုပ်တို့၏ဘုရားသခင်အတွက် နိုင်

ငံတော်တစ်ခုနှင့် ယဇ်ပုရောဟိတ်များဖြစ်စေတော်မူသဖြင့် သူတို့သည် ကမ္ဘာမြေကြီးပေါ်တွင် အုပ်စိုးရကြလိမ့်မည်’ ဟု ဆိုကြ၏။” - ဗျာဒိတ်ကျမ်း ၅:၉၊ ၁၀

ခရစ်တော်ဘုရားဟာ လူ့သမိုင်းစာလိပ်ကို ဖွင့်ဖို့ထိုက်တန်သူ ဖြစ်ပါတယ်။ အကြောင်းကတော့ ကျွန်တော်တို့ဘဝကို သူကိုယ်တိုင်ကူခံစားခဲ့ပြီး အသက်ပါပေးသွားလို့ပါပဲ။

စာရင်းစိစစ်တဲ့ ဘုရားကိုကိုးကွယ်သူများဟာ ကျွန်တော်တို့ နေထိုင်ပုံမှန်သလားလို့ ကင်းထောက်၊ တရားစီရင်၊ သေဒဏ်ပေးဖို့ စာရင်းတွေကိုင်တဲ့ ဘုရားကိုကိုးကွယ်ကြတာပါ။ အနှီဘုရားဟာ စာအုပ်ကြီးမကိုင်တဲ့ ခရစ်တော်မိန့်တဲ့ဘုရား မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ရာဇဝင်ကို သူ့ရဲ့နှလုံးသားမှာရေးမှတ်ထားတဲ့ ကျွန်တော်တို့ရဲ့ ဖန်ဆင်းရှင်ဘုရားရှေ့မှာ ရပ်ကြတဲ့အခါ “ခင်ဗျားကို အပြစ်တင်မယ့်သူ မရှိဘူးလား” လို့ အမေးခံရမှာဖြစ်ပါတယ်။ အဲဒီအခါကျရင် ခင်ဗျားက ဘယ်လိုဖြေမှာလဲ။

## ၁၃။ ငါ့အကြံအစည်သည် သင့်အကြံအစည်နှင့်မတူ

ဒီစာအုပ်ရဲ့အခန်း (၁၁) မှာ မာရ်နတ်က ကျွန်တော်တို့ဟာ ဘုရားမပါဘဲ အသက်ရှိပြီးသား ပါဆိုတဲ့ မုသားဝါစာက ပညတ်တော်သုံးသပ်ပုံကို လုံးလုံးပြောင်းစေပါတယ်လို့ တွေ့ပြီးကြ ပါပြီ။ အခန်း (၂) ထဲမှာလည်း ဘုရားသခင်ရဲ့စီရင်ထုံးဟာ ကျွန်တော်တို့သိတဲ့စီရင်ထုံးနဲ့ မတူကြောင်းကို လေ့လာခဲ့ပါတယ်။ သမ္မာကျမ်းစာထဲမှာ ဘယ်လိုလာသလဲဆိုတာ အသေးစိတ်မလေ့လာခင်မှာ မာရ်နတ်ရဲ့ အမတဘာဝဆိုတဲ့မုသားနဲ့ အဲဒီမုသားက ပညတ် တော်ကို ဘယ်လိုထိုးနှက်သလဲ ဆိုတဲ့အကြောင်းကို အရင်ရှုကွက်ဆင်းကြပါစို့။

၁။ မာရ်နတ်ကတော့ တားမြစ်ထားတဲ့အသီးကိုစားလို့ မသေရပါဘူး၊ ဘုရားနဲ့ တူလာမယ်လို့ ဆိုခဲ့ပါတယ်။ ကမ္ဘာ ၃:၅

၂။ အနှီမုသားက ပညတ်တော်နဲ့ဆိုင်တဲ့ လူ့အမြင်ကိုပြောင်းခဲ့ပါတယ်။ အသက်ရှင်ဖို့အတွက် ဘုရားကို မမှီခိုလို့ရှိရင် ပညတ်တော်ဆိုတာ အလကားဖြစ်ပါပြီ။

၃။ အဲဒါအကြောင့် ဇာတိစိတ်ဟာ ဘုရားရဲ့ပညတ်တော်နဲ့ ဆန့်ကျင်ဖက်ဖြစ်ပြီး ပညတ်တော်အောက်မှာ နေလိုစိတ်မရှိပါဘူး။ ရောမ ၈:၇

၄။ ဘုရားနဲ့အဆက်ပြတ်ခြင်းက လူသားတွေကို ငရဲကျစေပါတယ်။ အကြောင်းကတော့ ဘုရားကသာ အသက်ပိုင်လို့ပါ။ မာရ်နတ်က လူသားတွေကို ဘုရားသခင်ကို သေမင်းလို့ မြင်စေပါတယ်။ လူသားတွေက ဘုရားရဲ့ပညတ်ကို တစ်ဖက်သတ်ပြဋ္ဌာန်းတာလို့ မြင်ကြလို့ရှိရင် ပညတ်ကိုချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ် သတ်မှတ်ပြီးသားလို့ မြင်ခြင်းဟာ ကြောင်းကျိုးသင့်ပါတယ်။ အနှီသဘော သဘာဝကို ကာဣနရဲ့ဖြစ်စဉ်မှာ ကျွန်တော်တို့တွေ့နိုင်ပါတယ်။ ဘုရားက ကြောင်းကျိုးတရားကို ချပြတာဖြစ်ပေမယ့် ကာဣနကတော့

သူ့ရဲ့လက်ရှိအခြေ အနေအသစ်အတွက် ဘုရားကို အပြစ်ပုံချပါတယ်။ ကမ္ဘာ ၄:၁၁-၁၄

၅။ အဲလိုနဲ့ မာရ်နတ်ကလည်း သေခြင်းတရားသည် ဘုရားရဲ့ပညတ်ကို ချိုးဖောက်ခြင်းရဲ့ရလဒ်လို့ တံဆိပ်တပ်ပါတယ်။ မာရ်နတ်က ဘုရားဟာ ဥပဒေကျူးလွန်သူအပေါ် ပြစ်ဒဏ်ပေးသူလို့ ချပြပါတယ်။ သေခြင်းတရားသည် ဘုရားနဲ့လူသား ရဲ့ ရန်သူဖြစ်ကြောင်း၊ စာတန့်အာဏာစက်အောက်မှာရှိတဲ့ လက္ခဏာဖြစ် ကြောင်း ကျွန်တော်တို့သိကြပါတယ်။ ဟေဗြဲ ၂:၁၄၊ ၁ ကော ၁၅:၂၆

၆။ မာရ်နတ်က လူသားတွေဆီမှာ သေခြင်းတရားဟာ ဘုရားက လူသားတွေအပေါ် ပြဋ္ဌာန်းတဲ့ တရားမျှတမှုလို့ ချပြပါတယ်။ သူ့နိုင်ငံရဲ့သရုပ်ကို ဘုရားအပေါ် ပုံမှားရိုက်ပြီး ဘုရားကို သေမင်းဖြစ်အောင် လှည့်လိုက်ပါတယ်။ ဆာလံ ၅၀:၂၁၊ ဆာလံ ၉၄:၂၀

၇။ အခန်း (၃) မှာ ချပြပြီးတဲ့အတိုင်းဘဲ သနားခြင်းဆိုတာဟာ ပြစ်ဒဏ်ကို ဆိုင်းငံ့ဖို့ ပလပ်ဖို့ပေးလိုက်တဲ့ အဖိုးဘာဂဖြစ်ပါတယ်။ မာရ်နတ်ရဲ့စနစ်မှာတော့ သနားခြင်းဆိုတာဟာ အသပြာမပါဘဲ လွတ်ရိုးထုံးစံမရှိပါဘူး (ဟေရှာယ ၅၅: ၁)။ အနှီ စနစ်က “ဘုရားရဲ့တရားမျှတမှု” ကို ယဇ်နဲ့ပူဇော်စေပါတယ်။ တစ်ခုခုလှူခိုင်းပါ တယ်။

၈။ ဘုရားသခင်က လူသားတွေအပေါ် သေဒဏ်ကျင့်သုံးခြင်းက အချိန်ကို တန်ဖိုးကြီးစေပါတယ်။ ဘုရားသခင်သည် ကောင်းလှကြောင်း၊ ဘုရားနဲ့သူစိမ်းဆန်ခြင်း ကို လျှော့ပစ်ကြောင်း၊ ကျွန်တော်တို့ အကျိုးကိုမျှော်ပြီး ကျွန်တော်တို့ရဲ့အပြစ် တွေကို ထောက်ပြခွင့်၊ ကုခွင့်ပေးဖို့ရွေးမှာလားဆိုပြီး ကရုဏာကာလက ကျွန် တော်တို့ကို ပေးထားတာပါ။ နောက်ဆုံးပိတ်

တရားစီရင်ခြင်းကို ကျွန်တော်တို့ရဲ့ ကုသိုလ်နဲ့ ဘုရားသခင်ကို ကျေနပ်အောင်လုပ်မှာလား (သို့) လက်ဝါးကားတိုင် မှာ ပေးဆပ်ခဲ့တာကို စိတ်နှလုံးကြေကွဲစွာနဲ့ လက်ခံမှာလားဆိုတာပြဖို့ အဲဒီ ကာလကိုလည်း ကျွန်တော်တို့ ယဉ်ပါးတဲ့စနစ်နဲ့ဘဲ ချပြပေးထားကြောင်း ကျွန် တော်တို့ နားလည်ကြပါတယ်။ အဓိပ္ပာယ်က ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ရောဂါကို ရှာဖွေ၊ ကုပေးမှာကို ရှောင်ပြေးနေတာကိုဆိုလိုပြီး အဲဒါကြောင့် ကျွန်တော်တို့ရဲ့ဘဝဟာ နာရီလက်တံလိုဘဲ နားရတယ်ကိုမရှိပါဘူး။ တရားစီရင်မှု ရင်ဆိုင်ရာမှာမို့ အချိန်မလောက်၊ ငါတော့သွားပြီဆိုတဲ့စိတ်တွေဟာ အခုတော့ လူဆိုးကို ဒဏ်ပေး၊ လူကောင်းကို ဆုပေးတာပါလားလို့ မြင်လာပါပြီ။

၉။ အနီးအကန့်တွေအားလုံးဟာ ဘုရားသခင်ရဲ့အကြံမဟုတ်ပါဘူး။ ဘုရားရဲ့သနားခြင်း၊ တရားမျှတခြင်း၊ ပြစ်ဒဏ်ပေးခြင်းတွေက ကျွန်တော်တို့ရဲ့ နည်းတွေနဲ့ လုံးလုံးခြားနားပါတယ်။ ထိုထိုမင်္ဂလာတရားတွေဟာ ကျွန်တော်တို့ရဲ့ မသိစိတ်မှာ ဖြစ်ပျက်နေတဲ့ ဘုရားအလိုမရှိတရား၊ ဘုရားသည် ခြယ်လှယ်လွှန်းသူကြီးပါ ဆိုတဲ့မုသားကို လက်ခံခြင်းကြောင့် ပျက်စီးခဲ့ပါတယ်။

အနီဂယက်က ကျွန်တော့်ရဲ့ဘဝမှာ ဘယ်လောက်ရိုက်ခတ်သလဲဆိုတာ ညဥ့်အချိန် သင်္ဘောနှစ်စီး မျက်နှာချင်းဆိုင်ကြတဲ့သာဓကနဲ့ ကောင်းကောင်းနှိုင်းပြထားပါတယ်။ တစ် ဖက်သင်္ဘောက လမ်းဖယ်ပေးဖို့ သတင်းပို့ပါတယ်။ တစ်ဖက်က "နိုးပါ၊ အတိုက်မခံချင်ရင် နင်တို့စရှောင်" လို့ ပြန်ဖြေပါတယ်။ သင်္ဘောမာလိန်မှူးကလည်း တစ်ဖက်ကို မင်းတို့လမ်း ကြောင်းပြောင်းပါ မဟုတ်ရင် အကြောင်းသိမယ်လို့ ခြောက်ပါတယ်။ တစ်ဖက်က "ဒါက မီးပြတိုက်ပါ" လို့ ပြန်ဖြေပါတယ်။

လူသားတွေက ကျွန်တော်တို့သည် အမတဘဝပန်ဆင်သူ၊ ဘုရားဖြစ်တယ်ဆိုတဲ့မုသားကို ရင်မှာပိုက်ကြတဲ့အခါ ဘုရားသခင်အပေါ် ကျွန်တော်တို့ရဲ့ဆက်ဆံပုံ ပြောင်းသွားပါရော။ ဘုရားဟာ ကျွန်တော်တို့နဲ့ အဆင့်တူတယ်လို့မှတ်ရော။ ကျွန်တော်တို့လမ်းပျောက်ပြီး မပျက်စီးရအောင် ပြပေးတဲ့အလင်းကိုလည်း အဆိုးမြင်ပြီး မီးပြတိုက်ကိုတိုက်ဖို့ လုပ်ရော ပဲ။ သဘောကလည်း အခြားဖက်ကမီးဟာ ဘာလဲဆိုတာသိတဲ့အခါကျမှ အမြင်ပြောင်းပြီး သမ္မာဒိဋ္ဌိကျစွာ ချက်ချင်းနားလည်ပါတော့တယ်။

> "အမှုရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ ရှေ့တော်မှ စေလွှတ်သော ကောင်းကင်တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်း ရွေးနုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။ သူတို့သည် လည်း ပုန်ကန်၍၊ သန့်ရှင်းသော ဝိညာဉ်တော်ကို နာစေကြ၏။ ထိုကြောင့်၊ သူတို့ ကို ရန်ဘက်ပြု၍ စစ်တိုက်တော်မူ၏။" - ဟေရှာယ ၆၃:၉၊ ၁၀

တရားစီရင်ခြင်းကိစ္စမှာလည်း ဒီလိုပါပဲ။ ဘုရားသခင်ဟာ ဒီပုပ်ထဲကဒီပဲဖြစ်မှာပါလို့ ကျွန် တော်တို့က မှတ်ကြပါတယ်။ ဘုရားသခင်ကို ကျွန်တော်တို့လိုပဲ တရားစီရင်၊ အပြစ်ပေး မယ်လို့ မှတ်ကြပါတယ်။ အမှန်တော့ ဘုရားရဲ့အကြံအစည်က ကျွန်တော်တို့ အကြံအစည် လို မဟုတ်ပါဘူး။

ပသို့ဆိုစေ ကျွန်တော်တို့ရဲ့ဖြစ်တည်မှုကို အမှန်မြင်နိုင်ဖို့အတွက် ဘုရားသခင်က ဒီလို စီရင်မှာပဲလို့ ကျွန်တော်တို့မှတ်တဲ့အတိုင်း မှတ်ခွင့်ပေးပါတယ်။ ကျွန်တော်တို့ရဲ့ အမှတ် အတိုင်း ဘုရားကမစီရင်လို့ရှိရင် ဘုရားကို တရားတယ်လို့ မှတ်ကြမှာမဟုတ်လို့ပါ။

အသက်နဲ့ပတ်သက်ပြီး မာရ်နတ်က မုသားဆိုခဲ့တဲ့အတွက် ကျွန်တော်တို့က ဇာတိ၊ မရ ဏာ၊ ပြစ်ဒဏ် စတာတွေဟာ ဘုရားကနေမြစ်ဖျားခံတယ်လို့ မှတ်တဲ့အတွက် ဘုရားဟာ အဲဒီလိုမဟုတ်ကြောင်းနဲ့ ကျွန်တော်တို့ကို သူ့ဖက်ကို ဆွဲခေါ်ကြောင်းပြဖို့ လိုလာပါရော။

ဘုရားဟာ မတရားဘူး၊ မမှန်ဘူးလို့မမြင်ရအောင်လို့ ကျွန်တော်တို့နဲ့တူကြောင်း လာပြီး ပြဖို့လိုပါရော။

ဘုရားသခင်ရဲ့တရားစီရင်ခြင်းဆိုတာက ကောင်းဖို့အတွက်ပါ။ ပြစ်ဒဏ်၊ သေဒဏ်ပေးဖို့ မဟုတ်ပါဘူး။

> "ထိုအခါ ယေရှုက **'ငါသည်** မမြင်သောသူတို့ကိုမြင်စေ၍ မြင်နေသောသူတို့ကို မျက်စိကွယ်စေရန်ဟူသော **တရားစီရင်ခြင်းအတွက် ဤလောကသို့ကြွလာ၏'** ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၉:၃၉

ယေရှုဘုရား တရားစီရင်ခြင်းရဲ့အကျိုးက အဝိဇ္ဇာအမှောင်ဖုံးရာကနေ အလင်းရဖို့ပါ။ ဒီဟာသည် ကုစားခြင်းအရင်းခံတဲ့ တရားစီရင်ခြင်း ဖြစ်ပါတယ်။ ယေရှုက သူရဲ့စီရင်ထုံးဟာ လူတွေကို ကန်းစေပါတယ်လို့ မှတ်ကြသူတွေကို ကန်းစေမှာဖြစ်ပါတယ်။ ဆိုလိုတာက သူတို့ဟာ ကန်းခဲ့ကြောင်းကို မြင်တတ်သွားကြလို့ပါ (ဗျာဒိတ် ၃: ၁၇)။ ဒါပေမယ့် ယေရှု ဘုရားက ဘာဖြစ်လို့ သူတို့ဟာ ကန်းကြပါတယ်လို့ ဝန်ခံစေချင်ရတာလဲ။ ဒါဟာ ပျောက် ကင်းဖို့ပါ။ အလင်းရစေခြင်းဟာ သူ့ရဲ့လုပ်ငန်းတစ်ခုဖြစ်ကြောင်း ယေရှုကပြခဲ့ပါတယ်။

> "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ကောင်းမြတ်သောသတင်းကိုဟောပြောစေရန် ကိုယ်တော်သည် ငါ့ကိုဘိသိက်ပေးတော်မူ၍ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသောသူတို့အား လွတ်မြောက်ခြင်းအကြောင်းနှင့် **မျက်မမြင်တို့အား မျက်စိပြန်မြင်ခြင်းအကြောင်း**ကို ဟောပြောစေရန်လည်းကောင်း၊ ညှဉ်းဆဲခံရသောသူတို့ကို လွတ်မြောက်ရာသို့ပို့ဆောင်ရန်လည်းကောင်း၊" - ရှင်လုကာခရစ်ဝင် ၄:၁၈

ကန်းမှန်းသိကြတဲ့လူတွေပဲ ပြန်မြင်ကြမှာဖြစ်ပါတယ်။ အဲဒီပြန်လည်ကုစားခြင်းနိယာမကို ဓမ္မဟောင်းကျမ်းထဲမှာ အများကြီးတွေ့ရပါတယ်။

"**ထာဝရဘုရားသည် တရားသူကြီးကိုပေါ်ထွန်းစေသောအခါ သူနှင့်အတူရှိ၍၊ သူ့လက်ထက်ပတ်လုံး ဣသရေလလူတို့ကို ရန်သူ၏လက်မှ ကယ်လွှတ်တော်မူ၏။** အကြောင်းမူကား သူတို့သည် နှောင့်ရှက်ညှဉ်းဆဲခြင်းကို ခံရ၍ မြည်တမ်းကြသောအခါ ထာဝရဘုရားသည် နှောင်တရတော်မူ၏။" - တရားသူကြီးမှတ်စာ ၂:၁၈

တရားသူကြီးများရဲ့စီရင်ပုံတွေ အလုံးစုံမပြည့်စုံခဲ့ပေမယ့် ဖိနှိပ်ခြင်းကနေ ကယ်ထုတ်လိုတဲ့ ရည်သန်မှုကိုတော့ မြင်ရပါတယ်။ ဟေရှာယကျမ်းဆိုလည်း တရားစီရင်ခြင်းအားဖြင့် ကယ်ထုတ်မဲ့ဆောင်ပုဒ်ကို ချပြပါတယ်။

"သင်၏ တရားသူကြီးတို့နှင့် တိုင်ပင်မှူးမတ်တို့ကို ရှေ့ဦးစွာခန့်ထားသည်နည်းတူ၊ တစ်ဖန်ငါခန့်ထားဦးမည်။ ထိုနောက်မှ၊ သင်၏နာမကို တရားသောမြို့ သစ္စာစောင့်သောမြို့ဟု သမုတ်ကြလိမ့်မည်။ ဇိအုန်မြို့သည် တရားအားဖြင့်၎င်း၊ မြို့သူမြို့သားတို့သည် ဖြောင့်မတ်သောအာဖြင့်၎င်း၊ ရွေးနုတ်ခြင်းကို ခံရကြလိမ့်မည်။" - ဟေရှာယ ၁:၂၆၊ ၂၇

"ငါ၏ဖြောင့်မတ်ခြင်းတရားသည် အနီးမှာရှိ၏။ ငါ၏ကယ်တင်ခြင်းတရားသည် ထွက်သွားပြီ။ ငါ့လက်ရုံးသည် လူတို့တွင် တရားမှုကို စီရင်လိမ့်မည်။ တစ်ကျွန်းတစ်နိုင်ငံသားတို့သည် ငါ့ကို မြော်လင့်၍၊ ငါ့လက်ရုံးကို ကိုးစားကြလိမ့်မည်။" - ဟေရှာယ ၅၁:၅

ဘုရားသခင့်တရားစီရင်လိုပုံဟာ ကယ်ဖို့၊ ကုဖို့၊ နေရာချပေးဖို့ဖြစ်ပြီး၊ သေဒဏ်ပေးဖို့မဟုတ်ကြောင်း သမ္မာကျမ်းစာက ချပြပါတယ်။ အဲဒါကလည်း ကျွန်တော်တို့က ကိုယ့်အဖြစ်ကို ကိုယ့်ဟာကိုယ် ကိုင်တွယ်မဲ့အစား ဘုရားလက်အပ်မှဖြစ်လာမှာ ဖြစ်ပါတယ်။ အဲဒီ လိုလုပ်ပြီးမှသာ ဖေးမဖို့တောင်းခံနိုင်ပြီး ပြောင်းလဲနိုင်မယ်လို့ ယုံကြည်စိတ်ထားရပါမယ်။

တရားစီရင်တဲ့အခါမှာ ဘုရားသခင်က ကျွန်တော်တို့ကို ဘယ်လိုကယ်မှာလဲဆိုတာ ရှင်းပြဖို့အတွက် ဗိမာန်တော်အကြောင်းကို ကျွန်တော်တို့ အာရုံပေးဖို့လိုပါတယ်။ အကြောင်း ကတော့ ဗိမာန်တော်က ဘုရားသခင်ရဲ့ လုပ်ငန်းစဉ်တွေကို တစ်ဆင့်ချင်းချပြလို့ပါ။

## ၁၄။ အိုဘုရားသခင် ကိုယ်တော်၏လမ်းသည် ဗိမာန်တော်မှာရှိပါတယ်

ပြီးခဲ့တဲ့အခန်းမှာ ဘုရားနဲ့ပုထုဇဥ်အကြား ချောက်ကြီးခြားထားမှုကို နှီးနှောပြီးခဲ့ပါပြီ။ မာရ်နတ်ရဲ့ပယောဂကြောင့် ပုထုဇဥ်တို့ဟာ အမှောင်တိုက်ထဲရောက်သွားပါတယ်။ ဘုရား သခင်က ကျွန်တော်တို့ရဲ့ အမှတ်မှားမှုကို ဘယ်လိုတည့်မှတ်ပေးခဲ့သလဲ။ ဘုရားရဲ့သိက္ခာ ပုဒ်စစ်ကို အမှန်သိအောင် ဘုရားရဲ့အတွေးမျိုး ကျွန်တော်တို့ ဘယ်လိုပြန်ပြီးရခဲ့သလဲ။

> "ယေရှုက '**ငါသည် လမ်း၊ သမ္မာတရားနှင့် အသက်ဖြစ်၏။** ငါ့ကိုအမှီမပြုလျှင် မည်သူမျှ ခမည်းတော်ထံသို့မရောက်နိုင်ရာ။'" - ရှင်ယောဟန်ခရစ်ဝင် ၁၄:၆

ယေရှုဘုရားသည် ခမည်းတော်ဆီရောက်မယ့်လမ်း၊ ခမည်းတော်ကိုပြတဲ့ဓမ္မစစ်၊ ခမည်း တော်ရဲ့အသက် ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ခရစ်တော်ကြောင့် ဘုရားသခင်ဆီ ပြန် လှည့်နိုင်ရခြင်း ဖြစ်ပါတယ်။ "လမ်း" ဟာ ဂရိဝေါဟာရမှာ hodos G3598 ဖြစ်ပြီး၊ အဓိပ္ပာယ်က မဂ္ဂင် ဖြစ်ပါတယ်။ ဂရိဓမ္မဟောင်းကျမ်းထဲမှာလည်း ဒီဝေါဟာရဘဲ သုံးထား ပါတယ်။

> "**အို ဘုရားသခင်၊ ကိုယ်တော်၏လမ်း**သည် ဗိမာန်တော်၌ ရှိပါ၏။ မည်သည့်ဘု ရားသည် ဘုရားသခင်ကဲ့သို့ ကြီးမြတ်သနည်း။" - ဆာလံကျမ်း ၇၇:၁၃

ဘုရားသခင်က ကျွန်တော်တို့ဆီလာနိုင်၊ နေနိုင်ဖို့အတွက် ဗိမာန်တော်ဆောက်ခဲ့ပါတယ်။

> "ငါသည် သင်တို့တွင်ကျိန်းဝပ်ရာဘို့ သန့်ရှင်းရာဌာနကိုလုပ်ကြစေ။" - ထွက် မြောက်ရာကျမ်း ၂၅:၈

ဗိမာန်တော်မဂ္ဂင်သည် ကျွန်တော်တို့ရဲ့ ကျောက်သဘော်နှလုံးသားကို မံသနှလုံးသား ဖြစ်အောင်လုပ်ခြင်းပါ။

"စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကို ပေးမည်။" - ယေဇကျေလ ၃၆:၂၆

ဗိမာန်တော်မှာသုံးတဲ့ ပုံဆောင်မှုတွေကလည်း ဘုရားသခင်နဲ့ ကျွန်တော်တို့ ပြန်လည်ရင်ကြားစေနိုင်ရေးအတွက်ချည်းပါဘဲ။

အနီးဗိမာန်တော်ရဲ့အခင်းအကျင်းကို အနုလုံပဋိလုံ စဉ်းစားကြပါစို့။






အပြစ်သားဟာ ဗိမာန်တော်ကို မုခ်ဝကနေ ဝင်ရပါတယ်။ အသန့်ရှင်းဆုံးအခန်းဆိုတာက ဗိမာန်တော်မဂ္ဂင်မှာ ဘုရားသခင်ကျိန်းတဲ့အရပ် ဖြစ်ပါတယ်။

ဗိမာန်တော်မှာ ကဏ္ဍအများကြီးရှိပါတယ်။[23] ကျွန်တော်တို့ကတော့ ပရိဝုဏ်ကနေ အသန့်ရှင်းဆုံးအခန်းရောက်ပုံကိုပဲ အာရုံပေးကြရအောင်ပါ။

ပထမအနေနဲ့ ဗိမာန်ပရိဝုဏ်ထဲက ပရိဘောဂအားလုံးဟာ ကြေးဝါနဲ့ကွပ်တာချည်းပါဘဲ။ သန့်ရှင်းရာအခန်းထဲက ပရိဘောဂတွေကိုတော့ ရွှေသား (သို့) ရွှေနဲ့ကွပ်ထားပါတယ်။[24] သတ္တုမတူတော့ခြင်းက အရည်အသွေးကွာခြားမှုကို ပြပါတယ်။ ဘုရားသခင်ကို သိလာကြတဲ့လူတွေလည်း သီလစင်ကြယ်လာရမယ်ဆိုတဲ့ ပုံဆောင်မှုပါ။ ကြေးဝါဆိုတာက

[23] အကျယ်ထပ်သိချင်လို့ရှိရင် fatheroflove.info မှာရနိုင်တဲ့ *Life Matters* အခန်း (၁၅) ကိုရှု။

[24] အကျယ်ထပ်သိချင်လို့ရှိရင် fatheroflove.info မှာရနိုင်တဲ့ *ကားတိုင်တော်အား ဆန်းစစ်ခြင်းနှင့် ကားတိုင်တော်အား တွေ့ဆုံခြင်း* အခန်း (၈) ကိုရှု။

ကြေးနီနဲ့သွပ် ပေါင်းစပ်တာပါ။ ကြေးဝါဟာ လူ့လက်ရာဖြစ်ပါတယ်။ ဘုရားဖန်ဆင်းထား တဲ့ မူလခဲမဟုတ်ပါဘူး။

> "ဇိလသည်လည်း၊ သားတုဗလကာဣနကို ဖွားမြင်လေ၏။ သူသည် ပန်းတဉ်းသမား၊ ပန်းပဲသမားအပေါင်းတို့၏ဆရာဖြစ်လေ၏။ တုဗလကာဣန၏နှမကား၊ နေမအမည်ရှိ၏။" - ကမ္ဘာဦးကျမ်း ၄:၂၂

ဘုရားကတော့ ကြေးဝါကို မိုက်ထုတ်သင့်တဲ့ မလလို့ မိန့်ခဲ့ပါတယ်။

> "အချင်းလူသား၊ ဣသရေလအမျိုးသည် ငါ့ရှေ့မှာ ချော်ဖြစ်လေပြီ။ ထိုသူအပေါင်း တို့သည် မိုက်ထဲ၌ ထည့်သော **ကြေးနီ၊ ကြေးဖြူ၊ သံ၊ ခဲ**ကဲ့သို့ ငွေနှင့်ကွာသော ချော်ဖြစ်ကြ၏။" - ယေဇကျေလ ၂၂:၁၈

ယဇ်ပလ္လင်ဟာ ယဇ်ကောင်ပူဇော်တဲ့နေရာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အပြစ်အတွက် လက်ဝါးကားတိုင်မှာ ခရစ်တော်သေမှာကို ပုံဆောင်ပါတယ်။ သခင်ခရစ်တော်ရဲ့ ပေးဆပ် ခြင်း ပုံဆောင်တဲ့ယဇ်ကို ကြေးဝါပလ္လင်ပေါ်မှာ ပြုလုပ်ရခြင်းက ရင်ကြားစေ့နိုင်ရေးအ တွက် ဘုရားသခင်က *လူ့ဉာဏ်စဉ်* ကို ထည့်သွင်းစဉ်းစားပေးကြောင်း ပြပါတယ်။

လူသားတွေက သူတို့သေရခြင်းဟာ ဘုရားက လူသားတွေရဲ့အပြစ်ကို ဒီလိုစီရင်လို့ ဖြစ်ရတာလို့ အပြစ်ပုံချတဲ့အခါ ဘုရားသခင်ကလည်း လူ့အတွက် အစားထိုးမှု ပြုလုပ်ပေးရပါတယ်။ လူသားက ဘုရားရဲ့ကရုဏာကို လက်ခံဖို့ ဘုရားက သူ့ရဲ့ဂုဏ်လည်း ထိန်းဆဲဖြစ်လို့ ကျေနပ်မှုရတယ်လို့ယုံဖို့ လူသားအတွက် တစ်ခုခုနဲ့ပေးဆပ်ဖို့လိုပါတယ်။ ယဇ်ကို ဖြည့်ဆည်းပေးရာမှာ ဘုရားကလည်း လူသားတွေက ဘာစဉ်းစားကြောင်း၊ ဘုရားသခင်က သူ့အပေါ် ကရုဏာရှိကြောင်းယုံဖို့ လူသားမှာဘာလိုအပ်ကြောင်း ပြပါတယ်။ အဲဒီ ဆင်ခြင်မှုမှာ လူသားဖက်ကတော့ သိနိုင်၊ မသိနိုင်၊ လုံးလုံးမသိ ဆိုတဲ့ဖြစ်နိုင်ချေတွေ ရှိပါတယ်။ တစ်ခုခုကတော့ ရှိကိုရှိပါတယ်။ အဲဒါကတော့ လူ့ဗီဇပဲ ဖြစ်ပါတယ်။ ဗိမာန်

တော်မှာရှိတဲ့ ပရိဘောဂအားလုံးက ခမည်းတော်နဲ့ ပြန်လည်သင့်မြတ်နိုင်ဖို့ လူ့အတွေး တွေကို ထောက်ပြပေးတာချည်းပါပဲ။

လူသားတွေ အဓိကရှုရမယ့်အကြောင်း (၂) ခုက အပြစ်ပေးခြင်းနဲ့ သေဒဏ်ပေးခြင်း ကိစ္စကို ပြန်ပြီးရင်ကြားစေ့ရေး ဖြစ်ပါတယ်။

> "ထို့ပြင် ဆုကျေးဇူးသည် တစ်ယောက်သောသူက အပြစ်ပြုသောကြောင့် ဖြစ်လာသည့်အရာကဲ့သို့မဟုတ်ပေ။ **အကြောင်းမူကား ကျူးလွန်သောအပြစ်တစ်ခုကြောင့် ဖြစ်လာသည့် တရားစီရင်ခြင်းသည် ပြစ်ဒဏ်စီရင်ခြင်းသို့ရောက်စေ၏။** သို့သော် ကျူးလွန်သောအပြစ်များစွာကြောင့်ဖြစ်လာသည့် ဆုကျေးဇူးမူကား ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းသို့ရောက်စေ၏။ **အကြောင်းမူကား တစ်ယောက်သောသူကျူးလွန်သည့်အပြစ်ကြောင့် သေခြင်းသည် ထိုသူတစ်ယောက်အားဖြင့် စိုးမိုးခဲ့လျှင်** ကျေးဇူးတော်နှင့်ဖြောင့်မတ်ခြင်း၏ကောင်းချီးလက်ဆောင်ကို ကြွယ်ဝစွာခံစားရသောသူတို့သည် တစ်ယောက်သောသူတည်းဟူသော ယေရှုခရစ်တော်အားဖြင့် အသက်ရှင်ခြင်း၌ ပို၍ပင် စိုးမိုးရကြလိမ့်မည်။" - ရောမသြဝါဒစာ ၅:၁၆၊ ၁၇

အပြစ်ပုံခြင်း၊ သေခြင်းတရားစိုးမိုးစေသူဟာ အာဒံဖြစ်ပါတယ်။ အာဒံက ဘုရားသခင်ဟာ သူ့ကိုအပြစ်ပေးလို၊ သေစေလိုတယ်လို့ မှတ်ခဲ့ပါတယ်။ အဲဒါကြောင့် ဗိမာန်တော်မှာ (၂) ကန့်ရှိကြောင်း လူသားတွေကို ချပြဖို့လိုနေပါတယ်။ ဗိမာန်တော် ပရိဝုဏ်ဟာ စတုရန်း (၂) ကွက်စပ်တဲ့ ထောင့်မှန်စတုဂံ ဖြစ်ပါတယ်။ ပထမစတုရန်းအကွက်ရဲ့ အလယ်မှာ ယဇ်ပူဇော်ဖို့ပလ္လင်ရှိပြီး၊ ဒုတိယစတုရန်းကွက်ရဲ့အလယ်မှာ ပဋိညာဉ်သေတ္တာ ရှိပါတယ်။

| ယဇ်ပလ္လင် | ပဋိညာဉ်သေတ္တာ |
| --- | --- |
| မရဏာ | ပြစ်ဒဏ်စီရင်ခြင်း |

ယဇ်ပလ္လင်ပေါ်မှာ ယဇ်ကောင်ကို နေ့တိုင်းပူဇော်ပါတယ်။ အပြစ်ဖြေရာနေ့မှာလုပ်တဲ့ တရားစီရင်ခြင်းက တစ်နှစ်မှာတစ်ခါဘဲ လုပ်ပါတယ်။

> "သတ္တမလ၊ ဒသမနေ့သည်လည်း အပြစ်ဖြေရာနေ့၊ ဓမ္မစည်းဝေးခြင်းကို ပြုသောနေ့ဖြစ်၏။ ခြိုးခြံစွာကျင့်ရမည်။ ထာဝရဘုရားအားမီးဖြင့်ပြုသော ပူဇော်သကာကိုဆက်ကပ်ရမည်။ ထိုနေ့၌ အဘယ်အလုပ်ကိုမျှ မလုပ်ရ။ သင်တို့ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ကိုယ်အပြစ်ဖြေခြင်းကို ပြုရသောနေ့ဖြစ်၏။ ထိုနေ့၌ ခြိုးခြံစွာမကျင့်သောသူမည်သည်ကား မိမိအမျိုးမှပယ်ရှင်းခြင်းကို ခံရမည်။ ထိုနေ့၌ အလုပ်တစ်စုံတစ်ခုကိုလုပ်သောသူ မည်သည်ကို၊ သူ၏အမျိုးမှ ငါပယ်ရှားဖျက်ဆီးမည်။" - ဝတ်ပြုရာကျမ်း ၂၃:၂၇-၃၀

ဝတ်ပြုရာကျမ်းထဲက ပြဌာန်းထားတဲ့အချက်များဟာ ဘုရားသခင်က တရားစီရင်တဲ့အခါ ဒီလိုလုပ်မှာဘဲဆိုတဲ့ လူသားတွေရဲ့စိတ်ကူးစိတ်သန်း ဖြစ်ပါတယ်။ အာဒံက ဒီကမ္ဘာကို တရားစီရင်ခြင်း၊ အပြစ်ပေးခြင်း၊ သေခြင်းတွေကို ရောက်စေခဲ့သူပါ။ ဗိမာန်တော်ဆိုတာ က ကျွန်တော်တို့ဘာစိတ်ကူးပြီး၊ ကိုယ့်စိတ်ကူးကို ယေရှုဘုရားရဲ့အသက်တာနဲ့ ချိန်ထိုး၊ အဲဒီနောက် ကျွန်တော်တို့ရဲ့အတွေးက မှားပါလားဆိုတာ ပြဖို့ဖြစ်ပါတယ်။ ရင်ကြားစေ့ ရေးက ဒီလိုလုပ်ဆောင်သွားတာပါ။

ကျွန်တော်တို့ရဲ့အမှားကိုပြ၊ အဲဒီကနေ နောင်တရ၊ အပြစ်ကနေ လွတ်ကြတာပါ။ အနီအဆင့်တွေက ရင်ကြားစေ့ရေးကို ပြီးမြောက်စေပါ တယ်။

ဘာသာအများစုကလည်း ဘုရားသခင်ဟာ အပြစ်ဖြေရာနေ့မှာ အသန့်ရှင်းဆုံးအခန်းကနေ ယဇ်တွေပူဇော်ဖို့အမိန့်ပေး၊ တရားသူကြီးလို နေတယ်လို့မှတ်ကြတဲ့အတွက်ကြောင့် ဘုရားသခင်ဟာ ဒါမျိုးဘဲဖြစ်မှာပါလို့ မှတ်ကြပါတယ်။ ဒီအမှတ်က မှားပါတယ်။ ဘုရားသခင်ဟာ ယေရှုဘုရားနဲ့ ထပ်တူပါဘဲ … ပညတ်တော်မှာ ပြဋ္ဌာန်းတာတွေသည် ကျွန်တော်တို့ဟာ ဘာလဲဆိုတာ ပြခြင်းသာဖြစ်ပါတယ်။ ဒါတွေကိုမြင်ပြီးနောင်တရဖို့ ဘုရားက ချပြခြင်းဖြစ်ပါတယ်။

ဘုရားသခင်က ကျွန်တော်တို့ကို ကာဣနရဲ့မျိုးဆက်ရဲ့လက်ရာ သတ္တုစပ် ကြေးပလ္လင်မှာလာပြီးတွေ့ပါတယ်။ ဘုရားသခင်က ယဇ်ကိုမတောင့်တဖူးပါဘူး။ ကျွန်တော်တို့ ဗီဇကိုပြဖို့ ပူဇော်ခိုင်းတာပဲရှိတာပါ။ ဘုရားသခင်က ကျွန်တော်တို့ကို ခွင့်မလွှတ်ခင်မှာ ပစားဖို့လိုတယ်လို့ ကျွန်တော်တို့က မှတ်နေတာပါ။ သွေးမစွန်းဘဲနဲ့တော့ ကျွန်တော်တို့ကို ခွင့်လွှတ်မှာ မဟုတ်ဘူးလို့ ယုံနေကြတာပါ။ ဒါကတော့ ရုပ်တုကိုးကွယ်ကြတဲ့ဘာသာရဲ့ အံ့ဖွယ်ခံယူချက်ပါ။ အဲဒါကို ကျွန်တော်တို့က သဘောမပေါက်နိုင် ဖြစ်ကြတာပါ။ အဲဒီ ယဇ်ပူဇော်ခြင်းတွေကနေ ကျွန်တော်တို့ရဲ့ အဖြစ်ဆိုးကို ဘုရားကပြတာဖြစ်ပြီး တစ်ချိန်ထဲမှာပဲ အနီကြေးဝါပလ္လင်အားဖြင့် လူညာဏ်စဉ်က ကျွန်တော်တို့ဟာ ခွင့်လွှတ်ခြင်းရနိုင်ကြောင်း ချပြပါတယ်။

ဘုရားသခင်က ဘယ်သူ့ကိုမှ တရားမစီရင်ပါဘူး (ရှင်ယောဟန် ၅:၂၂; ၈:၁၅)။ ဒါပေမယ့် အနီခမ္မနဲ့အခမ္မတိုက်လှန်ပွဲကြီး အဆုံးသတ်ဖို့၊ ဘုရားကဒီလိုလုပ်ဖို့ လိုတယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့အမှတ်ကိုပြဖို့ ကျွန်တော်တို့ကို သူ့အပေါ် ဒီလိုမှတ်ခွင့်ပေးထားပါတယ်။ ကျွန်တော်တို့ရဲ့ ဗီဇကတော့ ဘုရားသခင်က ကျွန်တော်တို့နောင်တရဖို့အတွက် အချိန်ပေးကိုပေးရမယ်၊ နိဂုံးမှာ နားမထောင်တဲ့လူတွေကို သေဒဏ်ပေးမယ်ဆိုတဲ့စိတ် ရှိကြပါတယ်။

ဗိမာန်တော်ဟာ လူသားတွေကို ဘုရားဆီပို့တာလို့ ကျွန်တော်တို့က မှတ်တတ်ကြလို့ ရှိရင် ဒီလုပ်ငန်းစဉ်တွေက ဘုရားကိုမပုံဆောင်ကြောင်း လက်ခံမှာဖြစ်ပြီး၊ ဘုရားဟာ ကျွန်တော်တို့ရောက်ရာအရပ်ဆီကို လာချင်ပါလားဆိုတာကို သဘောပေါက်မှာ ဖြစ်ပါတယ်။

ဗိမာန်တော်မှာ ကြေးဝါနဲ့တန်ဆာဆင်ထားတဲ့ပရိဝုဏ်၊ သန့်ရှင်းရာဌာန၊ အသန့်ရှင်းဆုံးဌာန ဆိုပြီးရှိပါတယ်။ ဘုရားသခင်ကို ပရိဝုဏ်နဲ့ မပုံဆောင်ထားပါဘူး။ လူသားကိုဘဲ ပုံဆောင်ပါတယ်။ ဒီအချက်မှန်ကြောင်း ဘုရားသခင်က တစ်ချိန်တစ်ခါတုန်းက လူတွေကို ဗိမာန်တော်ပရိဝုဏ်ကနေ ထွက်သွားကြဖို့ မိန့်ခဲ့တဲ့ဖြစ်စဉ်က သက်သေဖြစ်ပါတယ်။

> "တစ်ဖန် လှံတံနှင့်တူသော ကျူပင်တစ်လုံးကို ငါ့အားပေး၍ ငါ့ကို ပြောဆိုသည်ကား၊ ထလော့။ ဘုရားသခင်၏ ဗိမာန်တော်နှင့်ယဇ်ပလ္လင်ကို တိုင်းလော့။ ဗိမာန်တော်၌ ကိုးကွယ်သော သူတို့ကိုလည်း ရေတွက်လော့။ **ဗိမာန်တော်တံတိုင်းကို မတိုင်းနှင့်၊ ပယ်ထားလော့။ တစ်ပါးအမျိုးသားတို့၌ အပ်ပေးပြီ။** သူတို့သည် သန့်ရှင်းသော မြို့တော်ကို၊ လ လေးဆယ်နှစ်လပတ်လုံး နင်းကြလိမ့်မည်။" - ဗျာဒိတ်ကျမ်း ၁၁:၁၊၂

သန့်ရှင်းရာဌာနက ဘုရားသခင်ကို အကုန်အစင် မပုံဆောင်ပါဘူး။ အကြောင်းကတော့ အသန့်ရှင်းဆုံးဌာနကသာ ဘုရားသခင်ကို အစဉ်ပုံဆောင်လို့ပါ။ ဘုရားသခင်ဟာ တစ်နေရာမှာ သန့်ရှင်း၊ နောက်တစ်နေရာမှာ အသန့်ရှင်းဆုံး ဖြစ်နိုင်မှာလဲ။ သန့်ရှင်းရာဌာနသည် ဓမ္မစစ်သို့ရင့်သန်လာတဲ့ လူသားတွေရဲ့အဖြစ်ကို ပုံဆောင်ပါတယ်။ ဘုရားသခင်ရဲ့သိက္ခာစစ်စုံကိုပြခြင်း မဟုတ်ပါဘူး။ အသန့်ရှင်းဆုံးဌာနတောင်မှ ဘုရားသခင်ရဲ့သိက္ခာစစ်စုံကို တိကျစွာမပြပါဘူး။ အကြောင်းကတော့ ဘုရားသခင်ဟာ ပူဇော်ခြင်း၊ မီးရှို့ရာယဇ်တွေကို မတောင့်တလို့ပါ (ဆာလံ ၄၀:၆၊ ဟောရှေ ၆:၆)။ အဲဒီဟာတွေအားလုံးက လူ့စိတ်ဖြေရာ တွေပါပဲ။ အဲဒီဝိနည်းတွေက ကျွန်တော်တို့ဟာ

ဘာနဲ့တူကြောင်းပြတာဖြစ်ပြီး သခင်ခရစ် တော်ဟာ ဘယ်လိုမျိုးလည်းဆိုတာကို ကျွန်တော်တို့နဲ့နှိုင်းဖို့ဖိတ်ပြီး ကွာကြောင်းတွေ့တဲ့ အခါ နောင်တရဖို့ဖိတ်ခေါ်ပါတယ်။

ကျွန်တော် ဆယ်ကျော်သက်နှောင်းပိုင်းမှာပေါ့ ကျွန်တော်အလွန်စိတ်မလုံနိုင်စရာတစ်ခု ကို လုပ်မိခဲ့ပါတယ်။ အဲဒါက ကျွန်တော့်ကို အလွန်ဖိနှိပ်နေတာကိုသိလို့ အကူအညီ လို ချင်ခဲ့ပါတယ်။ လက်ဝါးကားတိုင်ပေါ် ယေရှုဘုရားစတေးခံခြင်းက ကျွန်တော့်ရဲ့အပြစ်ကို လွှတ်ပေးနိုင်မယ်လို့ ယုံဖို့တွန်းပေးပါတယ်။ အနှီယုံကြည်မှုဟာ ကယ်တင်ခြင်းရဖို့ အတွက် ပဓာနကျပါတယ်။ ကျွန်တော့်အပြစ်တွေလွှတ်ပြီလို့ မှတ်လိုက်တဲ့အချိန်ကစပြီး သခင်ယေရှုအကြောင်း လေ့လာရာကနေ ဘုရားသခင်ကို ပိုသိလာပြီး ကျွန်တော်လည်း အများကြီး ပြောင်းလဲသွားပါတယ်။

တရားသဘောတွေ သိသိလာပြီးနောက်ပိုင်းမှာ အမှန်တရားအတိုင်း မလိုက်တဲ့လူတွေကို အပြစ်စမြင်လာပါတော့တယ်။ အဲဒါကိုတော့ အပြင်ကိုထုတ်မပြပါဘူး။ ဘုရားလည်း ဒီလိုပဲလုပ်မှာပါ ဆိုတဲ့အမှတ်နဲ့ ကျွန်တော်လည်း လူတွေကို လိုက်ပြီးတော့ စီရင်နေရော ပဲ။ ကျွန်တော့်စိတ်ပေါ်လာဖို့ ဘုရားကိုဒီလိုမြင်ခွင့် ကျွန်တော့်ကိုပေးခဲ့ပါတယ်။ အပြစ် ဖြေရာနေ့ကို ကြောက်စရာနေ့အဖြစ်၊ ပြီးပြည့်စုံတဲ့ တရားသူကြီးက လမ်းမလိုက်တဲ့ အပြစ်သားတွေကို ဖျက်ဆီးလိုတယ်လို့ မြင်ခွင့်ပေးခဲ့ပါတယ်။

အချိန်ကျတဲ့အခါမှာ သားတော်က ဘုရားသခင့်အကြောင်း ရှင်ယောဟန် ၅:၂၂ မှာ ဘယ်လိုမိန့်ခဲ့လဲ၊ ယေရှုကိုယ်တိုင် ရှင်ယောဟန် ၈:၁၅ မှာ ဘယ်လိုနေပြခဲ့လဲဆိုတာကို ကျွန်တော့်ကို အလင်းပြခဲ့ပါတယ်။ အဲဒီကျမ်းပိုဒ်တွေကို လေ့လာတဲ့အခါ ကိုယ်နဲ့ယှဉ်ဖြစ် ခဲ့ပါတယ်။ သြော် ငါမှားပါလားဆိုပြီး ရက်များစွာငိုခဲ့ရပါတယ်။ နောင်တရပြီး ခွင့်လွှတ်ပေး ဖို့ တောင်းပန်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို ဝေဖန်ရေးသမားကြီးပါလားလို့ မြင်တတ်လာပါ တယ်။ *တရားစီရင်ခြင်းဟာ*

*ကျွန်တော်တို့ရဲ့ဗီဇက လူတွေကို ဘယ်လောက်တောင် အပြစ် တင်တတ်၊ ဝေဖန်တတ်ကြောင်းသိစေဖို့ လူသားတွေလိုအပ်တဲ့စနစ် ဖြစ်ပါတယ်။*

ဘုရားသခင်က တပည့်တော်တွေကို ရှင်မဿဲ ၁၅:၂၂-၂၈ မှာ ဒီလိုဘဲ ဖြေရှင်းခဲ့ပါတယ်။ ခါနနိအမျိုးသမီးအပေါ်ထားရှိတဲ့ စိတ်ဓာတ်တွေပေါ် ဖို့အတွက် ခွင်ဝင်အောင် နေပြခဲ့တာပါ။ ယေရှုက အနှီအမျိုးသမီးရဲ့သမီးကို ကုပေးပြီးတဲ့အခါ တပည့်တော်တို့က ရွေးချယ်ရပါ တယ်။ သူတို့ရဲ့အစွန်းရောက်မှုကိုမြင်ပြီး နောင်တရမှာလား (သို့) ယေရှုကို မယုံတော့ဘူး လို့ နေမှာလား ဆိုတဲ့အကြောင်းပါ။

အဲဒီအကြောင်းကြောင့်ပဲ အများစုက ဘုရားမှန်နဲ့ သူ့ရဲ့သားတော်ကို လက်ခံကြမှာ မဟုတ် ပါဘူး။ သူတို့က သူတို့ရဲ့ဆန္ဒကို မပယ်သတ်ဘဲ ဘုရားလည်း ဒီလိုလုပ်တာပဲဆိုပြီး ကျမ်း ချက်တွေနဲ့ ထောက်ကြမှာပါ။ ဒီလိုကျမ်းချက်တွေဆိုတာက ကျွန်တော်တို့ကို စမ်းဖို့၊ ကျွန်တော်တို့စိတ်ထဲမှာ ဘာရှိသလဲဆိုတာတွေကို ပြဖို့ရှိနေတာပါ။ သခင်ယေရှုက ခါနနိ အမျိုးသမီးကို ခွေးနဲ့နှိုင်းခဲ့ချိန်မှာ တပည့်တော်တို့က ဒီလိုပဲမှတ်နေကြတာပါ။ ဒီကျမ်းပိုဒ် ကို ကျွန်တော်တို့က သတိအထူးထားပြီး လေ့လာရမှာဖြစ်ပါတယ်။

နောက်တစ်ခုက တရားစီရင်ခြင်းအကြောင်းနဲ့ အပြစ်ဖြေရာနေ့နဲ့ပတ်သက်တဲ့ ကောင်း ကင်ဘုံမှာ စာအုပ်တွေဖွင့်တဲ့ နှီးနှောပြီးသားအကြောင်းတွေကိုခြုံပြီး ရှုကွက်ဆင်းကြပါစို့။

## ၁၅။ စာအုပ်တွေဖွင့်ပြီး တရားစစီရင်ခြင်း

အနီးတရားစီရင်ခြင်း ဘယ်အချိန်မှာစမှာကို ဒံယေလအခန်းကြီး (၇) နဲ့ (၈) မှာ စကားဦးသန်းထားပါတယ်။ ရှင်ပေါလုကလည်း တရားစီရင်ခန်းက ရှေ့လာမဲ့အချိန်မှာမှ ဖြစ်မှာဖြစ်ကြောင်းကို ဖေလဇ်မင်းဆီမှာ ပြောခဲ့ပါတယ်။

> "သို့သော် ပေါလုက ဖြောင့်မတ်ခြင်း၊ မိမိကိုယ်ကိုချုပ်တည်းခြင်းနှင့် **ရောက်လာမည့်တရားစီရင်ခြင်း**အကြောင်းတို့ကို ဆွေးနွေးပြောဆိုသောအခါ ဖေလဇ်မင်းသည် ကြောက်လန့်၍ 'ယခုသွားဦးလော့။ နောက်မှ အချိန်ရသောအခါ သင့်ကို ငါခေါ်ဦးမည်' ဟု ဆိုလေ၏။" - တမန်တော်ဝတ္ထု၂၄:၂၅

ဒီတရားစီရင်ခြင်း ဘယ်အချိန်မှာစမှာကို ဒံယေလအခန်းကြီး (၇) က တည့်တည့်ပြောခဲ့ပါတယ်။ ပင်လယ်ရေပြင်ထဲကနေ သားရဲ (၄) ကောင် တက်လာတာကို ဒံယေလ မြင်ခဲ့ပါတယ်။ ခြင်္သေ့၊ ဝက်ဝံ၊ ကျားသစ်ဆိုပြီး ပ၊ ဒု၊ တ လိုက်လာပြီး စတုတ္ထသားရဲကတော့ အမည်နာမ မတပ်ထားဘူး။ စတုတ္ထသားရဲအပြီးမှာ တရားစီရင်ခြင်း စပါတယ်။ အဲဒီနောက်မှာ ခရစ်တော်ရဲ့နိုင်ငံတော် တည်လာပြီး ဘုရားသခင်ရဲ့သားသမီးများက ခရစ်တော်ရဲ့နိုင်ငံမှာ နေထိုင်ကြမှာဖြစ်ပါတယ်။

> "ထိုသူက၊ ဤသားရဲလေးကောင်တို့သည် မြေကြီးပေါ်မှာ ပေါ်လတ္တံ့သော နိုင်ငံလေးပါးဖြစ်၏။" - ဒံယေလ ၇:၁၇

အဲဒီသားရဲ (၄) ကောင်က နောက်ပိုင်းမှာ ရှင်းပြထားတဲ့အတိုင်း (၄) နိုင်ငံကို ပုံဆောင်ပါတယ်။

> "ထိုသူကလည်း စတုတ္ထသားရဲသည် **မြေကြီးပေါ်မှာ** အခြားသော နိုင်ငံရှိသမျှတို့ထက် ထူးခြားသော **စတုတ္ထနိုင်ငံဖြစ်၏။** ထိုနိုင်ငံသည် မြေကြီးရှိသမျှကို ကိုက်စား ချိုးဖွဲ့ နင်းချေလိမ့်မည်။" - ဒံယေလ ၇:၂၃

စတုတ္ထနိုင်ငံကနေ (၁၀) နိုင်ငံထွက်ရှိမှာဖြစ်ပြီး၊ အဲဒီနိုင်ငံတွေထဲကနေ (၃) နိုင်ငံကိုဖြိုပြီး တက်လာမယ့်နိုင်ငံ (၁) နိုင်ငံ ရှိပါတယ်။

> "ထိုနိုင်ငံ၌ပေါက်သော ချိုဆယ်ချောင်းသည် ပေါ်လတ္တံ့သော မင်းကြီးဆယ်ပါး ဖြစ်၏။ သူတို့နောက် အခြားသော မင်းကြီးပေါ်လာလိမ့်မည်။ **အရင်မင်းကြီးထက် ထူးခြား၍ သုံးပါးတို့ကို နှိမ့်ချလိမ့်မည်။**" - ဒံယေလ ၇:၂၄

ချိုငယ်ကလေးဟာ နှုတ်သီးကောင်းလျှာပါးနဲ့ အမြင့်ဆုံးသောဘုရားမြတ်ကို တုပြိုင်၊ အချိန်နဲ့ပညတ်တော်ကို ပြောင်း၊ ဘုရားသခင်ရဲ့ သူတော်စင်မြတ်တွေကို သုံးကာလနဲ့ တစ်ဝက်ကြာ ချေမှုန်းပါတယ်။

> "**အမြင့်ဆုံးသောဘုရား**ကို ဆန့်ကျင်ဘက်ပြု၍၊ ကြီးစွာသော စကားကို ပြောလိမ့်မည်။ **အမြင့်ဆုံးသောဘုရား**၏ သန့်ရှင်းသူတို့ကို ညှဉ်းဆဲနှိပ်စက်လိမ့်မည်။ ကာလအချိန်နှင့် ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှာ ကြံစည်လိမ့်မည်။ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ပတ်လုံး သူသည် အခွင့်ရလိမ့်မည်။" - ဒံယေလအနာဂတ္တိကျမ်း ၇:၂၅

ကျွန်တော်တို့ ဆိုခဲ့ပြီးတဲ့အတိုင်းပဲ တရားစီရင်ခြင်းဆိုတာ ရှိမှာဖြစ်ပြီး အဲဒီနောက်မှာ ခရစ်တော်ရဲ့နိုင်ငံတော်ဟာ ထာဝရတည်မှာ ဖြစ်ပါတယ်။

> "ထိုနောက်မှ တရားစီရင်ခြင်း ဖြစ်လိမ့်မည်။ ထိုအခါသူ၏ တန်ခိုးအာဏာကို နုတ်၍ရှင်းရှင်း ဖျက်ဆီးကြလိမ့်မည်။ ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ အာဏာစက် ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသောဘုရား၏ သန့်ရှင်းသော အမျိုးသား တို့သည် ရကြလိမ့်မည်။ ထိုဘုရားသခင်၏ နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။ မင်းကြီး အပေါင်းတို့သည် တိုးဝင်၍ ကျွန်ခံရကြလိမ့်မည်။" - ဒံယေလ ၇:၂၆၊ ၂၇

ဒံယေလအချိန်ကနေ အခုအချိန်အထိရဲ့ သမိုင်းစဉ်ကိုပြန်ရှုတဲ့အခါမှာ ကမ္ဘာ့ထိပ်သီး အင်ပါယာ (၄) ခုနောက်မှာ ဥရောပ (၁၀) နိုင်ငံကွဲပြီး၊ အဲဒီနောက်မှာ ပါပရဟန်းက နှစ် (၁,၀၀၀) ကျော် အုပ်စိုးခဲ့ကြောင်းတွေကို တွေ့ရပါတယ်။

အင်ပါယာ (၄) ခုကတော့ ဗာဗုလုန်၊ မီဒိုပါးရှား၊ ဂရိ၊ ရောမ တို့ဖြစ်ပါတယ်။

| | |
|---|---|
| ၁။ ဗာဗုလုန် | 606 BC – 536 BC |
| ၂။ မီဒို-ပါးရှား | 536 BC – 331 BC |
| ၃။ ဂရိ | 331 BC – 168 BC |
| ၄။ ရောမ | 168 BC – AD 476 |

အနှီနိုင်ငံစဉ်တွေရဲ့နောက်မှာ (၁၀) နိုင်ငံကွဲလာတာသည် ဒံယေလအခန်းကြီး (၂) ထဲက အကြောင်းနဲ့ တစ်ထပ်တည်းပါ။ ဒံယေလက ဗာဗုလုန်ဟာ ရွှေဖြစ်ပြီး အဲဒီနောက်မှာ (၃) နိုင်ငံပေါ်မှာဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။ ဒံယေလအခန်းကြီး (၇) ထဲကအကြောင်းကို အောက်ကအတိုင်း ချုံ့လို့ရပါတယ်။ ။

| | |
|---|---|
| ၁။ စတုတ္ထသားရဲကနေလာမယ် - ဒံယေလ ၇:၇၊ ၈ | ၁။ ပုပ်ရဟန်းမင်းသည် ဧကရာဇ် ဆီဇာနောက်မှာ တက်လာတယ်။ |
| ၂။ ချို (၁၀) ချောင်းထဲကလာတယ်။ | ၂။ ပါပရဟန်းဟာ ဥရောပနိုင်ငံ များထဲက တက်လာတယ်။ |

| | |
|---|---|
| ၃။ တစ်ခြားချိုတွေထက် တစ်မူထူးတယ် - ဒံယေလ ၇:၂၄ | ၃။ ပါပရဟန်းသည် ဓမ္မစက်နဲ့ အာဏာစက်ကို တွဲကိုင်ထားတယ်။ |
| ၄။ တစ်ခြားချိုတွေထက် ကြီးတယ် - ဒံယေလ ၇:၂၀ | ၄။ ဘုရင်တွေထက် အာဏာပိုကြီး ချင်တယ်။ |
| ၅။ (၃) နိုင်ငံကိုဖြုတ်ခဲ့ - ဒံယေလ ၇:၈၊ ၂၀၊ ၂၄ | ၅။ Heruli, Vandals, Ostrogoths တို့ကို ဖြုတ်ခဲ့တယ်။ |
| ၆။ ကြီးစွာသောစကား ပြောတယ် - ဒံယေလ ၇:၂၅ | ၆။ ကိုယ့်ကိုယ်ကိုဘုရားလို့ ကြွေးကြော်ပြီး အပြစ်ကို ဖြေလွှတ်ပေးတယ် |
| ၇။ အမြင့်ဆုံးသောဘုရားရဲ့သန့်ရှင်းသူတွေ ကို နှိပ်စက်တယ် - ဒံယေလ ၇:၂၅ | ၇။ လူသန်း (၅၀) ကနေ (၁၅၀) ကြား ဟာ ပါပရဟန်းရဲ့သတ်ဖြတ်ခြင်း ခံခဲ့ပါတယ်။ |
| ၈။ ကာလအချိန်နဲ့ ပညတ်တရားကို ပြောင်းဖို့ကြံခဲ့တယ် - ဒံယေလ ၇:၂၅ | ၈။ စနေဥပုသ်ကို တနင်္ဂနွေသို့ ပြောင်းခဲ့တယ်။ ဒုတိယပညတ်ကို ဖြုတ်ခဲ့တယ်။ |
| ၉။ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက် အထိ အုပ်စိုးခဲ့တယ် - ဒံယေလ ၇:၂၅ | ၉။ ပါပကြီးစိုးတဲ့ကာလဟာ AD 538 ကနေ AD 1798 အထိဖြစ်ပါတယ်။ |

ကမ္ဘာအင်ပါယာ (၄) ခုရဲ့နောက်ကတက်လာတဲ့ ချိုငယ်ကလေးဟာ ပါပရဟန်းဖြစ်ကြောင်း နှစ်ရာစုချီပြီး ပေါ်ထွက်ခဲ့တဲ့ ကျမ်းစာဂုရုများက ထောက်ပြခဲ့ကြပါတယ်။

| နာမည် | ရက်စွဲ | ချိုငယ် | ဒုစရိုက်လူ | ဗျာဒိတ် ၁၇ အမျိုးသမီး | ခရစ်တော်ကိုအန်တုသူ |
|---|---|---|---|---|---|
| Waldenses | ၁၂ ရာစု | | ပါပရဟန်း | ရောမအသင်း | |
| Eberhard II (Salzburg) | d. 1246 | ပါပရဟန်း | | | |
| John Milicz | c. 1367 | | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |
| John Wycliff | c. 1379 | ပုပ်ရဟန်း | ပါပရဟန်း | ပါပရဟန်း | ပုပ်ရဟန်း |
| John Huss | c. 1412 | | ပါပရဟန်း | ပါပရဟန်း | ပုပ်ရဟန်း |
| Girolamo Savonarola | c. 1497 | | ပါပရဟန်း | ပါပရဟန်း | |
| Martin Luther | 1522 | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |
| Philipp Melanchthon | 1543 | ပါပရဟန်း | | | ပါပရဟန်း |
| John Knox | 1547 | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |
| William Tyndale | 1550 | | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |
| Nicholas Ridley | 1554 | | | ပါပရဟန်း | ပါပရဟန်း |
| John Hooper | 1550 | | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |
| Thomas Cranmer | 1582 | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |
| James I of England | 1600 | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |
| Sir Isaac Newton | 1727 | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |
| John Wesley | 1764 | | ပါပရဟန်း | ပါပရဟန်း | ပါပရဟန်း |

ဒီလိုဖော်ထုတ်ရခြင်းဟာ အဖွဲ့အစည်းတစ်ခုခုကို ပုတ်ခတ်လိုခြင်းမဟုတ်ပါဘူး။ အနီအာဏာတက်လာခြင်းသည် လူ့ဗီဇကိုပြခြင်း၊ လူအားလုံးဟာ ဘာလဲဆိုတာကို ပြတာပါ။

ပါပရဟန်းခေါင်းဆောင်များကို လက်ညှိုးထိုးခြင်းဟာလည်း ကျွန်တော်တို့ဟာ အတူတူနဲ့ အနူနူသာဖြစ်ကြောင်း ပြခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီလိုဖော်ထုတ်ရခြင်းရဲ့အဆီအနှစ်ကတော့ လူ့သမိုင်းကနေ တရားရကြဖို့ပါ။

ဒံယေလ ၇:၂၅ က ချိုငယ်လေးဟာ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ကြာအောင် အုပ်စိုးလိမ့်မယ်လို့ ဟောခဲ့ပါတယ်။ အဲဒါနဲ့ညီတဲ့ ရက်ပေါင်း ၁,၂၆၀ အထောက်အထားကို ဗျာဒိတ်အခန်းကြီး (၁၂) မှာ တွေ့ရပါတယ်။

> "သို့သော် ထိုအမျိုးသမီးသည် တောကန္တာရထဲရှိ မိမိ၏နေရာအရပ်သို့ ပျံသန်းသွားနိုင်ရန် ကြီးမားသောလင်းယုန်၏အတောင်နှစ်ခုကိုရရှိ၏။ သူသည် ထိုအရပ်တွင် မြွေ၏ရှေ့မှောက်မှလွတ်၍ **တစ်ကာလ၊ နှစ်ကာလနှင့် ကာလတစ်ဝက်**အတွင်း ပြုစုစောင့်ရှောက်ခြင်းကိုခံရ၏။" - ဗျာဒိတ်ကျမ်း ၁၂:၁၄ (KJV)

> "ထိုအမျိုးသမီးသည်လည်း တောကန္တာရထဲသို့ ထွက်ပြေးလေ၏။ ထိုအရပ်၌ **ရက်ပေါင်းတစ်ထောင့်နှစ်ရာခြောက်ဆယ်**တိုင်တိုင် သူ့ကိုကြည့်ရှုစောင့်ရှောက်ရန် ဘုရားသခင်ပြင်ဆင်ထားတော်မူသော နေရာတစ်နေရာရှိ၏။" - ဗျာဒိတ်ကျမ်း ၁၂:၆

အနီးရက်ပေါင်း ၁,၂၆၀ ကိစ္စဟာ ဟေဗြဲတွေရဲ့ရက်=နှစ် တွက်တဲ့စနစ်နဲ့ပဲ အံဝင်ပါတယ်။

> "ထိုပြည်ကို စူးစမ်းရာနေ့ရက်ပေါင်း **အရက်လေးဆယ်**နှင့်အညီ၊ တစ်ရက်ကိုတစ်နှစ်ထား၍ **အနှစ်လေးဆယ်**ပတ်လုံး ကိုယ်အပြစ်ကိုဆောင်လျက်၊ ငါ့စွန့်ပစ်ခြင်းကို သိရကြလိမ့်မည်။" - တောလည်ရာကျမ်း ၁၄:၃၄

> "ထိုနေ့ရက်စေ့ပြီးမှ၊ တစ်ဖန်လက်ျာနံစောင်းဖြင့် အိပ်၍၊ အရက်လေးဆယ်ပတ်လုံး ယုဒအမျိုး၏ အပြစ်ကိုခံဦးလော့။ **နှစ်အစား၌ ရက်ကို ငါထားပြီ။**" - ယေဇကျေလ ၄:၆

ပါပရဟာန်း ကြီးစိုးတဲ့ကာလဟာ AD 538 ကနေ AD 1978 အထိဖြစ်ပါတယ်။ ပြင်သစ်က ပုပ်ရဟာန်းမင်းကို ထိန်းသိမ်းခဲ့တဲ့အခါ ပါပရဟာန်းအာဏာစက် ယာယီရပ်ဆိုင်းခဲ့ပါတယ်။ အဲဒီလိုဖြစ်ပြီး မကြာခင်မှာ တရားစီရင်ခြင်း စတင်မှာဖြစ်ပါတယ်။ အချိန်အကြောင်း ပိုပြီးတိတိပပသိချင်ရင် ဒံယေလအခန်းကြီး (၈) ကို အခန်းကြီး (၂)၊ (၇) တို့နဲ့ယှဉ်ပြီး လေ့လာရမှာဖြစ်ပါတယ်။

ဒံယေလအခန်းကြီး (၈) ကတော့ သိုးနဲ့ဆိတ်အကြား ပဋိပက္ခဖြစ်တာကို ချပြပါတယ်။ ချိုထူးရှိတဲ့ဆိတ်က သိုးကိုထိုးပြီး သိုးနေရာကို ဝင်ယူပါတယ်။ အဲဒီချိုကြီးကျိုးပြီး နောက် မှာ ချို (၄) ချောင်းပေါက်လာပါတယ်။

ကောင်းကင်တမန်ဂါဗြေလက ဒံယေလကို သိုးထီးက ဘာ၊ ဆိတ်က ဘာဆိုတာ ရှင်းပြခဲ့ တဲ့အတွက် နားရှုပ်စရာမရှိပါဘူး။ ။

> "ချိုနှစ်ချောင်းနှင့် ပေါ်လာသော **သိုးသည် မေဒိရှင်ဘုရင်၊ ပေရသိရှင်ဘုရင်ဖြစ်၏။** အမွေးကြမ်းသော **ဆိတ်သည် ဟေလသ(ဂရိ) ရှင်ဘုရင် ဖြစ်၏။** မျက်စိနှစ်လုံး ကြား၌ရှိသော ချိုကြီးသည် ပဌမမင်းဖြစ်၏။"
> - ဒံယေလ ၈:၂၀၊ ၂၁

မဟာပြည့်ရှင်အလက်ဇန္ဒား နတ်ရွာစံပြီးနောက်မှာ ဂရိနိုင်ငံတော်ကြီးဟာ (၄) ခြမ်းကွဲခဲ့ ပြီး စစ်သူကြီး (၄) ဦးက အုပ်ချုပ်ခဲ့ပါတယ်။ (ချိုက အုပ်ချုပ်သူ (သို့) အာဏာကို ဆိုလိုပါ တယ်)။ ဆိတ်ထီးရဲ့ချိုတွေကြားထဲကနေ ပေါက်လာတဲ့ချိုငယ်ကလေးဟာ မီဒိုပါးရှား ထက်အားကြီးတဲ့ ဂရိထက်တောင်အားကြီးကြောင်း ကျွန်တော်တို့သိကြပါတယ်။ အ ကြောင်းကတော့ အောက်ပါအတိုင်း ပြထားလို့ပါ။

| | | |
|---|---|---|
| သိုး | အားကြီးတယ် | ဒံယေလ ၈:၄ |
| ဆိတ် | အလွန်အားကြီးတယ် | ဒံယေလ ၈:၈ |

| | | |
|---|---|---|
| ချိုငယ် | အလွန့်အလွန်ကြီးမားတယ် | ဒံယေလ ၈:၉ |

ဂရိနိုင်ငံကိုနိုင်ပြီး ဂရိထက်အင်အားကြီးတာဆိုလို့ တစ်နိုင်ငံပဲရှိပါတယ်။ ရောမနိုင်ငံဖြစ်ပါတယ်။ ရောမဟာ ဂရိနိုင်ငံကြီး (၄) ခြမ်းကွဲခဲ့တဲ့ တစ်နေရာကနေတက်လာပြီး မာကေဒေါနိနိုင်ငံကို အရင်သိမ်းပြီး အဲဒီကနေ နယ်ချဲ့လာပါတယ်။

ချိုငယ်ကလေးက အရှင်တကာတို့ရဲ့အရှင် မေရှိယယေရှုခရစ်ကို စိန်ခေါ်ခဲ့ပါတယ်။ ရောမ က ခရစ်တော်ကို အသေသတ်ခဲ့ပြီး ဗျာဒိတ်အဟောကို ပြည့်စုံစေခဲ့ပါတယ်။ အမှန်တရား ကို အမှုန့်ချေ၊ အနိဋ္ဌာရုံများစွာ ပြုခဲ့ပါတယ်။ ဒံယေလဟာ ဒီချိုငယ်လေးရဲ့ စကားတွေ အပေါ် မှင်သက်ခဲ့ရပါတယ်။ ဘုရားသခင်ရဲ့သားသမီးများနဲ့ ဗိမာန်တော်ဟာ ဘယ် လောက်ကြာကြာ နှိပ်ကွပ်ခံရမှာလဲဆိုတာ ကောင်းကင်တမန် (၂) ပါး ပြောဆိုသံကို ဒံယေလကြားခဲ့ပါတယ်။ အဖြေကို အောက်ပါအတိုင်းပေးခဲ့ပါတယ်။ ။

> "ယခင်ပြောသူက ရက်ပေါင်းနှစ်ထောင်သုံးရာတိုင်တိုင် တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်ဟု ပြန်၍ပြောဆို ၏။" - ဒံယေလ ၈:၁၄

ဒံယေလအခန်းကြီး (၇) နဲ့ (၈) ကို ကျွန်တော်တို့ ယှဉ်ကြည့်လိုက်တဲ့အခါမှာ အခန်းကြီး (၇) က တရားစီရင်ခြင်းနဲ့ အခန်းကြီး (၈) က ဗိမာန်တော်ကို ဆေးကြောသန့်စင်ခြင်းဟာ ဆက်စပ်မှုရှိကြောင်း တွေ့ရပါတယ်။

| ဒံယေလ ၇ | ဖြစ်စဉ် | ဒံယေလ ၈ |
|---|---|---|
| ခြင်္သေ့ | ဗာဗုလုန် | - |
| ဝက်ဝံ | မီဒိုပါးရှား | သိုးထီး |

| | | |
|---|---|---|
| ကျားသစ် | ဂရိ | ဆိတ်ထီး |
| သားရဲ | ရောမ | ချိုငယ် |
| တရားစီရင်ခြင်းမြင်ကွင်း | **တရားစီရင်** | **ဗိမာန်တော်ဆေးကြော** |
| ခရစ်တော့်နိုင်ငံတော် | ဒုတိယအကြိမ်ကြွလာခြင်း | လူ့လက်မဲ့နဲ့ကျိုးပဲ့ |

ဗိမာန်တော်ဆေးကြောခြင်းနဲ့ တရားစီရင်ခြင်းဟာ ဘယ်လိုနဲ့ထပ်တူကျသလဲ။ ယုဒတို့ရဲ့ ဗိမာန်တော်ဆေးကြောခြင်းဟာ နှစ်ပတ်လည် အပြစ်ဖြေရာနေ့မှာပြုလုပ်ပါတယ်။

> "သင်တို့သည် အစဉ်စောင့်ရသောပညတ်တော်ဟူမူကား၊ အမျိုးသားချင်းဖြစ်စေ၊ သင်တို့တွင်တည်းနေသော တစ်ပါးအမျိုးသားဖြစ်စေ၊ သတ္တမလဆယ်ရက်နေ့၌ အလုပ်ကိုအလျှင်းမလုပ်၊ ခြိုးခြံစွာကျင့်လျက်နေရကြမည်။ အကြောင်းမူကား၊ သင်တို့သည် ထာဝရဘုရားရှေ့တော်၌ အပြစ်ရှိသမျှတို့နှင့် ကင်းစင်မည်အကြောင်း၊ ထိုနေ့ရက်၌ ယဇ်ပုရောဟိတ်သည် သင်တို့ကို စင်ကြယ်စေခြင်းငှာ၊ အပြစ်ဖြေခြင်းကိုပြုရမည်။" - ဝတ်ပြုရာကျမ်း ၁၆:၂၉၊ ၃၀

> "သတ္တမလ၊ ဒသမနေ့သည်လည်းအပြစ်ဖြေရာနေ့၊ ဓမ္မစည်းဝေးခြင်းကို ပြုသောနေ့ဖြစ်၏။ ခြိုးခြံစွာကျင့်ရမည်။ ထာဝရဘုရားအားမီးဖြင့်ပြုသော ပူဇော်သက္ကာ ကို ဆက်ကပ်ရမည်။" - ဝတ်ပြုရာကျမ်း ၂၃:၂၇

ပွဲလာလူထုကြီးဟာ သူတို့ရဲ့စိတ်ကို စိစစ်ရပါတယ် (ဘုရားရဲ့ဖယ်ကြဉ်ခြင်းကို မခံရဖို့ မဝန်ချဖြစ်ခဲ့တဲ့အပြစ်များ ရှိမိသလားလို့ စိစစ်ခြင်းဖြစ်ပါတယ်။) အပြစ်ဖြေရာနေ့ဟာ လူတွေကို တရားစီရင်တဲ့နေ့လည်း ဖြစ်ပါတယ်။ အပြစ်ဖြေရာနေ့ဟာ အဲဒီနေ့မှာ တစ်ဦးချင်းစီအတွက်လုပ်တဲ့ဝတ် မဟုတ်ပါဘူး (နေ့စဉ်ဝတ်က အဲဒီအလုပ်ကို တစ်နှစ်လုံး လုပ်ပေးသွားတာပါ) အပြစ်ဖြေရာနေ့မှာက အပြစ်တွေအားလုံးကို နှစ်ကုန်တဲ့အခါ တစ်ခါတည်း ရှင်းပစ်တာပါ။ သွေးတော်ကြောင့်ပုဂ္ဂိုလ်တစ်ဦးဟာ တစ်နှစ်ပတ်လုံး

ခွင့်လွှတ်ခြင်း ကိုရရှိပြီး သူ့ရဲ့အပြစ်တွေဟာ ပုံဆောင်မှုနဲ့ ဗိမာန်တော်ထဲမှာ ရွှေ့ထားပါတယ်။ သူ့ရဲ့ အပြစ်တွေဟာ ပုံဆောင်မှုနဲ့ သူ့ဆီကနေ ဗိမာန်တော်မှာ ပြောင်းစုထားတာပါ။ အပြစ် ဖြေရာနေ့ကျမှ ဗိမာန်တော်ထဲမှာ ရွှေ့သိမ်းထားတဲ့အပြစ်အားလုံးကို စီရင်ရတာပါ။ မဝန်ခံ ခဲ့တဲ့အပြစ်ဟာ အပြစ်ဖြေရာနေ့ကြီးမှာ အပြစ်မြောက်ပြီး ပြစ်ဒဏ်ခံရပါတယ်။ အပြစ်သား ကို တစ်နှစ်ပတ်လုံး နေ့တိုင်းပဲ အပြစ်ကနေဆေးကြောပေးထားပြီး ဗိမာန်တော်ဟာ လူတွေရဲ့အပြစ်ကို ပုံဆောင်မှုအရ သယ်ပိုးနေရတာ ဖြစ်ပါတယ်။ အပြစ်ဖြေရာနေ့မှာ တော့ ဗိမာန်တော်ကို ဆေးကြောပါတယ်။

အသေးစိတ်ရှင်းပြပေးလို့ရတာတွေ ရှိပါသေးတယ်။ ဒါပေမယ့် အဓိကပြောချင်တာက ဗိမာန်တော်ကို စင်ကြယ်အောင်လုပ်ခြင်းဆိုတာက အပြစ်ဖြေရာနေ့ (သို့) yom Kippur လို့ခေါ်ကြတဲ့ သတ္တမလ ၁၀ ရက်နေ့မှာကျရောက်တဲ့ တရားစီရင်ခြင်းအမှုဘဲ ဖြစ်ပါတယ်။

ဒါကိုသဲလွန်စယူပြီး တရားစီရင်ခြင်း ဘယ်တော့စမှာလဲဆိုတာကို ရှာလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကောင်းကင်တမန် (၂) ပါးက ရက်ပေါင်း ၂,၃၀၀ ကြာမယ်လို့ ပြောလို့ပါ။ ရက်ပေါင်းများစွာကြာမယ်လို့ ကြားရတော့လို့ ဒံယေလလည်း အတော့်ကို ခေါင်းစားပြီး ဂါဗြေလက ဘာမှမရှင်းပြရသေးခင်မှာဘဲ မူးမေ့သွားပါရော။ ဒံယေလ ဒီလိုဖြစ်သွားရ တာက ရက် ၂,၃၀၀ (သို့) ၆.၃ နှစ် အတိအကျဘဲ ဆိုတာထက်ကို အများကြီးကြာမှာကို သိလို့ဖြစ်ပါတယ်။ ဒီလိုသာတိုမယ်ဆိုရင် ဒံယေလလည်း ပျော်မှာပါ။ ဒံယေလအခန်းကြီး (၈) သာပြီးသွားတယ် ဒံယေလဟာ ဒီနှစ် ၂,၃၀၀ ဗျာဒိတ်ကို နားကန်းတစ်လုံးတောင် နားမလည်ခဲ့ပါဘူး။ တွေးလို့မရအောင်ကြာမှာမို့လို့ ဒံယေလလည်း ရက်များစွာအပြင်းဖျား ခဲ့ပါတယ်။

အခန်းကြီး (၉) မှာတော့ ဒံယေလဟာ ဆက်ကပ်ခြင်းနဲ့ ဆုစတောင်းခဲ့ပါတယ်။ အခန်းကြီး (၈) ထဲက ရူပါရုံကိုရပြီးနောက်မှာ ဆုတောင်းတာပါ။ ဒံယေလလည်း သူနဲ့သူ့လူမျိုး အကုန်လုံးရဲ့အပြစ်တွေကို ခွင့်လွှတ်ပေးဖို့ ဆုတောင်းခဲ့ပါတယ်။ အဲဒီနောက်မှာ ဂါဗြေလလည်း ဒံယေလနားမလည်သေးတာတွေကို ရှင်းပြဖို့လာခဲ့ပါတယ်။

> "ဆုတောင်းသောအမှုမပြီးမီ မြွက်ဆိုစဉ်တွင် ယခင်ဗျာဒိတ် ရူပါရုံ၌ထင်ရှားသောသူ၊ ဂါဗြေလသည် လျင်မြန်စွာပျံ၍ လာသဖြင့် ညဉ့်ဦးယံပူဇော်ချိန်၌ ငါ့ရှိရာသို့ ရောက်၍၊ နှုတ်ဆက်လျက်၊ **အချင်းဒံယေလ၊ ငါသည် သင်၌ ဉာဏ်ပညာ တိုးပွားစေမည်အကြောင်း ထွက်လာပြီ။** သင်သည် ဆုတောင်းစပြုသောအခါ အမိန့်တော်ရှိသည်ဖြစ်၍ သင့်အားကြားပြောခြင်းငှာ ငါရောက်လာပြီ။ သင်သည် အလွန်ချစ်အပ်သောသူဖြစ်၏။ **ထို့ကြောင့် ဗျာဒိတ်တော်အချက်ကို ဆင်ခြင်၍ နားလည်ရသောအခွင့်ရှိ၏။**" - ဒံယေလအနာဂတ္တိကျမ်း ၉:၂၁-၂၃

ဂါဗြေလက အကန့် (၃) ကန့် ကန့်ထားတဲ့သီတင်းပတ် (၇၀) ဗျာဒိတ်ကို စရှင်းပြပါတယ်။ (၇) ပတ်က မြို့တည်ဖို့၊ (၆၂) ပတ်ကတော့ မေရှိယပေါ်လာတဲ့အထိ၊ နောက်ဆုံးကတော့ တစ်ပတ်ပါ။ သီတင်းပတ် (၇၀) ကို ရက်=နှစ် ပုံသေနည်းကို ယူရမှာဖြစ်ပါတယ်။ ဒီလိုတွက်နိုင်ဖို့က သဲလွန်စရှိခြင်းက တကယ့်ပဓာနပါ။


> "ထိုကြောင့်၊ **ယေရုရှလင်မြို့ကို တစ်ဖန် တည်ထောင်ပြုစုစေခြင်းငှာ အမိန့်တော်ရှိသည် နေ့မှစ၍ ခရစ်တော်သခင်၏ လက်ထက်တိုင်အောင်** ခုနစ်သီတင်းနှင့် ခြောက်ဆယ်နှစ်သီတင်းကြာလိမ့်မည်ဟု သိမှတ်နားလည်လော့။ အနှောင့်အယှက် ခံရသောကာလ၌ မြို့လမ်းကို တစ်ဖန် တည်ထောင်ပြုစုရမည်ဟု စီရင်ဆုံးဖြတ်ခြင်းရှိ၏။" - ဒံယေလအနာဂတ္တိကျမ်း ၉:၂၅

ယေရုရှလင်မြို့ ပြန်ဆောက်ဖို့ ပါးရှားဘုရင်တွေက (၃) ကြိမ် ခွင့်ပြုခဲ့ပါတယ်။ အဲဒီအကြောင်းကို ဧဇရမှတ်စာမှာ တွေ့ရပါတယ်။

"ယုဒအမျိုးအသက်ကြီးသူတို့သည် တည်ဆောက်၍၊ ပရောဖက်ဟဂ္ဂဲနှင့် ဣဒ္ဒေါ
သားဇာခရိဟောသောအားဖြင့်၊ အကြံထမြောက်ကြ၏။ ဣသရေလအမျိုး၏
ဘုရားသခင်အမိန့်တော်နှင့် ပေရသိရှင်ဘုရင်**ကုရုမင်း၊ ဒါရိမင်း၊ အာတဇေရဇ်
မင်း အမိန့်တော်အတိုင်း တည်ဆောက်၍ လက်စသတ်ကြ၏။**" - ဧဇရ ၆:၁၄

ပထမအမိန့် (၂) ခုက ဗိမာန်တော်ပြန်ဆောက်မိန့်ပါ အာတဇေရဇ်ရဲ့အမိန့်ကျမှ ယေရုရှလင်မြို့ကို ပြန်ဆောက်မိန့်ပေးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးခဲ့ပါတယ်။ ဒီအမိန့်ကို ၄၅၇ BC မှာ ပေးခဲ့ပါတယ်။ အဲဒီလို အချက်အလက်တွေအားလုံး ပေါင်းစပ်လိုက်တဲ့အခါ ဒီအခန်းရဲ့နောက်ဆုံးစာမျက်နှာပါအတိုင်း တွေ့ရပါတယ်။

အဲဒီအချက်က နည်းနည်းတော့မြင့်ပေမယ့် ဆိုလိုချင်တာကတော့ ခရစ်တော်ဘုရားနောက်တစ်ဖန်မကြွလာခင်မှာ တရားစီရင်ခြင်းရှိတယ်ဆိုတာ ပြချင်တာပါ။ ဒံယေလ အခန်းကြီး (၇) ထဲက တရားစီရင်ခြင်းအကြောင်းက အခန်း (၈) (၉) အထိဆက်သွားပြီး AD ၁၈၄၄ မှ စတင်ပါတယ်။ အဲဒီနှစ်ဟာ စာအုပ်တွေဖွင့် တရားစီရင်ခြင်းစတဲ့နှစ်ဖြစ်ပါတယ်။ ၁၈၄၄ ခုနှစ်က ကမ္ဘာ့နိဂုံးကာလကို နိဒါန်းပျိုးတဲ့နှစ်လို့ မှတ်ရပါမယ်။ အချိန်ကာလနဲ့ဆိုင်တဲ့ ဗျာဒိတ်မျိုး မပေးတော့တဲ့အခါ အရာရာကိုချိတ်ပိတ်လိုက်ပါပြီ။ စိတ်ဝင်စားစရာကောင်းတာက အဲဒီခုနှစ်ဟာ စက်မှုတော်လှန်ရေးဖြစ်ခဲ့တဲ့နှစ်ဖြစ်ပြီး လွန်ခဲ့တဲ့နှစ် ၁၅၀ နှစ်အတွင်းဟာ ၁၈၄၄ ခုနှစ်မတိုင်ခင်က ၁၈၀၀ နှစ်ရှည်ထက် အများကြီးပြောင်းလဲခဲ့ကြောင်း တွေ့နိုင်ပါတယ်။ လူသားတွေက ဘယ်အခါကမှ ကမ္ဘာကြီးကို ဒီလိုဖျက်ဆီးနိုင် မစွမ်းခဲ့ပါဘူး။




ဒံယေလထဲက ပြချင်တဲ့အကြောင်းဟာ ၁၈၄၄ ခုနှစ်အကြောင်း ဖြစ်ပါတယ်။ ။

> “သင်ဒံယေလမူကား၊ အမှုကုန်ရသည် ကာလတိုင်အောင်၊ ဤစကားတော်တို့ကို ပိတ်၍ စာစောင်ကို တံဆိပ်ခတ်ထားလော့။ **အများသော သူတို့သည် ထိုစာကို ကြည့်၍ရှုသောအားဖြင့် ပညာတိုးပွားလိမ့်မည်ဟု ပြောဆို၏။**” - ဒံယေလ ၁၂:၄


အနီးအချိန်ကို ဗျာဒိတ်ကျမ်း (၁၄) ရဲ့ ပထမကောင်းကင်တမန်သတင်းစကားကလည်း ကြွေးကြော်ခဲ့ပါတယ်။

> “ထို့နောက် အခြားသောကောင်းကင်တမန်တစ်ပါးသည် ကောင်းကင်အလယ်၌ပျံသန်းနေသည်ကို ငါမြင်ရ၏။ သူသည် ကမ္ဘာမြေကြီးပေါ်တွင်နေထိုင်ကြသူများတည်းဟူသော တိုင်းနိုင်ငံ၊ မျိုးနွယ်စု၊ ဘာသာစကားအမျိုးမျိုးပြောဆိုသော လူမျိုးအသီးသီးတို့အား ဟောပြောရန် ထာဝရတည်သည့်ကောင်းမြတ်သောသတင်းကိုယူဆောင်လာ၏။ ထိုကောင်းကင်တမန်က **‘ဘုရားသခင်တရားစီရင်တော်မူရာအချိန် ကျရောက်လာပြီဖြစ်၍ ကိုယ်တော်ကိုကြောက်ရွံ့လျက် ဘုန်းတော်ကိုချီးမွမ်းကြလော့။** ကောင်းကင်၊ မြေကြီး၊ ပင်လယ်နှင့်စမ်းရေတို့ကို ဖန်

ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့’ ဟု ကျယ်လောင်သောအသံဖြင့် ကြွေးကြော်လေ၏။” - ဗျာဒိတ်ကျမ်း ၁၄:၆၊ ၇

အနီးအကြောင်းအားလုံးကိုမှီပြီး မေးရမှာက သခင်ယေရှုက သူနဲ့သူ့ခမည်းတော်သည် ဘယ်သူ့ကိုမှ တရားမစီရင်ပါဘူးလို့မိန့်ရဲ့သားနဲ့ ဘုရားသခင်က စာအုပ်တွေဖွင့်ပြီး လူသားတွေကို ဘာကြောင့် တရားစီရင်တာလဲဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ယေရှုက ကျွန်တော်တို့ကို ဒီလိုမေးပါတယ်။ ။

“သို့သော် ကိုယ်တော်က “အချင်းလူ၊ မည်သူသည် ငါ့ကို သင်တို့၏တရားသူကြီး၊ သို့မဟုတ် ခုံလူကြီးအဖြစ် ခန့်ထားသနည်း” ဟု သူ့အားမိန့်တော်မူ၏။” - ရှင်လုကာခရစ်ဝင် ၁၂:၁၄



တရားစီရင်တဲ့ရက်စွဲ
နှစ်ပေါင်း ၂၃၀၀
AD ၃၁
၄၅၇ BC
AD ၂၇
AD ၃၄
၆၉ ဗျာဒိတ်သီတင်းပတ် — နှစ်ပေါင်း ၄၈၃
၄၀၈ BC
၄ BC
၇၀ ဗျာဒိတ်သီတင်းပတ် — နှစ်ပေါင်း ၄၉၀
AD ၅၀၈
AD ၅၃၈
နှစ်ပေါင်း ၁၂၆၀
AD ၁၇၉၈
AD ၁၈၄၄
AD ၁၈၄၃
အမှောင်ခေတ်
နှစ်ပေါင်း ၁၂၉၀
နှစ်ပေါင်း ၁၃၃၅
ယေရုရှလင်မြို့
ပြန်ဆောက်ခွင့်ပြု –
ဒံ ၉:၂၅၊ ယေ ၆:၁၄
ယေရှုနှစ်ခြင်းခံယူ –
ရှင်လုကာ ၃:၁
ပါပရဟန်းစနစ်
တည်ထောင် –
ဒံ ၇:၂၅၊ ဗျာ ၁၃:၁-၄
THE LAW
စုံစမ်းစစ်ဆေး
စီရင်ခြင်း –
ဒံ ၇:၉၊ ၈:၁၄

## ၁၆။ ခင်ဗျားဟာ ကနဦးမေတ္တာကိုစွန့်ခွာပြီ

ယေရှုဘုရား မသေမီညမှာ သူ့တပည့်တော်တွေက ကိစ္စတစ်ခုနဲ့ ဗျာများနေကြတာကို တွေ့ရပါတယ်။

> "**ထို့နောက် သူတို့တွင် မည်သူ့ကို အကြီးမြတ်ဆုံးဖြစ်သည်ဟု မှတ်ယူရမည်ကိုလည်း အချင်းချင်းအငြင်းပွားကြ၏။** သို့သော် ကိုယ်တော်က 'လူမျိုးခြားတို့၏ ဘုရင်များသည် ပြည်သူတို့အပေါ် အစိုးတရပြုတတ်ကြ၏။ **လူတို့အပေါ်အာဏာရှိသောသူများသည်လည်း အများအကျိုးဆောင်သူဟု ခေါ်ဝေါ်ခြင်းကိုခံရကြ၏။** သင်တို့မူကား ထိုသို့မဖြစ်ရ။ သင်တို့တွင် အကြီးမြတ်ဆုံးဖြစ်သောသူသည် အငယ်ဆုံးသောသူကဲ့သို့ဖြစ်ရမည်။ ဦးဆောင်သောသူသည် လုပ်ကျွေးပြုစုသောသူကဲ့သို့ဖြစ်ရမည်။'" - ရှင်လုကာခရစ်ဝင် ၂၂:၂၄-၂၆

သူတို့အထဲမှာ ဘယ်သူထွတ်ခေါင်ဖြစ်မဲ့ကိစ္စနဲ့ စိတ်နှပမ်းလုံးနေကြတာကို ခရစ်တော်ဘုရား ဘယ်လောက်များ စိတ်ထိခိုက်မလဲဆိုတာ စဉ်းစားသာကြည့်ပါတော့။ အမြင့်ဆုံးရာထူးအတွက် သူတို့က အချင်းချင်း ခြေထိုးလို့ကောင်းနေကြပါတယ်။ ယေရှုကတော့ ဒုက္ခတွေစခံစားနေရပြီဆိုတာကို သူတို့က လုံးလုံးကိုမမြင်နိုင်ကြဘဲ ကြုံလာမယ့်အန္တရာယ် ကို ပျော်ပျော်ကြီး မျက်လုံးစုံမှိတ်နေစိမ့်ကြပါတယ်။

အဲဒီ့နောက်မှာ ပေတရုဟာ စိုးရိမ်စရာကောင်းနေကြောင်း သတိအပေးခံရတဲ့အခါ သူက သူ့ရဲ့အဖေါ်တွေနဲ့လိုက်ယှဉ်ပြီး သူတို့ကို အထင်သေးလိုက်ပါသေးတယ်။

> "ထိုအခါ ပေတရုက 'ကိုယ်တော်ကြောင့် အားလုံးစိတ်ပျက်ကြလျှင်လည်း အကျွန်ုပ်သည် မည်သည့်အခါမျှ စိတ်ပျက်မည်မဟုတ်ပါ' ဟု ပြန်လျှောက်လေ၏။"
> - ရှင်မဿဲခရစ်ဝင် ၂၆:၃၃ (NIV)

ယေရှုနဲ့အရင်းနှီးဆုံး တပည့်တော်ကတောင် တစ်ခြားလူတွေ သူ့ထက်ပိုနိမ့်တယ်လို့ မှတ်တယ်ဆိုရင် အပြစ်မြင်တတ်တဲ့စိတ်ဟာ ဝမ်းတွင်းပါဖြစ်ကြောင်း ပေါ်လွင်ပါတယ်။

ခရစ်တော်အသေခံပြီး ရှင်ပြန်ထမြောက်ပြီးတဲ့နောက်မှာတော့ တပည့်တော်တွေဟာ လုံးလုံးကို ပြောင်းလဲသွားကြပါတယ်။ သူတို့ဟာ ဘုရားရှေ့မှာနှိမ်ချကြပြီး ပင်တေကုတ္တေ ပွဲမှာ ဝိညာဉ်တော်သွန်းလောင်းခြင်းကို ရခဲ့ကြပါတယ်။

> “ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ **ထိုသူအပေါင်းတို့သည် တစ်စိတ်တည်းဖြင့် တစ်နေရာတည်း၌ စုဝေးနေကြ၏။** ထိုအခါ ပြင်းထန်သော လေတိုက်ခတ်သံနှင့်တူသည့် အသံသည် ကောင်းကင်မှ ရုတ်တရက်ပေါ်ထွက်လာ၍ သူတို့ထိုင်နေသောအိမ်တစ်အိမ်လုံးကို ဖုံးလွှမ်းလေ၏။” - တမန်တော်ဝတ္ထု ၂:၁၊ ၂

ရှင်ပေတရုဆိုခဲ့တာကို ရှုရအောင်ပါ။

> “သင်တို့၌ရှိသည့် ဘုရားသခင်၏သိုးစုကို အုပ်ထိန်းကြလော့။ မလုပ်မဖြစ်လုပ်ရခြင်းမျိုးမဟုတ်ဘဲ ဘုရားသခင်၏အလိုတော်နှင့်အညီ စေတနာစိတ်ဖြင့်လည်းကောင်း၊ မစင်ကြယ်သောအကျိုးစီးပွားကိုတပ်မက်ခြင်းကြောင့်မဟုတ်ဘဲ စိတ်အားထက်သန်စွာဖြင့်လည်းကောင်း ကြည့်ရှုအုပ်ထိန်းကြလော့။ သင်တို့အားခွဲဝေပေးအပ်ထားသောသူတို့အပေါ် စိုးမိုးခြယ်လှယ်ခြင်းမပြုဘဲ သိုးစုအတွက် စံနမူနာဖြစ်ကြလော့။” - ရှင်ပေတရုဩဝါဒစာပထမစောင် ၅:၂၊ ၃

တရားစီရင်ရာမှာ သူများကိုအာဏာပြဖို့ စုံစမ်းခြင်းခံရလွယ်ပါတယ်။ အထူးအားဖြင့် အသင်းတော်က မိစ္ဆာဝါဒကိုဖြေရှင်းရတဲ့ အခါမျိုးမှာပေါ့။ ဖေက်အသင်းတော်လည်း အသင်းတော်ရဲ့ ယုံကြည်ခြင်းမဏ္ဍိုင်များကိုစွနဲ့ အတော့်ကိုအလှဲထိုးခံရပါတယ်။ ယေရှုဘုရားရဲ့ဝါစာတွေကို သုံးသပ်ကြရအောင်ပါ။

> “သင်၏လုပ်ဆောင်မှုများမှစ၍ သင်၏ကြိုးပမ်းအားထုတ်မှုနှင့် သည်းခံမှုတို့ကို ငါသိ၏။ သင်သည် ဆိုးယုတ်သောသူတို့ကို လက်မခံနိုင်ကြောင်းနှင့် **မိမိတို့ကိုယ်ကို တမန်တော်ဟုခေါ်ဆိုကြသော်လည်း တမန်တော်မဟုတ်သောသူတို့ကို စမ်း**

**သပ်စစ်ဆေး၍ သူတို့သည် လိမ်လည်သောသူများဖြစ်ကြသည်ဟု သင်တွေ့ရှိကြောင်းကိုလည်း ငါသိ၏။**" - ဗျာဒိတ်ကျမ်း ၂:၂

စစ်ဆေးဆိုတဲ့ဝေါဟာရက ပိုင်းခြားဝေဖန် ဝိဘာဇ္ဇပြုခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဧဖက်အသင်းတော် ဂုဏ်ဆောင်များက မိစ္ဆာဝါဒသွန်သင်တဲ့ ဆရာအတုတွေကို သေသေချာချာ စစ်ဆေးပြီး ခုခံခဲ့ကြပါတယ်။ အသင်းတော်ထဲ စိမ့်ဝင်လာတဲ့မိစ္ဆာဝါဒတွေကို ခေါင်းဆောင် ပိုင်းက ကြိုးကြပ်ဖြေရှင်းကြပါတယ်။

> "သို့သော် သင့်အား ငါအပြစ်ဆိုစရာရှိ၏။ အကြောင်းမှာ သင်သည် **မိမိ၏ကနဦးမေတ္တာကိုစွန့်ခွာခဲ့ပြီ။** ထို့ကြောင့် သင်သည် မည်သည့်နေရာမှကျဆင်းခဲ့သည်ကို သတိရလျက် နောင်တရကာ ပထမပြုသောအမှုများကိုပြုလော့။ ထိုသို့မပြုဘဲ နောင်တလည်းမရပါက သင့်ထံသို့ငါလာ၍ သင်၏ဆီမီးခုံကို သူ့နေရာမှရွှေ့လိုက်မည်။" - ဗျာဒိတ်ကျမ်း ၂:၄-၅

အသင်းတော်ရဲ့ အမှားတွေကို သန့်စင်နေရင်းနဲ့ ခေါင်းဆောင်တွေဟာ သူတို့ရဲ့ကနဦးမေတ္တာတွေ ပျောက်ခဲ့ပါတယ်။ မိစ္ဆာဝါဒ ကိုင်စွဲသူတွေကို အလင်းပြဖို့က လွယ်ပါတယ်။ အမှားနဲ့အမှန်ကို ဝိဘာဇ္ဇပြုပြီး အမှန်ကိုပြောဖို့လိုတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် လူတစ်စုကို ခွဲထုတ်စီမံပေးနေရတဲ့အခါမှာ သူတို့အပေါ် မေတ္တာပြရမှာတွေ ယုတ်လျော့သွားတတ်ပါတယ်။ ဝမ်းမြောက်ဖွယ်တရားတွေ ချွေရမယ့်အစား မိစ္ဆာဒိဋ္ဌိတွေကို ချေပရတာနဲ့ပဲ လုံးချာလည်ရပါရော။ ကနဦးအသင်းတော်များမှာ ဒါတွေကြုံကြရကြောင်း သူတို့ ရဲ့ စာအုပ်ခေါင်းစဉ်ကနေ သိနိုင်ပါတယ်။ "______ရဲ့တစ်ဖက်" ဆိုတဲ့စာအုပ်တွေ အများကြီး ရှိခဲ့ပါတယ်။ *"ဗာဟီရရဲ့တစ်ဖက်၊ မာနီခီယန်များရဲ့တစ်ဖက်၊ မာစီယွန်ရဲ့ တစ်ဖက်၊ စာဘယ်လီယန်များရဲ့တစ်ဖက်၊ အော်နိုမီယပ်(စ်)ရဲ့တစ်ဖက်၊ ဝီဂျီလန်တီယပ်(စ်)ရဲ့ တစ်ဖက်"* စသဖြင့်ပါ။

ဖေက်အသင်းတော်မှာ အတ္တမဲ့မေတ္တာခန်းခြောက်ခြင်းက အသင်းတော်ကို အတော်ထိုးနှက်ပါတယ်။ အသင်းတော် (၇) ပါးဆီပို့တဲ့ သဝဏ်လွှာတွေသည် အဲဒီအချိန်မှာရှိခဲ့တဲ့ အသင်းတော်အတွက်သာ ရည်စူးတာမဟုတ်ဘဲ တမန်တော်များခေတ်အသင်းတော်ကနေ ယနေ့အထိတည်ရှိတဲ့ အသင်းတော်များအတွက် ဗျာဒိတ်အဟောဖြစ်ပါတယ်။ အာရှမှာ အသင်းတော် (၇) ပါးထက်များကြောင်း ကျွန်တော်တို့သိပါတယ်။ Phrygia, Pamphylia, Galatia, Pontus, Cappadocia တွေဟာလည်း အာရှအသင်းတော်များ ဖြစ်ပါတယ်။ ဒီအသင်းတော် (၇) ပါးကတော့ ခရစ်တော်ဘုရားလာပွင့်စဉ်ကစပြီး ခေတ်အားလုံးရှိ ခရစ်ယာန်အသင်းတော်ကို ကိုယ်စားပြုဖို့ လက်ရွေးစင်ကောက်ထားခြင်းဖြစ်ပါတယ်။

> "အချိန်နီးကပ်ပြီဖြစ်၍ ဤပရောဖက်ပြုဟောပြောသောစကားကို ဖတ်ကြားသောသူနှင့် ဤစကားကိုကြားနာ၍ ၎င်းတွင်ရေးထားသောအရာများကို လိုက်နာစောင့်ထိန်းသောသူတို့သည် မင်္ဂလာရှိကြ၏။" - ဗျာဒိတ်ကျမ်း ၁:၃

ရှင်ယောဟန်ကတော့ သူ့ရဲ့စာအုပ်တစ်အုပ်လုံးကို ဗျာဒိတ်ဟောချက်လို့ ဆိုထားပါတယ်။ တံဆိပ်တော် (၇) ပါး အကြောင်းကနေမှဗျာဒိတ် စတာမဟုတ်ပါဘူးလို့ ဆိုပါတယ်။ (၇) ဆိုတာကိုက ကျမ်းစာအရ ပြီးပြည့်စုံခြင်းပါ။ အောက်မှာက သာဓကတစ်ခုပါ။

> "သတ္တမနေ့ရက်ရောက်လျှင်၊ ဘုရားသခင်သည် ဖန်ဆင်းသောအမှုကို လက်စသတ်(ပြည့်စုံ၊ ပြီးစီး)တော်မူခဲ့ပြီးသည်ဖြစ်၍၊ ဖန်ဆင်းသမျှသော အမှုအရာတို့သည် ပြီးစီးပြီးမှ၊ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။" - ကမ္ဘာဦးကျမ်း ၂:၂

အဲဒါကြောင့် အသင်းတော် (၇) ပါးဆိုတာကလည်း ခရစ်တော် ပထမအကြိမ် ကြွခဲ့တဲ့ အချိန်ကနေ ဒုတိယအကြိမ် ပြန်ကြွလာမဲ့ကာလတွေအထိ လွှမ်းခြုံပါတယ်။ တံဆိပ် (၇) ခုကလည်း တံဆိပ်ခတ်ခြင်းကို ဒီကာလတွေမှာ လုပ်ဆောင်မှာဖြစ်ကြောင်းကို ပုံဆောင်ပါ တယ်။ အသင်းတော်ဟာ ဘယ်လိုခြေလှမ်းသလဲဆိုတာ ခြင်ဆင်ကြည့်ပါ။

| အသင်းတော် | အဓိပ္ပာယ် | စီရင်ပုံအဆင့်ဆင့် |
|---|---|---|
| ၁။ ဧဖက် AD (31 - 100) | လိုချင့်စရာ | "**မိမိတို့ကိုယ်ကို တမန်တော်ဟုခေါ်ဆိုကြသော်လည်း တမန်တော်မဟုတ်သောသူတို့ကို စမ်းသပ်စစ်ဆေး၍** သူတို့သည် လိမ်လည်သောသူများဖြစ်ကြသည်ဟု သင်တွေ့ရှိကြောင်းကိုလည်း ငါသိ၏။" - ဗျာ ဒိတ်ကျမ်း ၂:၂ |
| ၂။ စမုရန (100 – 313) | အထောင်းခံရတဲ့အခါ မွှေးကြိုင် | "သင်ခံစားရတော့မည့် ဒုက္ခဝေဒနာများကို မကြောက်နှင့်။ သင်သည် စမ်းသပ်စစ်ဆေးခြင်းကိုခံရမည့်အကြောင်း **မာရ်နတ်သည် သင်တို့အထဲမှ အချို့တို့ကို ထောင်ထဲ၌ထည့်ထားတော့မည်။**" - ဗျာဒိတ်ကျမ်း ၂:၁၀ |
| ၃။ ပေရဂံ (313 – 538) | အမှန်အကန် ထိမ်းမြားခြင်း | "သင်သည် မည်သည့်အရပ်၌နေထိုင်သည်ကို ငါသိ၏။ ထိုအရပ်၌ **စာတန်၏ပလ္လင်ရှိ၏။**" - ဗျာဒိတ်ကျမ်း ၂:၁၃ |
| ၄။ သွာတိရ (538 – 1519) | အင်အားချည့်နဲ့သည် | "အောင်မြင်သောသူနှင့် ငါ၏အမှုကို အဆုံးတိုင်အောင်စောင့်ထိန်းသောသူအား **လူမျိုးတကာတို့ကိုအုပ်စိုးရသောအခွင့်ကို ငါပေးမည်။ သူသည် မြေအိုးများကိုကြေမွစေသကဲ့သို့ သံလှံတံဖြင့် သူတို့ကိုအုပ်ထိန်းလိမ့်မည်။** ဤသည်ကား ငါကိုယ် |

| | | |
|---|---|---|
| | | တိုင် ငါ့ခမည်းတော်ထံမှရရှိသောအုပ်စိုးခွင့်နှင့်တူ၏။" - ဗျာဒိတ်ကျမ်း ၂:၂၆၊ ၂၇ |
| ၅။ သာဒိ (1519 – 1798) | အကြွင်းအကျန်များ | "အောင်မြင်သောသူသည် ထိုကဲ့သို့ပင် ဖြူသောဝတ်ရုံကိုဝတ်ဆင်ရလိမ့်မည်။ **ငါသည်လည်း သူ၏နာမည်ကို အသက်စာစောင်မှ လုံးဝပယ်ဖျက်မည်မဟုတ်။** ငါသည် သူ၏နာမည်ကို ငါ့ခမည်းတော်ရှေ့၌လည်းကောင်း၊ ကိုယ်တော်၏ကောင်းကင်တမန်များရှေ့၌လည်းကောင်း ဝန်ခံမည်။" - ဗျာဒိတ်ကျမ်း ၃:၅ |
| ၆။ ဖိလဒေလဖိ (1798 – 1844) | ညီရင်းအစ်ကိုချစ်ခြင်း | "ကြည့်ရှုလော့။ မိမိတို့ကိုယ်ကို ဂျူးလူမျိုးဖြစ်သည်ဟုဆိုကြသော်လည်း ဂျူးလူမျိုးမဟုတ်ဘဲ စာတန်၏အသင်းဝင်များဖြစ်ကြသည့် လိမ်လည်ပြောဆိုသော**သူတို့ကို သင်၏ခြေရင်း၌ လာ၍ရှိခိုးစေ**ကာ ငါသည် သင်တို့ကိုချစ်ကြောင်း သူတို့အားသိစေ**မည်။**" - ဗျာဒိတ်ကျမ်း ၃:၉ |
| ၇။ လောဒိကိ (1844 - လက်ရှိ) | လူသားများကိုစီရင် | "သင်က 'ငါသည် ချမ်းသာ၍ကြွယ်ဝသောကြောင့် မည်သည့်လိုအပ်ချက်မျှမရှိ'ဟုဆိုနေ၏။ သို့သော် သင်သည် အလွန်စိတ်ပျက်ဖွယ်ကောင်းသောသူ၊ သနားစရာကောင်းသောသူ၊ ဆင်းရဲသောသူ၊ မျက်စိမမြင်သောသူနှင့် အဝတ်မပါအချည်း |

| | | |
|---|---|---|
| | | စည်းဖြစ်သောသူဖြစ်ကြောင်းကို သင်မသိ။" - ဗျာဒိတ်ကျမ်း ၃:၁၇ |

ဖေက်အသင်းတော်ခေါင်းဆောင်တွေက အခြားလူတွေကို လိုက်ပြီးအပြစ်ရှာတတ်ကြတဲ့ အတွက် အဲဒီစိတ်ဓာတ်ဟာ နောက်တက်လာတဲ့အသင်းတော်ကိုလည်း ဆက်ကူးပါတယ်။ အဲဒီအသင်းတော် (၂) ပါးစလုံးအပေါ် သုံးထားတဲ့ ဂရိဝေါဟာရကတော့ တစ်လုံးထဲပါဘဲ။ အခြားလူတွေကို အပြစ်မြင်တဲ့စိတ်မျိုး သူတို့စသုံးလိုက်တာနဲ့ အသင်းတော်မှာ အက် ကြောင်းကွဲစေပြီး ကိုယ့်အတတ် ကိုယ်ပြန်ဆူးစေပါသလား (ရှင်မဿဲ ၇:၁ ကို ရှုပါ)။

စမုရနအသင်းတော်ခေတ်မှာ ညှဉ်းပန်းနှိပ်စက်မှု ရှိခဲ့တဲ့အတွက် အသင်းတော်က ငြိမ်းချမ်း ရေးလမ်းကိုလက်ခံပြီး ရောမမြို့မှာ ရုံးစိုက်ခဲ့ပါတယ်။ ပေရဂံရဲ့အဓိပ္ပာယ်ကတော့ အ မှန်အကန်ထိမ်းမြားခြင်း ဖြစ်ပါတယ်။ အဲဒီကာလမှာ အသင်းတော်နဲ့ အစိုးရမင်းများ လက် ချင်းချိတ်ကြတဲ့ကာလဖြစ်ပြီး မာရ်နတ်ရဲ့ပလ္လင် စတည်ခဲ့ပါတယ်။ အနှီဖြစ်စဉ်က တတိယ မြောက်အသင်းတော်ခေတ်ကာလမှာ မာရ်နတ်က အသင်းတော်ထဲမှာ ရာဇပလ္လင်တည် နိုင်ခွင့် ပေးခဲ့ပါတယ်။

မာရ်နတ်ဟာ ပလ္လင်တည်အပြီးမှာ အလယ်ခေတ်ကာလက အသင်းတော်ဟာ ခြယ်လှယ် လိုစိတ်ရှိကြပြီး ခရစ်တော်က သူတို့ဟာ နိုင်ငံတွေအုပ်စိုးဖို့ အာခံသူများကိုနှိပ်စက်ဖို့ အာဏာပေးထားတယ်လို့ မိန့်ပါတယ်။ ဘုရားရဲ့သန့်ရှင်းသူများစွာဟာ အဲဒီကာလမှာ သေဒဏ်ကျခဲ့ကြရပါတယ်။ အဲဒီကာလတွေမှာ ခရစ်ယာန်အသင်းတော်ကို အမျိုးမျိုး အပြစ်ရှာပြီး သေဒဏ်ပေးခဲ့ကြပါတယ်။

အနှီဟာ ဒံယေလအခန်းကြီး (၇) လာ ချိုငယ်ဟာ စကားကြီးစကားကျယ်ပြောတယ် ဆိုတဲ့အကြောင်းပါပဲ။

> "ထိုချိုတို့ကို ငါကြည့်ရှုစဉ်၊ ချိုများအလယ်၌ ချိုငယ်တစ်ချောင်းသည် ပေါက်ပြန်၏။ ထိုချိုငယ်ရှေ့မှာ အရင်ချိုသုံးချောင်းကို အမြစ်နှင့်တကွ နုတ်လေ၏။ ထိုချိုငယ်သည် လူမျက်စိကဲ့သို့သော မျက်စိနှင့်၎င်း၊ ကြီးစွာသောစကားကို ပြောတတ်သော နှုတ်နှင့်၎င်း ပြည့်စုံ၏။" - ဒံယေလ ၇:၈

> "ငါကြည့်ရှုစဉ်တွင် **အသက်ကြီးသောသူသည် ရောက်လာလျှင်၊ အမြင့်ဆုံးသော ဘုရား၏ သန့်ရှင်းသော သူတို့အား စီရင်ရသော အခွင့်ကိုပေး၍၊** ထိုသူတို့သည် နိုင်ငံကိုသိမ်းယူဝင်စားသော အချိန်ရောက်သည့်တိုင်အောင် **ထိုချိုသည် သန့်ရှင်းသူတို့ကို စစ်တိုက်၍ နိုင်လေ၏။**" - ဒံယေလ ၇:၂၁၊ ၂၂

၁၈၄၄ မှာစတဲ့ တရားစီရင်ခြင်းဆိုတာ မာရ်နတ်ရဲ့ပလ္လင်ကနေ ဘုရားရဲ့လူတွေအပေါ် ချိုငယ်က စီရင်ခဲ့ခြင်းတွေကို တန်ပြန်စီရင်ခြင်း ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့တရားစီရင်ခြင်းဆိုတာက အမှန်တော့ မာန်နတ်က အသင်းတော်ခေါင်းဆောင်များကိုသုံးပြီး စွပ်စွဲခဲ့တာတွေကို မမှန်ကြောင်းပြတဲ့ကိစ္စဖြစ်ပါတယ်။ ယုဒခေါင်းဆောင်များက ပုရိသန့် ပြစ်မှားတဲ့ အမျိုးသမီးကိုဖမ်းပြီး ယေရှုဘုရားဆီကိုခေါ်လာပြီး စီရင်ခိုင်းခဲ့ကြပါတယ်။ ယေရှုဘုရားက သူတို့ကို ပြန်ပြီးစီရင်ပါတယ်။ အဲဒီအတိုင်းဘဲ အသင်းတော်က လူအများကြီးကို အပြစ်ပေးသတ်ဖြတ်ပြီးတဲ့နောက်မှာ ဘုရားသခင်က အသင်းတော်ကို ပြန်ပြီး တရားစီရင်ပါတယ်။ လွန်ခဲ့တဲ့နှစ် ၂,၀၀၀ က ယေရှုဆီမှာရှိတဲ့ သနားညှာတာမှုကို ဘယ်သူ တွေကမြင်ပြီး ဘယ်သူတွေက ငါတို့တော့သွားပါပြီလို့ မှတ်ကြသလဲ။ အသက်ကြီးသော ဘုရားရဲ့တရားစီရင်မှုမှာ ဘယ်သူတွေက ညှာတာမှုမြင်ပြီး ဘယ်သူတွေက မျှော်လင့်ချက် မရှိဘူးလို့ မြင်ကြသလဲ။

ယေရှုဘုရားရဲ့ ယုံကြည်ခြင်းမျိုးရှိတဲ့သူတွေက သားတော်ရဲ့မျက်စိနဲ့ ခမည်းတော်ဘုရားရဲ့ ကောင်းမြတ်ခြင်းကိုမြင်နိုင်ဖို့၊ ဘုရားရဲ့တရားစီရင်ခြင်းဟာ ဘုရားလူတွေကို အပြစ်ပေးဖို့ မဟုတ်ဘဲ မာရ်နတ်က အသင်းတော်ခေါင်းဆောင်တွေကိုသုံးပြီး အပြစ်ဖို့ထားခဲ့တာတွေ ကို

ကွယ်ကာပေးတာလို့ မြင်ဖို့လိုပါတယ်။ ဘုရားသခင်က အနီ့တရားစီရင်ခြင်းရှိဖို့ ခွင့်ပြုပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီတရားစီရင်ခြင်းက မာရ်နတ်ရဲ့အသုံးတော်ခံများကြောင့် ဘုရားရဲ့လူတွေရဲ့စိတ်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာကိုပြလို့ ဖြစ်ပါတယ်။ ဒီတရားစီရင်မှုကြောင့် ဘုရားရဲ့လူတွေက ဘုရားကို ကိုးစားသလား (သို့) အောင်စိတ်ကို လျှော့လိုက်ပါသလား။

ရာစုအများကြီး နှိပ်စက်ခံလာပြီးချိန်မှာ ဘုရားသခင်ရဲ့လူတွေကလည်း သူတို့အပေါ် နှိပ်စက်ခဲ့သူတွေအပေါ် တရားမျှတမှုပေးဖို့ ကြွေးကြော်ခဲ့ကြပါတယ်။ အနီ့ကို ပဥ္စမမြောက် တံဆိပ်တော်ကာလမှာ တွေ့ရပါတယ်။ အဲဒါသည် ပဥ္စမမြောက်အသင်းတော် အချိန်ပါဘဲ။

> "သိုးသငယ်တော်သည် ပဥ္စမတံဆိပ်ကိုဖွင့်သောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်ကြောင့် … အသေသတ်ခြင်းခံရသောသူတို့၏ဝိညာဉ်များကို ယဇ်ပလ္လင်အောက်တွင် ငါမြင်ရ၏။ ထိုသူတို့က "သန့်ရှင်း၍ ဖြောင့်မှန်တော်မူသောသခင်၊ အကျွန်ုပ်တို့၏သွေးအတွက် ကမ္ဘာမြေကြီးပေါ်မှာနေထိုင်သောသူတို့ကို တရားမစီရင်၊ လက်တုံ့လည်းမပြန်ဘဲ မည်မျှကြာအောင်နေတော်မူမည်နည်း"ဟု ကျယ်လောင်သောအသံဖြင့်ကြွေးကြော်ကြ၏။" - ဗျာဒိတ်ကျမ်း ၆:၉၊ ၁၀

အသင်းတော်ဟာ ဒုက္ခအကြီးအကျယ်ခံရပြီး သန်းပေါင်းများစွာ သေခဲ့ကြပါတယ်။ ဒါပေသိ ဘုရားရဲ့လူများဆီမှာ လက်စားချေလိုစိတ်စွဲကျန်၊ ရန်သူများကို ဘုရားသခင်က လက်စတုံ့ပေးဖို့ ဆန္ဒရှိကြပါတယ်။ အနီ့သမိုင်းကို ပြန်သုံးသပ်တဲ့အခါမှာ လူသားတွေရဲ့ဗီဇကို ကျွန်တော်တို့တွေ့နိုင်ပါတယ်။ အသင်းတော်မှာ အဓမ္မသုံးဖို့ စခဲ့ကြတဲ့ပုဂ္ဂိုလ်တွေက (ဩဂတ်စတင်းအပါ) ဒီနည်းဟာ ဘယ်လောက်တောင် အရုပ်ဆိုးမယ်မှန်းကို စိတ်ကူးတတ်ခဲ့ကြမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ဗီဇဟာ ဘယ်လောက်ရက်စက်သလဲ ဆိုတာကိုမြင်တတ်ဖို့ အနီ့သမိုင်းလိုအပ်ပါတယ်။

ကျွန်တော်တို့ဟာ ဘယ်လိုပါဆိုတာကို ဘုရားသခင်က မိန့်ရုံနဲ့မပြီးပါဘူး။ အကြောင်းက တော့ ကျွန်တော်တို့က ဘုရားကိုယုံချင်၊ နားလည်ချင်မှာ မဟုတ်လို့ပါ။ ကလေးတွေက မီးလောင်မခံရခင်မှာ မိဘတွေ သတိကြိုပေးတာကို နားမလည်တတ်ကြတာနဲ့ ပမာဆင် ပါတယ်။ အဲဒါကြောင့်မို့လဲ ဘုရားသခင်က ဒုစရိုက်ကို ပွားခွင့်ပေးခဲ့တာပါ။ အဲဒါမှ စကြ ဝဠာကြီးက အပြစ်ရဲ့အနိဋ္ဌာရုံကို တွေ့ကြပြီး အပြစ်မှာ ကောင်းတာမရှိကြောင်း၊ ဘုရားရဲ့ ပညတ်တော်ဟာ မကောင်းပါဘူးလို့ ဝါဒဖြန့်တဲ့မာရ်နတ်ရဲ့စကားဟာ တရားမဝင်ကြောင်း သိနိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီနည်းအားဖြင့် ဘုရားသခင်က "အပြီးဆုံးရှုံးစေတော်မူပြီး၊ တစ်ဖန်နှိမ်နှင်းစရာမရှိ" (နာဟုံ ၁:၉) အောင်လုပ်မှာဖြစ်ပါတယ်။

ဖိလဒေလဖိအသင်းတော်ကို ညီရင်းအစ်ကိုချစ်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။ အ သင်းတော်ဟာ အမှန်တရားကိုလိုက်တဲ့ လူနည်းစုအသင်းတော် ဖြစ်ပါတယ်။ ဒါပေမယ့် မေတ္တာတရား ချမ်းသာကြပါတယ်။ ယေရှုက သူတို့ရဲ့ဆန္ဒကို သဘောကျ၊ အသိအမှတ် ပြုပြီး "သူတို့သည် သင်၏ခြေရင်း၌ ပျပ်ဝပ်ရန်ပြုမည်" လို့ ဆိုခဲ့ပါတယ်။ ခင်ဗျားဟာ ဘာမှမဟုတ်တဲ့အခါ အသိအမှတ်ပြုခံလိုစိတ် ပြင်းပြပါတယ်။ ယေရှုဘုရားကလည်း ဖိလဒေလဖိအသင်းတော်တို့နားလည်နိုင်တဲ့ ဝေါဟာရနဲ့ မိန့်ခဲ့ပါတယ်။ သူတို့ရဲ့ရန်သူတွေ ဟာ သူတို့ရဲ့ရှေ့လာပျပ်ဝပ်ပြီး မတရားခံခဲ့ရတာတွေကို တရားအောင်လုပ်ပေးမှာ ဖြစ်ပါ တယ်။ အသုံးအနှုန်းကတော့ တရားခွင်မှာသုံးတဲ့ အသုံးအနှုန်းမျိုးပါ။

၁၈၄၄ ခုနှစ်ရောက်တဲ့အထိနေရတဲ့ ဖိလဒေဖိအသင်းသားများက သူတို့ရဲ့သန္တာန်မှာ ဘာရှိလဲဆိုတာကို မသိကြပါဘူး။ သူတို့က ဗိမာန်တော် သန့်စင်မယ့်နေ့မှာ ယေရှုဟာ ဒီကမ္ဘာကို ပြန်ကြွလာပြီး တရားစီရင်တော့မယ် — ဘုရားက သူတို့ကိုမှန်တယ်၊ လူဆိုး တွေကိုမှားတယ်၊ သူတို့ကို ညှင်းဆဲ၊ ဖယ်ကြဉ်ခဲ့တဲ့ သူတွေကို ဒဏ်ပေးမယ်လို့ မှတ်ခဲ့ ကြပါတယ်။ ၁၈၄၄ ခုနှစ် အပြစ်ဖြေရာနေ့ထူးမှာ မျှော်လင့်ခဲ့သလို ဖြစ်မလာတဲ့အခါ

မျှော်လင့်ခြင်းအသင်းသားများလို့ခေါ်တဲ့လူစုဟာ အကြီးအကျယ် စိတ်ဓာတ်ကျခဲ့ ကြပြီး စိတ်ဓာတ်ကျရာနေ့လို့ တွင်ခဲ့ပါတယ်။ ဘုရားသခင်က ၁၈၄၄ မှာ ဒီလိုလုပ်မယ် ဆိုတဲ့ သူတို့ရဲ့အမှတ်ကို ဘုရားသခင်က ဝိဘဇ္ဇပြုစေလိုခဲ့ပါတယ်။ ဒါပေမယ့် အများစုက နောက်ဆုတ်သွားကြပြီး သူတို့ရဲ့ဗီဇအတိုင်း ဆက်ပြီးနေသွားကြတာဟာ ဝမ်းနည်းစရာ ပါ။ အဲဒီမျိုးစေ့ကို နောက်ဆုံးပိတ်အသင်းတော်က ဖြေရှင်းရမှာဖြစ်ပါတယ်။

နောက်ဆုံးပိတ်အသင်းတော်ဟာ လောဒကိအသင်းတော် ဖြစ်ပါတယ်။ လူတွေကို တရား စီရင်တယ်လို့ အဓိပ္ပာယ်ရပါတယ်။ လူသားတွေရဲ့ တရားစီရင်တတ်တဲ့ဗီဇက ဒီအသင်း တော်မှာ အထွတ်ကိုရောက်ပါတယ်။ ဒီအသင်းတော်ခေတ်မှာ ဘုရားသခင်က တရားစီရင် ခြင်း စတင်ပြီဆိုတဲ့သတင်းကို ပို့ခဲ့ပါတယ်။ ခရစ်တော်ကို ယုံကြည်သက်ဝင်သူများရဲ့ ရာဇဝင်ကို ဘုရားသခင်က ရာဇပလ္လင်မှာ နေရာယူပြီး စစ်ဆေးကြောင်း သရုပ်ဖော်ထား ပါတယ်။

ဘုရားရဲ့သားသမီးများကရော ဒီတရားစီရင်မှုကို ဘယ်လိုမြင်ကြပါသလဲ။ အဲဒါကတော့ ဘုရားသခင်ရဲ့သိက္ခာတော်ကို မြင်ကြပုံအပေါ် အခြေခံပါတယ်။ ဘုရားသခင်ဟာ အပြစ် ရှာသူပါလို့ မှတ်ကြလို့ရှိရင် သူတို့လည်း အခြားလူအပေါ် ဒီလိုလုပ်ကြမှာ ဖြစ်ပါတယ်။ အသင်းတော်ကလည်း သူ့ကိုယ်သူ "ကြယ်ဝ၊ ပြည့်စုံတယ်" သူများထက်သာတယ်ဆိုတဲ့ စိတ်ကြီးဝင်ပါတယ်။

ဒီလိုတရားစီရင်တတ်တဲ့စိတ်ကြောင့် ဘုရားသခင်က ကျွန်တော်တို့ရဲ့သန္တာန်မှာ အမှန် တရားကို ငြင်းပယ်တဲ့သူတွေ ခံကိုခံရမယ်ဆိုတဲ့စိတ်မျိုးရှိတာကို ဘုရားအပေါ် ပုံရိုက်ခွင့် ပေးခြင်းဖြင့် ဘုရားသခင်က ကျွန်တော်တို့ရန်သန္တာန်ကို ချကိုချပြရမှာဖြစ်ပါတယ်။ တစ် ဆက်တည်းမှာပဲ ဘုရားသခင်ရဲ့သိက္ခာစစ်ကို သိသူများက ဘုရားသခင်ဟာ စာတန်ရဲ့ စွပ်စွဲခြင်းကနေ သူတို့ကို ကာရံပေးသူပါလားလို့ယုံကြမှာ ဖြစ်ပါတယ်။ စွပ်စွဲခြင်းကတော့ သူတို့ဟာ အနာဂတ်မဲ့တဲ့အပြစ်သား

ဘယ်တော့မှကောင်းလာမှာမဟုတ်ဘူးလို့ တိုက်ရိုက် စွပ်စွဲမလား (သို့) ဘုရားသခင်ဟာ ကြောက်စရာကြီးပါဆိုတဲ့ အသင်းတော်ရဲ့အမြင်သစ် နဲ့လည်း လာနိုင်ပါတယ်။

၁၈၄၄ ခုနှစ်ကစတဲ့ တရားစီရင်ခြင်းက ဘုရားရဲ့သူတော်စင်တွေ သူတို့ရဲ့စိတ်ထဲမှာ ဘာရှိသလဲဆိုတာ မြင်ကြဖို့ဖြစ်ပါတယ်။ တရားစီရင်ခြင်းက ကျွန်တော်တို့က ဘယ်လိုဆန္ဒရှိကြောင်း၊ ဓမ္မနဲ့အဓမ္မပဋိပက္ခဟာ ဘယ်လိုနိဂုံးချုပ်ရမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့စိတ်ကိုပြပါတယ်။

အမှန်ကတော့ ၁၈၄၄ ကနေစပြီး ဘုရားသခင်ရဲ့သိက္ခာတော်ဟာ အထူးစီရင်ခံခဲ့ရတာပါ။ ဗျာဒိတ် ၁၄:၇ ကို ရှုထောင့် (၂) ခုနဲ့ မှတ်လို့ရပါတယ်။

> "ထိုကောင်းကင်တမန်က 'ဘုရားသခင်**တရားစီရင်တော်မူရာအချိန် ကျရောက်လာပြီ**ဖြစ်၍ ကိုယ်တော်ကိုကြောက်ရွံ့လျက် ဘုန်းတော်ကိုချီးမွမ်းကြလော့။ ကောင်းကင်၊ မြေကြီး၊ ပင်လယ်နှင့်စမ်းရေတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့' ဟု ကျယ်လောင်သောအသံဖြင့် ကြွေးကြော်လေ၏။" - ဗျာဒိတ်ကျမ်း ၁၄:၇

တရားစီရင်ချိန်ကျပါပြီ။ ဘယ်သူက တရားစီရင်မှာလဲ။ ဘုရားလား၊ ကျွန်တော်တို့လား။ ယေရှုကတော့ ဘုရားသခင်ဟာ ဘယ်သူ့ကိုမှ တရားမစီရင်ဘူးလို့ မိန့်ပါတယ်။ ဒါဆို ကျွန်တော်တို့က တရားစီရင်ခြင်းကို လုပ်နေတာပါ။ ဘုရားကတော့ ဒီလိုစီရင်မှာဘဲလို့ ကျွန်တော်တို့က ကိုယ့်စိတ်နဲ့နှိုင်းတာကြောင့် ဘုရားကတော့ ကျွန်တော်တို့ကို ဒီလိုစီရင်မှာပါလေဆိုပြီး မှတ်နေကြတာပါ။

> "သူတို့တွင် အချို့မယုံသော်လည်း၊ အဘယ်ဆိုဖွယ်ရှိသနည်း။ သူတို့မယုံဘဲနေခြင်းအရာသည် ဘုရားသခင်၏သစ္စာတော်ကို ဖျက်နိုင်သလော။- မဖျက်နိုင်ရာ။ သို့ဖြစ်၍မိန့်တော်မူချက်သည် ဖြောင့်ပါ၏။ **တရားစီရင်သောအခါ အောင်မြင်တော်မူ၏**ဟု ကျမ်းစာ၌လာသည်နှင့်အညီ၊ လူခပ်သိမ်းတို့သည် သစ္စာပျက်သော်

လည်း၊ ဘုရားသခင်၏ သစ္စာတော်သည် တည်စေသတည်း။" - ရောမဩဝါဒစာ ၃:၃၊ ၄

ဘုရားသခင်ဟာ ဘယ်လိုမျိုးပါလို့ ခင်ဗျားမှတ်ပါသလဲ။ ဘုရားက လူတွေကို အပြစ်ပေး၊ စီရင်၊ သေဒဏ်ပေးသလား။ ဒါမှမဟုတ် ရန်သူကိုသနား၊ ကရုဏာထား၊ ချစ်၊ သူ့ကို မုန်းတဲ့လူတွေအတွက် ကောင်းတာတွေဖြည့်ဆည်းပေးတဲ့ ယေရှုနဲ့တူတဲ့ဘုရားလား။

ခင်ဗျားစီရင်တဲ့အတိုင်းပါ...

## ၁၇။ တောက်ပသောမြစ် (သို့) မီးရောင်ခြည်

ဒံယေလအခန်းကြီး (၇) ဟာ ဘုရားသခင်ကို လူတွေကို အပြစ်ပေး၊ ဖျက်ဆီးတဲ့ တရားသူကြီးလို့ ကျွန်တော်တို့ကိုမြင်စေတဲ့ ပဓာနအခန်းကြီး ဖြစ်ပါတယ်။ အနီးအခန်းကြီးထဲမှာ နိုင်ငံတွေ တစ်နိုင်ငံပြီးတစ်နိုင်ငံ တက်လာကြ၊ ပြိုင်ဖက်တွေကို အနိုင်တိုက်ကြတာတွေ မြင်ရပါတယ်။ အဲဒီနောက်မှာ ပြီးခဲ့တဲ့အခန်း (၂) ခန်းများမှာ ဆွေးနွေးပြီးသားဖြစ်တဲ့ ရောမအင်ပါယာကနေတက်လာတဲ့ ချိုငယ်လေးအကြောင်း ရောက်လာပါတယ်။

> "ထိုချိုတို့ကို ငါကြည့်ရှုစဉ်၊ ချိုများအလယ်၌ ချိုငယ်တစ်ချောင်းသည် ပေါက်ပြန်၏။ ထိုချိုငယ်ရှေ့မှာ အရင်ချိုသုံးချောင်းကို အမြစ်နှင့်တကွ နုတ်လေ၏။ ထိုချိုငယ်သည် လူမျက်စိကဲ့သို့သော မျက်စိနှင့်ငင်း၊ **ကြီးစွာသောစကားကို ပြောတတ်သော နှုတ်နှင့်ငင်း ပြည့်စုံ၏။**" - ဒံယေလ ၇:၈

ချိုငယ်လေးပြောခဲ့တဲ့ စကားကြီးစကားကျယ်များဟာ ဘာများပါလိမ့်။

> ပုပ်ရဟန်းမင်းသည် ဂုဏ်ဝါကြီးလှပြီး အလွန်ချီးမြှောက်ခြင်း ခံရတဲ့အတွက် ၎င်းဟာ သာမန်ပုထုဇဉ်မဟုတ်ပါ။ ဘုရားနဲ့တူပါတယ်၊ ဘုရားပုံဆောင်ခဲ ဖြစ်ပါတယ်... (Lucius Ferraris, "Papa II," *Prompta Bibliotheca,* Vol. VI, pp. 25-29 ကို ဘာသာပြန်ထားသည်)

> ပီတာနှင့် သူ့နောက်တက်လာသူများက သွန်သင်ဖို့၊ ဆုံးမဖို့အတွက် ဥပဒေထုတ်နိုင်ခွင့်အာဏာ ရှိကြပါတယ်။ ပညတ်များကို ထည့်ခွင့်၊ နုတ်ခွင့် ရှိပါတယ်။ **ပညတ် တော်ကို ပလပ်ခြင်း၊ ပြဋ္ဌာန်းခြင်း၊ ဒဏ်ပေးခြင်းများသည် ၎င်းတို့ရဲ့ လုပ်ပိုင်ခွင့် များ ဖြစ်ပါတယ်။ အနီးအခွင့်အာဏာဟာ အပြစ်ကိုတောင် ဖြေလွှတ်ပေးနိုင်တဲ့ အာဏာတောင် ပါပါတယ်။** အကြောင်းကတော့ အပြစ်သည် လောကုတ္တရာနိုင်ငံ တော်ရဲ့ ပညတ်တွေကို အက်ကြောင်းထင်စေပြီး ဖွဲ့စည်းထားတဲ့ တရားသူကြီး တွေရဲ့ အရေးယူပိုင်မှုအောက်မှာရှိပါတယ်။ *The Catholic Encyclopedia,* Vol XII, art, "Pope," page 265.

ပုပ်ရဟန်းမင်းက သူ့ကိုယ်သူ ဒီကမ္ဘာရဲ့ ဘုရားဖြစ်ကြောင်း၊ ပညတ်တော်ကို ချိုးဖောက်သူများကို တရားစီရင်ပိုင်ခွင့်ရှိကြောင်း၊ အပြစ်ပေးပိုင်ခွင့်ရှိကြောင်း ကြေငြာခဲ့ပါတယ်။ ပါပရဟန်းစနစ်က အမှောင်ခေတ်ကာလတစ်လျှောက်လုံးမှာ ဒိဠ္ဌိစစ်ကြောရေးခုံရုံးရဲ့ အာဏာနဲ့ ကင်းထောက်ပြီး အပြစ်ပေးခဲ့တာ သူအုပ်စိုးခဲ့တဲ့နိုင်ငံတွေမှာ လူသန်းချီပြီး သေခဲ့ကြပါတယ်။

ရိုမန်ကက်သလစ်အသင်းတော်ရဲ့ ဘုရားကိုရှုမြင်ပုံက ဘုရားသခင်ဟာ သူတို့အတိုင်းဘဲ ပညတ်တော်ကို သူတို့အနက်ဖွင့်တဲ့အတိုင်း မလိုက်တဲ့သူတွေကို အပြစ်ပေးတဲ့ဘုရားလို့ မှတ်ကြပါတယ်။ "အမြင့်ဆုံးသောဘုရားရဲ့ သန့်ရှင်းသူတွေကိုညှင်းဆဲ" (ဒံယေလ ၇:၂၅) ခဲ့တဲ့သူရဲ့ခေတ်ကုန်မှာဘဲ ရူပါရုံက ကောင်းကင်ဖက်ကို လှည့်သွားပါတယ်။

> "ထိုအခါ ငါကြည့်ရှုစဉ်၊ ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍၊ အသက်ကြီးသော သူတစ်ဦးသည် ထိုင်တော်မူ၏။ အဝတ်တော်သည် မိုဃ်းပွင့်ကဲ့သို့ဖြူ၏။ ဆံပင် တော်သည် ဖြူသော သိုးမွေးနှင့်တူ၏။ ပလ္လင်တော်သည် မီးလျှံဖြစ်၏။ ပလ္လင်တော် အောက်၌ မီးစက်လှည်းဘီးရှိ၏။ မျက်နှာတော်မှာ **မီးရောင်ခြည်**ထွက်လေ၏။ အတိုင်းမသိ များစွာသော သူတို့သည် အမှုတော်ကို ဆောင်ရွက်၍၊ ကုဋေသချင်္ချေ မက ရှေ့တော်၌ ခစား၍ နေကြ၏။ တရားစီရင်ခြင်းငှာ ပြင်ဆင်၍ စာစောင်များကို ဖွင့်ထားကြ၏။" - ဒံယေလ ၇:၉၊ ၁၀

တရားရုံးဖွင့်၊ စာအုပ်တွေဖွင့်၊ ကောင်းကင်တမန်တွေလည်း ပါဝင်ကြကြောင်းကို ကျွန်တော်တို့ တွေ့ရပါတယ်။ ရူပါရုံထဲမှာတော့ အသက်ကြီးသောပုဂ္ဂိုလ် (ခမည်းတော်) ရဲ့ ဝါစာ တစ်ခွန်းမှ ရေးမထားခဲ့ပါဘူး။ အခြားဖြစ်စဉ်တစ်ခုကို ရိုးရိုးတန်းတန်း ပြောင်းသွားပါတယ်။

> "ထိုအခါ ချိုငယ်ပြောသော စကားကြီး အသံကြောင့် ငါကြည့်ရှု၍ နေစဉ်၊ ထိုသားရဲအသက်ကို သတ်ပြီးလျှင် သူ၏ ကိုယ်ကိုမီးရှို့၍ ဖျက်ဆီးကြ၏။

အခြားသော သားရဲမှုကား၊ အစိုးရသော အခွင့်တန်းခိုးရှိုးသော်လည်း၊ ချိန်းချက်သော ကာလ ပတ်လုံး အသက်ရှင်ရကြ၏။" - ဒံယေလ ၇:၁၁၊ ၁၂

ဘုရားသခင်က ချိုငယ်လေးရဲ့လုပ်ရပ်ကုန်စင်ကိုစီရင်၊ သူ့ကိုလည်း မီးနဲ့ဖျက်ဆီးပုံပေါ်ပါတယ်။

ခမည်းတော်က စကားတစ်ခွန်းမဟခြင်းက ကျွန်တော့်ကို သူ့အပေါ်ကိုအာရုံစိုက်စေပါတယ်။ တပည့်တော်တွေကို ယေရှုဘုရား ရှေ့သွားနမူနာပြခဲ့သလိုမျိုးနဲ့ အလားသဏ္ဍာန်တူနေပါတယ်။

"ထိုအခါ ထိုအရပ်ဒေသမှ ခါနာန်အမျိုးသမီးတစ်ဦးသည် ထွက်လာ၍ 'သခင်ဘုရား၊ ဒါဝိဒ်၏သားတော်၊ ကျွန်မကိုသနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးပူး၍ ပြင်းထန်စွာခံစားနေရပါ၏' ဟု အော်ဟစ်လျှောက်ထားလေ၏။ **သို့သော် ကိုယ်တော်သည် သူ့ကိုတစ်ခွန်းမျှ ဖြေကြားတော်မမူ။** ထိုအခါ တပည့်တော်တို့သည် အထံတော်သို့ချဉ်းကပ်၍ 'ဤအမျိုးသမီးသည် အကျွန်ုပ်တို့နောက်မှလိုက်လာပြီး အော်ဟစ်နေပါသဖြင့် သူ့ကိုပြန်သွားစေတော်မူပါ' ဟု လျှောက်ကြ၏။" - ရှင်မဿဲ ခရစ်ဝင် ၁၅:၂၂၊ ၂၃

ယေရှုဘုရားက ခါနနိအမျိုးသမီးအပေါ် ဖာသိဖာသာနေတဲ့အခါ တပည့်တော်တွေက ဒီအ ပြုအမူဟာ သူမကို သင်ခန်းစာပေးတာလို့ မှတ်ကြပါတယ်။ အနှီအဖြစ်အပျက်အကြောင်း ကြိုဟောခဲ့တာ ရှိပါတယ်။ ။

"သင်သည်ထိုင်၍ သင့်ညီအစ်ကိုကိုဆန့်ကျင်ပြောဆိုလျက် သင့်မိခင်၏သားကို ဆဲဆိုတတ်၏။ ဤအမှုတို့ကိုသင်ပြု၍ **ငါသည်တိတ်ဆိတ်စွာနေသဖြင့် ငါသည် သင်နှင့်တူသည်ဟု သင်ထင်မှတ်၏။** ငါသည် သင့်ကိုဆုံးမ၍ သင်၏အပြစ်ကို သင့်ရှေ့မှောက်၌ခင်းပြမည်။" - ဆာလံကျမ်း ၅၀:၂၀၊ ၂၁

တပည့်တော်တို့ရဲ့ ဗီဇအမှန်ကိုဖော် ဖို့ ယေရှုဘုရားက ငြိမ်ငြိမ်လေး နေပြခဲ့တာပါ။ ဒံယေလ (၇) က အဖြစ်ကလည်း အဲဒီအတိုင်းပါဘဲ။ ခမည်းတော်က ဆိတ်ငြိမ်လျက်ပါ။ အဲဒီနောက်မှာမှ ဖြစ်စဉ်တွေက လိုက်လာပါတယ်။ ချိုငယ်ကလေးရဲ့ စကားတွေကြောင့် သားရဲဟာ လက်စတုံးခံရကြောင်း ကျွန်တော်တို့ သတိထားမိကြပါတယ်။

"ထိုအခါ **ချိုငယ်ပြောသော စကားကြီး အသံကြောင့်** ငါကြည့်ရှု၍ နေစဉ်၊ ထိုသားရဲ အသက်ကို သတ်ပြီးလျှင် သူ၏ ကိုယ်ကိုမီးရှို၍ ဖျက်ဆီးကြ၏။" - ဒံယေလ ၇:၁၁

ဒံယေလ (၇) ထဲမှာရှိတဲ့ ချိုငယ်လေးဟာ ဗျာဒိတ်ကျမ်း (၁၇) မှာတော့ သားရဲကိုစီးတဲ့ အမျိုးသမီးနဲ့ ပြထားပါတယ်။ အမျိုးသမီးဟာ အသင်းတော်ကို ပုံဆောင်ပါတယ် (ယေရမိ ၆:၂)။ သူစီးတဲ့သားရဲကတော့ အစိုးရမင်းကို ပုံဆောင်ပါတယ်။ ချို (၁၀) ချောင်းဆိုတာ ဟာလည်း ကမ္ဘာ့သမိုင်းပိတ်မယ့်ကာလမှာရှိမယ့် (၁၀) နိုင်ငံများ ဖြစ်ပါတယ်။ အမျိုးသမီး ဟာ ဘယ်လိုဖျက်ဆီးခံရပါသလဲ။ ဘယ်သူက သူ့ကိုဖျက်ဆီးသလဲ။

"သင်မြင်ရသော ဦးချိုဆယ်ချောင်းနှင့် သားရဲတို့သည် ထိုပြည့်တန်ဆာကိုမုန်း၍ သူ့ကိုလုံးလုံးပျက်စီးစေကာ အဝတ်မပါအချည်းစည်းဖြစ်စေကြလိမ့်မည်။ သူ၏ အသားကိုလည်းကိုက်စား၍ သူ့ကိုမီးရှို့ကြလိမ့်မည်။" - ဗျာဒိတ်ကျမ်း ၁၇:၁၆

ချိုငယ်လေးနဲ့ သားရဲစီးနေတဲ့အမျိုးသမီးဟာ မီးအရှို့ခံရကြောင်း တွေ့ရပါတယ်။ ကမ္ဘာ့ နိုင်ငံများက အမျိုးသမီးကို ဖျက်ဆီးကြတာပါ။ အမျိုးသမီးဟာ ချိုငယ်လေးဘဲ ဖြစ်ပါတယ်။ ဘုရားက ချိုငယ်လေးကို မဖျက်ဆီးဘူးလို့ ဆိုချင်တာပါ။ ချိုငယ်လေးဟာ သူ့ရှူးသူ ပြန်အပတ်ခံရတာပါ။

"ထာဝရဘုရားသည် တရားစီရင်တော်မူခြင်းအားဖြင့် မိမိအကြောင်းကိုထင်ရှားစေတော်မူပြီ။ ဆိုးယုတ်သောသူသည် မိမိလက်ဖြင့်ပြုလုပ်ထားသောအရာ၌ ကျော့မိလေပြီ။" - ဆာလံကျမ်း ၉:၁၆

“ထိုကြောင့်၊ ငါ့အမျက်ကို ငါသွန်းလောင်းလျက်၊ **ငါ့ဒေါသမီးဖြင့် သူတို့ကိုရှို့၍၊ သူတို့အပြစ်ကို သူတို့ခေါင်းပေါ်သို့ ရောက်စေမည်**ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။” - ယေဇကျေလ ၂၂:၃၁

ဘုရားသခင်က သူ့ရဲ့ဒေါသဟာ ဘယ်လိုအလုပ်လုပ်သလဲဆိုတာကို မိန့်ပါတယ်။ လူတစ်ယောက်ဆီ (သို့) အသင်းတော် (သို့) နိုင်ငံတော်ကချတဲ့ ဆုံးဖြတ်ချက်များဟာ ကောင်းကောင်းဆိုးဆိုး တစ်ပတ်လည်တယ်လို့ ဆိုပါတယ်။ ဘုရားက ဝင်မပါပါဘူး။ အညမညကို ခွင့်ပြုတာပဲ ရှိပါတယ်။ စိုက်သည့်အတိုင်း ပြန်ရိတ်သိမ်းရတာပါ။

“အယူမလွဲကြနှင့်။ ဘုရားသခင်သည် မထီလေးစားပြုခြင်းကိုခံတော်မမူ။ အကြောင်းမူကား လူသည် တစ်စုံတစ်ခုကိုစိုက်ပျိုးလျှင် ၎င်းကို ပြန်လည်ရိတ်သိမ်းရလိမ့်မည်။ မိမိသွေးသားဇာတိ၌စိုက်ပျိုးသောသူသည် သွေးသားဇာတိထံမှ ပျက်စီးခြင်းကို ရိတ်သိမ်းရလိမ့်မည်။ ဝိညာဉ်တော်၌စိုက်ပျိုးသောသူမူကား ဝိညာဉ်တော်ထံမှ ထာဝရအသက်ကို ရိတ်သိမ်းရလိမ့်မည်။” - ဂလာတိသြဝါဒစာ ၆:၇၊ ၈

ဖာရိရှဲတွေက အမျိုးသမီးကို တရားစီရင်ဖို့ ခရစ်တော်ဘုရားဆီ ခေါ်သွားတုန်းက ခရစ်တော်ဟာ ဘာတစ်ခွန်းမှမဟာဘဲ မြေကြီးပေါ်မှာ စာရေးခဲ့တဲ့အတိုင်းပဲ ခမည်းတော်ဘုရားလည်း တရားစီရင်ခြင်းလုပ်တဲ့အခါ နောင်တရ (သို့) ကိုယ်ဖြစ်ကိုယ်ခံ ပြတ်သားဖို့ လူသား တွေရဲ့မြေကြီးပမာသော နှလုံးသားမှာ စာထွင်းပါတယ်။

တရားစီရင်တဲ့အခင်းအကျင်းကို ကျွန်တော်တို့ ရှုတဲ့အခါမှာ ဘုရားသခင်ဆိုတာ မကောင်း ပြုသူတွေကို အပြစ်ပေးမဲ့ဘုရားလို့ ကျွန်တော်တို့က မှတ်ကြတာပါ။ အဲဒါကြောင့် သူ့ဆီက ထွက်လာတဲ့မီးဟာ မကောင်းမှုပြုသူတွေကို ဝါးမျိုမယ့်မီးလို့ ကျွန်တော်တို့က မှတ်ကြတာ ဖြစ်ပါတယ်။

“မျက်နှာတော်မှာ မီးရောင်ခြည်ထွက်လေ၏။” - ဒံယေလ ၇:၁၀

"မီးရောင်ခြည်" ကို "တောက်ပသောမြစ်" လို့လည်း ဘာသာပြန်လို့ရပါတယ်။ ဒီအယူက တရားစီရင်ရာ ပလ္လင်ရှိရာအခန်းကို ဆက်စပ်ပေးပါတယ်။

> "ထို့ပြင် ပလ္လင်တော်ရှေ့၌ **ကျောက်သလင်းနှင့်တူသည့် ဖန်ပင်လယ်ကဲ့သို့သော**အရာရှိ၏။" - ဗျာဒိတ် ကျမ်း ၄:၆

> "ထို့နောက် ကောင်းကင်တမန်သည် **ကျောက်သလင်းကဲ့သို့ကြည်လင်တောက်ပသော အသက်ရေစီးရာမြစ်**ကို ငါ့အားပြလေ၏။ ထိုမြစ်သည် ဘုရားသခင်နှင့်သိုးသငယ်တော်၏ပလ္လင်တော်မှထွက်၏။" - ဗျာဒိတ်ကျမ်း ၂၂:၁

ဘုရားသခင့်ပလ္လင်ကနေ မြစ်ဖျားခံစီးဆင်းတဲ့မြစ်ဟာ တောက်ပတဲ့အသက်မြစ် ဖြစ်ပါတယ်။ အနီးမြစ် ဖြတ်သွားတဲ့အရပ်တိုင်းမှာ အသက်ရှင်တဲ့အကျိုးပေါ်ပါတယ်။

> "အသက်ရှင်၍လှုပ်ရှားတတ်သောသတ္တဝါ အမျိုးမျိုးတို့သည် ထိုမြစ်ရေရောက်သမျှသော အရပ်တို့၌ အသက်ရှင်၏။" - ယေဇကျေလ ၄၇:၉

တရားရုံးမှာ ခမည်းတော်ဘုရား ဆိတ်ဆိတ်နေခြင်းက ဘုရားရဲ့စီရင်ပုံကိုရှုဖို့ ကျွန်တော်တို့ကို ဖိတ်ခေါ်နေတာပါ။ အနီးမြင်ကွင်း "တရားစီရင်ချိန်ရောက်လာပြီ (ဗျာဒိတ် ၁၄:၇)" ကို ကြည့်တဲ့အခါမှာ ကျွန်တော်တို့ဟာ ဘုရားရဲ့သိက္ခာတော်ကို စစ်ဆေးသူများ ဖြစ်ပါတယ်။ ကျွန်တော်တို့က အဖဘုရားကို သားတော်ဘုရားရဲ့ဝါစာအတိုင်း မြင်ပါရဲ့လား (ရှင်ယောဟန် ၅:၂၂) (သို့) အာဒံကနေရခဲ့တဲ့ အပြစ်မြင်အပြစ်ပေးတတ်တဲ့ ဗီဇနဲ့ရှုသလား။ (ရောမ ၅:၁၆)

ကျွန်တော် ရှေ့အခန်းမှာဆိုခဲ့ပြီးတဲ့အတိုင်းဘဲ အပြစ်တင်တတ်တဲ့ဉာဉ်ဟာ ခရစ်တော်ဒီကမ္ဘာမှာပေါ် ပြီး ခဏအတွင်းမှာ အသင်းတော်ထဲကို စိမ့်ဝင်ခဲ့ပါတယ်။ မာရ်နတ်က သူ့ရဲ့ပလ္လင်ကို အသင်းတော်ထဲ တည်ခဲ့ပြီး သစ္စာရှိသူတွေကို အပြစ်မြင်အပြစ်ပေးခြင်းတွေ စခဲ့ ပါတယ်။

တရားစီရင်မှုမှာ ချိုငယ်က ဘုရားသားသမီးများကို အမှုစွဲတာတွေကို ဘုရားသခင်က ကာကွယ်ပေးမှာဖြစ်ပါတယ်။

> "ငါကြည့်ရှုစဉ်တွင် အသက်ကြီးသောသူသည် ရောက်လာလျှင်၊ **အမြင့်ဆုံးသော ဘုရား၏ သန့်ရှင်းသော သူတို့အား စီရင်ရသော အခွင့်ကို ပေး၍၊** ထိုသူတို့သည် နိုင်ငံကိုသိမ်းယူဝင်စားသော အချိန်ရောက်သည့်တိုင်အောင် ထိုချိုသည် သန့်ရှင်း သူတို့ကို စစ်တိုက်၍ နိုင်လေ၏။" - ဒံယေလ ၇:၂၁၊ ၂၂

တရားစီရင်ခြင်းဟာ ဘုရားသားသမီးများရဲ့သန္တာန်ကို စစ်ဆေးခြင်းပါ။ ဘုရားသခင်က တရားစီရင်တယ်ဆိုရာမှာ လူသားတွေက သူတို့စိတ်အတိုင်း ဘုရားသခင်ကို နှိုင်းကြပါ တယ်။ ကျွန်တော်တို့ကတော့ ရန်သူတွေကိုအပြစ်ပေး၊ ကိစ္စတုံးပစ်လိုစိတ် ရှိကြပါတယ်။ အဲဒါကြောင့် ဘုရားလည်းဒီလိုပဲလုပ်ချင်မှာပဲလို့ မှတ်ကြပါတယ်။ ဘုရားက ဘယ်သူ့ကိုမှ အမှုမဆွဲပါဘူး။ မာန်နတ်ရဲ့စွပ်စွဲမှုတွေအတွက် ဘုရားက သူ့သားသမီးတွေကို ကာကွယ် ပေးတာပါ။

မာရ်နတ်ကတော့ သူတို့ကို နေ့နေ့ညည စွပ်စွဲပါတယ်။ သန့်ရှင်းသူတွေက အဲဒီစွပ်စွဲမှု တွေကနေလွတ်အောင် ဘုရားသခင်ဆီကို အပူကပ်ကြပါတယ်။ ဘုရားသားသမီးများက သူတို့ကိုခွန်အားပေးဖို့ ဘုရားဆီမှာတောင်းခံ (သို့) ဘုရားကတော့ သူတို့ကိုယ်စား ဒီလို လုပ်မှာပါဆိုတဲ့အထင်နဲ့ သူတို့ကပဲ အခြားသူတွေကို စပြီးစီရင်၊ အပြစ်ပေးကြပါတယ်။ ခင်ဗျားဆိုရင်ကော အနီးတရားစီရင်ခြင်းမှာ ဘယ်လိုလုပ်မှာလဲ။

ချိုငယ်ကလေးက လူတွေကိုလိုက်ပြီး အပြစ်ပေးစီရင်ခဲ့တဲ့အတွက် အခုသူ့ဆီ တစ်ပတ် ပြန်လည်ပြီး နောက်ဆုံးမှာ ကိစ္စတုံးသွားပါတယ်။ ဘုရားကို တံတွေးသွားဆွတ်လို့ မရပါ ဘူး။ လူက အပြစ်လိုက်လိုက်တင်လို့ရှိရင် သူလည်း ပြန်ခံရမှာပါ။ ဘယ်သူ့ကိုမှ လိုက်ပြီး တုပ်မနေဘဲ ယေရှုမိန့်ခဲ့တဲ့အတိုင်း နေကြရအောင်ပါ။ အဲဒါမှ ကျွန်တော်တို့လည်း စီရင်

မခံရမှာ ဖြစ်ပါတယ် (ရှင်မဿဲ ၇:၁၁)။ အနှီတရားစီရင်မှုမှာ ကျွန်တော်တို့ ဘယ်လိုဝင်ကမှာလဲ ဆိုတာကတော့ ကျွန်တော်တို့ရဲ့ရွေးချယ်မှုပါဘဲ။

ခင်ဗျားစီရင်တဲ့အတိုင်းပါ ...

**၁၈။ အစမ္မရဲ့ဘာသာဗေဒ**

ယေရှုဘုရား အသက်မထွက်ခင်လေးမှာ ရင်ကွဲနာစကား ဆိုခဲ့ပါတယ်။ ။

> "ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်းဟု ဆိုလိုသတည်း။" - ရှင်မဿဲခရစ်ဝင် ၂၇:၄၆ (NIV)

ယေရှုဆိုခဲ့တဲ့စကားသည် ဟေဗြဲဘာသာမဟုတ်ဘဲ အာရမိုက် (Aramaic) ဘာသာဖြစ်ပါတယ်။ အဲဒါကြောင့် ယေရှုဘုရားဟာ အာရမိုက်များများသုံးခဲ့မှာလို့ အများစုက မှတ်လာကြတဲ့အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီလက္ခဏာဟာ Mel Gibson ရိုက်ကူးခဲ့တဲ့ The Passion ဇာတ်ကားမှာ အတော့်ကိုပေါ်လွင်ပါတယ်။

ခရစ်တော်ဘုရား ထင်ရှားခဲ့စဉ်ကာလများမှာ ဟေဗြဲဘာသာဟာ အသုံးများတဲ့ ဘာသာစကားဖြစ်ကြောင်း အထောက်အထား အများကြီးရှိပါတယ်။ အဲဒါကတော့ ကားစင်ပေါ်မှာ ယေရှုရဲ့ခေါင်းအထက်မှာချိတ်ထားတဲ့ စာတို့၊ ရှင်ပေါလုက တရားနာပရိသတ်တွေကို တရားဒေသနာခဲ့တဲ့သာဓကတွေမှာ ထင်ရှားပါတယ်။

> "ယေရှုကို လက်ဝါးကပ်တိုင်ပေါ်၌တင်ကြသောအရပ်သည် မြို့နှင့်နီးသည့်အပြင် ထိုကမ္ပည်းကို **ဟေဗြဲဘာသာ၊ လက်တင်ဘာသာနှင့် ဂရိဘာသာ**တို့ဖြင့် ရေးထားသည်ဖြစ်၍ များစွာသောဂျူးလူမျိုးတို့သည် ၎င်းကိုဖတ်ကြ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၉:၁၉၊ ၂၀

> "တပ်မှူးကြီးကလည်း ခွင့်ပြုသဖြင့် ပေါလုသည် လှေကားပေါ်တွင်ရပ်လျက် လူတို့အား လက်ရိပ်ပြရာ အလွန်တိတ်ဆိတ်သွားလေ၏။ ထိုအခါ **သူသည် ဟေဗြဲဘာသာစကားဖြင့်ပြောကြား၏။**" - တမန်တော်ဝတ္ထု ၂၁:၄၀

ဒမသက်မြို့အသွားမှာ ယေရှုဘုရားက ရှင်ပေါလုကို စကားမိန့်ခဲ့တဲ့အခါ ဟေဗြဲဘာသာနဲ့ဘဲ မိန့်ခဲ့တာပါ။ ။

> "အကျွန်ုပ်တို့အားလုံးသည် မြေပေါ်သို့လဲကျသွားရာ **ဟေဗြဲဘာသာစကား**ဖြင့် 'ရှောလု၊ ရှောလု၊ သင်သည် အဘယ်ကြောင့် ငါ့ကိုညှဉ်းဆဲသနည်း။ တုတ်ချွန်ကို ကန်ရန် သင့်အတွက်ခက်၏' ဟု **အကျွန်ုပ်အားပြောသောအသံကို အကျွန်ုပ်ကြားရပါသည်။**" - တမန်တော်ဝတ္ထု ၂၆:၁၄

ဂဗ္ဗသ၊ ဂေါလဂေါသ စတဲ့အရပ်ညွှန်ဆိုင်းဘုတ်ပြားတွေကို ဟေဗြဲဘာသာစကားနဲ့ ရေးထားတာပါ (ရှင်ယောဟန် ၅:၂၊ ၁၉:၁၃၊ ၁၇၊ ဗျာဒိတ် ၉:၁၁၊ ၁၆:၁၆)။

စိတ်ဝင်စားစရာက နောက်ပိုင်းကျမ်းစာအုပ်တွေက ဂရိ၊ ဟေဗြဲစကားလုံးတွေကို အာရမိုက်စကားအဖြစ် ဘာသာပြန်ကြတာပါ။

> "အကျွန်ုပ်တို့အားလုံးသည် မြေပေါ်သို့လဲကျသွားရာ **အာရမိုက်ဘာသာစကားဖြင့်** 'ရှောလု၊ ရှောလု၊ သင်သည် အဘယ်ကြောင့် ငါ့ကိုညှဉ်းဆဲသနည်း။ တုတ်ချွန်ကို ကန်ရန် သင့်အတွက်ခက်၏' ဟု **အကျွန်ုပ်အားပြောသောအသံကို အကျွန်ုပ်ကြားရပါသည်။**" - တမန်တော်ဝတ္ထု ၂၆:၁၄ (NIV)

သမ္မာကျမ်းစာဘာသာစကားကဝိများက စကားလုံးပြောင်းရခြင်းဟာ ဟေဗြဲဘာသာဟာ မသုံးတာကြာပြီ၊ ဟေဗြဲဘာသာလို့ ပြောတဲ့အခါ ဘုံစကားအာရမိုက်စကားဘဲ ဖြစ်ပါတယ် ဆိုပြီး ဆုံးဖြတ်ကြလို့ပါ။ အနီပြောင်းပစ်ခြင်းက စကားလုံးရဲ့အဓိပ္ပာယ်ပြောင်းသွားပြီး ဟေဗြဲမူရင်းကို ပြောင်းဆန်စေပါတယ်။ ဟေဗြဲနဲ့အာရမိုက်ဟာ အတော့်ကိုဝေးတဲ့ ဘာ သာနှစ်မျိုးပါ။ သမ္မာကျမ်းရင်းကို ကိုးကားမယ်ဆိုရင် ဟေဗြဲကနေပဲ ယူရပါတယ်။ အ ကြောင်းကတော့ အာရမိုက်ကျမ်းရင်းဆိုတာ မရှိလို့ပါ။

အနီအနေအထား ပိုစိတ်ဝင်စားဖို့ကောင်းလာတာက ဂျူးတွေက အာရမိုက်ဘာသာကို ဘယ်လိုမှတ်သလဲ ဆိုတဲ့အကြောင်းပါ။

ဂျူးတွေထဲမှာကိုက ဟေဗြဲနဲ့အာရမိုက်ဘာသာစကားကို အကြီးကြီးခြားထားပါတယ်။ ဟေဗြဲစကားက စာပေပညာရှင်များ၊ စာပေလောကရဲ့ အဓိကဘာသာစကားတင်မဟုတ်ဘဲ နေ့တစ္ဓဝသုံးတဲ့စကားလည်း ဖြစ်ပါတယ်။ Mishnah ကျမ်းမှာတော့ "အစ္စရေးနိုင်ငံမှာ အာရမိုက်စကား ဘာလို့သုံးရမှာလဲ။ သန့်စင်တဲ့ဘာသာ (ဟေဗြဲ) (သို့) ဂရိသုံးရမှာပေါ့။" စာပေကဝိ Safrai နဲ့ Stern တို့က အာရမိုက် ဘာသာဆိုတာ ဘာသမိုင်းဂုဏ်မှမရှိ၊ နန်းသုံးလည်းမဟုတ်၊ ဟေဗြဲဘာသာက ဒီဂုဏ်နှစ်ခုလုံးကို ပိုင်ဆိုင်ပါတယ်လို့ သုံးသပ်ပါတယ်။ Talmud နှောင်းပိုင်းကာလ မှာဆိုရင် ဥပုသ်နေ့မှာ အာရမိုက်လက်ရေးမူ မီးစွဲနေရင် ဆွဲထုတ်ဖို့တားထားပြီး ဟေဗြဲမူရင်းဆိုရင်တော့ ဆွဲထုတ်ခွင့်ပြုပါတယ်။ ဟေဗြဲကျမ်းစာအုပ်ကို ရွတ်ဖတ် တဲ့အချိန်အတွင်း သုဓမ္မာဇရပ်ကနေ အပြင်ထွက်ဖို့ တားမြစ်ထားပေမဲ့ အာရမိုက်ဘာသာနဲ့ရေးတဲ့ကျမ်းကို ရွတ်ဖတ်ချိန်မှာတော့ မတားပါဘူး။ ကျမ်းချက်တွေကို အာရမိုက်ဘာသာနဲ့ အလွတ်မှတ်ခြင်းက မလုံလောက်ဘူးလို့ မှတ်ပေမယ့်၊ ဟေဗြဲ ဘာသာနဲ့ဆိုရင် နားမလည်တောင်မှ နားထောင်ကိုထောင်ပေးရမှာ ဖြစ်ပါတယ်။

ဂျူးတို့ကတော့ ဟေဗြဲစကားဘဲ ထွတ်မြတ်တဲ့စကားလို့မှတ်ကြပြီး အာရမိုက်စကားကိုတော့ Zohar မှာ အဓမ္မစွမ်းအင်ရဲ့စကားလို့ မှတ်ကြပါတယ်။ အာရမိုက်ကို လုံးလုံးကြီးစွန့်ပစ်တာ မဟုတ်ပါဘူး။ ဒါပေမယ့် ဟေဗြဲဘာသာ (ဘိုးဘေးများရဲ့ ဘာသာစကား၊ ဘုံစကား) ရဲ့အောက်မှာ ထားထားပါတယ်။ ယေရုရှလင် Talmud စာအုပ်မှာ ဒီလိုဆိုထားပါတယ်။ ။

"အဓိကဘာသာစကား (၄) ခု ရှိပါတယ်။ ဂရိဘာသာကို လက်ာမှာသုံး၊ လာတင် ဘာသာကို စစ်မှာသုံး၊ အာရမိုက်ဘာသာကို လွမ်းချင်းမှာသုံး၊ ဟေဗြဲ ဘာသာကို ဘုံဆက်ဆံရေးအတွက် စသဖြင့် သုံးပါတယ်။"

အာရမိုက်ရဲ့နေရာက လွမ်းချင်းမှာ ဖြစ်ပါတယ်။ ဟေဗြဲစကားကတော့ နေ့စဉ် ဆက်ဆံရတဲ့နေရာ၊ ဝတ်တက်ရာမှာသုံးပါတယ်။ ဒါ့ကြောင့် ဂျူးဖခင်တစ်ယောက် က သူ့ရဲ့သားကို ပုခက်လွဲတဲ့အရွယ်ကနေစပြီး ဟေဗြဲလိုမပြော၊ ပညတ်တော်ကို မသွန်သင်ခဲ့လို့ရှိရင် သူ့ရဲ့သားကိုသတ်တယ်လို့ မှတ်ယူပါတယ်။ အာရမိုက်စကား နဲ့ပတ်သက်ရင်တော့ သူတို့ရဲ့ကျမ်းတတ်ဂုရုများဖြစ်တဲ့ ရဗ္ဗိလို့ခေါ်ကြတဲ့ ကျမ်း တတ်တွေက။ ။

"လူတစ်ဦးက အာရမိုက်စကားနဲ့ဆုပန်ခဲ့ရင် ကောင်းကင်တမန်တွေက အာရမိုက်မတတ်ကြလို့ အာရုံပေးကြမှာမဟုတ်ဘူး" လို့ သတိပေးပါတယ်။

အနှီကတော့ ကျမ်းရင်းလာမဟုတ်ဘဲ ဂျူးကျမ်းတတ်တွေရဲ့ အာရမိုက်အပေါ် စိတ် ခံစားမှုဖြစ်ပါတယ်။ Talmud ကလည်း ရှင်ပေါလုရဲ့ဆရာ Gamaliel (တမန်တော် ၂၂:၃) က ဗိမာန်တော်ပေါ်တက်တဲ့ တည်ဆောက်ဆဲလှေကားပေါ်မှာ ထိုင်ပြီး ခရစ်ယာန်များအပေါ် ပါးပါးနပ်နပ်နဲ့ပြောခဲ့တာကို တမန်တော် ၅:၃၄-၄၀ မှာ ရေးမှတ်ထားပါတယ်။ တစ်ယောက်က အာရမိုက်ပြန် ယောဘဝတ္ထုကို သူ့ဆီ ပြခဲ့ပါတယ်။ အဲဒါဟာ ပထမမူနဲ့တစ်ခုတည်းသော "Targum" ဘဲ ဖြစ်ပါတယ်။ သူကအလွန်စိတ်ဆိုးပြီး ပန်းရံသမားကို "အမှိုက်ထဲသွားပစ်လိုက်" လို့ ဆိုခဲ့ပါ တယ်။ ယေရှုဘုရားလက်ထက်တုန်းက အာရမိုက်စကားပါတဲ့ကျမ်းပိုဒ်တွေကို ဒီလိုလုပ်ကြပါတယ်။[25]

အာရမိုက်ကို လွမ်းချင်း၊ သေသူအပေါ်သုံးတဲ့ဘာသာစကား၊ အဓမ္မရဲ့ဘာသာစကား ဖြစ်တယ်လို့ မှတ်ကြတယ်ဆိုရင် ဒီဘာသာစကားသုံးခြင်းက မဖိတ်ချင်တဲ့ စုတ်တွေရဲ့ လွမ်းမိုးမှုတွေရှိကြောင်းပြတာလို့ မှတ်လို့ရကြောင်း တွေ့ရပါတယ်။

ယေရှုဘုရားလက်ဝါးကားတိုင်မှာ သေလုဆဲဆဲမှာ လောကကြီးရဲ့ အပြစ်ဝန်ထုပ်ကြီးကို ပခုံးထမ်းခဲ့ပါတယ်။ မသူတော်တွေရဲ့ ဝိုင်းပြီးလှောင်ပြောင်ခြင်း၊ မာရ်နတ်ကလည်း ခ

---

[25] http://danielbenyaacovysrael.blogspot.com/2013/06/did-yehoshua-spoke-hebrew-or-aramaic.html

မည်းတော်ဘုရားက သူ့ကိုဥပေက္ခာပြုပြီဆိုတဲ့စိတ်မျိုးနဲ့ ဖိနှိပ်ခြင်းတွေကို ခံခဲ့ရပါတယ်။ ယေရှုက အာရမိုက်စကားနဲ့ လွှမ်းချင်းဆိုပြခြင်းက အမှောင်ထုထဲမှာ သူ့ကိုအမင်္ဂလာတွေ က ဖိနှိပ်လွှမ်းမိုးကြောင်းကို ပြတာဖြစ်ပါတယ်။

အဲဒါကိုယူပြီး ဒံယေလ (၇) ကို အာရမိုက်နဲ့ရေး၊ ဒံယေလ (၈) ကို ဟေဗြဲနဲ့ရေးခြင်းတို့ကို ဆက်စပ်ရင် အတော်ပဓာနကျပါတယ်။

ဒံယေလ (၇) ဟာ ဘာသာခြားဖက်ကနေ ဘုရားကိုမြင်ပုံပါ။ အပြစ်ပေး၊ သေဒဏ်ပေးတဲ့ ဝေါဟာရတွေက ဘုရားသခင်ဟာ တရားစီရင်တဲ့အခါ ဒီလိုလုပ်တယ်ဆိုတဲ့အမြင်ပါ။

ဒံယေလ (၈) မှာ တရားစီရင်ပုံအကြောင်း ရှင်းတဲ့အခါကျတော့ တရားစီရင်တဲ့ရုံးခန်းကို မတွေ့ရဘဲ အောက်ပါအတိုင်း ရိုးရိုးလေးပြောသွားပါတယ်။ ။

> "ယခင်ပြောသူက ရက်ပေါင်းနှစ်ထောင်သုံးရာတိုင်တိုင် တည်လိမ့်မည်။ **ထိုနောက် သန့်ရှင်းရာဌာနကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်**ဟု ပြန်၍ပြောဆို ၏။" - ဒံယေလ ၈:၁၄
>
> "ယခင်ပြောသူက ရက်ပေါင်းနှစ်ထောင်သုံးရာတိုင်တိုင် တည်လိမ့်မည်။ **ထိုနောက် သန့်ရှင်းရာဌာနကို ကောင်းပြီဟု ပြောဆို၏။**" - ဒံယေလ ၈:၁၄ (YLT)
>
> "ယခင်ပြောသူက ရက်ပေါင်းနှစ်ထောင်သုံးရာတိုင်တိုင် တည်လိမ့်မည်။ **ထိုနောက် ဗိမာန်တော်ကို အကောင်းအတိုင်းဖြစ်စေမည်ဟု ပြောဆို၏။**" - ဒံယေလ ၈:၁၄ (NLT)

ဗိမာန်တော်ရဲ့ အသန့်ရှင်းဆုံးအခန်းမှာ ပညတ်တော် (၁၀) ပါးနဲ့ ဥပဒေစာအုပ်ကလွဲလို့ ဘာစာအုပ်မှမရှိပါဘူး။ တရားစီရင်တဲ့ ရုံးခန်းပုံဆောင်တဲ့သင်္ကေတ မရှိပါဘူး။ ဒံယေလ ၂ ကနေ ၇ အထိက နိုင်ငံရေးကို ဘာသာခြားများ စိတ်ဝင်စားနိုင်မယ့် ဗျာဒိတ်တွေဖြစ်လို့ အာရမိုက်လို ရေးရခြင်းဖြစ်ပါတယ်။ (အာရမိုက်ဟာ အဲဒီအချိန်မှာ ဘုံစကားဖြစ်နေပါပြီ)။ ဒံယေလ (၇) မှာ ဘုရားသခင်က တရားရုံးမှာထိုင်သလို

ရေးထားတာက ဒီရှုထောင့်ဟာ ကောင်းကင်နိုင်ငံနဲ့ စိမ်းကြောင်းပြဖို့ လူတွေရဲ့အယူအဆကို အာရမိုက်ဘာသာနဲ့ရေးခြင်း ဖြစ်ပါတယ်။ အကြောင်းကတော့ အမှောင်ဖုံးနေတဲ့လူတွေအတွက် အလင်းပြခြင်းဖြစ်ပါ တယ် (၂ ကော ၃:၁၅)။ ဘုရားသခင်က ဘယ်သူ့ကိုမှ လိုက်ပြီးအပြစ်မပေးပါဘူး။

အာရမိုက်ဆိုတာ ခါလဒဲနဲ့ဟေဗြဲနှစ်မျိုး ပေါင်းထားတာပါ။ ယေရုရှလင်နဲ့ ဗာဗုလုန်တို့ရဲ့ စကားကို ပေါင်းထားတာမို့လို့ အတော်ကိုထူးပါတယ်။ ဒံယေလ (၇) အထဲက တရားစီရင် ခန်းက ဘုရားသခင်ရဲ့တရားစီရင်ပုံနဲ့ ဗာဗုလုန်ရဲ့တရားစီရင်ပုံတို့ ပေါင်းစည်းထားတာပါ။

ဟေဗြဲဘာသာနဲ့ရေးထားတဲ့ အခန်း (၈) က ပရမ်းပတာဖြစ်တာတွေကို ပြန်ပြီးစီစီရီရီဖြစ် အောင်လုပ်တာကို ရေးထားတာပါ။ အာဒံက ဘုရားသခင်ဟာ သူ့ရဲ့ဇနီးကို သတ်ချင် တယ်လို့ အပြစ်တင်တဲ့အခါမှာ သူက သူ့ရဲ့သမ္မဇဉ်ကို ထွေပြားအောင် လုပ်တာပါ။ သမ္မဇဉ် ဟာ ပုံမှန်ဖြစ်မနေပါဘူး။

ထို့အတူပဲ ယေရှုရဲ့အသေခံခြင်းက ဘုရားရဲ့စရိုက်မဟုတ်တဲ့ အသေခံခြင်းဖြင့် ဘုရား သခင်က ခွင့်လွှတ်မှာဘဲဆိုတဲ့အမြင်ကို ဖွင့်ပေးခဲ့တာပါ။ ဒီလိုနားလည်ပြီးသား စီရင်ထုံးနဲ့ လူသားတွေက အပြစ်ဆိုတာ ဖြေကိုဖြေရှင်းရမယ့်ကိစ္စဆိုတာကို နားလည်လာပါတယ်။ ဒီလိုနားလည်ခြင်းက လူတွေကို သူတို့နားလည်တဲ့တရားစီရင်ပုံနဲ့ ဘုရားသည် ဘယ်သူ့ကို မှ မစီရင်ပါဘူးဆိုတဲ့ ယေရှုမိန့်ခဲ့တဲ့အကြောင်းကို ယှဉ်ဖို့ဖိတ်ခေါ်ပါတယ်။

ဒံယေလ (၇) မှာ ဘုရားသခင် ဆိတ်ဆိတ်နေတာကို ဝိဘဇ္ဇပြုဖို့ အာရမိုက်စကားနဲ့ ရေး ထားခြင်းတို့က အာဒံက ဘုရားသခင်ကို မြင်ပုံပါ။ ယေရှုလည်း လက်ဝါးကားတိုင်မှာ အပြစ်ဝန်ထုပ်ကြီးကို ထမ်းရတဲ့အချိန်မှာ ဒီလိုဘဲဖြစ်ခဲ့ပါတယ်။ ယေရှုက "အကျွန်ုပ်အဖ" လို့မခေါ်ဘဲ "အကျွန်ုပ်ဘုရား" လို့ ခေါ်ခဲ့ပါတယ်။ သူက "အကျွန်ုပ်အဖ၊ အကျွန်ုပ်အဖ၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်ရသနည်း" လို့ မမိန့်ခဲ့ပါဘူး။ ခရစ်ဝင်ကျမ်းအားလုံး ထဲမှာ ယေရှုက သူ့ရဲ့ခမည်းတော်ကို "အဖ" လို့ ခေါ်ခဲ့ပါတယ်။

မာရိဆီမှာ သူ့ရဲ့အဖဟာ သူ့ရဲ့ဘုရားဖြစ်ကြောင်း၊ သူမအတွက်လည်း သူမရဲ့အဖ၊ သူမရဲ့ဘုရား (ယောဟန် ၂၀:၁၇) ဖြစ်ကြောင်း ပြတာကလွဲလို့ သူ့ရဲ့အဖကို အကျွန်ုပ်၏ဘုရားလို့ ဒီနေရာမှာဘဲ သုံးခဲ့ပါ တယ်။ ယေရှု၏ယုံကြည်ခြင်းမျိုးရှိတဲ့သူက ဘုရားသခင်ကို သူ့ရဲ့အဖလို့မြင်ပြီး၊ အခြား လူတွေကို အပြစ်လိုက်လိုက်တင်တတ်တဲ့လူတွေက ဘုရားကို သူ့ရဲ့အဖလို့မမြင်ဘဲ တရားသူကြီးလို့မြင်မှာ ဖြစ်ပါတယ်။

ဒီအခန်းမှာ တရားစီရင်ပုံကို ကျွန်တော်တို့လေ့လာတဲ့အခါမှာ အဆိုးပြုလုပ်တဲ့လူအပေါ် ကျွန်တော်တို့ ဘာလုပ်ချင်တဲ့စိတ်ရှိတာကိုပြကြောင်း ကျွန်တော်တို့ မြင်ရပါတယ်။ ဘုရား ကတော့ ကျွန်တော်တို့နဲ့တူမယ်လို့ မှတ်ကြပါတယ်။ အကြောင်းကတော့ ကျွန်တော်တို့ရဲ့ အတွေးချော်မှုအတွက် ဆိတ်ဆိတ်နေပေးလို့ပါ။ တကယ်တော့ သူ့ရဲ့သားတော်ကို ဒီကမ္ဘာ ကို စေလွှတ်ခြင်းအားဖြင့် ဘုရားကို ကျွန်တော်တို့ရဲ့အမှားကို ချပြပါတယ်။ ယေရှုပြခဲ့တဲ့ ထူးခြားလက္ခဏာတွေက ကျွန်တော်တို့ကို ဆုံးမပါတယ်။ ပါးအရိုက် ခံခဲ့တဲ့အချက်တိုင်းက ခမည်းတော်ဟာ ကျွန်တော်တို့ထင်သလိုမဟုတ်ကြောင်း၊ ကျွန်တော်တို့က အပြစ်တင် တတ်သလိုမျိုး အပြစ်လိုက်မတင်ကြောင်းကို ပြပါတယ်။

ယေရှုဘုရား အသက်ချုပ်ခါနီးမှာ မိန့်ခဲ့တဲ့စကားတွေက ပဓာနကျပါသလား။ ကျွန်တော် တို့နဲ့ မရင်းနှီးခဲ့ဖူးတဲ့အကြောင်းတွေ ချပြခဲ့ပါသလား။

ခင်ဗျားစီရင်တဲ့အတိုင်းပါဘဲ...

## ၁၉။ ခရစ်တော်ပြန်မကြွလာခင်မှာရှိမယ့် ကြိုတင်တရားစီရင်ခြင်း

ရှေ့မှာလေ့လာပြီးခဲ့ကြတဲ့အတိုင်းဘဲ တရားစီရင်ခြင်းဆိုတာ ခရစ်တော်ဘုရား ဒုတိယအကြိမ် ပြန်မကြွလာခင်မှာရှိမှာ ဖြစ်ပါတယ်။ အဲဒီအကန့်တွေကို ဒံယေလ (၇) မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။ မေးရမှာက ဘုရားသခင်က ဘယ်သူ့ကိုမှ အပြစ် မပေးတာမှန်ရင် ဒီတရားစီရင်တာက ဘယ်လိုမျိုးဖြစ်မလဲ ဆိုတာပါ။

> "နှောင့်နှေးသည်ဟု အချို့တို့ကမှတ်ယူသကဲ့သို့ ထာဝရဘုရားသည် ကတိတော်ကို နှောင့်နှေးစေတော်မူသည်မဟုတ်။ မည်သူမျှမပျက်စီးဘဲ လူတိုင်းနောင်တရစေရန် အလိုတော်ရှိ၍ သင်တို့အပေါ်စိတ်ရှည်သည်းခံလျက်နေတော်မူခြင်းသာဖြစ်၏။" - ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃:၉

ကျွန်တော်တို့ရဲ့အဖကတော့ သူ့သားသမီးတွေကို မပျောက်ဆုံးစေချင်ပါဘူး။ အားလုံးကို ကယ်တင်ခြင်းရစေလိုပါတယ်။ ဒံယေလ (၇) ကို ကျွန်တော်တို့ လေ့လာကြတဲ့အခါမှာ တရားစီရင်ခြင်း အဆင့်ဆင့်တွေက ခရစ်တော်ဘုရားကို နိုင်ငံတော်အုပ်စိုးပိုင်ခွင့် ရစေကြောင်း တွေ့ရပါတယ်။

> "ထိုည၌အခါ ငါသည် အာရုံပြု၍၊ လူသားနှင့် တူသောသူတစ်ဦးသည် မိုဃ်းတိမ်ကို စီးလျက်၊ အသက်ကြီးသော သူ၏အထံတော်သို့ ရောက်လာ၏။ ထိုသူကို အထံ တော်ပါးသို့သွင်းကြ၏။ အရပ်ရပ်တို့၌နေ၍ အသီးသီးအခြားခြားသော ဘာသာ စကားကို ပြောသောလူမျိုးတကာတို့ကို အုပ်စိုးစေခြင်းငှာ၊ ထိုသူသည် နိုင်ငံနှင့် တကွ အာဏာစက်တန်ခိုးကိုရ၏။ အာဏာစက်တော်သည် ကမ္ဘာအဆက်ဆက် တည်၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့ မရောက်နိုင်ရာ။" - ဒံယေလ ၇:၁၃၊ ၁၄

ခရစ်တော်ဘုရားအပိုင်စားတဲ့ နိုင်ငံတော်ဟာ လူမျိုးခပ်သိမ်းက ဝမ်းမြောက်ဝမ်းသာနဲ့ သူ့ကိုခစားကြမယ့် နိုင်ငံတော်ဖြစ်ပါတယ်။ ခရစ်တော်အုပ်စိုးတဲ့နိုင်ငံသည် သူ့ကို

တကယ် ချစ်ကြတဲ့သူတွေပြည့်တဲ့နိုင်ငံ ဖြစ်ပါတယ်။ သူရဲ့အုပ်ချုပ်မှုဟာ အဓမ္မနဲ့မဟုတ်ဘဲ မေတ္တာ တရားကိုအခြေခံပြီး အုပ်ချုပ်တဲ့နိုင်ငံဖြစ်ပါတယ်။

စာတန်ကတော့ ဒီကမ္ဘာပြိုပျက်မှာရှိတဲ့ ပုထုဇဉ်တွေကို သူ့အပိုင်လို့ဆိုပါတယ်။ အပြစ်လုပ်တဲ့သူအားလုံးဟာ သူ့လူပါတဲ့။ ခရစ်တော်က သူ့သားသမီးတွေကို ပြန်ပြီးမခေါ်ခင်မှာ စာတန်ကတော့ ဘုရားကိုကိုးစားကြတဲ့သူတွေ ပြန်မထ၊ ကယ်တင်ခြင်းမရအောင် ပိတ်ပင်ပါတယ်။

> "ထို့နောက် ကောင်းကင်မှကျယ်လောင်သောအသံက "ငါတို့ဘုရားသခင်၏ကယ်တင်ခြင်း၊ တန်ခိုးတော်၊ နိုင်ငံတော်နှင့် ကိုယ်တော်၏ခရစ်တော်၌ရှိသောအာဏာစက်တို့သည် ယခုပေါ်ထွန်းလေပြီ။ အကြောင်းမူကား **ငါတို့၏ညီအစ်ကိုများကို စွပ်စွဲသောသူတည်းဟူသော ငါတို့ဘုရားသခင်၏ရှေ့တော်၌ နေ့ရောညပါ သူတို့ကိုစွပ်စွဲသောသူ**သည် ပစ်ချခြင်းခံရလေပြီ။ ညီအစ်ကိုများသည် သိုးသငယ်တော်၏သွေးတော်အားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံသောနှုတ်ကပတ်တော်အားဖြင့်လည်းကောင်း၊ သူ့ကိုအောင်နိုင်ခဲ့ကြ၏။ သူတို့သည် အသေခံရသည့်တိုင်အောင် မိမိတို့အသက်ကိုနှမြောခြင်းမရှိကြ။" - ဗျာဒိတ်ကျမ်း ၁၂:၁၀၊ ၁၁

သမ္မာကျမ်းဂန်မှာတော့ သေပြီးသူများကို တရားစီရင်မယ့်ပုံကို ခင်းပြထားပါတယ်။ အဲဒါကို မောရှေရဲ့အဖြစ်မှာ တွေ့နိုင်ပါတယ်။

> "ကောင်းကင်တမန်မင်းမိက္ခေလပင် မာရ်နတ်နှင့်ငြင်းခုံလျက် မောရှေ၏ကိုယ်ခန္ဓာနှင့်ပတ်သက်၍ အချေအတင်ပြောဆိုကြသောအခါ ရှုတ်ချပြစ်တင်သည့်စီရင်ခြင်းကိုမပြုဝံ့ဘဲ **'ထာဝရဘုရားသည် သင့်ကို ဆုံးမတော်မူပါစေ'** ဟူ၍သာ ပြောဆိုခဲ့၏။" - ရှင်ယုဒသြဝါဒစာ ၁:၉

ရှင်မောရှေဟာ သေပြီးနောက်အချိန်တစ်ခုမှာ ကောင်းကင်ကို ယူဆောင်ခြင်းခံရပါတယ်။ အဲဒီအဖြစ်ကတော့ သေပြီးသူတစ်ယောက် ပထမဆုံးပြန်ပြီးရှင်တဲ့ ပထမဆုံးသောမှတ် တမ်း ဖြစ်ပါတယ်။ သမ္မာကျမ်းဂန်မှာတော့

လူတစ်ယောက်သေတဲ့အခါ မြေကြီးဆီပြန်ပြီး ရှင်ပြန်ထမြောက်ရာနေ့ကို သုသာန်ကနေ စောင့်နေတယ်လို့ ဆိုပါတယ်။

"အသက်ရှင်သောသူသည် မိမိသေရမည်ကို သိ၏။ **သေသောသူမူကား၊ အဘယ် အရာကိုမျှမသိ။** အကျိုးအပြစ်ကိုလည်းမခံရ။ သူ့ကိုလည်း မေ့လျော့တတ်ကြ၏။" - ဒေသနာကျမ်း ၉:၅

"**လူသည်အိပ်ပြီးမှ နောက်တစ်ဖန်မထရ။ မိုဃ်းကောင်းကင်မကုန် မဆုံးမီတိုင် အောင် မနိုးရ။** အအိပ်အပျော်မပျက်ရ။ ကိုယ်တော်သည် အကျွန်ုပ်ကို သင်္ချိုင်း တွင်း၌ ဝှက်ထားတော်မူပါစေ။ အမျက်တော်မလွန်မီတိုင်အောင် ကွယ်ကာတော်မူ ပါစေ။ အကျွန်ုပ်ကို အောက်မေ့စရာအချိန်ကို ချိန်းချက်တော်မူပါစေ။ လူသည် သေလျှင်အသက်ရှင်ပြန်ပါလိမ့်မည်လော။ အကျွန်ုပ် ပြောင်းလဲချိန်မရောက်မီ၊ ပင် ပန်းစွာအမှုထမ်းရသော နေ့ရက်ကာလပတ်လုံးသည်းခံလျက် နေပါမည်။ အ ကျွန်ုပ်ကိုခေါ်တော်မူပါ။ အကျွန်ုပ်ပြန်လျှောက်ပါမည်။ ကိုယ်တိုင်ဖန်ဆင်းတော်မူ သောအရာကို သနားခြင်းစိတ်ရှိတော်မူပါ။" - ယောဘ ၁၄:၁၂-၁၅

အများမှတ်ယူတာနဲ့ဆန့်ကျင်နေတဲ့အကြောင်းကတော့ ဝိညာဉ် (soul) ဆိုတာ မသေနိုင် တဲ့အရာတစ်ခု မဟုတ်ခြင်းပါပဲ။

"**သေတတ်သောလူသည်** ဘုရားသခင့်ရှေ့မှာ ဖြောင့်မတ်ခြင်းရှိရသလော။ လူ သတ္တဝါသည် ဖန်ဆင်းတော်မူသော အရှင်ရှေ့မှာ သန့်ရှင်းခြင်းရှိရသလော။" - ယောဘ ၄:၁၇

ပုထုဇဉ်ဟာ မသေနိုင်တဲ့ အမတပုဂ္ဂိုလ်ဖြစ်တယ်ဆိုရင် သမ္မာကျမ်းဂန်က မသေနိုင်ခြင်း ကို ရှာမှီးဖို့ ဘာဖြစ်လို့အလင်းပြရတာလဲ။

> "ကောင်းသောအမှုကို ဖွဲလုံ့လဖြင့်ပြုလျက် **ဘုန်းတော်၊ ဂုဏ်တော်နှင့် ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းသောအရာတို့ကို ရှာဖွေ**သောသူတို့အား ထာဝရအသက်ကို ပေးတော်မူလိမ့်မည်။" - ရောမသြဝါဒစာ ၂:၇

မသေနိုင်တာဆိုလို့ ဘုရားသခင်ပဲရှိပါတယ်။

> "အချိန်တန်သောအခါ ဘုရားသခင်သည် ခရစ်တော်ကိုပေါ်ထွန်းစေတော်မူလိမ့်မည်။ ဘုရားသခင်သည် မင်္ဂလာရှိတော်မူ၍ တစ်ပါးတည်းအုပ်စိုးတော်မူသောအရှင်၊ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်ဖြစ်တော်မူ၏။ **ကိုယ်တော်တစ်ပါးတည်းသာလျှင် သေခြင်းနှင့်ကင်း**သောအဖြစ်၌ရှိလျက် ချဉ်းကပ်၍မရသော အလင်း၌ ကိန်းဝပ်တော်မူ၏။ လူတို့တွင် မည်သူတစ်ဦးတစ်ယောက်မျှ ကိုယ်တော်ကိုမမြင်ဖူးသကဲ့သို့ မြင်လည်းမမြင်နိုင်ပေ။ ထိုဘုရားသခင်၌ ဂုဏ်သရေနှင့်ထာဝရတန်ခိုးအရှိန်အဝါရှိတော်မူပါစေသော။ အာမင်။" - တိမောသေသြဝါဒစာ ပထမစောင် ၆:၁၅၊ ၁၆

ဒီအကြောင်းနဲ့ဆက်နွယ်တာတွေ ချပြချင်တာ အများကြီးရှိသေးပါတယ်။ ဒါပေမယ့် ဒီနေရာမှာ အဓိကပြောချင်တာက ရှေးအတီတေကနေယနေ့အထိ သေရာကပြန်ရှင်ပြီး ကောင်းကင်ကိုရောက်သွားကြသူ အလွန်နည်းပါတယ်။ ကျန်ရှိသေးတဲ့ ဘုရားသားသမီးတွေသည် ခရစ်တော်ဘုရား ဒုတိယအကြိမ် ကြွလာတဲ့အခါကျမှ ပြန်ပြီးရှင်ကြမှာ ဖြစ်ပါတယ်။

> "ညီအစ်ကိုတို့၊ သင်တို့သည် မျှော်လင့်ခြင်းမရှိသောအခြားသူများကဲ့သို့ ဝမ်းနည်းခြင်းမရှိကြမည့်အကြောင်း **အိပ်ပျော်သောသူတို့နှင့်ပတ်သက်၍** သင်တို့မသိဘဲနေရန် ငါတို့အလိုမရှိ။ အကြောင်းမူကား ယေရှုသည် အသေခံပြီးနောက် ထမြောက်တော်မူသည်ဟု ငါတို့ယုံကြည်ကြလျှင် ဘုရားသခင်သည် ယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း ထိုကဲ့သို့ပင် ထိုသခင်နှင့်အတူခေါ်ထုတ်တော်မူလိမ့်မည်။ သခင်ဘုရား၏စကားတော်အားဖြင့် သင်တို့အား ငါတို့ဆိုသည်မှာ သခင်ဘု

ရားကြွလာတော်မူသည့်တိုင်အောင် အသက်ရှင်လျက်ကျန်ရစ်သောငါတို့သည် အိပ်ပျော်သောသူတို့ထက် လုံးဝရှေ့ကျလိမ့်မည်မဟုတ်။ **အကြောင်းမူကား ကြွေးကြော်ခြင်းနှင့်တကွ ကောင်းကင်တမန်မင်း၏အသံနှင့် ဘုရားသခင်၏တံ ပိုးမှုတ်သံတို့ဖြင့် သခင်ဘုရားကိုယ်တော်တိုင် ကောင်းကင်မှဆင်းသက်တော်မူ သောအခါ ခရစ်တော်၌သေလွန်သောသူတို့သည် ဦးစွာထမြောက်ကြလိမ့်မည်။ ထို့နောက် အသက်ရှင်လျက်ကျန်ရစ်သောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားနှင့်တွေ့ဆုံရန် ထိုသူတို့နှင့်အတူ မိုးတိမ်ဖြင့် ချီဆောင်ခြင်းခံရကြလိမ့် မည်။** ဤသို့ဖြင့် ငါတို့သည် သခင်ဘုရားနှင့်အတူ အစဉ်အမြဲနေရကြလိမ့်မည်။"
- သက်သာ လောနိတ်သြဝါဒစာပထမစောင် ၄:၁၃-၁၇

မောရှေရဲ့အဖြစ်ကတော့ ဖြစ်စဉ်ထူးပါ။ ဧနောက်နဲ့ ဧလိယတို့လည်း ကောင်းကင်ကို ခေါ်ဆောင်ခြင်းခံရတဲ့ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ သူတို့ကတော့ ရှင်မောရှေလို မသေခဲ့ ကြပါဘူး။[26] ခရစ်တော်ဘုရားက မောရှေကို ပြန်လာနိုးတဲ့အခါ မာရ်နတ်က ခရစ်တော်ဆီ လာပြီး မောရှေကို ပြန်ရှင်စေခြင်းဟာ မှန်ရဲ့လားဆိုပြီး ထောက်ခဲ့ပါတယ်။

ကျွန်တော်တို့လည်း အခန်း (၁၂) မှာ ဆွေးနွေးခဲ့ကြပြီးတဲ့အတိုင်းဘဲ မောရှေရဲ့ရာဇဝင်ဟာ သူ့ရဲ့နှလုံးသားမှာရော ခရစ်တော်ရဲ့နှလုံးသားထဲမှာရော ရေးထိုးထားပြီးသား ဖြစ်ပါ တယ်။ ကျွန်တော်တို့ကို စောင့်ရှောက်ဖို့ တာဝန်အပေးခံရတဲ့ ကောင်းကင်တမန်များက ကျွန်တော်တို့ရဲ့လုပ်ရပ်အားလုံးကို ရေးမှတ်ထားကြပါတယ်။ အကြောင်းကတော့ သူတို့ ဟာ ကျွန်တော်တို့ကို အမြဲစောင့်ကြည့်နေလို့ပါဘဲ။

"ထာဝရဘုရား၏ကောင်းကင်တမန်တို့သည် ကိုယ်တော်ကိုကြောက်ရွံ့သောသူ တို့ပတ်လည်၌တပ်ချ၍ သူတို့ကိုကယ်မကြ၏။" - ဆာလံကျမ်း ၃၄:၇

---

[26] ကမ္ဘာဦးကျမ်း ၅:၂၃၊ ၂၄။ ဓမ္မရာဇဝင်စတုတ္ထစောင် ၂:၁၁ ကိုလေ့လာပါ။

မာရ်နတ်ကလည်း မောရှေကိုလာခေါ်တဲ့ ခရစ်တော်နဲ့ အတိုက်အခံလုပ်ခဲ့တဲ့အခါ မောရှေရဲ့ရာဇဝင်က တရားကိုဆုံးဖြတ်သွားတာပါ။ ခရစ်တော်ဘုရားကလည်း မောရှေရဲ့ရာဇဝင်ကို ဝိညာဉ်တော်အားဖြင့် ခရေစေ့တွင်းကျသိပါတယ်။

> "အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ကြော၍ သိတော်မူ၏။ အကျွန်ုပ်၏ထိုင်ခြင်းနှင့် ထခြင်းကို **သိတော်မူ၏။** အကျွန်ုပ်၏အတွေးအကြံကို အဝေးကပင် **သိနားလည်တော်မူ၏။** အကျွန်ုပ်၏သွားလာခြင်းနှင့် အိပ်စက်နားနေခြင်းကို ခွဲခြား**သိမြင်တော်မူ၏။** အကျွန်ုပ်၏လမ်းခရီးရှိသမျှတို့နှင့်လည်း ကျွမ်းဝင်တော်မူ၏။ အကျွန်ုပ်၏နှုတ်၌ စကားတစ်ခွန်းမျှမရှိသော်လည်း အို ထာဝရဘုရား၊ **ထိုစကားအလုံးစုံတို့ကို ကိုယ်တော်သိတော်မူ၏။**" - ဆာလံကျမ်း ၁၃၉:၁-၄

မောရှေရဲ့ရာဇဝင်က သူ့ကယ်တင်ရှင်ကို ကိုးစားကြောင်းပြပါတယ်။ သူ့ရာဇဝင်က ခရစ်တော်ရဲ့စွမ်းဆောင်မှုကိုသာ အဓိကမှီခိုကြောင်း ပြခဲ့ပါတယ်။ မောရှေက သူမသေခင် သူ့ကိုယ်သူစီရင်ပြီး သူ့နှလုံးသားနဲ့ ခရစ်တော်ရဲ့နှလုံးသားမှာလည်း ဖျက်မရအောင် ရေးထိုးထားပါတယ်။

> "**ကောင်းကင်ဘုံစာရင်းဝင်သော** သားဦးတို့၏အသင်းတော်သို့လည်းကောင်း၊ လူအပေါင်းတို့ကိုတရားစီရင်တော်မူသော ဘုရားသခင်ထံသို့လည်းကောင်း၊ စုံလင်ခြင်းသို့ရောက်သည့် ဖြောင့်မတ်သောသူတို့၏ဝိညာဉ်များထံသို့လည်းကောင်း၊" - ဟေဗြဲဩဝါဒစာ ၁၂:၂၃

ခရစ်တော်က မောရှေကိုစွပ်စွဲတဲ့ မာရ်နတ်ကို "ထာဝရဘုရား သင့်ကို ဆုံးမစေသတည်း" ဆိုပြီး နှုတ်ပိတ်ခဲ့ပါတယ်။ ခရစ်တော်လုပ်ခဲ့တာက မောရှေရဲ့ရာဇဝင်အားလုံးကို ချပြတာပါ။ မောရှေက သူ့သမိုင်းသူရေးခဲ့ပြီး ကယ်တင်ရှင်ရဲ့လက်ထဲအပ်ခဲ့ပါတယ်။ အဲဒါကြောင့်

စာတန်က မောရှေကို ထိန်းချင်တဲ့အခါမှာ ခရစ်တော်က ကွယ်ကာပေးပြီး မောရှေကို ပြန်ခေါ် ခဲ့ပါတယ်။

ပထမရှင်ပြန်ထမြောက်ခြင်းမှာ ပါဝင်ကြမယ့်သူတွေရဲ့အဖြစ်က အဲဒီလိုမျိုးပါ။ ခရစ်တော် က အိပ်နေကြတဲ့ သူ့ရဲ့သားသမီးတွေကို လာခေါ်တဲ့အခါမှာ စာတန်က ခရစ်တော်ရဲ့ အသက်ပြန်ရှင်စေခြင်း အခွင့်အာဏာကို ငြင်းခုံမှာဖြစ်ပါတယ်။ ခရစ်တော်ရဲ့နှလုံးသားမှာ ရေးထိုးထားပြီးသားသန့်ရှင်းသူများရဲ့ ရာဇဝင်တွေဟာဖွင့်ပြီး ထာဝရအသက်နဲ့ တန်မတန် ကို ဒီမှတ်တမ်းတွေက ပြသွားမှာဖြစ်ပါတယ်။

> "သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ရမည်အကြောင်း သူတစ်ပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ **သင်တို့သည် အကြင်တရားအတိုင်း သူတစ်ပါးကိုစီရင်ကြ၏၊ ထိုတရားအတိုင်း စီရင်ခြင်းကို ခံရကြမည်။** အကြင်ချိန်၊ တင်းပမာဏနှင့် သူတစ်ပါးအား ပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။" - ရှင်မဿဲခရစ်ဝင် ၇:၁၊ ၂

> "ထိုအခါ ပေါလုနှင့်ဗာနဗတို့က၊ ဘုရားသခင်၏ နှုတ်ကပတ် တရားတော်ကို သင်တို့အား ရှေဦးစွာ ဟောပြောရ၏။ သို့သော်လည်း သင်တို့သည်ပယ်၍ **ထာဝရအသက်ကို မိမိတို့ မခံထိုက်သည်ဟု မိမိတို့စီရင်ကြ**သောကြောင့်၊ ထာဝရဘုရားသည် မှာတော်မူသည်အတိုင်း ငါတို့သည်မျက်နှာကိုလွှဲ၍ တစ်ပါးအမျိုးသားတို့ဆီသို့ လှည့်ကြ၏။" - တမန်တော်ဝတ္ထု ၁၃:၄၆ (NLT)

ကိုယ့်ကိုယ်ကို အပြစ်သားမှန်းသိပြီး ဘုရားသခင့်ကရုဏာတော်ကို အားကိုးသူများဟာ သူများကိုလိုက်ပြီး အပြစ်ရှာမနေတော့ဘဲ ဘုရားသခင့်ကရုဏာတော်အောက်မှာ ခိုလှုံကြ မှာ ဖြစ်ပါတယ်။ သူတို့ဟာ သေဖို့နီးလာတဲ့အခါ သူတို့ဘဝကို ပြန်ပြောင်းသုံးသပ်ကြ တဲ့အခါ သူတို့ရဲ့အားနည်းချက်တွေကို မြင်လာကြပါတယ်။ သူတို့မှာ ကောင်းကွက်ရှိခဲ့ ရဲ့လားလို့ ပြန်သုံးသပ်ကြပါတယ်။ ထာဝရအသက်ရဖို့ ထိုက်တန်ပါတယ်ဆိုတဲ့ အမှတ်များ မှုတွေကို စပြီးပယ်ချလာပါပြီ။

ဘုရားသခင်ရဲ့ကရုဏာကလွဲလို့ သူတို့ရဲ့ကုသိုလ်တွေကို အားကိုးလို့မရကြောင်း တွေ့လာကြပါတယ်။ အဲဒီအရာတွေဟာ သူတို့ရဲ့ရာဇဝင်မှာ ရေး ထားတာဖြစ်ပြီး ခရစ်တော်ဘုရားက သူ့ရဲ့လက်ဖဝါးမှာ မှတ်ထားတဲ့လူတွေကို ပြန်ပြီးထ မြောက်ခိုင်းတဲ့အခါ စာတန်ကစိန်ခေါ်လို့ အဲဒီမှတ်တမ်းတွေ ထုတ်ပြရပါတယ်။

အဲဒါကြောင့် ၁၈၄၄ ခုနှစ်ကစပြီး ခရစ်တော်ဘုရားက သူ့ဒုတိယအကြိမ် ပြန်ကြွလာမယ့် အခါကြရင် ထမြောက်ခိုင်းရမယ့်စာရင်းကို ပြုစုနေပါပြီ။ မာရ်နတ်ကလည်း ခရစ်တော် ကယ်ထုတ်မယ့် လူတိုင်းကို တားဆီးပါတယ်။ ခရစ်တော် ကယ်ထုတ်လိုသူများထဲမှာ တစ်ချို့ကို မာရ်နတ်က ထောက်တဲ့အခါမှာ သူတို့ရဲ့ရာဇဝင်တွေဟာ ထာဝရအသက် မရ ထိုက်ရလောက်အောင် ခရစ်တော်ကို မစွဲကိုင်ကြကြောင်း တွေ့ရပါတယ်။ အဲဒီလိုလူတွေ ကိုတော့ စာတန်က အပိုင်စားရပြီး ထမြောက်ကြမယ့်အထဲမှာ ပါကြမှာမဟုတ်ပါဘူး။ မာရ်နတ်တောင်းဆိုတဲ့အတိုင်း ပေးလိုက်ရခြင်းက ခရစ်တော့်နှလုံးကို ကြေွပြုန်းစေပါ တယ်။ အဲဒီလူတွေရဲ့သမိုင်းကလည်း ယုံကြည်ခြင်းမှာ မမြဲကြကြောင်းကို ပြနေတာကိုး။

အိမ်ပြေးသားနဲ့ ဒံယေလ (၇) ထဲက တရားစီရင်ခြင်းအကြောင်းတွေမှာ တွေ့ရတဲ့အတိုင်း ဘုရားသခင်က ဘယ်သူ့ကိုမှ အပြစ်မဖို့ကြောင်း တွေ့ရပါတယ်။ သူတို့ရဲ့သမိုင်းက သူတို့ရဲ့တစ်ဖက်ကနေပြီး သက်သေထူပါတယ်။ ခရစ်တော်ကတော့ အယောက်စီတိုင်းရဲ့ သမိုင်းကို ဂဃနဏသိလို့ စာတန်ကထောက်ပြတဲ့အခါ ကာကွယ်ပေးပါတယ်။ မာရ်နတ် က တရားလို၊ ခရစ်တော်က တရားပြိုင်ဖြစ်ပါတယ်။ ခမည်းတော်နဲ့သားတော်တို့က သူတို့ရဲ့သားသမီးတွေကို ဆုပေးခြင်းကို မကျေနပ်လို့ထောက်ပြတဲ့ မာရ်နတ်ရဲ့လုပ်ရပ်ကို မှောက်လှန်ကြပါတယ်။

> "ငါကြည့်ရှုစဉ်တွင် အသက်ကြီးသောသူသည် ရောက်လာလျှင်၊ **အမြင့်ဆုံးသော ဘုရား၏ သန့်ရှင်းသောသူတို့အား စီရင်ရသောအခွင့်**ကို ပေး၍၊ ထိုသူတို့သည်

နိုင်ငံကိုသိမ်းယူဝင်စားသော အချိန်ရောက်သည်တိုင်အောင် ထိုချိုသည် သန့်ရှင်းသူတို့ကို စစ်တိုက်၍ နိုင်လေ၏။" - ဒံယေလအနာဂတ္တိကျမ်း ၇:၂၁၊ ၂၂

ခရစ်တော်ရဲ့နောက်လိုက် ဖြစ်ပါတယ်ဆိုတဲ့လူတွေပဲ အနိဋ္ဌတရားစီရင်ခြင်းမှာ အကျုံးဝင်တာပါ။ ခရစ်တော်ကိုလက်မခံ (သို့) ဝိညာဉ်တော်ရဲ့ပြုပြင်မှုကို သက်သေမပြသူတွေက ခရစ်တော့်ဝိညာဉ်တော်နဲ့ပြည့်စုံတဲ့ နေထိုင်မှုကို မလိုလားကြောင်း ထုတ်ပြကြပါတယ်။ သူတို့ရဲ့စိတ်ဓာတ်က ကောင်းကင်ရဲ့လမ်းစဉ်ဖြစ်တဲ့ အပြစ်မဖို့တဲ့မေတ္တာတော်အောက် အပ်နှံဖို့ ငြင်းဆန်ကြပါတယ်။ ခရစ်တော်က အယောက်တိုင်းကို ထမြောက်စေချင်ပေမယ့် စာတန်ကလည်း အနိဋ္ဌမည်ကာမတ္တပုဂ္ဂိုလ်တွေကို သူ့ရဲ့လူတွေပါလို့ဆိုတဲ့အခါ ခရစ်တော် က ဆန္ဒမရှိပြား လက်ခံပေးရပါတယ်။

"သားတော်ကိုယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။ **မယုံကြည်သောသူမူကား၊** ဘုရားသခင်၌ တစ်ပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့် **ယခုပင် အပြစ်စီရင်ခြင်းကိုခံရ၏။**" - ရှင်ယောဟန်ခရစ်ဝင် ၃:၁၈

ဘုရားသားတော်ကို မယုံကြတဲ့လူတွေကတော့ သူတို့ရဲ့စိတ်မလုံမှုကနေ လွတ်ကြမှာမဟုတ်ပါဘူး။ သူတို့ရဲ့ရာဇဝင်ဆိုးတွေက သူ့တို့ရဲ့တစ်ဖက်မှာ သက်သေပြတဲ့အခါ သူတို့ဟာ သေလိုဇောတောင် ကပ်ကြပါတယ်။

"လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်၊ ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊ လူလွတ်များ အပေါင်းတို့သည် မြေတွင်း၌လည်းကောင်း၊ တောင်ပေါ်မှာ ရှိသော ကျောက်များ၌လည်းကောင်း၊ ပုန်းရှောင်လျက်နေ၍၊ **ထိုတောင်များ၊ ကျောက်များတို့ကို ခေါ်လျက်၊ ငါတို့အပေါ်သို့ ကျကြပါ။ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူ၏ မျက်နှာနှင့် သိုးသငယ်၏ အမျက်တော်ကို ကွယ်ကာ၍၊ ငါတို့ကိုဖုံးအုပ်ကြပါ။** အမျက်တော် ထင်ရှားသောနေ့ကြီး ရောက်ပါပြီတကား။ အဘယ်သူသည် ခံရပ်နိုင်မည်နည်းဟု ပြောဆိုကြ၏။" - ဗျာဒိတ်ကျမ်း ၆:၁၅-၁၇

ခရစ်တော်ဘုရား တစ်ဖန်ပြန်ကြွလာပြီး "ထကြ" လို့ မိန့်တဲ့အခါမှာ အိပ်နေကြတဲ့ သန့်ရှင်းသူတွေရဲ့နှားစည်ကို တံပိုးသံကရိုက်တဲ့အခါ ထာဝရအသက်ရပြီးသားနဲ့ အုတ်ဂူထဲကနေ ထလာကြမှာဖြစ်ပါတယ်။

နားပိတ်ကြတဲ့လူဆိုးများကတော့ ဒီအသံကို ကြားကြမှာမဟုတ်ပါဘူး။ သူတို့ကတော့ အသက်မြဲသ၍ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဖျောင်းဖျမှုကို ဥပေက္ခာပြုကြပါတယ်။ ဒီလို နဲ့ ခရစ်တော်ရဲ့ အသံနဲ့စိမ်းနေကြပါတယ်။ လူတိုင်းကိုဖိတ်ခေါ်ပေမယ့် သူတို့က မတုံ့ပြန် ခဲ့ကြပါဘူး။

> "... သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍၊ **ထိုအသံကိုကြားသောသူများ အသက်ရှင်ကြလိမ့်မည်။**" - ရှင်ယောဟန်ခရစ်ဝင် ၅:၂၅

လူဆိုးတွေက ဒီခေါ်သံကို ငြင်းဆန်ခဲ့ကြတဲ့အတွက် သူတို့ကို ပြန်ထခိုင်းမယ့် နောက်နှစ် ၁,၀၀၀ အထိ မြေကြီးမှာဘဲ နေကြရဦးမှာ ဖြစ်ပါတယ်။

ခရစ်တော်ဒုတိယအကြိမ် ကြွလာတဲ့အခါမှာ ကမ္ဘာမြေကြီးကိုနင်းမှာမဟုတ်ပါဘူး။ အဲဒီလိုလာနင်းလို့ရှိရင် နှစ်ပေါင်း ၁,၀၀၀ အပြီးမှာ ခရစ်တော်ကမြေကြီးကိုနင်းပြီး လူဆိုးအား လုံး ထလာမယ့်အဖြစ်မျိုး ဖြစ်လာမှာမို့လို့ပါ။ ခရစ်တော်ဟာ အာကာသကနေပဲ သူ့ရဲ့သန့်ရှင်းသူတွေကိုနိုးဖို့ အမိန့်ပေးမှာဖြစ်ပါတယ်။

> "ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ **သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှာ၊ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့** ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်။" - သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄:၁၇

"လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကို ပြင်းစွာမှုတ်စေတော်မူသဖြင့်၊ **သူတို့သည် ရွေးချယ်တော်မူသော သူတို့ကို အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှ ခေါ်၍စုရုံးကြလတ္တံ့။**" - ရှင်မဿဲခရစ်ဝင် ၂၄:၃၁

နှစ်ပေါင်း ၁,၀၀၀ ကာလအဆုံးမှာ ခရစ်တော်ဘုရား ကောင်းကင်မြို့ကြီးနဲ့တကွ ဒီကမ္ဘာကို ပြန်ကြွလာတဲ့အခါ ခရစ်တော်ရဲ့ကရုဏာကို ငြင်းပယ်ကြတဲ့လူတွေ ပြန်ပြီးထမြောက်ကြမှာဖြစ်ပါတယ်။

"ထာဝရဘုရား၏နေ့ရက်သည် ရောက်သောအခါ၊ သူတစ်ပါးတို့သည် သင်၏ဥစ္စာကိုလုယူ၍ သင့်အလယ်၌ ဝေဖန်ကြလိမ့်မည်။ **ယေရုရှလင်မြို့ကို တိုက်စေခြင်းငှာ၊ လူမျိုးအပေါင်းတို့ကို ငါစုဝေးစေမည်။** မြို့ကိုတိုက်ယူပြီးလျှင်၊ အိမ်တို့ကိုလုယက်၍ မိန်းမတို့ကို အဓမ္မပြုကြလိမ့်မည်။ မြို့သားတစ်ဝက်ကိုသိမ်းသွား၍ **တစ်ဝက်သာ မြို့၌ကျန်ကြွင်းလိမ့်မည်။** ထာဝရဘုရားသည်လည်း စစ်တိုက်ရာကာလ၌ တိုက်သကဲ့သို့၊ ထိုလူမျိုးတို့ကို တိုက်သွားတော်မူမည်။ **ထိုနေ့ရက်၌ ခြေတော်သည် ယေရုရှလင်မြို့ အရှေ့၊ သံလွင်တောင်ပေါ်မှာရပ်၍၊ သံလွင်တောင်သည် အရှေ့ဘက်မှ အနောက်ဘက်တိုင်အောင် အလယ်၌ကွဲသဖြင့်၊ အလွန်ကြီးသောချိုင့်ဖြစ်လိမ့်မည်။** တောင်တစ်ဝက်သည် မြောက်ဘက်သို့လည်းကောင်း၊ တစ်ဝက်သည် တောင်ဘက်သို့လည်းကောင်း ရွေ့ရလိမ့်မည်။" - ဇာခရိအနာဂတ္တိကျမ်း ၁၄: ၁-၄

"ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်း ငါမြင်၏။ အဘယ်သို့နည်း ဟူမူကား၊ ရှေးကောင်းကင်နှင့် ရှေးမြေကြီးသည် ရွှေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ။- **သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင် အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။**" - ဗျာဒိတ်ကျမ်း ၂၁:၁၊ ၂

သန့်ရှင်းသောဝိညာဉ်တော် သူတို့အပေါ် အလုပ်မလုပ်တဲ့အတွက် လူဆိုးတွေက သူတို့ရဲ့ ဗီဇအမှန်ကို ဘုရားသခင်နဲ့ သန့်ရှင်းသူတွေပေါ် ပြကြပြီး မြို့တော်ကိုဖျက်လိုကြပါမယ်။

> "ထိုအနှစ်တစ်ထောင်ကုန်ပြီးမှ၊ စာတန်သည် ထောင်ထဲက လွှတ်သောအခွင့်ကို ရ၍၊ အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှ များသောဂေါဂ၊ မာဂေါဂ တည်းဟူသော မြေကြီး လေးမျက်နှာပေါ်မှာနေသော လူအမျိုးမျိုးတို့ကို လှည့်ဖြားအံ့သောငှါလည်းကောင်း၊ စစ်တိုက်ဖို့ စည်းဝေးစေခြင်းငှါလည်းကောင်း တက်လိမ့်မည်။- **ထိုသူများတို့သည် မြေကြီးမျက်နှာပေါ်သို့ တက်၍၊ သန့်ရှင်းသူတို့၏ တပ်ကိုလည်းကောင်း၊ ချစ်ဖွယ်သော မြို့တော်ကိုလည်းကောင်း၊ ဝိုင်းကြ၏။** ထိုအခါ ဘုရားသခင့်အထံတော်၊ ကောင်းကင်မှ မီးကျ၍ သူတို့ကိုမျိုလေ၏။" - ဗျာဒိတ်ကျမ်း ၂၀:၇-၉

လူဆိုးများအပေါ် ဘုရားသခင်ဆီကနေ မီးကျပြီးဖျက်ဆီးမယ့်ပုံကို fatheroflove.info မှာ ရနိုင်တဲ့ Consuming Fire ဆိုတဲ့စာစောင်မှာ ဆက်လက်လေ့လာလို့ ရပါတယ်။

အတိုချုပ်ရရင် စိတ်မလုံခြင်းကပဲ အပြစ်သားတွေကို အဆုံးမှာ စီရင်သွားမှာ ဖြစ်ပါတယ်။ သူတို့ရဲ့သမိုင်းဟာ ဘုရားသခင်နဲ့ ခရစ်တော်ရှေ့မှာ ဖူးပေါ်နေမှာဖြစ်လို့ သူတို့ကိုယ်သူတို့ မနေနိုင်ဖြစ်ကြပြီး သူတို့ရဲ့စိတ်မသန့်မှုက သူတို့ကို အမှုန့်ချေမှာဖြစ်ပါတယ်။ အနှီအတွင်း မီးဟာ အပြင်မီးထက် ပိုဆိုးပါတယ်။

> "သင်တို့သည် ဖွဲကို ကိုယ်ဝန်ဆောင်၍၊ အမှိုက်ကို ဖွားမြင်ရလိမ့်မည်။ **သင်တို့စိတ်သဘောသည် မီးဖြစ်၍၊ သင်တို့ကို ဖျက်ဆီးလိမ့်မည်။** လူများတို့သည် ထုံးကျောက်ကို ဖုတ်သကဲ့သို့လည်းကောင်း၊ ဆူးပင်များကို ခုတ်၍ မီးရှို့သကဲ့သို့လည်းကောင်း ဖြစ်ကြလိမ့်မည်။" - ဟေရှာယအနာဂတ္တိကျမ်း ၃၃:၁၁၊ ၁၂

အကျဉ်းချုံးရရင် ကျွန်တော်တို့သည် ဒံယေလ (၇) လာ တရားစီရင်ပုံ အင်္ဂါရပ်ကိုတွေ့ပြီး ဖြစ်ပါပြီ။ မာရ်နတ်က သုသာန်ရောက်ပြီးသားတွေကို လက်မလွှတ်နိုင်လို့ တရားစီရင်ခြင်း လုပ်ရတာပါ။ ခရစ်တော်ပြန်ထမြောက်မယ်မှန်းမသိဘဲ ရောမစစ်သားတွေက

ယေရှု အလောင်းကို အချည်းနှီးစောင့်ကြပ်သလို မာရ်နတ်က သေပြီးသားသန့်ရှင်းသူတွေကို ပြန်မထအောင် စောင့်ကြပ်ပါတယ်။

စာတန်က သူ့လူပါလို့ ဘယ်လိုပဲပြောပြော ခရစ်ယာန်တစ်ယောက်ရဲ့ ယုံကြည်ခြင်း မှတ်တမ်းတွေနဲ့ ခရစ်တော်က ပြန်ပြီးထောက်ပြပါတယ်။

ကောင်းကင်ဘုံမှာရှိတဲ့ ကျွန်တော်တို့ရဲ့အဖကို ယေရှုဘုရားရဲ့သိက္ခာတော်ကိုအားကိုးပြီး ယုံကြည်ခြင်းနဲ့ မပြတ်ရှုကြသူများဟာ ဘုရားသခင်က ဘယ်သူ့ကိုမှ အပြစ်မစီရင် ကြောင်းကို တွေ့ကြမှာဖြစ်ပါတယ်။ မာရ်နတ်ဆိုတာက ကျွန်တော်တို့ကို စွပ်စွဲနေသူ၊ အပြစ်ဒဏ်ခံရတာကို မြင်လိုသူဖြစ်ပါတယ်။ မာရ်နတ်ကတော့ သူ့ရဲ့စရိုက်ကို ဘုရား အပေါ်ပုံချပြီး ကျွန်တော်တို့ကို အမှတ်မှားအောင် လုပ်ပါတယ်။ ဘုရားကတော့ သူ့ရဲ့ သိက္ခာတော်ကိုပြဖို့ သားတော်ကို စေလွှတ်ခဲ့ပါတယ်။ အပြစ်ပေးဖို့မဟုတ်ပါဘူး (ရှင်ယော ဟန် ၃:၁၇)။ တရားစီရင် ရာမှာလည်း ဘုရားသခင်ဟာ ခပ်မဆိတ်နေပြီး ကျွန်တော်တို့က သူ့ကို ဘယ်လိုမှတ်သလဲလို့ မှတ်ခွင့်ပေးပါတယ်။ အဲဒါကြောင့် ခရစ်တော်ဝါစာရဲ့ပရမတ် တရားကို ကျွန်တော်တို့ တွေ့ရပါတယ်။

> "သင်တို့သည် အကြင်တရားအတိုင်း သူတစ်ပါးကိုစီရင်ကြ၏၊ ထိုတရားအတိုင်း စီရင်ခြင်းကို ခံရကြမည်။" - ရှင်မဿဲခရစ်ဝင် ၇:၂

## ၂၀။ ယာကုပ်ရဲ့ဒုက္ခကာလ

ပြီးခဲ့တဲ့အခန်းမှာ ခရစ်တော်တစ်ဖန် ပြန်မကြွလာခင်မှာ သေပြီးသားလူတွေကို တရားစီရင်ပြီး ခရစ်တော်နဲ့အာကာသမှာတွေ့ဆုံဖို့ ရှင်ပြန်ထမြောက်ကြမယ့်အကြောင်း နှီးနှော ပြီး ဖြစ်ပါတယ်။ ဒါဆိုရင် ခရစ်တော် တစ်ဖန်ပြန်ကြွလာတဲ့အခါမှာ ခရစ်တော်အပေါ် သစ္စာရှိကြတဲ့ အသက်ရှင်နေကြသေးသူများကျတော့ ဘယ်လိုနေကြမှာလဲ။ သူတို့ကို ဘယ်လိုတရားစီရင်မှာလဲ။ လူတိုင်းက ခရစ်တော်ရှေ့မှာ တရားစီရင်ခံရမှာ မို့လို့ပါ။

> "ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေ ဖြစ်အံ့သောငှာ ထိုသူတို့၌ ရောက်ကြ၏။ ကပ်ကာလ အဆုံးတွင် ဖြစ်သောငါတို့ကို ဆုံးမစရာဖို့ ကျမ်းစာ၌ ရေးထားလျက်ရှိသတည်း။" - ကောရိန္သုသြဝါဒစာပထမစောင် ၁၀:၁၁

သမ္မာကျမ်းစာလာ အကြောင်းအရာများဟာ ကမ္ဘာ့နောက်ဆုံးကာလမှာ နေထိုင်ကြတဲ့ ဒံယေလ (၇) မှာပါတဲ့ ခရစ်တော်မကြွလာခင်မှာဖြစ်မဲ့ တရားစီရင်ခြင်းအမှုကို ရင်ဆိုင် ကြမယ့် ကျွန်တော်တို့ကို သိနားလည်နိုင်အောင် အထောက်အကူပေးပါတယ်။

အခန်း (၁၀) ထဲမှာ ပုရိသနဲ့ပြစ်မှားချိန်မှာ အဖမ်းခံရတဲ့ အမျိုးသမီးဟာ အသက်ရှိစဉ် အတွင်းမှာပဲ တရားစီရင်ခြင်းကို ရင်ဆိုင်ရပါတယ်။ ဘုရားရဲ့နောက်လိုက်တွေပါလို့ ဆိုတဲ့ သူတွေကပဲ သူ့ကို ခရစ်တော်ဆီခေါ်သွားကြပါတယ်။ ဘုရားသခင်က လူတွေကို အပြစ် အတွက် ငရဲမှာမီးရှို့မယ်လို့ ဂျူးခေါင်းဆောင်တွေလိုပဲ ဟောပြောနေကြတဲ့ ခရစ်ယာန် ဒီကမ္ဘာမှာ အများကြီးရှိပါတယ်။ သူတို့ရဲ့အပြောနဲ့အလုပ်တွေက ခရစ်တော်ခြေရင်းမှာ ရောက်နေသူတွေကို အလှဲထိုးဖို့ စွမ်းအားရှိပါတယ်။ တစ်ချို့က အဲဒီစွပ်စွဲသူတွေကို ဒေါသ ထွက်တုံ့ပြန်ကြပေမယ့် တစ်ချို့က သံဝေဂယူကြပြီး အပြစ်ကနေလွှတ်ပေးဖို့ တောင်း ပန်ကြပါတယ်။

အဲဒါကြောင့် ခရစ်ယာန်အသင်းတော်များသည် ကမ္ဘာနောက်ဆုံးသောနေ့များမှာ လူတွေ ကို ၎င်းတို့ရဲ့အပြစ်အတွက် တရား ရင်ဆိုင်ရမှာဖြစ်ကြောင်းကို တရားပြပါတယ်။

အသင်း တော်ကြီးက ဘုရားသခင်ကို အမြင်မှားနေပေမယ့် အပြစ်ကိုမြင်တတ်ကြဖို့တော့ အလင်း ပြစရာရှိတာ ပြကြသေးပါတယ်။

ကျွန်တော်တို့ဟာ နောက်ဆုံးသောကာလကို ရောက်လာတဲ့အခါ မဖြစ်ဖူးသေးတဲ့ကပ်တွေ ဆိုက်မှာဖြစ်ကြောင်း သမ္မာကျမ်းစာက ပြဆိုထားပါတယ်။ လောလောလတ်လတ်ဖြစ် ပျက်တဲ့ COVID-19၊ လူမျိုးရေးအဓိကရုဏ်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာ ခြင်းများက ကျွန်တော်တို့ဟာ ဒုက္ခကပ်ကာလရဲ့အဝကို ရောက်နေကြောင်း ပြပါတယ်။

> "ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကို စောင့်သော အရှင်ကြီးမိက္ခေလ သည် ပေါ်လာလိမ့်မည်။ လူမျိုးတစ်စုံတစ်မျိုးမျှ ဖြစ်သည်ကာလမှစ၍ **ထိုကာလ တိုင်အောင်၊ မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။** ထို ကာလအခါ စာစောင်၌ စာရင်းဝင်သမျှသော သင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ ရောက်ကြလိမ့်မည်။" - ဒံယေလအနာဂတ္တိကျမ်း ၁၂:၁

ကမ္ဘာကြီးမှာ ကပ်ဆိုးတွေဆိုက်စပြုတဲ့အခါ ပုထုဇဉ်တွေက ဒါဟာ ကိုယ့်ရဲ့အပြစ်ကြောင့် လားဆိုပြီး စပြီးသုံးသပ်လာကြပါမယ်။ ဒီလိုကပ်အမျိုးမျိုးဆိုက်တဲ့အခါမှာ လူထုဟာ (၂) မျိုးဘဲရှိလာမှာ ဖြစ်ပါတယ်။

> "ဆွဲထားသော လူဆိုးနှစ်ယောက်တွင် တစ်ယောက်က၊ သင်သည် ခရစ်တော်မှန် လျှင် ကိုယ်ကိုလည်းကောင်း၊ ငါတို့ကိုလည်းကောင်း၊ ကယ်တင်လော့ဟု ကိုယ် တော်ကို ကဲ့ရဲ့၍ ဆိုလေ၏။- တစ်ယောက်မူကား၊ မိမိအဖော်ကိုဆုံးမ၍၊ သင် သည် ဤသူနည်းတူ အပြစ်ဒဏ်ခံလျက်ပင် ဘုရားသခင်ကို မကြောက်သလော။- ငါတို့သည် ကိုယ်ပြုမိသောအပြစ်နှင့်အလျောက် ခံရသည်ဖြစ်၍ တရားသဖြင့် ခံ ရကြ၏။ ဤသူမူကား အဘယ်အပြစ်ကိုမျှ မပြုဟုဆိုပြီးလျှင်၊- သခင်၊ ကိုယ် တော်သည် နိုင်ငံတော်တည်လျက် ကြွလာတော်မူသောအခါ အကျွန်ုပ်ကို

အောက်မေ့တော်မူပါဟု ယေရှုကို လျှောက်ဆို၏။" - ရှင်လုကာခရစ်ဝင် ၂၃:၃၉-၄၂

ဒီဒုစရိုက်သားနှစ်ယောက်စလုံးက ယေရှုနဲ့အတူ သေဒဏ်ကျခံရပါတယ်။ တစ်ယောက်က သူခံရတာကို အမှန်မြင်တတ်ပါတယ်။ အခြားတစ်ယောက်ကတော့ ယေရှုကိုမဲ့ပြီး ခင်ဗျား ဟာ ခရစ်တော်မှန်ရင် သူတို့ကိုကယ်ဖို့ စကားနာထိုးခဲ့ပါတယ်။ တစ်ယောက်က သံဝေဂ ရ၊ အခြားတစ်ယောက်က ဒေါသထွက်၊ ကန့်လန့်တိုက်၊ နောင်တရဖို့ ငြင်းပယ်ခဲ့ပါတယ်။

ရှင်ပေါလုကတော့ နောက်ဆုံးသောကာလသည် မျက်နှာမြင်တော့မယ့် ကိုယ်ဝန်သည်ရဲ့ ဒုက္ခနဲ့တူမယ်လို့ ဆိုခဲ့ပါတယ်။

"အဘယ်ကြောင့်နည်းဟူမူကား၊ သူခိုးသည် ညအခါလာသကဲ့သို့၊ သခင်ဘုရား၏ နေ့ရက်သည် လာလိမ့်မည်ကို သင်တို့သည် သေချာစွာသိကြ၏။- ငြိမ်ဝပ်ခြင်း ရှိ၏၊ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏ဟု ဆိုစဉ်တွင်၊ **ကိုယ်ဝန်ဆောင်သောမိန်းမ၌ သားဖွားခြင်းဝေဒနာရောက်သကဲ့သို့** သူတို့အပေါ်၌ လျင်မြန်စွာသော ပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့် မရှိရကြ။" - သက်သာလောနိတ်ဩဝါဒစာပထမစောင် ၅:၂၊ ၃

ယေရမိလည်း ဒီလိုပဲဆိုခဲ့ပါတယ်။

"ငါသည် ထိတ်လန့်ခြင်းစကားသံကို ကြားရ၏။ ငြိမ်သက်ခြင်းမရှိ။ ကြောက်ရွံ့ဖွယ်သော အကြောင်းသာ ရှိ၏။ ယောကျ်ားသည် သားဖွားတတ်သလောဟု မေးမြန်းကြည့်ရှုကြလော့။ **မိန်းမသည် သားဖွားခြင်း ဝေဒနာကိုခံရသောအခါ၊ မိမိခါး၌ လက်တင်သကဲ့သို့ ယောကျ်ားတိုင်းပြု**၍၊ ခပ်သိမ်းသောသူတို့သည် မျက်နှာပျက်လျက် ရှိ**ကြသည်**ကို အဘယ်ကြောင့် ငါမြင်ရသနည်း။ အလိုလေး၊ ထိုနေ့ရက်ကား ခိုင်းနှိုင်းစရာမရှိ။ ကြီးသောနေ့ရက်ဖြစ်၏။ **ယာကုပ်အမျိုး၌ အမှု**

**ရောက်သော နေ့ရက်ဖြစ်၏။** သို့ရာတွင်၊ သူတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။" - ယေရမိအနာဂတ္တိကျမ်း ၃၀:၅-၇

ပုထုဇဉ်တို့ရဲ့ထွေပြားမှုက အဆုံးကျတော့ ကပ်ဆိုးဆိုက်စေမှာပါ။ ဒီလိုကပ်ဆိုးကာလမှာ လူအများကြီး အသက်ဆုံးရှုံးပါလိမ့်မယ်။

"ညအခါဖြစ်တတ်သော ဘေးကိုလည်းကောင်း၊ နေ့အချိန်၌ ပစ်သောမြားကိုလည်းကောင်း၊ မှောင်မိုက်ထဲမှာ လည်တတ်သော ကာလနာကိုလည်းကောင်း၊ မွန်းတည့်အချိန်၌ ဖျက်ဆီးတတ်သော ဥပါဒ်ကိုလည်းကောင်း၊ သင်သည်မကြောက်ရ။ **သင်၏အနားမှာ လူတစ်ထောင်၊ သင်၏လက်ယာဘက်မှာ လူတစ်သောင်း**လဲသော်လည်း၊ သင့်ကို မထိမခိုက်ရ။" - ဆာလံကျမ်း ၉၁:၅-၇

ကမ္ဘာကြီး ဒီလိုပရမ်းပတာဖြစ်တဲ့အခါ ပုထုဇဉ်တွေက ဘာ့ကြောင့်ဒီလိုဖြစ်ရတာလဲဆိုတဲ့ အကြောင်းတရားကို ရှာကြမှာဖြစ်ပါတယ်။ ဘာသာရေးခေါင်းဆောင်တွေက ကိုးကွယ် ခြင်းနဲ့ဆိုင်တဲ့အမိန့်ကို ပြန်ကြားလာမှာဖြစ်ပါတယ်။

"အခြားသော သားရဲတစ်ကောင်သည်၊ သိုးသငယ်၏ ချိုနှင့်တူသော ချိုနှစ်ချောင်းရှိ၍၊ နဂါးကဲ့သို့ စကားပြောလျက်၊ မြေကြီးထဲက ထွက်သည်ကို ငါမြင်၏။ ထိုသားရဲသည် သူ့အရင်ဖြစ်သော ပထမသားရဲ၏ အာဏာစက်ရှိသမျှကို သုံးစွဲ၏။ သေစေသော ဒဏ်ချက် ပျောက်ခဲ့ပြီးသော ပထမသားရဲကို မြေကြီးမှစ၍ မြေကြီးသားတို့သည် ကိုးကွယ်စေခြင်းငှာ ပြု၏။ ကြီးစွာသော နိမိတ်လက္ခဏာတို့ကိုလည်း ပြ၏။ လူတို့မျက်မှောက်၌ ကောင်းကင်က မြေကြီးအပေါ်သို့ မီးကို ဆင်းစေ၏။ ပထမသားရဲရှေ့၌ ပြပိုင်သော နိမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကို လှည့်ဖြား၏။ ဓားနှင့် ခုတ်သောဒဏ်ချက်ကို ခံရ၍ အသက်ရှင်သေးသော သားရဲ၏ ရုပ်တုကို လုပ်စေခြင်းငှာ မြေကြီးသားတို့ကို မှာထား၏။- သားရဲ၏ ရုပ်တုသည် စကားပြောနိုင်မည် အကြောင်းနှင့်၊ မိမိကို မကိုးကွယ်သောသူ ရှိသမျှတို့

ကို သတ်ခြင်းငှာ ပြုနိုင်မည်အကြောင်း၊ ရုပ်တု၌ အသက်ကို သွင်းပေးရသော အခွင့်ကိုလည်းရ၏။- ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ် ရှိသမျှတို့သည် လက်ယာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ၊ တံဆိပ်လက်မှတ်ကို ခံစေခြင်းငှာလည်းကောင်း၊- ထိုတံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏ နာမဖြစ်စေ၊ နာမ၏ အရေအတွက်ဖြစ်စေ၊ တစ်ခုခုကို မခံသောသူတစ်ယောက်မျှ မရောင်းမဝယ်စေခြင်းငှာလည်းကောင်း စီရင်၏။" - ဗျာဒိတ်ကျမ်း ၁၃:၁၁-၁၇

ဒီဗျာဒိတ်အဟောကို အသေးစိတ်ချပြဖို့က ဒီစာအုပ်ရဲ့ဘောင်အပြင်ကို ရောက်ပါတယ်။ အသေးစိတ်ကို လေ့လာချင်ရင် fatheroflove.info မှာ ရနိုင်တဲ့ The Great Controversy စာအုပ်ရှိပါတယ်။

ကျွန်တော်တို့ အဓိကအစဆွဲပြလိုတာကတော့ ပုထုဇဉ်အားလုံး ဘာသာတစ်ခုတည်းကိုသာ ကိုးကွယ်ဖို့ ပြဋ္ဌာန်းလာမယ့်အကြောင်းပါ။ အဲဒီအမိန့်ကို မနာခံသူတွေကို အသက်အန္တရာယ် ခြိမ်းခြောက်ကြမှာ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့သားသမီးများဟာ ဒီကာလမှာ ဒုက္ခအလွန်ရောက်ကြပါလိမ့်မယ်။ ပုရိသနဲ့ ပြစ်မှားနေချိန် အမိဖမ်းခံရတဲ့ အမျိုးသမီးအတိုင်း လူတွေဟာ ပြဋ္ဌာန်းထားတဲ့ ဘာသာရေး ဥပဒေကို ငြင်းဆန်လို့ တရားရုံးကို အဆွဲခံကြရပါလိမ့်မယ်။

အဲဒီကာလကို သမ္မာကျမ်းစာက ယာကုပ်ရဲ့ဒုက္ခကာလလို့ ညွှန်းထားပါတယ်။ အဲဒီဝေါဟာ ရ သမိုင်းနောက်ခံကတော့ ယာကုပ်က သူ့အပေါ်ကလိမ်ကျတဲ့ ယောက္ခထီးဆီကနေ သူ့ရဲ့သားမယားတွေခေါ်ထုတ်တာကနေ စခဲ့ပါတယ်။ ယာကုပ်ဟာ သူ့အမျိုးတွေဆီ ပြည် တော် ပြန်လာနေပါပြီ။ ပြဿနာက ယာကုပ်က သားဦးရာထူးကို ကလိမ်ကျပြီး ယူခဲ့တဲ့ အတွက် သူ့အစ်ကိုက စာရင်းရှင်းဖို့လာနေပြီ ဖြစ်ပါတယ်။ သားဦးရာထူးဆိုတာက လော ကီ၊ လောကုတ္တရာကောင်းချီးကို ရနိုင်တဲ့အခွင့်အရေး

ဖြစ်ပါတယ်။ ဧသောကတော့ လောကီကိုသာအာရုံကျပြီး လောကုတ္တရာကို ဂရုမစိုက်ခဲ့ပါဘူး။ အခုတော့ ယာကုပ်ဟာ အစ်ကို့ရဲ့ရန်ကို ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ ယောက္ခထီးဆီကရန်းထွက်ပြီး အိမ်ပြန် လာတဲ့ယာကုပ် အခုတော့ သူ့အစ်ကိုရဲ့ဒေါသကို ရင်ဆိုင်ရမယ့်သတင်းကို ရရှိပါတယ်။

> "တမန်တို့လည်း ယာကုပ်ထံသို့ပြန်လာ၍၊ ကျွန်တော်တို့သည်၊ **ကိုယ်တော်၏အစ်ကိုဧသောထံသို့ ရောက်ခဲ့ပါပြီ။ သူသည်ကိုယ်တော်ကို တွေ့ခြင်းငှာ၊ လူလေးရာနှင့်ချီလာပါသည်ဟု လျှောက်ကြ၏။** ထိုအခါယာကုပ်သည်၊ အလွန်ကြောက်၍ စိတ်ပူပန်လျှင်၊ မိမိတွင်ပါသော လူစု၊ သိုးဆိတ်စု၊ နွားစု၊ ကုလားအုတ်များတို့ကို နှစ်စုခွဲ၍ထားလေ၏။" - ကမ္ဘာဦးကျမ်း ၃၂:၆၊ ၇

ယာကုပ်ကလည်း ဒီပြဿနာကိုဖြေလျှော့နိုင်ဖို့ အတတ်နိုင်ဆုံး ကြံပါတယ်။ အဲဒီနောက် အနီးအဖြစ်ဆိုးကနေ ဖေးမပေးဖို့ ဘုရားတခဲ့ပါတယ်။

> "တစ်ဖန်ယာကုပ်က၊ အကျွန်ုပ်အဘ အာဗြဟံ၏ဘုရားသခင်၊ အကျွန်ုပ်အဘ ဣဇာက်၏ဘုရားသခင်၊ ထာဝရဘုရားကိုယ်တော်က၊ သင်၏ပြည်၊ သင်၏အမျိုးသားချင်းတို့ထံသို့ ပြန်လော့။ ငါသည်သင်၌ကျေးဇူးပြုမည်ဟု မိန့်တော်မူပါပြီ။ ကိုယ်တော်ကျွန်၌ပြတော်မူသော ကရုဏာသစ္စာတော်အငယ်ဆုံးကိုမျှ အကျွန်ုပ်မခံထိုက်ပါ။ အကျွန်ုပ်သည်အထက်က၊ ဤယော်ဒန်မြစ်ကို လက်စွဲတောင်ဝှေးနှင့် သာကူးပါ၏။ ယခုမူကား၊ အပေါင်းအသင်းနှစ်စုဖြစ်ပါ၏။ သို့ဖြစ်၍၊ အကျွန်ုပ်ကို အစ်ကိုဧသောလက်မှ ကယ်လွှတ်တော်မူမည်အကြောင်း ဆုတောင်းပါ၏။ သူသည်လာ၍ အကျွန်ုပ်ကိုလည်းကောင်း၊ သားမယားတို့ကိုလည်းကောင်း သတ်မည်ဟု အလွန်စိုးရိမ်ပါ၏။" - ကမ္ဘာဦးကျမ်း ၃၂:၉-၁၁

ဘုရားသခင်က ကူညီဖေးမပေးဖို့ ယာကုပ်ခမျာ မျက်ရည်ခံထိုး ဆုတောင်းခဲ့ပါတယ်။ အဲဒီ လို ဆုတောင်းစဉ်မှာဘဲ အတိုက်ခံရသလို ဖြစ်ခဲ့ပါတယ်။

"ယာကုပ်သည်တစ်ယောက်တည်းနေရစ်၍၊ လူတစ်ဦးသည် မိုးလင်းသည်တိုင် အောင် သူနှင့်လုံးထွေးလေ၏။" - ကမ္ဘာဦးကျမ်း ၃၂:၂၄

သူဟာ အနှိပ်ပုဂ္ဂိုလ်ထူးနဲ့ တစ်ညလုံးနပမ်းသတ်လာခဲ့ပါတယ်။ အာရုံကြဦးလာချိန်မှာတော့ တစ်ဖက်လူက သူ့ရဲ့တင်ပါးဆုံကိုထုခဲ့လို့ တင်ပါးဆုံလွဲခဲ့ပါတယ်။ အဲဒါနဲ့ သူနပမ်းသတ်ခဲ့ တဲ့ပုဂ္ဂိုလ်သည် ပုထုဇဉ်မဟုတ်ဘဲ ဘုရားဖြစ်မှန်း သိပါရော။

"ထိုသူသည် မိမိမနိုင်မှန်းကိုသိလျှင်၊ ယာကုပ်ပေါင်ခြံကိုထိုး၍၊ လုံးထွေးစဉ်တွင် ပေါင်ဆစ်ပြုတ်လေ၏။ ထိုသူကလည်း၊ ငါ့ကိုလွှတ်ပါ၊ မိုးလင်းဆဲရှိပြီဟုဆိုလျှင်၊ ယာကုပ်က၊ ကိုယ်တော်သည် အကျွန်ုပ်ကိုကောင်းချီးမပေးလျှင်၊ မသွားရဟု ဆို၏။ ထိုသူကလည်း၊ သင်၏အမည်ကား အဘယ်သို့နည်းဟုမေးလျှင်၊ ယာကုပ် ဖြစ်ပါသည်ဟု ပြန်ဆို၏။ နောင်၌ သင်၏အမည်ကိုယာကုပ်ဟူ၍ မခေါ်ရ။ ဣသ ရေလဟူ၍ခေါ်ရမည်။ အကြောင်းမူကား၊ သင်သည်ဘုရားသခင်နှင့်လည်း ကောင်း၊ လူနှင့်လည်းကောင်း၊ မင်းကဲ့သို့ပြိုင်၍ နိုင်လေပြီဟု မိန့်တော်မူ၏။ ယာ ကုပ်ကလည်း၊ နာမတော်ကားအဘယ်သို့နည်း။ အကျွန်ုပ်အား ဖော်ပြတော်မူပါ ဟု မေးလျှောက်လျှင်၊ ငါ့နာမကိုအဘယ်ကြောင့်မေးသနည်းဟု ဆို၍၊ ထိုအရပ်၌ ကောင်းချီးပေးတော်မူ၏။ ထိုအရပ်ကိုပေနွေလဟူ၍၊ ယာကုပ်သည် သမုတ် လေ၏။ အကြောင်းမူကား၊ ငါသည် ဘုရားသခင်ကို မျက်နှာချင်းဆိုင်၍ ဖူးမြင်ရ သော်လည်း၊ အသက်ချမ်းသာပြီဟု ဆိုသတည်း။" - ကမ္ဘာဦးကျမ်း ၃၂:၂၅-၃၀

အနှိအဖြစ်ထူးမျိုး ခရစ်တော် ဒုတိယအကြိမ်မကြွလာခင်မှာ ထပ်ဖြစ်ဦးမယ်လို့ ယေရမိ ၃၀:၇ ထဲမှာ လာပါတယ်။

ယာကုပ်ကလည်း သူ့ဘဝဇာတ်ကြောင်းကို ပြန်ဆင်ခြင်တဲ့အခါ သူ့ရဲ့အမှားတွေကို မြင် လာပါတယ်။ သူလည်း အကြောင်းမလှခဲ့လို့ အကျိုးမလှမှန်း ခံစားတတ်လာတာပါ။ အဲဒါနဲ့ ဘုရားသခင်က သူ့ကိုပေယျာလကန်ပြုမှာပဲလို့ စုံစမ်းခံရပါတယ်။

ဘုရားသားတော်က သူ့ကိုဖေးမ,ဖို့လာတာကို သူက အာဒံမျိုးဆက်ပီပီ သူ့ကို အန္တရာယ်ပြု မယုံ့ပုဂ္ဂိုလ်အမှတ်နဲ့ ကြောက်ခဲ့ပါတယ်။ သူ့ကိုကူမယ့်၊ ကယ်မယ့်ပုဂ္ဂိုလ်မှန်းမသိဘဲ နှပမ်း သတ်ခဲ့ပါတယ်။ သားတော်ဘုရားကလည်း ယာကုပ်ဘယ်တော့လက်လျှော့ပြီး သူ့ရဲ့ကိုစ္စ အဝဝကို ဘုရားလက်အပ်မလဲလို့ စောင့်ရင်းနဲ့ နှပမ်းသက်ရှည်စေခဲ့ပါတယ်။

အဲဒီအချိန်တွေမှာ မာရ်နတ်က ဘုရားသခင်ဟာ သူ့ကိုခွင့်မလွှတ်နိုင်လောက်အောင် အ ပြစ်ကြီးနေပြီဆိုပြီး ယာကုပ်ကို နားသွင်းနေတာပါ။ မာရ်နတ်က သူ့ကို သံသယစိတ်တွေနဲ့ ထိုးနှက်နေတာပါ။ သိပ်နောက်ကျသွားပြီဆိုတဲ့စိတ်မျိုး ရှိစေပါတယ်။ ယာကုပ်ကတော့ အတွင်းကသံသယ၊ အပြင်ကရန်သူနဲ့ နှပမ်းသတ်နေရတာပါ။ အဲဒီအဖြစ်မျိုး ယစ်ပုရောဟိတ်မင်းယောရှု ကြုံခဲ့ရပါတယ်။

> "ယဇ်ပုရောဟိတ်မင်း ယောရှုသည် **ထာဝရဘုရား၏ ကောင်းကင်တမန်**ရှေ့၌ ရပ်နေသည်ကိုလည်းကောင်း၊ **စာတန်**သည် ရန်ဘက်ပြု၍ သူ၏လက်ယာဘက်၌ ရပ်နေသည်ကိုလည်းကောင်း ငါ့အားပြတော်မူ၏။ ထာဝရဘုရား၏ကောင်းကင်တမန်ကလည်း၊ **အို စာတန်၊ ထာဝရဘုရားသည် သင့်ကို ဆုံးမတော်မူပါစေသော။** ယေရုရှလင်မြို့ကို ရွေးချယ်ပြီးသော ထာဝရဘုရားသည် သင့်ကို ဆုံးမတော်မူပါစေသော။ ဤသူသည် မီးထဲက နုတ်သောထင်းစဖြစ်သည် မဟုတ်လောဟု စာတန်အား ဆို၏။ ယောရှုသည် ညစ်ညူးသောအဝတ်ကို ဝတ်လျက်၊ ကောင်းကင်တမန်ရှေ့မှာ ရပ်နေသည်ဖြစ်၍၊ ကောင်းကင်တမန်က၊ ညစ်ညူးသောအဝတ်ကို ချွတ်ပယ်ကြလော့ဟု မိမိရှေ့မှာ ရပ်နေသော အခြားသူတို့အား ဆို၏။ ယောရှုအားလည်း၊ သင့်အပြစ်ကို ငါဖြေရှင်းပြီ။ တင့်တယ်သော အဝတ်ကို ဝတ်စေမည်ဟု ဆို၏။" - ဇာခရိအနာဂတ္တိကျမ်း ၃:၁-၄

မောရှေရဲ့ရုပ်ကလာပ်ကိစ္စမှာ မာရ်နတ်က ခရစ်တော်နဲ့ရင်ဆိုင်ခဲ့တဲ့အဖြစ်နဲ့ အများကြီး တူနေတာကို တွေ့ရပါတယ်။ ဒီတစ်ခေါက်မှာက လူရှင်ဖြစ်တာတစ်ခုပဲကွာတာပါ။ ဆို

တော့ ဒါက လူသေကိုမဟုတ်ဘဲ လူရှင်ကို တရားစီရင်ခြင်း ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ကောင်းကင်တမန်ကတော့ မောရှေကိစ္စတုန်းကလိုဘဲ ယောရှုကိစ္စမှာလည်း မာရ်နတ်ကို ဆုံးမပါတယ်။

> "**ကောင်းကင်တမန်မင်း မိက္ခေလ**မူကား၊ မောရှေ၏ ကိုယ်ကို အကြောင်းပြု၍ **မာရ်နတ်**နှင့် ငြင်းခုံသောအခါ၊ ကဲ့ရဲ့စွာသော ပြစ်တင်ခြင်းကိုမပြုဝံ့ဘဲ၊ **ထာဝရဘုရားသည် သင့်ကို ဆုံးမတော်မူစေသတည်းဟူ၍ သာပြောဆို၏။**" - ရှင်ယုဒဩဝါဒစာ ၁:၉

မောရှေသေပြီးမှ ဖြစ်ခဲ့တဲ့ကိစ္စဟာ ယာကုပ်၊ ပုရောဟိတ်မင်းယောရှု၊ ပုရိသနဲ့ပြစ်မှားတဲ့ အမျိုးသမီး စတဲ့သူတွေ အသက်ရှင်စဉ်မှာ ဖြစ်ပျက်ပါတယ်။ မာရ်နတ်ကတော့ အပြစ်သား တွေကို သူ့တို့ရဲ့အပြစ်တွေနဲ့ ပြန်ပြီးတုပ်တာပါ။ မာရ်နတ်ရဲ့ ထိမိတဲ့စွပ်စွဲမှုတွေဟာ ဘုရား သခင်ကဘဲ အပြစ်သားတွေကို အပြစ်ဖို့သယောင် ဖြစ်စေပါတယ်။ အပြစ်သားတွေကို မျှော်လင့်ချက်ပေးနေတဲ့ ဘုရားသခင်ရဲ့ ညှင်သာသောအသံဟာ စွပ်စွဲသူရဲ့အသံအောက် မှာ တိမ်ဝင်နေပါတယ်။ ဘုရားသခင်ရဲ့ အသံတော်ဟာ လက်ဝါးကားတိုင်မှာ အချိတ်ခံရ တဲ့ယေရှုလိုဘဲ ခဏတာငြိမ်လို့နေပါတယ်။

> "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။ အကျွန်ုပ်ကို မကယ်တင်ဘဲ အကျွန်ုပ်အော်ဟစ်သော စကားကို နားမထောင်ဘဲ အဘယ်ကြောင့် အဝေးမှာနေတော်မူသနည်း။ အကျွန်ုပ်ဘုရား၊ နေ့အခါ အကျွန်ုပ်အော်ဟစ်သော်လည်း၊ ကိုယ်တော်သည် နားမထောင်ပါ။ ညအခါ အော်ဟစ်သော်လည်း သက်သာခြင်းသို့ မရောက်ပါ။" - ဆာလံကျမ်း ၂၂:၁၊၂

ဒီအချိန်မျိုးမှာ အပြစ်သားတစ်ယောက်က အောက်ပါအမှန်တရားကို အောက်မေ့ပြီး အနုလုံပဋိလုံ စိပ်တဲ့အချိန်ဖြစ်ပါတယ်။ ။

"ထိုမှတစ်ပါး၊ ပညတ်တရားသည် တစ်ဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ် ပွားများ၏။ သို့သော်လည်း အပြစ်ပွားများသည်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။" - ရောမသြဝါဒစာ ၅:၂၀

ဘုရားသခင်ရဲ့ သားသမီးများဟာ စာတန်ရော သူ့ရဲ့စွပ်စွဲချက်တွေကိုရော ကျော်လွှားနိုင်ကြပါတယ်။ ဘုရားသခင်ဟာ ယေရှုအတိုင်းပါပဲဆိုပြီး ယုံဖို့ရွေးကြပါတယ်။ သူတို့ရဲ့ အပြစ်ကြောင့် ဘုရားက ပေယျာလကန်ပြုမှာ မဟုတ်ဘူးလို့ ယုံကြည်သဒ္ဓါအား စိုက်ကြပါတယ်။ သူတို့ ဘယ်လောက်ဘဲ အပြစ်စွန်းနေပါစေ ထာဝရအသက်ကို ပိုင်ဆိုင်နိုင်မယ်ဆိုတာကို ဆုပ်ကိုင်ထားကြပါတယ်။ သူတို့ရဲ့ နာမည်တွေလည်း "လှည့်စားသူ" အနက်ရယာကုပ်ကနေ "အောင်မြင်သူ" အနက်ရ အစ္စရေးကို ပြောင်းခဲ့ပါပြီ။

စာတန်ကတော့ ဘုရားသခင်က ကျွန်တော်တို့ကို အဆုံးမှာ ဥပေက္ခာပြုမှာလို့ ရိုက်သွင်းဖို့ လမ်းရှာပါတယ်။ စာတန်က ဘယ်လိုပဲစွပ်စွဲစွဲ ယိုင်မသွားဘဲ ကျွန်တော်တို့ရဲ့ ယုံကြည်သဒ္ဓါအားဟာ ကောင်းနေမှာဖြစ်ပါတယ်။ စာတန်ကတော့ ကျွန်တော်တို့ရဲ့အတိတ်ကို အမဲနိုင်ဆုံးချယ်ပြီး စိတ်ဓာတ်ကျအောင် လုပ်ပါတယ်။ ကျွန်တော်တို့ရှေ့မှာ ချပြတဲ့မှတ်တမ်းတွေကလည်း ကျွန်တော်တို့ကို ဆောက်တည်ရာမဲ့စေပါတယ်။ အဲဒီအခါမျိုးမှာ ကျွန် တော်တို့ဟာ ခရစ်တော်ထံလှည့်ပြီး "အရှင်ဟာ ကျွန်တော့်ကို ဥပေက္ခာပြုမှာမဟုတ် ကြောင်း ယုံပါတယ်။ အရှင်က ကောင်းချီးပေးဖို့ ဆုပန်ပါတယ်၊ ပေးမယ်လို့လည်း ယုံပါ တယ်" လို့ပြောပါ။ အနှီဟာ ခရစ်တော်ကိုယ်တိုင် လက်ဝါးကားတိုင်မှာ အချိုတ်ခံရတုန်း ကရခဲ့တဲ့ ယုံကြည်ခြင်းရဲ့ အောင်မြင်မှုဖြစ်ပါတယ်။ အဲဒီအောင်မြင်မှုကို ယေရှုက ကျွန် တော်တို့ကိုပေးပါတယ်။ အဲဒါဟာ ယေရှုရဲ့ယုံကြည်ခြင်း ဖြစ်ပါတယ်။ (ဗျာ ဒိတ် ၁၄:၁၂)။

ဒီတရားစီရင်ခြင်းဟာ ဘုရားသားသမီးများအတွက် ပြင်းထန်ပါတယ်။ အဲဒီအကြောင်းကို ကျွန်တော်တို့ အာရုံပြုကြတဲ့အခါမှာ ဒါဟာ

တကယ်ဖြစ်လာနိုင်မှာလား (သို့) ကြောက် စိတ်ဝင်နိုင်ပါတယ်။ မေးရမှာက ဘုရားသခင်ရဲ့သားသမီးတွေက ဘာဖြစ်လို့ ဒီစစ်ကြော ခြင်းကို ရင်ဆိုင်ရတာလဲ ဆိုတဲ့အကြောင်းပါ။ ဒါ့ထက်လွယ်တာမရှိဘူးလား။

## ၂၁။ လူတစ်ယောက်ရဲ့အမှားကြောင့် အပြစ်စီရင်ခြင်းကြုံရတယ်

အခန်း (၄) တုန်းက လူ့လောကမှာ အပြစ်စီရင်ခြင်း ဘယ်လိုစခဲ့ကြောင်းကို ဆွေးနွေးပြီးခဲ့ပါပြီ။ အာဒံနဲ့ဧဝ ဥယျာဉ်တော်မှာ ဘုရားသခင့်ရှေ့ကနေ ပြေးပုန်းရခြင်းဟာ ဘုရားအပေါ် အာဒံ့အမှတ်မှားမှုကြောင့် ဖြစ်ပါတယ်။

> "နေသောအချိန်တွင်၊ ထိုဥယျာဉ်၌ ထာဝရအရှင်ဘုရားသခင် ကြွတော်မူသောအသံကို လူလင်မယားတို့သည်ကြားလျှင်၊ **အထံတော်မှလွတ်ခြင်းငှာ၊** ဥယျာဉ်အပင်တို့တွင် **ပုန်းကွယ်လျက်နေကြ၏။**" - ကမ္ဘာဦးကျမ်း ၃:၈

> "**သေဘေးကိုကြောက်၍** တစ်သက်လုံး ကျွန်ခံရသော သူတို့ကို ကယ်လွှတ်ခြင်းငှာ" - ဟေဗြဲသြဝါဒစာ ၂:၁၄-၁၅

သေမှာကြောက်တဲ့စိတ်ဟာ အာဒံကနေစပါတယ်။ အဲဒါက ဘုရားဟာ သူနဲ့သူ့မိန်းမဧဝကို သေဒဏ်ပေးမယ်လို့ မှတ်လို့ပါ။ အာဒံဟာ ပုန်ကန်လိုစိတ်၊ ဒေါသစိတ်တွေပေါင်းပြီး အသီးကိုစားပြီး သူ့မိန်းမနဲ့အတူကြမ္မာခံဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အာဒံ့စိတ်မှာတော့ ဘုရားနဲ့သားတော်ဘုရားကို ကျိန်နေပါတယ်။ သူတို့ကိုသတ်မှာဘဲဆိုတဲ့ အမှတ်မှားခြင်းက ဘုရား သူ့ဆီလာနေပြီလို့ မှတ်စေပါတယ်။ (မာလခိ ၃:၅)။

အမှန်က သားတော်ဘုရားက အာဒံ့ဆီကို မေတ္တာ၊ မုဒိတာတွေနဲ့ လာခဲ့တာပါ။ အဲဒါကိုပဲ အာဒံက အပြစ်စီရင်ဖို့ သူ့ဆီလာပြီး သူ့ကိုသတ်တော့မယ်လို့ မှတ်ခဲ့တာပါ။ သားတော်ဘုရား အာဒံ့ဆီလာနိုင်ဖို့ သူ့ရဲ့ဘုန်းရောင်တွေကို အုပ်ထားဖို့လိုပါတယ်။ အနန္တမေတ္တာကြီးက ဘုန်းအပြည့်နဲ့လာရင် စိတ်မလုံဖြစ်နေတဲ့၊ ဘုရားကိုမုန်းတဲ့အပြစ်သားက အကြောက်လွန်ပြီး သေမှာပါ။

အောက်ပါကျမ်းချက်က အပြစ်သားတစ်ယောက် ဘုရားရှေ့ကို လာတဲ့အခါ ရင်ထဲဘယ်လောက် ဗလောင်ဆူတယ်ဆိုတာ ပြပါတယ်။

“ဘုရားသခင်ကို မသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ၊ ထိုသူတို့သည် **သခင်ဘုရား၏ မျက်နှာတော်နှင့်လည်းကောင်း၊ တန်ခိုးရှိသော ဘုန်းတော်နှင့်လည်းကောင်း ကွာ၍ ထာဝရပျက်စီးခြင်းတည်းဟူသော အပြစ်ဒဏ်ကို ခံရကြလတ္တံ့။**” - သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၁:၈၊ ၉ (YLT)

ဘုရားဖက်ကကျပြန်တော့ ဒီလိုပါ။ ။

“အိုယေရုရှလင်မြို့ ယေရုရှလင်မြို့ သင်သည်ပရောဖက်တို့ကို သတ်မြဲရှိ၏။ သင့်ရှိရာသို့ စေလွှတ်သော သူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ **ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။ သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏။**” - ရှင်မဿဲခရစ်ဝင် ၂၃:၃၇၊ ၃၈

အာဒံ့ဆီကနေရတဲ့ဗီဇက ဘုရားကိုမုန်းခြင်းပါလို့ သိရခြင်းက လူကိုစိတ်မအေးစေပါဘူး။ ကျွန်တော်တို့ရဲ့အပြစ်ကြောင့် ဘုရားကသတ်ချင်မှာဘဲ၊ ကျွန်တော်တို့ရဲ့ မကောင်းနိုင်ခြင်း ကြောင့် ဥပေက္ခာပြုမှာဘဲလို့ ဆက်တိုက်မှတ်နေကြပါတယ်။

“**သင်သည်ငါတို့ကို ဤတောခွင်၌သေစေခြင်းငှာ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။** မုန့်မရှိ၊ ရေလည်းမရှိ၊ ဤပေါ့ပျက်သောစားစရာကိုလည်း ငါတို့သည်အလွန်ရွံရှာ၏ဟု ဘုရားသခင်နှင့်မောရှေကို ဆန့်ကျင်ဘက်ပြု၍ ဆိုကြ၏။” - တောလည်ရာကျမ်း ၂၁:၅ (NIV)

“အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိ စိတ်သဘောသည် **ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။** ဘုရားသခင်၏ တရားတော်အလိုသို့ မလိုက်တတ်။ ထိုမျှမက မလိုက်နိုင်။” - ရောမဩဝါဒစာ ၈:၇ (NIV)

“ထို့ကြောင့်၊ တစ်ယောက်(အာဒံ)သောသူ၏ ပြစ်မှားခြင်းအားဖြင့်၊ လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံရကြသည်။” - ရောမသြဝါဒစာ ၅:၁၈

အာဒံ့အမှားကတော့ ဘုရားရဲ့သိက္ခာကို အမှတ်မှားခြင်းပါဘဲ။ ဘုရားက သူ့မိန်းမကို သတ်ချင်မှာဘဲလို့ အမှတ်မှားခဲ့တာပါ။ သူက အပြစ်လုပ်ရင် ဘုရားက သေဒဏ်ပေးမယ်လို့ အမှတ်မှားခဲ့ပါတယ်။ အဲဒါကို အခြေပြုပြီး ဘုရားနဲ့သားတော်ဘုရားကို အပြစ်တင်လို စိတ် ရှိပါရော။ အဲဒီစိတ်ကို ကျွန်တော်တို့လည်း အမွေရခဲ့ပါတယ်။ အဲဒီအင်္ဂါစိတ်က ဘယ် လောက်တောင် အမြစ်တွယ်သလဲဆိုတာကိုပြဖို့ ဘုရားက သူ့ရဲ့သားတော်ကို ကျွန်တော် တို့ဆီမှာလာပြီး နေစေ၊ အငြင်းပယ်ခံစေ၊ အသတ်ခံစေခဲ့ပါတယ်။

အခန်း (၅) မှာ ကျွန်တော်တို့နှီးနှောခဲ့တဲ့အတိုင်း အာဒံက သူ့ကိုယ်သူကာကွယ်တဲ့အနေနဲ့ သူ့စိတ်နဲ့ဘုရားကိုနှိုင်းပြီး သေဒဏ်ကိုတောင်းဆိုခဲ့ပါတယ်။ အဆင့်တွေကတော့ အောက် ပါအတိုင်းပါပဲ။ ။

၁။ အာဒံက သေဒဏ် (သေဒဏ်ပေးသည့်ဒဏ်) သည် ပညတ်ကိုချိုးဖောက်ခြင်းရဲ့ အကျိုးလို့ မှတ်ပါတယ်။

၂။ အာဒံက ပညတ်ကို ချိုးဖောက်တယ်။

၃။ အာဒံ စိတ်မလုံဖြစ်ရတယ်။

၄။ အာဒံက သူ့ကိုယ်သူ သေကိုသေရမယ်လို့ မှတ်ပါတယ်။

၅။ အာဒံက အပြစ်ကို တစ်ခြားဖက်ရွှေ့ဖို့ လမ်းရှာတော့ သေဒဏ်ကို ဘုရားသား တော်အပေါ် ပြောင်းခဲ့ပါတယ်။

ဘုရားရဲ့သားတော် ကျွန်တော်တို့ဆီလာတိုင်းလာတိုင်းမှာ အနှီအဆင့်တွေ သက်ဝင်လျက် ရှိပါတယ်။ ဒီလိုနဲ့ပဲ လူတစ်ယောက်ရဲ့အပြစ်က အားလုံးကို ကူးသွားပါတယ်။ လူအ

ယောက်တိုင်းမှာ ဘုရားရဲ့သားတော်ကို သေစေလိုတဲ့ အငုံ့စိတ်ရှိကြပါတယ်။ လွန်ခဲ့တဲ့ နှစ် ၂,၀၀၀ တုန်းကဖြစ်စဉ်က ကျွန်တော်တို့ဟာ လွတ်လပ်စွာလုပ်ပိုင်ခွင့်ရရင် ဘုရားရဲ့သား တော်ကို ဘယ်လိုလုပ်မှာလဲ ဆိုတာကိုပြပါတယ်။

ကျွန်တော်တို့မှာရှိနေတဲ့ သေဒဏ်ကို သူ့ရဲ့သေခြင်း၊ ထမြောက်ခြင်းတွေနဲ့ပထုတ်ဖို့ ခရစ်တော်ဘုရားက ပုထုဇဉ်တို့ရဲ့ခန္ဓာကို ယူရမှာဖြစ်ပါတယ်။

> "သင်တို့သည် အထက်က ဝေးလျက်ရှိသော်လည်း၊ ယခုမှာ ယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ ရောက်ကြပြီ။ အဘယ်သို့နည်းဟူမူကား၊ ထိုသခင်သည် ငါတို့ ရန်ငြိမ်းခြင်းအကြောင်း ဖြစ်တော်မူ၏။ **<u>ဝိနည်း</u>**<u>[decrees G1378]</u>**<u>အထုံးအဖွဲ့နှင့်စပ်ဆိုင်သော ပညတ်တရား</u>တည်းဟူသော ရန်ငြိုးဖွဲ့ခြင်း၏အကြောင်းကို ကိုယ်ခန္ဓာတော်တွင် ပယ်ရှင်းတော်မူသဖြင့်၊** ပိုင်းခြားလျက်ရှိသော စပ်ကြား အုတ်တံတိုင်းနံရံကို ဖြိုဖျက်၍ လူမျိုးနှစ်စုတို့ကို တစ်စုတည်းဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ရန်ကို ငြိမ်းစေပြီးလျှင်၊ **ကိုယ်တော်၌ ထိုလူနှစ်စုတို့ကို လူသစ်တစ်ဦး တစ်ကိုယ်တည်းဖြစ်စေ**ခြင်းငှာ ပြင်ဆင်၍၊ တစ်လုံးတစ်ဝတည်း ဖြစ်ပြီးသော ထိုလူနှစ်စုတို့ကို၊ လက်ဝါးကပ်တိုင်တော်အားဖြင့် ရန်ကို သတ်ဖြတ်လျက်၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့စေမည်အကြောင်းတည်း။" - ဖေက်သြဝါဒစာ ၂:၁၃-၁၆

အာဒံကတော့ ဘုရားရဲ့သားတော်အပေါ် အပြစ်ပုံခြင်းဖြင့် သူနဲ့ခရစ်တော်ဘုရားကြားမှာ တံတိုင်းကာခဲ့ပါတယ်။ ခရစ်တော်က ကျွန်တော်တို့ဟာ ပျက်စီးခြင်းသို့ရောက်မှာဘဲဆိုတဲ့ အကြောက်တရားကြီးမရှိအောင် ကျွန်တော်တို့ဆီကို ဝင်ထွက်လာနိုင်အောင် အာဒံ့ဗီဇနဲ့ ဒီတံတိုင်းကိုဖြိုခဲ့ပါတယ်။

ကျမ်းဂန်ဋီကာ ဖွင့်ကြသူအများစုကတော့ ဖြိုချတဲ့တံတိုင်းဟာ ဂျူးလူမျိုးနဲ့အခြားလူမျိုးကြား ကာထားတဲ့တံတိုင်းကို ပြောတာပါလို့ ဆိုကြပါတယ်။ အဲဒါက ဒုတိယအဆင့်ပါ။

အဓိကကတော့ လူသားတွေကြားထဲမှာရှိတဲ့ အမုန်းတရားအားလုံးဟာ ဘုရားသခင် အပေါ်ထားရှိတဲ့ လူသားတွေရဲ့အမုန်းတရားကို ပြခြင်းဘဲဖြစ်ပါတယ်။

ဂရိဝေါဟာရ "အမိန့်ပြန်တမ်း" စာလုံးကို ဂရိဓမ္မဟောင်းကျမ်းမှာ ဘယ်လိုသုံးထားသလဲ လို့ လေ့လာလို့ရှိရင် ဒီဝေါဟာရသည် မောရှေရဲ့ပညတ်နဲ့မစပ်ဆိုင်ပဲ လူထုတ်အမိန့် အထူး အားဖြင့် လူတွေကို သေမိန့်ပေးတာတွေနဲ့စပ်ဆိုင်ကြောင်း ကျွန်တော်တို့တွေ့ရပါတယ်။ အောက်မှာပြထားတာတွေကတော့ အမိန့်ပြန်တမ်း[G1378]နဲ့ဆက်စပ်တဲ့ ဂရိဓမ္မဟောင်း ကျမ်းထဲမှာ သုံးထားတဲ့ သာဓကများဖြစ်ပါတယ်။

- ဧဇရာ ၆:၈ - ပါရှားဘုရင်က ဗိမာန်တော်ဆောက်မိန့်ပေး
- ယေဇကျေလ ၂၀:၂၅၊ ၂၆ - ဘုရားသခင်က ဂျူးများကို မကောင်းတဲ့ထုံးဖွဲ့ချက်သို့ အပ်ခဲ့တယ်။ သူတို့ရဲ့ထုံးဖွဲ့ချက်အတိုင်း ဘုရားက သူတို့ကို ညစ်ညူးစေတယ်။
- ဒံယေလ ၂:၁၃ - ပညာရှိတွေကိုသတ်မိန့်ပေး။
- ဒံယေလ ၃:၁၀၊ ၂၉ - ဒူရာလွင်ပြင်မှာ ဗာဗုလုန်ဘုရင်က သတ်မိန့်ထုတ်ခဲ့
- ဒံယေလ ၄:၆ - ပညာရှိအပေါင်းတို့ကို သူ့ဆီလာဖို့ အမိန့်ပေး။
- ဒံယေလ ၆:၈၊ ၁၀၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆ - ဘုရင်ကလွဲပြီး ဘယ်ဘုရားကိုမှ မကိုးကွယ် ဖို့ အမိန့်ထုတ်။

အနီးဝေါဟာရကိုပဲ ဓမ္မသစ်ကျမ်းနဲ့ ထပ်ပေါင်းကြည့်ရင်

- ရှင်လုကာ ၂:၁ - ဆီဇာရဲ့အမိန့်

- တမန်တော် ၁၆:၄ - ဂျူးလူမျိုးတွေ မောရှေပညတ်ကို ကဲပြောကြတဲ့အခါ တမန် တော်တို့က ထိန်းထိန်းသိမ်းသိမ်းသွန်သင်ဖို့ အမိန့်ထုတ်
- တမန်တော် ၁၇:၇ - ဆီဇာရဲ့အမိန့်
- ဧဖက် ၂:၁၅ - ခရစ်တော်က လူထုတ်အမိန့်တွေကို ချေဖျက်ခဲ့။
- ကောလောသဲ ၂:၁၄ - ကျွန်တော်တို့ကို ဆန့်ကျင်နေတဲ့ လူထုတ်အမိန့်တွေကို ချေဖျက်။

ဒီအမိန့်ပြန်တမ်းတွေဟာ ဓမ္မဟောင်းကျမ်းမှာ မောရှေပြဋ္ဌာန်းထားခဲ့တာတွေနဲ့ ဆက်နွယ်မှုမရှိပါဘူး။ လူသားတွေရဲ့ တစ်ဖက်စောင်းနင်းထုတ်တာတွေကို ပိုပြီးပြောပြပါတယ်။

ပထမဆုံးသော လူထုတ်အမိန့်ပြန်တမ်းကတော့ ဒေင်ဥယျာဉ်မှာဖြစ်ခဲ့တဲ့ ဘုရားသားတော်သာ သေသင့်တယ်ဆိုတာပါပဲ။ အာဒံက အဲဒီစီရင်ချက်ကို သူ့ရဲ့မျိုးဆက်တွေကို လက်ဆင့်ကမ်းပေးခဲ့တာကြောင့် လူတိုင်းမှာ အဲဒီဗီဇရှိပါတယ်။ ပုထုဇဉ်ကတော့ အဲဒါကိုဖုံးပြီး ဘုရားကိုချစ်ယောင်ပြကြပါတယ်။ နိုင်ငံ့ခေါင်းဆောင်ကို မခစားရင် အသတ်ခံရမယ့်အဖြစ်လိုမျိုးပေါ့ (ဥပမာ - မြောက်ကိုရီးယား)။

ယေရှုက ဘုရားသခင်ရဲ့သိက္ခာနဲ့ ဘုရားသခင်က ကျွန်တော်တို့ရဲ့အပြစ်ကို လွှတ်ပါတယ်လို့ လွန်ခဲ့တဲ့ နှစ် ၂,၀၀၀ တုန်းက ပြခဲ့တာကိုလက်ခံပြီး ကယ်တင်ခြင်းလမ်းမပေါ် လျှောက်နေသူတွေဟာ အပြစ်ဖို့တတ်ခြင်းကနေ ခွင့်လွှတ်တတ်ခြင်း၊ မုဒိတာပွားတတ်ခြင်းဖက်ကို စပြီးပြောင်းလဲသွားကြမှာ ဖြစ်ပါတယ်။

> "ငါသည်လည်း၊ ညီညွတ်သောစိတ်နှလုံးနှင့် အသစ်သောသဘောကို သွင်းပေးမည်။ သူတို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍၊ အသားနှလုံးကို ပေးသောကြောင့်၊ သူတို့သည် ငါစီရင်ထုံးဖွဲ့သော ပညတ်တရားလမ်းသို့လိုက်၍ စောင့်

ရှောက်သဖြင့်၊ ငါ၏လူ ဖြစ်ကြလိမ့်မည်။ ငါသည်လည်း သူတို့၏ ဘုရားသခင် ဖြစ်မည်။" - ယေဇကျေလအနာဂတ္တိကျမ်း ၁၁:၁၉၊ ၂၀

ကျွန်တော်တို့ရဲ့အဖဦးကနေရလာတဲ့ အပြစ်ပုံတတ်တဲ့ဉာဉ်ကနေ လုံးလုံးလွတ်မြောက်ဖို့ ကျွန်တော်တို့ရဲ့ဗီဇ ကျွန်တော်တို့ရှေ့ ပြန်ထုတ်ပြဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ဘုရားသားတော်ဆီ ချဉ်းကပ်တဲ့အခါမှာ အပြစ်ဖို့တတ်တဲ့ဗီဇကို ရှောင်လို့မရပါဘူး။ ဒါပေမယ့် ဒါဟာ ဘာ့ကြောင့်ဖြစ်ရတာလဲဆိုတာကို သတိကပ်နိုင်ပြီး ခရစ်တော်ကို အရှင်လတ်လတ် သတ်နေ၊ ငြင်းနေမယ့်အစား ကျွန်တော်တို့ကို ပြုပြင်ခွင့်ပေးရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ သန့်ရှင်းသောဝိညာဉ်တော့်အကူနဲ့ ဘုရားရဲ့ကတိတော်များကို ကိုင်စွဲပြီး ခရစ်တော်အပေါ် ကျွန်တော်တို့အပြစ်တင်ခဲ့တာတွေ ကျွန်တော်တို့ကို ပြန်ရောင်ပြန်ဟပ် တာကို ခံနိုင်စွမ်းလို့ရှိရင် ကျွန်တော်တို့ဟာ ခမည်းတော်ရဲ့ နာမပါတဲ့တံဆိပ်အခတ်ခံရမှာ ဖြစ်ပါတယ်။

"ထိုနောက်မှ ငါကြည့်လျှင်၊ သိုးသငယ်သည် ဇိအုန်တောင်ပေါ်မှာ ရပ်နေ၏။ သူ၏နာမနှင့် ခမည်းတော်၏နာမကို နဖူး၌ အက္ခရာတင်သောသူ တစ်သိန်းလေးသောင်းလေးထောင်လည်း သူနှင့်အတူ ရှိကြ၏။" - ဗျာဒိတ်ကျမ်း ၁၄:၁

ယေရှုဘုရားသည် မနုဿလူစစ်စစ်ဇာတိ လာယူခဲ့တုန်းက သူ့ရဲ့ခမည်းတော်ကို ဘယ်တုန်းကမှ အပြစ်မတင်ခဲ့၊ သူ့ရဲ့အခက်အခဲတွေအတွက်လည်း အပြစ်မတင်ခဲ့ဖူးပါဘူး။ ကျွန်တော်တို့ကိုယ်ကို သိနိုင်တာထက် ယေရှုဘုရားက ကျွန်တော်တို့ရဲ့ဗီဇကို ပိုပြီးသိနားလည်ပါတယ်။ ကျွန်တော်တို့ဟာ ကာလ္လနအတိုင်း သတ်လိုတဲ့ဗီဇရှိကြောင်း အမှန်သိပြီး ဘုရားရဲ့ကရုဏာကို ယုံကြည်ကိုးစားလို့ရှိရင် သူပေးတဲ့အသက်ကို လက်ခံရရှိမှာ ဖြစ်ပြီး ဘုရားကလည်း ကျွန်တော်တို့ကို စိုးမိုးနိုင်မှာဖြစ်ပါတယ်။

“လူ၏အထဲ၌ရှိသမျှကို သိတော်မူသောကြောင့်၊ လူ၏အကြောင်းကို သက်သေခံစေခြင်းငှာ (ဘုရားသည်) အဘယ်သူကိုမျှ အလိုတော်မရှိ။” - ရှင်ယောဟန်ခရစ်ဝင် ၂:၂၅

“သို့သော်လည်း၊ စုံလင်သောသူတို့အား ငါတို့သည် ပညာစကားကို ဟောပြော၏။ ထိုသို့ဆိုသော်၊ လောကီပညာကို မဆိုလို။ ပြယ်ပျောက်တတ်သော လောကီမင်းတို့၏ ပညာကိုမဆိုလို။- ဤကမ္ဘာမတည်မရှိမီ၊ ငါတို့၏ ဘုန်းအသရေ ဖြစ်စေခြင်းငှာ၊ ဘုရားသခင်စီရင်တော်မူသော ပညာ၊ နက်နဲသောအရာ၌ ဝှက်ထားသော ဘုရားသခင်၏ပညာကို ငါတို့သည် ပြသကြ၏။” - ကောရိန္သုသြဝါဒစာပထမစောင် ၂:၆၊ ၇

အစမ္မတရားဟာ မကြာခင် ဒီကမ္ဘာမှာ လုံးလုံးရုပ်လုံးပေါ်လာတော့မှာ ဖြစ်ပါတယ်။ လောလောဆယ်တော့ ဘုရားသားသမီးတွေကို တံဆိပ်တော်ခတ်နိုင်အောင် ကောင်းကင်တမန်တွေက ထိန်းပေးနေပါတယ်။

“ထိုနောက်မှ မြေကြီး၊ ပင်လယ်၊ သစ်ပင်များတို့၌ လေမလာစေခြင်းငှာ၊ ကောင်းကင်တမန်လေးပါးတို့သည် မြေ၏ လေးမျက်နှာလေတို့ကို ကိုင်၍၊ မြေလေးမျက်နှာ၌ ရပ်နေသည်ကို ငါမြင်၏။ အသက်ရှင်တော်မူသော ဘုရားသခင်၏ တံဆိပ်ပါသော ကောင်းကင်တမန်တစ်ပါးသည် အရှေ့မျက်နှာက တက်လာသည်ကို ငါမြင်၏။ သူသည်လည်း မြေနှင့်ပင်လယ်ကို ညှဉ်းဆဲရသောအခွင့်ရှိသော ကောင်းကင်တမန်လေးပါးကို အသံလွှင့်၍၊ ငါတို့ဘုရားသခင်၏ ကျွန်တို့ကို နဖူး၌ တံဆိပ်မခတ်မီတိုင်အောင်၊ မြေ၊ ပင်လယ်၊ သစ်ပင်တို့ကို မညှဉ်းဆဲပါနှင့်ဟု ကြီးသောအသံနှင့် ကြွေးကြော်လေ၏။” - ဗျာဒိတ်ကျမ်း ၇:၁-၃

ဘုရားသားသမီးများကို တံဆိပ်ခတ်ခြင်းဟာ အာဒံ့ဆီကရခဲ့တဲ့ သေမိန့်ကို ပလပ်ဖို့ပါ။ ဘုရားသခင်ရဲ့ သားသမီးတွေ သူများကိုလိုက်ပြီး အပြစ်မတင်တော့ဘဲ ဘုရားရဲ့မေတ္တာကို သာ လုံးလုံးကိုးစားဖို့ တံဆိပ်ခတ်မှာ ဖြစ်ပါတယ်။

အဲဒီအကြောင်းကြောင့်ဘဲ ဘုရားသားသမီးတွေဟာ ယာကုပ်ရဲ့ဒုက္ခကာလမျိုးကို ဖြတ်သန်းရမှာ ဖြစ်ပါတယ်။ သေမိန့်ပေးလိုတဲ့ ကျွန်တော်တို့ရဲ့ဗီဇက ခရစ်တော် ကျွန်တော်တို့ စိတ်မှာလာပြီး မွေးဖွားစေတဲ့ အကြောင်းခံဖြစ်ပြီး ((သို့) ခရစ်တော်နဲ့တူလာခြင်း) မီးတွင်း ဝေဒနာနဲ့ ပမာဆင်ပါတယ်။

> "အကယ်စင်စစ် သားဖွားသောမိန်းမညည်းသံ၊ သားဦးဖွားသော မိန်းမ၏ဝေဒနာခံရာအသံကဲ့သို့ ဇိအုန်သတို့သမီး အော်ဟစ်သံကို ငါကြားရ၏။ ထိုသတို့သမီးက၊ အကျွန်ုပ်သည် အမင်္ဂလာရှိပါ၏။ လူသတ်များကြောင့်၊ အကျွန်ုပ်စိတ်ပျက်ပါ၏ဟု မိမိလက်ဝါးကိုဖြန့်၍ ငိုကြွေးလျက်နေ၏။" - ယေရမိအနာဂတ္တိကျမ်း ၄:၃၁ (YLT)

ကျွန်တော်တို့ထုတ်နုတ်ခဲ့တဲ့ ကျမ်းချက်များသည် ကျမ်းစာလာ တံဆိပ်ခတ်ခြင်း၊ ကမ္ဘာ့သမိုင်း နောက်ဆုံးပိတ်မှာ ဖြစ်ပျက်မယ့်အကြောင်းတွေနဲ့ ရင်းနှီးပြီးသူများအတွက် အသစ် လို ဖြစ်ပါလိမ့်မယ်။ အကြောင်းသစ်ကတော့ ခရစ်တော်ရော၊ သူ့ခမည်းတော်ရောက ဘယ်သူ့ကိုမှ မစီရင်ဘူးလို့ ခရစ်တော်ကမိန့်ထားပါတယ်။

ခင်ဗျားကရော ဘယ်လိုပိုင်းဖြတ်မှာလဲ...

## ၂၂။ ခရစ်တော်ရဲ့တရားခံရုံး

အခန်း (၃) ရဲ့အဆုံးပိုင်းမှာ ဘုရားသခင်ရဲ့တရားမျှတမှုကို ကျွန်တော်တို့ တကယ်သိသလားလို့ မေးခဲ့ပါတယ်။ ဘုရားသခင်က ဘယ်သူ့ကိုမှ အပြစ်မတင်ကြောင်း အများကြီး ဆွေးနွေးခဲ့ပြီးပါပြီ။ အခန်း (၃) မှာရှိတဲ့အကြောင်းကို အမှတ်ရပါတယ်။

> စကြဝဠာတစ်ခုလုံးနီးပါးက ဘုရားရဲ့အချုပ်အခြာအာဏာကို လက်ခံကြပြီး ဒါကြောင့်လည်း လူ့အဖွဲ့အစည်းတိုင်းကို ဦးဆောင်ကြသူများက အာဏာကို အခြေခံ ကြပါတယ်။ တရားမျှတမှုဆိုတာ အပြုအမူတစ်ခုကို ကောင်း၏မကောင်း၏ စိစစ် ပြီး ဆုပေးဒဏ်ပေးတာပါ။

ဘုရားသခင်ကို ဒီလိုမြင်ခြင်းက ညှာတာခြင်းသည် တရားမျှတခြင်းကို ဆန့်ကျင်တယ်လို့ မြင်စေပါတယ်။ ဒီနှစ်ခုဟာ လူ့အမြင်မှာ တစ်ပြိုင်နက်အလုပ်လုပ်လို့ မဖြစ်ဘူးလို့ မြင်ပါတယ်။ ညှာတာလိုက်ရင် တရားခြင်းက လက်လျှော့ရရော။ တရားသဖြင့်စီရင်တော့လည်း ညှာတာခြင်းက မောကြောဆိုက်ရောပဲ။

အဓမ္မ (ခန္ဓာ (သို့) စိတ်) နဲ့ သေဒဏ်ကို ဘုရားရဲ့တရားမျှတခြင်းကနေ ပယ်လို့ရှိရင် ညှာတာခြင်းနဲ့တရားခြင်းဟာ လုံးလုံးကို ပြောင်းသွားမှာဖြစ်ပါတယ်။

> “ဖြောင့်မတ်ခြင်းနဲ့ တရားသဖြင့်စီရင်ခြင်းသည် သခင်၏ပလ္လင်တော်တည်ရာဖြစ်ပါ၏။ ကရုဏာနှင့်သစ္စာသည် မျက်နှာတော်ရှေ့၌သွားကြပါ၏။” - ဆာလံကျမ်း ၈၉:၁၄ (NKJV)

> “တရားသဖြင့် စီရင်ခြင်း၊ စီရင်ချက်သည် ပလ္လင်တော်၏တည်ရာဖြစ်ပါ၏။ ကရုဏာနှင့်သစ္စာသည် မျက်နှာတော်ရှေ့၌သွားကြပါ၏။” - ဆာလံကျမ်း ၈၉:၁၄ (KJV)

ဆာလံမှာလာတဲ့ ဒီကျမ်းချက်က တရားခြင်း၊ ညှာတာခြင်းအကြောင်း ပြဆိုထားတာကြောင့် အလွန်အခရာကျပါတယ်။ အနီကျမ်းချက်ကိုပဲ ကျွန်တော်က မူကွဲနှစ်ခုစလုံးကို ကိုးကားပြထားပါတယ်။ အကြောင်းကတော့ (အင်္ဂလိပ်ကျမ်းမှာ) ဗားရှင်းတစ်ခုက

semicolon (;) သုံးထားပြီး နောက်ဗားရှင်းက colon (:) သုံးထားပါတယ်။ ဒါက ဘာထူးသလဲပေါ့။

> Semicolon တွေက လာပြီးသားဝါကျအတွက် အကြောင်းရင်းပြပေးရတာပါ။ ဥပမာ - အနီဝါကျသည် Semicolon များကို မှန်ကန်စွာအသုံးချပါသည် စသဖြင့်ပေါ့။ Colon ကျပြန်တော့ ပိုပြီးအားဖြည့်တဲ့၊ ပိုပြီးတိုက်ရိုက်ဖြစ်အောင် သုံးထားတာပါ။ Colon က အားထည့်မှု၊ ဥပမာ၊ ရှင်းလင်းချက်တွေ ပေးရပါတယ်။[27]

KJV က တရားခြင်းနဲ့ ညှာတာခြင်းကို ဆက်နွှယ်မှုပိုအားကြီးကြောင်းကို ပြပါတယ်။ အနှစ် ကတော့ ဘုရားသခင်ရဲ့ တရားခြင်း၊ စီရင်ထုံးများဟာ ညှာတာတယ်၊ မှန်ကန်တယ်လို့ ပြခြင်းဖြစ်ပါတယ်။ NKJV မှာ semicolon သုံးခြင်းကတော့ တရားခြင်းနဲ့ ညှာတာခြင်းဟာ ဆက်စပ်ကြောင်းကို ပြတာပါ။ အနီကလည်း အမြင်တူကြောင်း ပြပါတယ်။ ဒါပေမယ့် ပိုပျော့တယ်ပေါ့။ ဘယ်လိုဖြစ်ဖြစ်ပါ ဟေဗြဲတေးထပ်အရတော့ ကြောင်းတူသံကွဲပါ။

အနီကျမ်းချက်ရဲ့တင့်တယ်ခြင်းကတော့ ဘုရားသခင်ရဲ့တရားမျှတခြင်းကို ညှာတာခြင်းအဖြစ် ထုတ်ပြခြင်းပါ။ တရားမျှတခြင်းကတော့ အမှန်ကိုအမှန်အတိုင်း လုပ်တာပါ။ ဘုရားရဲ့သိက္ခာတော်အရကတော့ မှန်တာလုပ်ဖို့ဆိုတာ ညှာတာမှုကိုပြခြင်း ဖြစ်ပါတယ်။

> "ဘုရားသခင်သည် သန့်ရှင်းသော ဘုံဗိမာန်တော်၌ စံပယ်လျက်၊ **မိဘမရှိသော သူတို့၏အဘဖြစ်၍၊ မုဆိုးမတို့ဘက်မှာ တရားစီရင်တော်မူ၏။**" - ဆာလံကျမ်း ၆၈:၅
>
> "အိုထာဝရဘုရား၊ ကိုယ်တော်သည် နှိမ့်ချလျက်ရှိသောသူတို့၏ တောင့်တခြင်းအသံကို ကြားတော်မူ၏။ သူတို့၏စိတ်နှလုံးကို တည်ကြည်စေတော်မူ၏။ ဆင်းရဲသားကို သူ၏မြေမှ တစ်ဖန်မနှင်ထုတ်မည်အကြောင်း၊ **မိဘမရှိသောသူနှင့် ညှဉ်း**

[27] http://crosstalk.cell.com/blog/colons-vs-semicolons

**ဆဲခံရသောသူတို့ကို တရားပေးခြင်းငှာ နားတော်ကိုဖွင့်တော်မူ၏။**" - ဆာလံ ကျမ်း ၁၀:၁၇၊ ၁၈

"အို ထာဝရဘုရား၊ ကိုယ်တော်သည် ကောင်းသောသဘော၊ သည်းခံတတ်သော သဘောနှင့် ပြည့်စုံ၍၊ ကိုယ်တော်ကို ပတ္ထနာပြုသောသူအပေါင်းတို့အား ကရုဏာ တော် ကြွယ်ဝပါ၏။" - ဆာလံကျမ်း ၈၆:၅

မိဘမဲ့၊ ဆင်းရဲသားတွေကို ဖေးမခြင်းသည် ဓမ္မဖြစ်ပါတယ်။ ညှာတာ၊ ခွင့်လွှတ်ခြင်းသည် ဓမ္မဖြစ်ပါတယ်။ ဒီဟာတွေသည် ဘုရားရဲ့နိုင်ငံတော်မှာ တရားမျှတခြင်း ဆိုတာပါဘဲ။ ဘုရားက လူသားတွေကို တရားစီရင်တယ်လို့ ဆိုထားတဲ့ကျမ်းချက် ကျမ်းစာထဲမှာ အများ ကြီးရှိပါတယ်။ ကျွန်တော်တို့က ဒဏ်ပေးတဲ့စီရင်မှုလို့ မှတ်တဲ့ဟာတွေက ကုစားခြင်း၊ ပြန်လည်ပျိုးထောင်ပေးခြင်းတွေ ဖြစ်နေပါတယ်။

"အသရေတင့်တယ်ခြင်းပြည့်စုံရာ ဇိအုန်တောင်ပေါ်မှာ ဘုရားသခင်၏ရောင် ခြည်တော်သည် ထွန်းပ၏။ ငါတို့၏ ဘုရားသခင် ကြွလာတော်မူ၏။ တိတ်ဆိတ် စွာ နေတော်မမူ။ ရှေ့တော်၌မီးလောင်လျက် ပတ်ဝန်းကျင်၌ မိုးသက်မုန်တိုင်း ပြင်းပြလျက်ရှိ၏။ မိမိလူတို့ကို စစ်ကြောစီရင်ခြင်းအလိုငှာ အထက်ကောင်းကင် ကိုလည်းကောင်း၊ မြေကြီးကိုလည်းကောင်း ခေါ်တော်မူလျက်၊ ယဇ်ပူဇော်သော အားဖြင့်၊ ငါနှင့်ပဋိညာဉ်ဖွဲ့သော ငါ၏သန့်ရှင်းသူတို့ကို ငါ့ထံသို့စုဝေးစေကြဟု မိန့် တော်မူ၏။ ဘုရားသခင်သည် ကိုယ်တော်တိုင် တရားဆုံးဖြတ်တော်မူသည် ဖြစ်၍၊ ဖြောင့်မတ်တော်မူခြင်းအကြောင်းကို ကောင်းကင်တို့သည် ထင်ရှားစွာ ပြ ကြလိမ့်မည်။" - ဆာလံကျမ်း ၅၀:၂-၆

"တရားအမှုကို တရားသဖြင့် စီရင်ကြလော့။ သနားခြင်းကရုဏာစိတ်နှင့် တစ် ယောက်ကို တစ်ယောက် ကျေးဇူးပြုကြလော့။ မိဘမရှိသောသူ၊ မုဆိုးမ၊ တစ် ကျွန်းတစ်နိုင်ငံသား၊ ဆင်းရဲသားကို မညှဉ်းဆဲကြနှင့်။ တစ်ယောက်ကို တစ်

ယောက် မကောင်းသောအကြံကို မကြံကြနှင့်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။" - ဇာခရိအနာဂတ္တိကျမ်း ၇:၉-၁၀

ဘုရားသခင်ရဲ့တရားစီရင်ထုံးသည် သူ့ရဲ့လူတွေကို ကုဖို့၊ ကယ်ဖို့ပါ။ ။

"အမှုရောက်သည်ကာလ၌ ငါ့ကိုပတ္ထနာပြုလော့။ ငါသည် ကယ်လွှတ်မည်။ သင်သည်လည်း ငါ့ကိုချီးမွမ်းလိမ့်မည်ဟု မိန့်တော်မူ၏။" - ဆာလံကျမ်း ၅၀:၁၅

ချက်ချင်းထွက်လာတဲ့ မေးခွန်းကတော့ အဆိုးပြုလုပ်သူတွေကို ဘယ်လိုဒဏ်ပေးမှာလဲ ဆိုတဲ့မေးခွန်းပါ။ အဆိုးပြုလုပ်လိုသူတွေကို ဘုရားကမတားဘူးလား။ ဆာလံ ၅၀ မှာ ဒီလိုလာပါတယ်။ ။

"မတရားသောသူကိုကား၊ သင်သည် ငါ၏အထုံးအဖွဲ့တို့ကို ကြားပြော၍ ငါ၏ပဋိညာဉ်တရားကို မြွက်ဆိုခြင်းငှာ အဘယ်သို့ဆိုင်သနည်း။ ဆုံးမသွန်သင်ခြင်းကို သင်သည်မုန်း၍ ငါ့စကားကို သင့်နောက်၌ ပစ်ထားပါသည်တကား။ သင်သည် သူခိုးကိုမြင်လျှင်၊ သူနှင့် သဘောတူတတ်၏။ သူ့မယားကို ပြစ်မှားသောသူတို့နှင့် ဆက်ဆံတတ်၏။ သင်၏နှုတ်ကိုဒုစရိုက်၌အပ်နှံ၍၊ သင်၏လျှာဖြင့် မုသားကို စီရင်တတ်၏။ သင်သည်ထိုင်လျက်၊ ကိုယ်ညီအစ်ကိုကို ဆန့်ကျင်ဘက်ပြု၍ ပြောဆိုတတ်၏။ ကိုယ်အမိ၏သားကို ဆဲရေးတတ်၏။ ထိုသို့ကျင့်၍ ငါသည်တိတ်ဆိတ်စွာနေသောကြောင့်၊ ငါ့ကို သင်နှင့်တူသည်ဟု ထင်လေပြီတကား။ သင်၏အပြစ်ကို ငါဖော်ပြ၍၊ သင့်မျက်မှောက်၌ ခင်းထားမည်။" - ဆာလံကျမ်း ၅၀:၁၆-၂၁

ဘုရားသခင်ကတော့ လူဆိုးတွေ ဘယ်မှာမှားကြောင်း၊ အန္တရာယ်ဇုံထဲမှာရောက်ကြောင်းကို မိန့်ပါတယ်။ အဲဒီအကြောင်းကို သူတို့ရဲ့မျက်စိရှေ့မှာ ဘုရားက ချပြပါတယ်။ ဆာလံ ၅၀ ဟာ အောက်ပါအတိုင်းနိဂုံးချုပ်ပါတယ်။ ။

"ဘုရားသခင်ကို မေ့လျော့သောသူတို့၊ ဤအမှုကို ဆင်ခြင်ကြလော့။ သို့မဟုတ် သင်တို့ကို ကယ်နုတ်သောသူမရှိ။ ငါသည် အပိုင်းပိုင်းဆွဲဖြတ်မည်။ ကျေးဇူးချီး

မွမ်းခြင်းယဇ်ကိုပူဇော်သောသူသည် ငါ၏ဘုန်းကို ထင်ရှားစေသောသူဖြစ်၏။ မိမိသွားသောလမ်းကို ဆင်ခြင်သောသူအားလည်း၊ ကယ်တင်တော်မူခြင်းကျေးဇူးကို ငါပြမည်ဟု ဘုရားသခင်မိန့်တော်မူ၏။" - ဆာလံကျမ်း ၅၀:၂၂၊ ၂၃

version အတော်များများက ဆာလံကျမ်း ၅၀:၂၂ ကို ဘုရားသခင်က လူဆိုးတွေကို တစ်စ စီဆွဲဖြတ်မယ်လို့ ပြန်ကြပါတယ်။ အဲဒီ version မျိုးက ဘုရားက ဒီလိုလုပ်မှာဘဲဆိုတဲ့ လူ့ စိတ်ကိုလှစ်ပြခြင်းဖြစ်ပါတယ်။ တကယ်တော့ ဒီကျမ်းချက်မှာ ဒီလိုအဓိပ္ပာယ်မျိုး မဆို ထားကြောင်း စေ့စေ့လေ့လာရင် သိရပါတယ်။

"ဘုရားသခင်ကို မေ့လျော့သောသူတို့၊ ဤအမှုကို ဆင်ခြင်ကြလော့။ သို့မဟုတ် သင်တို့ကို ကယ်နုတ်သောသူမရှိ။ ငါသည် ဆွဲဖြတ်မည်။" - ဆာလံကျမ်း ၅၀:၂၂ (YLT)

ဟေဗြဲဝေါဟာရမှာ "ဆွဲဖြတ်" ဆိုတာ ဖြဲရုံပါဘဲ။ တစ်စစီဖြစ်အောင် ဆွဲဖြတ်မယ်လို့ မဆိုလိုပါဘူး။ ဒီဟေဗြဲဝေါဟာရ[28] "ဆွဲဖြတ်"ကို ဟောရှေကျမ်းမှာလည်း သုံးထားပြီး ဘုရားက ဘာကိုဆိုလိုတာလဲဆိုတာ တိတိပပပြထားပါတယ်။

"အကြောင်းမူကား၊ ငါသည် ဖေရိမ်၌ ခြင်္သေ့ကဲ့သို့လည်းကောင်း၊ ယုဒအမျိုး၌ ခြင်္သေ့ပျိုကဲ့သို့လည်းကောင်း ဖြစ်မည်။ **ငါသည် ကိုယ်တိုင်ကိုက်ဖြတ်၍ သွားမည်။ ချီသွား၍ အဘယ်သူမျှ မနုတ်ရ။ သူတို့သည် ကိုယ်အပြစ်ကို ဝန်မချ။ ငါ့မျက်နှာကို မရှာမီတိုင်အောင် ငါသည် ကိုယ်နေရာသို့ ပြန်သွား၍ နေမည်။** အမှုရောက်သောအခါ သူတို့သည် ငါ့ကိုကြိုးစား၍ ရှာကြလိမ့်မည်။" - ဟောရှေအနာဂတ္တိကျမ်း ၅:၁၄၊ ၁၅ (YLT)

[28] ဟေဗြဲဘာသာမှာ "qal" ဖြစ်ပါတယ်။ ဝေါဟာရဟာ တစ်စစီဆွဲဖြတ်မယ်လို့ပြောချင်ရင် "Niphal" (သို့) "Poal" ကို သုံးရမှာဖြစ်ပါတယ်။

"ဆွဲဖြတ်" ဆိုတာက ဘုရားသည် သူ့အရပ်ပြန်နေပြီး လူဆိုးတွေကို သူ့သဘောသူဆောင်စေတာလို့ ဆိုလိုတာပါ။ အဲဒီတန်းစဉ်ကို ရှုရအောင်ပါ။

၁။ ဘုရားက ကိုယ့်ကိုယ်ကိုဆွဲဖြတ်ပြီး အဝေးကိုထွက်

၂။ အခုဆို လူဆိုးတွေမှာ ကယ်သူမဲ့ပြီ

၃။ ဘုရားက သူ့နေရာပြန်လာပြီး စောင့်ကြည့်

၄။ လူဆိုးများ ဆိုးကျိုးခံရသည့်အထိ စောင့်နေ

၅။ လူဆိုးများ ဘုရားသခင်ကိုရှာဖို့ အခွင့်အလမ်းရှိ

၎င်းရဲ့သားသမီးများ သူတို့ရဲ့ဆိုးကျိုးကို ခံစေတဲ့အခါ ဘုရားသခင်လည်း ရင်နင့်ရပါတယ်။ သူတို့ ဘယ်လောက်ခံရရ လမ်းမလိုက်မှာကိုသိလို့ ဘုရားသခင်က သူတို့ရဲ့ ရွေးချယ်မှု အတိုင်း ဘေးထွက်ပေးရပါတယ်။

လူဆိုးတွေကလည်း ခလုတ်ထိမှ ဘုရားတပြီး ရေးကြီးသုတ်ပျာ ရှာကြပါကော။ ဆာလံ ၅၀ နိဂုံးပိတ်ဟာ ဘုရားဆိုလိုချင်တဲ့ အရာပါပဲ။

> "ကျေးဇူးချီးမွမ်းခြင်းယဇ်ကိုပူဇော်သောသူသည် ငါ၏ဘုန်းကို ထင်ရှားစေသော သူဖြစ်၏။ မိမိသွားသောလမ်းကို ဆင်ခြင်သောသူအားလည်း၊ ကယ်တင်တော်မူခြင်းကျေးဇူးကို ငါပြမည်ဟု ဘုရားသခင်မိန့်တော်မူ၏။" - ဆာလံကျမ်း ၅၀:၂၃

ဒီဝါစာများဟာ လူဆိုးတွေကိုမိန့်တဲ့ ဝါစာဖြစ်ပါတယ်။ လူဆိုးတွေကို တရားစီရင်တာက သူတို့ပြုတဲ့ကံအတိုင်း ခံစေတာပါ။ ကိုယ်တိုင်ထိမှ ဘုရားဖက် လှည့်ပြီး ပြန်ကောင်းကြမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။ ဘုရားကတော့ အပြစ်ဟာ သူတို့ကို ဘယ်လောက်ဆိုးကျိုးပေးသလဲဆိုတာ သိအောင်ပြတာပါ (အီဂျစ်ပြည်မှာ ကပ်ဆိုက်ခဲ့တုန်းက သူတို့ရဲ့ ဘုရားတွေက ဘာမှမကယ်တိုင်တာကို ပြတဲ့အဖြစ်မျိုးပေါ့)။ "ခပ်သိမ်းသောအရာတို့သည် သူ့အားဖြင့်တည်၏" (ကောလောသဲ ၁:၁၇)။ အကယ်လို့များ အပြစ်သားတစ်

ယောက်က တစ်ကွေ့ကွေ့မှာ ကရုဏာကိုမြင်တတ်ပြီး နောင်တရလို့ရှိရင် ဘုရားက သူ့ကို ပြန်ပြီးလက်ခံ၊ မေတ္တာပြမှာဖြစ်ပါတယ်။ ဘုရားရဲ့စီရင်ထုံးကတော့ ကုသခြင်းပါ။ အပြစ်ပေးခြင်း မဟုတ်ပါဘူး။

သမ္မာကျမ်းစာမှာတော့ မျှတသောဒဏ်ခတ်ခြင်းကို ဒီလိုဆိုထားပါတယ်။

> "ထာဝရဘုရားသည် တရားစီရင်ဆုံးဖြတ်တော်မူခြင်းအားဖြင့် ထင်ရှားတော်မူ၏။ မတရားသောသူသည် မိမိလုပ်သော အလုပ်ထဲမှာ ကျော့မိခြင်းကိုခံရ၏။"
> - ဆာလံကျမ်း ၉:၁၆

ထပ်ပြောပါမယ်၊ ဘုရားက လူဆိုးတွေကို ဘယ်လိုစီရင်ပါသလဲ။ ဘုရားကတော့ သူတို့ဟာနဲ့ သူတို့ခံရဖို့ လွှတ်ထားပါတယ်။ ဘုရားက သူ့နေရာသူပြန်နေပြီး သူတို့တွေ အခြေအနေဆိုးကြတဲ့အထိ လွှတ်ထားပါတယ်။ အနှိုသဘောတရား ပညတ်တော် (၁၀) ပါးထဲမှာ ကို ပါပါတယ်။

> "ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ **ငါ့ကိုမုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သောဘုရား၊** ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကိုပြသော ဘုရားဖြစ်၏။" - ထွက်မြောက်ရာကျမ်း ၂၀:၅၊ ၆

ဘုရားသခင်ရဲ့တရားမျှတမှုကတော့ ညှာတာမှုပြခြင်း၊ ကုစားခြင်းတို့ ဖြစ်ပါတယ်။ သူ့ရဲ့ညှာတာမှုဟာ အငြင်းခံရရင်တော့ သူ့သဘောသူဆောင်စေပါတယ်။ သူတို့ရဲ့ ဉာဏ်မဲ့မှုကြောင့် ကပ်ဆိုက်ပြီး စိတ်ကျကြတဲ့အခါ ဘုရားက သူတို့ကို ပြန်ကယ်ပါတယ်။ ဒါကိုပဲ ဆက်ငြင်းကြတုန်းဆိုရင်တော့ လက်လွှတ်လိုက်ပါတယ်။ အနှိုစီရင်ထုံးကတော့ ဆီဇာ(လူ့ အာဏာ) ရဲ့ စီရင်ထုံးနဲ့ လားလားကြီးကို ခြားနားပါတယ်။ သူကတော့

ဒုစရိုက်သားကို နာစေ၊ ထောင်ချ၊ သေမိန့်ချပါတယ်။ ဒါကလည်း ဘုရားက သူ့ဆီပြန်လာနိုင်ကြဖို့ ဖွင့်ပေး တဲ့လမ်း တစ်မျိုးပေါ့။ ဘုရားက ဆီဇာရဲ့စီရင်ထုံးကို တည်ရှိခွင့်ပေးထားပါတယ်။ အဲဒါကို သမ္မာကျမ်းစာက ဘုရားသခင်ရဲ့ကလဲ့စားလို့ ဆိုပါတယ်။

> "မင်းမူကား၊ ကောင်းသောအကျင့်ကိုကျင့်သောသူ ကြောက်ဖို့ဖြစ်သည်မဟုတ်။ မကောင်းသောအကျင့်ကို ကျင့်သောသူ ကြောက်ဖို့ဖြစ်၏။ မင်းအာဏာကို မကြောက်ဘဲ နေချင်သလော။ ကောင်းသောအကျင့်ကို ကျင့်လော့။ ကျင့်လျှင် မင်းအာဏာကြောင့် ချီးမွမ်းခြင်းကို ခံရလိမ့်မည်။ မင်းသည်ကား၊ သင်၏အကျိုးအလို ငှာ ဘုရားသခင်၏ အစေခံဖြစ်၏။ **မကောင်းသောအကျင့်ကို ကျင့်လျှင်၊ ကြောက်ခြင်း ရှိစေလော့။ အကြောင်းမူကား၊ မင်းသည်အချည်းနှီး ဓားကိုဆောင်သည်မဟုတ်။ မကောင်းသောအကျင့်ကို ကျင့်သောသူတို့ကို အပြစ်တရားစီရင်၍ ရာဇဝတ်ပေးပိုင်သော သူတည်းဟူသော ဘုရားသခင်၏ အစေခံဖြစ်သတည်း။**" - ရောမဩဝါဒစာ ၁၃:၃၊ ၄

ရောမ ၁၃:၃၊ ၄ မှာပါတဲ့ ပြဋ္ဌာန်းချက်တွေသည် ပညတ်တော် (၁၀) ပါးထဲမှာပါတဲ့ လူ့အကု သိုလ်တွေအပေါ် တန်ပြန်သက်ရောက်တဲ့နိယာမတွေပါပဲ။ ဒီအူကြောအရ ဆီဇာလည်း အဓမ္မတရားကိုဒဏ်ခတ်ဖို့ ဘုရားရဲ့အသုံးတော်ခံ ဖြစ်လာပါတယ်။ ဒီနေရာမှာ ဆီဇာသည် ဘုရားရဲ့ သိက္ခာတော်အတိုင်းနေသူ၊ ကိုယ်စားပြုသူလို့ ဆိုလိုတာမဟုတ်ပါဘူး။ ဘုရားက သူ့သဘောသူဆောင်ခွင့် ပြုတာပါ။

ဆီဇာနဲ့ခရစ်တော်မှာ တရားခုံရုံးရှိပါတယ်။

> "ပေါလုကလည်း၊ **ကဲသာဘုရင်၏ တရားပလ္လင်ရှေ့မှာ အကျွန်ုပ်ရပ်ပါ၏။** ထိုပလ္လင်ရှေ့မှာ အကျွန်ုပ်အမှုကို စီရင်အပ်ပါ၏။ ကိုယ်တော်သည် အမှန်သိတော်မူသည်အတိုင်း၊ အကျွန်ုပ်သည် ယုဒလူတို့ကို အလျှင်းမပြစ်မှားပါ။" - တမန်တော်ဝတ္ထု ၂၅: ၁၀

"အကြောင်းမူကား၊ **ငါတို့ရှိသမျှသည်** ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကို အသီးအသီးခံခြင်းငှာ၊ **ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်။**" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၅:၁၀

အဲဒီခုံရုံး (၂) ခုက မတူကြပါဘူး။ ခရစ်တော်ရဲ့စီရင်ထုံးက ဆီဇာရဲ့စီရင်ထုံးနဲ့ လုံးလုံးခြားနားပါတယ်။ ကောင်းကင်က စီရင်ထုံးက အသက်ကိုမခြိမ်းခြောက်ပါဘူး။ အာဏာသုံး တယ်ဆိုတာ ခရစ်နိုင်ငံတော်နဲ့ ဆန့်ကျင်ပါတယ်။

"ယေရှုက၊ ငါ၏နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။ ငါ၏နိုင်ငံသည် ဤလောကနှင့် စပ်ဆိုင်လျှင်၊ ငါသည် ယုဒလူတို့လက်သို့ မရောက်စေခြင်းငှာ၊ ငါ၏လူတို့သည် တိုက်လှန်ကြလိမ့်မည်။ ယခုမူကား ငါ၏နိုင်ငံသည် ဤဒေသအရပ်နှင့် မစပ်ဆိုင်ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၈:၃၆

တိုက်တယ်ဆိုတာက အာဏာသုံးခြင်းဖြစ်ပါတယ်။ ခရစ်တော့်နိုင်ငံက အာဏာမသုံးပါဘူး။ ခရစ်တော့်ရှေ့မှာ တရားစီရင်ခြင်းခံရမယ်ဆိုတာက ဘာသဘောလဲ။ ခြိမ်းခြောက်တာ မဟုတ်ဘူးလား။

"သင်သည် ညီအစ်ကိုချင်းကို အဘယ်ကြောင့် စစ်ကြောစီရင်သနည်း။ ညီအစ်ကိုချင်းကို အဘယ်ကြောင့် မထီမဲ့မြင်ပြုသနည်း။ ငါတို့ရှိသမျှသည် ခရစ်တော်၏တရားပလ္လင်တော်ရှေ့သို့ ရောက်ရကြမည်။" - ရောမဩဝါဒစာ ၁၄:၁၀

ရှင်ပေါလုက သင့်ရဲ့ညီအစ်ကိုကို ဘာ့ကြောင့် တရားစီရင်ရသလဲလို့ မေးပါတယ်။ အဲဒီနောက်မှာ ကျွန်တော်တို့အားလုံး စီရင်ခြင်းခံဖို့ ခရစ်တော်ရှေ့မှာရပ်ရမယ်လို့ ဆိုပါတယ်။ ဒီဝါစာက ကျွန်တော်တို့ကို ကောင်းမှုပြုဖို့ တွန်းတာမဟုတ်ဘူးလား။ ဒါက မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့က ဘယ်သူ့ကိုမှ တရားမစီရင်ဘဲနဲ့ ခရစ်တော်ကျတော့ ကျွန်တော်တို့ကို တရားစီရင်မယ်ဆိုတာကတော့ အဓိပ္ပာယ်မရှိပါဘူး။ ကျွန်တော်တို့သည် အခြားသူတွေကို မစီရင်ရဘူးဆိုရင် ကျွန်တော်တို့ဟာ ခရစ်တော်ကမစီရင်ဘဲနေသလို

နေဖို့လိုပါတယ်။ ယေရှုမိန့်ချင်တာသည် ဒီအကြောင်းဖြစ်ပါတယ်။ ယေရှုသည် ဘယ်သူ့ကိုမှ တရားမစီရင် ပါ (ရှင်ယော ဟန် ၈:၁၅)။

ဒါဆိုရင် ခရစ်တော် တရားပလ္လင်ရှေ့မှာ ရပ်ကြရမယ်ဆိုတာသည် ဘာပါလိမ့်။

> "ချစ်သူတို့၊ သူတစ်ပါးသည် သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား၊ ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။- ထိုကြောင့် သင်၏ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာဖို့ပေးလော့။ ထိုသို့ပြုလျှင်။ သူ၏ခေါင်းပေါ်၌ မီးခဲကိုပုံထားလိမ့်မည်။" - ရောမသြဝါဒစာ ၁၂:၁၉၊ ၂၀

မေတ္တာတော်ရှင်၊ ခွင့်လွှတ်ညှာတာသော ယေရှုဘုရားရှေ့မှာရပ်ခြင်းဆိုတာက ကိုယ့်စိတ်ကိုပြန်ပြီး ဆန်းစစ်ရခြင်းပါ။ ခရစ်တော်က မြေပေါ်မှာစာရေးချိန်မှာ ယုဒခေါင်းဆောင်များဟာ ခရစ်တော်ရှေ့မှာ ရပ်နေကြတာပါ။ ခရစ်တော်ဆိုတဲ့ လူရုပ်လုံးနဲ့ သူရေးတဲ့စာတွေက သူတို့ဗီဇကိုပြန်မြင်စေပြီး အသာရှောင်ထွက်သွားကြပါတယ်။

ဘုရားသခင်ရဲ့ချစ်ခြင်း၊ ညှာတာခြင်းတွေက တရားမြင်စေနိုင်တဲ့သတ္တိ ရှိပါတယ်။ ဘုရားသခင်ရဲ့ အနန္တမေတ္တာတရားက သူ့ရဲ့စင်ကြယ်မှု၊ ကျွန်တော်တို့ရဲ့ညစ်ထေးမှုကို တရားရစေပါတယ်။ ကျွန်တော်တို့ရဲ့ ကယ်တင်ရှင်ကတော့ ကိုယ့်ကိုယ်ကို သတ်သေမှု၊ လူသတ်မှု၊ ဆေးမှု၊ ကိုယ်ဝန်ဖျက်ချမှုတွေကို နေ့စဉ်သည်းခံနေပါတယ်။ အဲဒါတွေကို သည်းညည်း ခံနေတာတွေဟာ ကျွန်တော်တို့ ဘယ်တော့မှ အကုန်အစင်နားမလည်နိုင်မဲ့မေတ္တာကိုပြ တာ ဖြစ်ပါတယ်။

အနှီမေတ္တာတရားကြီးက အပြစ်ဖြေလွှတ်ခြင်း မခံရတဲ့အပြစ်သားတစ်ဦး ခရစ်တော်ရှေ့မှာရပ်တဲ့အခါ သူ့ရဲ့စိတ်မလုံမှုတွေကပဲ သူ့ကို စီရင်သွားစေတဲ့အထိ စွမ်းပါတယ်။ အပြစ်

သားကို အပြစ်ပေးတာ ဘုရားမဟုတ်ပါဘူး။ အကြောင်းကတော့ အပြစ်ပေးခြင်းဆိုတာ ဘုရားဆီကမဟုတ်ပဲ မာရ်နတ်နဲ့အာဒံဆီက လာလို့ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့မေတ္တာကို ဒီနေ့ပဲဆုပ်ကိုင်လိုက်ပါ။ သင့်ကို အပြစ်လွှတ်ပေးပြီး စိတ်မလုံမှု ဝန်ထုပ်ကနေ လွှတ်မြောက်စေတာက ဘုရားသခင်ရဲ့တရားမျှတခြင်းပါ။

## ၂၃။ ဗိမာန်တော်ကို ဆေးကြောခြင်းနဲ့ အပြစ်ဖြေရာနေ့ကြီး

ယုဒတို့ရဲ့ပြက္ခဒိန်က ပသခါပွဲ၊ အဇုမပွဲတွေနဲ့ စပါတယ်။ အဲဒီဟာတွေက ရင်ကြားစေ့ရေး အတွက် ခြေလှမ်းအစ ဖြစ်ပါတယ်။ ဒီပွဲတွေက ယဇ်ပူဇော်ခြင်း၊ အပြစ်ဖြေလွှတ်ခြင်းတွေ ကို အာရုံပြုတာပါ။ ဒီဟာတွေက ဗိမာန်တော်ပရိဝုဏ်အလယ်မှာရှိတဲ့ ယဇ်ပူဇော်တဲ့ ပလ္လင်ကို မဏ္ဍိုင်ပြုတာပါ။

ယုဒတွေအတွက် တစ်နှစ်အတွင်း အထူးမြတ်ဆုံးနေ့ကတော့ Yom Kippur — အပြစ်ဖြေရာနေ့ကြီး ဖြစ်ပါတယ်။ အဲဒီနေ့မှာ ရင်ကြားစေ့ရေးကို အပြီးသတ်ပါတယ်။ Yom Kippur သည် သတ္တမလမှာကျရောက်ပြီး ဆောင်ရွက်စရာဝတ်တွေကို ဗိမာန်တော်ရဲ့အသန့်ရှင်း ဆုံးအခန်းမှာ ဆောင်ရွက်ပါတယ်။ လူထုတွေကို ဘုရားရှေ့မှာ အစာရှောင်ပြီး နှိမ့်ချဖို့၊ အဲဒီနေ့ထူးကြီးမှာ ဘုရားသခင်နဲ့အဆင်ပြေဖို့ ဆုတောင်းဖို့ ရှာဆော်ထားပါတယ်။

အဲဒီနေ့မှာ ဆိတ်ထီးနှစ်ကောင်က အဓိကဇာတ်ကောင်တွေ ဖြစ်ပါတယ်။ ။

> "သန့်ရှင်းသောပိတ်ချောအင်္ကျီ၊ ပိတ်ချောဘောင်းဘီကိုဝတ်၍၊ ပိတ်ချောခါးပန်းကို စည်းရမည်။ ပိတ်ချောဖောင်းကိုလည်း ဆောင်းရမည်။ ထိုအဝတ်တန်ဆာတို့သည် သန့်ရှင်းသောကြောင့်၊ ကိုယ်ကိုရေချိုးပြီးမှ ဝတ်ဆင်ရမည်။ **အပြစ်ဖြေရာယဇ်ဖို့ ဆိတ်သငယ်နှစ်ကောင်၊ မီးရှို့ရာယဇ်ဖို့ သိုးတစ်ကောင်ကို၊ ဣသရေလအမျိုးသား ပရိသတ်လက်မှ ခံယူရမည်။** အာရုန်သည် မိမိနှင့်ဆိုင်သော မိမိအပြစ်ဖြေရာယဇ်နွားကိုပူဇော်၍၊ မိမိအဖို့နှင့် မိမိအိမ်သူများအဖို့ အပြစ်ဖြေခြင်းကိုပြုရမည်။ **ဆိတ်နှစ်ကောင်ကိုလည်းယူ၍ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနား၊ ထာဝရဘုရားရှေ့တော်၌ ဆက်ရမည်။** အာရုန်သည် ထိုဆိတ်နှစ်ကောင်ကို ထာဝရဘုရားအဖို့ စာရေးတံတစ်တံ၊ လွတ်လပ်လဟာအဖို့တစ်တံ၊ စာရေးတံနှစ်တံချ၍၊ ထာဝရဘုရားအဖို့ စာရေးတံကျသောဆိတ်ကိုဆောင်ခဲ့၍ အပြစ်ဖြေရာယဇ်ဖို့ ပူဇော်ရမည်။ လွတ်လပ်လဟာအဖို့ စာရေးတံကျသောဆိတ်ကို၊ အသက်

ရှင်လျက် ထာဝရဘုရားရှေ့တော်၌ဆက်၍၊ သူ့အပေါ်မှာ အပြစ်ဖြေခြင်းကိုပြုပြီး လျှင်၊ တော၌ လွတ်လပ်လဟာသို့ လွှတ်လိုက်ရမည်။" - ဝတ်ပြုရာကျမ်း ၁၆:၄-၁၀

ဗိမာန်တော်သည် ဘုရားရဲ့သိက္ခာစစ်စုံကို ဖော်ပြတာမဟုတ်ဘဲ လူသားတွေ ဘုရားသခင်နဲ့ ရင်ကြားစေ့နိုင်မယ့် အကန့်ကန့်တွေကို ပြခြင်းဖြစ်ကြောင်း အခန်း (၁၄) ထဲမှာ ကျွန်တော်တို့ချပြခဲ့ပြီး ဖြစ်ပါတယ်။ ဘုရားသခင်က ပူဇော်သက္ကာတို့၊ အလှူငွေတို့ မမက်ပါဘူး (ဆာလံ ၄၀:၆)။ ဒီအင်္ဂါရပ်တွေက တရားစီရင်ထုံးနဲ့ပတ်သက်ပြီး လူ့အမှတ်တွေသာ ဖြစ်ပါ တယ်။

ဆိတ်တစ်ကောင်ကို ထာဝရဘုရားအဘို့ ဆိတ်၊ အခြားအကောင်ကို လွတ်လပ်လဟာဘို့ ဆိတ် လို့ခေါ်ပါတယ်။ ဘာ့ကြောင့် သိုးမသုံးဘဲ ဆိတ်သုံးရတာလဲ။

ဆိတ်နဲ့ပတ်သက်လို့ စိတ်ကိုဖမ်းစားတာကတော့ ဋီကာသုံးမျိုး ဖွင့်လို့ရခြင်းဘဲ ဖြစ်ပါ တယ်။

၁။ အမွေးရှည်တယ် (နာမ်နာမဝိသေသန)

၂။ ဆိတ်ထီး၊ ဆိတ်ဖို (ပုလ္လိင်)

၂(က)။ ယဇ်ပူဇော်ဖို့အကောင်

၂(ခ)။ **ယောကျ်ားတစ်ပိုင်း၊ ဆိတ်ထီးတစ်ပိုင်း** (satyr) နတ်ပူးတဲ့ဆိတ် ဖြစ်နိုင်တယ်၊ ဂါဒရမှာ ဖြစ်ခဲ့တဲ့ ဝက်လိုမျိုး (ရှင်မဿဲ ၈:၃၀-၃၂)

ဆိတ်နှစ်ကောင်ကို စာရေးတံချပြီး ဆုံးဖြတ်ပါတယ်။ ဘယ်အကောင်ပဲဖြစ်ဖြစ် ဘုရားအဖို့ (သို့) လွတ်လပ်လဟာအဖို့(Scapegoat) ဖြစ်နိုင်ပါတယ်။ မဲချခြင်းကို ကျမ်းစာထဲမှာ တွေ့နိုင်တာ ဒီနေရာမှာပါ။ Adam Clark က ဒီမဲကို ဘယ်လိုချလဲဆိုတာ ရှင်းပြပါတယ်။

မဲနှစ်ခုကို သစ်၊ ကျောက်၊ သတ္တုတစ်ခုခုနဲ့လုပ်တယ်လို့ ဂျူးတွေက ဆိုပါတယ်။ တစ်ခုကို ယုဒတွေ တစ်ခါမှ မရေး၊ မခေါ်မယ့် **יהוה** ယေဟောဝါဘုရားနာမ အတွက် **לשם** Lashem လို့ ရေးထားပါတယ်။ အခြားတစ်ခုမှာ လွတ်လပ်လဟာ (Scapegoat) အတွက် **לעזאזל** Laazazel လို့ ရေးထားပါတယ်။ အဲဒီနှစ်ခုကို **קלפי** Kalpey လို့ခေါ်တဲ့အိုးထဲမှာ ထည့်လိုက်ပါတယ်။ ဆိတ်တွေကတော့ အနောက်ဘက်အရပ်ကို မျက်နှာမူကြပါတယ်။ အဲဒီနောက်မှာ ပရောဟိတ်က ဆိတ်တွေဆီလာပြီး တစ်ကောင်စီအပေါ် လက်တင်လိုက်ပါတယ်။ မဲအိုးကိုလှုပ်ခါပြီး နောက်မှာ ပရောဟိတ်က လက်နှစ်ဖက်စလုံးနဲ့ မဲကိုနှိုက်ပြီး ညာဖက်မှာရှိတဲ့ အကောင်က ညာလက်ကမဲနဲ့ဆိုင်ပြီး ဘယ်ဖက်မှာရှိတဲ့အကောင်က ဘယ်လက်ကမဲနဲ့ ဆိုင်ပါတယ်။ မဲပေါ်မှာ ရေးထားတဲ့စာကိုမှီပြီး ဆိတ်တွေဟာ ထာဝရဘုရားဖို့ ဆိတ်၊ လွတ်လပ်လဟာဖို့ ဆိတ် ဆိုပြီးဆုံးဖြတ်သွားပါတယ်။ Mishna, Yoma စာစောင် ဝတ်ပြုရာကျမ်း ၁၆:၈ အနက်ဖွင့်ခြင်းမှာ လေ့လာနိုင်ပါတယ်။

ဘုရားက သူ့ရဲ့ဆန္ဒကိုပြဖို့ ပုံမှန်သုံးလာတာက ဥရိမ်နဲ့သုမိမ်တွေဘဲ ဖြစ်ပါတယ်။ ဒီကျောက်နှစ်လုံးကို ပရောဟိတ်မင်းကြီးရဲ့ပခုံးနှစ်ဖက်မှာ တင်ထားပါတယ်။ ဘုရားသခင်က သူ့ရဲ့ဆန္ဒကို ကျောက်လုံးတွေကို လင်းစေ၊ မှိန်စေခြင်းနဲ့ ပြပါတယ်။ သို့ပေသိ အပြစ်ဖြေရာနေ့မှာတော့ ဥရိမ်နဲ့သုမိမ်ကိုမသုံးဘဲ ပိုပြီးအဆင့်နိမ့်၊ ကြိုတင်ကြံစည်ပြီးသားလို့ ထင်လို့ရတဲ့နည်း သုံးခဲ့ပါတယ်။ ဘုရားက ဘယ်အကောင်ကိုရွေးပြီးသားပါလို့ ပြောလို့ရတဲ့ အနေအထားလောက်မှာ ရှိပါတယ်။ ဒါပေမယ့် လုံးလုံးကိုကျပန်းဖြစ်ကြောင်း ပေါ်လွင် ပါတယ်။

တစ်မျိုးသားလုံးရဲ့အပြစ်ကို လူတစ်ယောက် (သို့) အကောင်တစ်ကောင်အပေါ်လွှဲတဲ့ ဓလေ့ကို ရုပ်တုကိုးကွယ်တဲ့ ဗာဟီရဘာသာမှာ ကျင့်သုံးပါတယ်။ အဲဒါက ဇာတိလူသားများ အပြစ်ကိုခဝါချပုံ ကွက်တိပြတဲ့နည်း ဖြစ်ပါတယ်။ Adam Clarke က

အဲဒီအကြောင်း ကို ဝတ်ပြုရာကျမ်း ၁၆:၁၀ ကို ရှင်းတဲ့နေရာမှာ ထပ်လောင်းရှင်းထားပါတယ်။

ရှေးနိုင်ငံများမှာ ယဇ်ပူဇော်နည်း အဖုံဖုံရှိခဲ့ပါတယ်။ သူတို့လည်း ယုဒတွေက လွတ်လပ်လဟာဖို့ ဆိတ်ကိုသုံးတဲ့နည်းအတိုင်း လူထုအပြစ်တွေကို လွှဲချကြပါတယ်။ အီဂျစ်တွေကတော့ Apis ဘုရားကို နွားဖြူနဲ့ပူဇော်တာက အဲဒီဝတ်ဘဲဖြစ်ပါတယ်။ အဲဒီအကောင်ရဲ့ခေါင်းကိုဖြတ်ပြီး “အကယ်၍ အကုသိုလ်ဟာ သူတို့အပေါ် နဲ့ နိုင်ငံတော်မှာ ကျန်သေးလို့ရှိရင် ဒီခေါင်းပေါ်မှာ ရောက်ပါစေ” လို့ အကျိန် တိုက်ပြီးတဲ့အခါ ဂရိတွေဆီရောင်း (သို့) နိုင်းမြစ်ထဲ လွှင့်ပစ်ကြပါတယ်။ Herod. Euterp., p. 104, edit. Gale မှာ ကြည့်ပါ။

Petronius Arbiter က ဒီဓလေ့ဟာ ရှေးခေတ်မာဆေးသားတွေရဲ့ဓလေ့ဖြစ်တယ် လို့ ဆိုပါတယ်။ ကပ်ဆိုက်တိုင်းဆိုက်တိုင်းမှာ ပူဇော်ဖို့လျာထားတဲ့ အခြေအနေ မဲ့တဲ့လူတစ်ဦးကို တစ်နှစ်လုံး ဝတ်ကောင်းစားလှနဲ့ထားထားပြီး သူ့ကို မြို့ထဲလမ်း တကာလှည့်စေပြီး အညံ့တွေ သူ့အပေါ်တင်ကြပါတယ်။ တစ်မြို့လုံးခံရတဲ့အညံ့ တွေ သူ့အပေါ်တင်ပြီးနောက်မှာ သူ့ကို ချောက်ကမ်းပါးခေါ်သွားပြီး တွန်းချလိုက် ပါတယ်။ Suidas ကတော့ လူအများကောင်းစားဖို့ တစ်နှစ်တစ်ယောက် ပူဇော်တာ ဟာ သူတို့ရဲ့ဓလေ့ပါ။ **Περιψήμα ημων γενου** “သင်ဟာ ဆေးကြောသူ ဖြစ်ပါစေ” လို့ တိုက်ပြီး Neptune နတ်ကို ပူဇော်တဲ့အနေနဲ့ ပင်လယ်ထဲချလိုက်ပါ တယ်လို့ ဆိုပါတယ်။

ရှင်ယောနလည်း သူ့ကို ပင်လယ်ထဲချဖို့ တောင်းဆိုတာဟာ အဲဒါကိုဆိုလိုတာ ဖြစ်နိုင်ပါတယ်။ အဲဒီလိုလုပ်လိုက်ရင် သူ့အပြစ်လည်း ပထုတ်ပြီးဖြစ်၊ မုန်တိုင်းလည်းရပ်သွားမှာပါ။

ဣသရေလတွေလည်း အီဂျစ်ကနေထွက်လာတာဆိုတော့ သူတို့ရဲ့အပြစ်ဖြေနည်းနဲ့ ရင်းနှီးပြီးသားဖြစ်ပါတယ်။ ဘုရားသခင်က ဣသရေလတို့ရဲ့အပြစ်တွေကို ဘယ်လိုလုပ်ပေး

မယ်ဆိုတာကို ပြဖို့အတွက် ဒီနည်းတွေကို ဣသရေလတို့ရဲ့ဝိနည်းထဲမှာ သုံးပြပါတယ်။ ခရစ်တော်ဘုရားလာပွင့်တုန်းက ယဇ်ပုရောဟိတ်မင်း ကယာဖက တစ်နိုင်ငံလုံး ပျက်စီးမှာထက် လူတစ်ယောက်ကို ထိုးကျွေးသင့်တယ်ဆိုပြီး ဒီနိယာမကိုပဲ သုံးခဲ့ပါတယ်။

> "ယုဒလူမျိုးအကုန်အစင် ပျက်စီးသည်ထက်၊ လူတစ်ယောက်သည် လူများတို့အတွက်သေသော် သာ၍ကောင်းသည်ကို သင်တို့သည် မဆင်ခြင်ပါတကားဟု ပြောဆို၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၁:၅၀

ပိလတ်မင်းလည်း ယေရှုကိုကယ်ဖို့အကြံနဲ့ လူထုကို ယေရှု (သို့) ဗာရဗ္ဗ ရွေးခိုင်းပါတယ်။

> "ပသခါပွဲ၌ လူတစ်ယောက်ကို သင်တို့အား ငါလွှတ်မြဲထုံးစံရှိသည်ဖြစ်၍၊ ယုဒရှင်ဘုရင်ကို လွှတ်စေချင်သလောဟု မေးလျှင်၊ တစ်ဖန် လူအပေါင်းတို့က၊ ဤသူကို မလွှတ်စေချင်ပါ၊ ဗာရဗ္ဗကို လွှတ်စေချင်ပါသည်ဟု အော်ဟစ်၍ လျှောက်ဆိုကြ၏။ ထိုဗာရဗ္ဗကား ဓားပြဖြစ်သတည်း။" - ရှင်ယောဟန်ခရစ်ဝင် ၁၈:၃၉၊ ၄၀

ဆိတ်နှစ်ကောင်ကို ရှင်ဖို့သေဖို့ ကျပန်းနည်းသုံးခဲ့သလို ခရစ်တော်လည်း ကြုံခဲ့တာက အလွန်ထူးပါတယ်။ သွေးဆူနေတဲ့ လူထုကတော့ ဗာရဗ္ဗ ရှင်စေ၊ ခရစ်တော်သေစေဆိုပြီး ရွေးခဲ့ကြပါတယ်။

Yom Kippur အကြောင်းဟာ ဘုရားဟာ လူသားတွေနဲ့ ဘယ်လိုပြန်ပြီး ရင်ကြားစေ့လဲဆိုတဲ့ အကြောင်းပါ။ သူ့နည်းကတော့ ကျွန်တော်တို့ရဲ့ ဉာဏ်စဉ်အတိုင်းပါ။ ဘုရားရဲ့ ဉာဏ်စဉ်က ကျွန်တော်တို့နဲ့ မတူပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ အလင်းရနိုင်ဖို့ ကျွန်တော်တို့ ဉာဏ်မီတဲ့အဆင့်ပဲ သုံးပါတယ်။[29]

[29] fatheroflove.info မှာရနိုင်တဲ့ "အတ္တမဲ့မေတ္တာတော်" စာအုပ် အခန်း (၁၆) ကိုရှုပါ။

Yom Kippur က ကျွန်တော်တို့ကို ကနဦးအစကို ခေါ်သွားပါတယ်။ ဘာကြောင့်လဲဆို တော့ အကြောင်းတစ်ခုခုသည် စဖြစ်တဲ့နေရာမှာဘဲ အဆုံးသတ်လို့ရလို့ပါ။ ပြဿနာရဲ့ မူလဘူတမှာသာ ရင်ကြားစေ့လို့ရမှာမို့လို့ပါ။

အာဒံဟာ ဒေင်ဥယျာဉ်ထဲမှာတုန်းက ပုဂ္ဂိုလ်နှစ်ဦးအပေါ် အပြစ်ပုံချခဲ့ပါတယ်။ ။

"လူကလည်း ကျွန်တော်၌ **အရှင်**အပ်ပေးတော်မူသော **မိန်းမ**သည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ၏။" - ကမ္ဘာဦးကျမ်း ၃:၁၂

ခရစ်တော်ဘုရားဟာ ကမ္ဘာမတည်မီကတည်းက အသတ်ခံပြီးသား သိုးသငယ်ဖြစ်ပြီး ထာဝရဘုရားအတွက် စာရေးတံကျတဲ့ဆိတ်နဲ့ ပုံဆောင်ပါတယ်။ ဝေက သူ့ယောက်ျားကို အပြစ်လုပ်စေတဲ့အပြစ်ကို တာဝန်ယူရပါတယ်။ သူဟာ အာဒံရဲ့ scapegoat ဖြစ်ပါတယ်။ နှစ်ပေါင်း ၁,၀၀၀ နီးပါး ဥယျာဉ်တော်အပြင်မှာနေရတာက သူမအတွက် တောနှင်ခံရတဲ့ ပုံရိပ်ဖြစ်ပြီး နောက်ဆုံးမှာ သေရပါတယ်။

ကမ္ဘာ့သမိုင်းအဆုံးသတ်မှာလည်း အသင်းတော်ခေါင်းဆောင်တွေက လူတွေကို သူတို့ အမိန့်အတိုင်း ကိုးကွယ်စေမှာပါ။ ပစ္စည်းတွေရောင်းဝယ်နိုင်ဖို့ လူတိုင်းက သားရဲတံဆိပ် ကို ဆောင်ရမှာဖြစ်ပါတယ်။ အခန်း (၂၀) ကို လေ့လာတဲ့အခါမှာ တနင်္ဂနွေနေ့ကို မစောင့် တဲ့သူတွေကို သေမိန့်ပေးမယ်ဆိုတာ တွေ့ရပါတယ်။ ကမ္ဘာကြီးဟာ သဘာဝဘေးကြုံ လာမှာဖြစ်ပြီး ဒါကိုမှီပြီး ဘုရားရဲ့ပညတ်တော်က စောင့်ခိုင်းတဲ့ သတ္တမနေ့ သန့်ရှင်းသော ဥပုသ်တော်နေ့ကို ဖီလာတဲ့ဥပဒေ ပြဋ္ဌာန်းလာပါမယ်။

ကမ္ဘာပေါ်မှာကျရောက်တဲ့ ဘေးတွေအတွက် ဘုရားရဲ့လူတွေကို အပြစ်ရှာကြမှာ ဖြစ်ပါ တယ်။ ဒီဘေးတွေချုပ်ငြိမ်းဖို့ တစ်ချို့တွေ အကျွေးခံ(သတ်)ကြရမှာပါ။ ခရစ်တော်ဘုရား က သူ့ရဲ့သားသမီးတွေကို လာကယ်တဲ့အခါကျမှ လူဆိုးတွေက သူတို့အလိမ်ခံရမှန်း သိကြမှာပါ။ အဲဒီအခါမှာ သူတို့က ဓမ္မဆရာတွေဖက်ကိုလှည့်ပြီး ပေါက်ကွဲကြပါမယ်။ အဲဒီ ဓမ္မဆရာတွေရဲ့အသွေးတွေနဲ့ အပြစ်ဖြေဖို့ လမ်းရှာကြမှာ ဖြစ်ပါတယ်။

အရင်းစစ်တော့ မာရ်နတ်ဟာ လူသားတွေကို လိမ်ခဲ့တဲ့သူဖြစ်ပြီး သူတော်စင်တွေ ကောင်း ကင်ကို ယူဆောင်ခြင်းခံရပြီးနောက်မှာ လူဆိုးတွေဟာ သူတို့ရဲ့ရွေးချယ်မှုအတိုင်း ပျက် စီးသွားကြမှာပါ။ မာရ်နတ်ဟာ ကမ္ဘာပေါ်မှာ နှစ် ၁,၀၀၀ ကြာ ကျန်နေမှာဖြစ်ပါတယ်။

> “တစ်ဖန် ကောင်းကင်တမန်သည် **အနက်ဆုံးသောတွင်း**၏ သော့နှင့် သံကြိုးကြီး ကိုကိုင်လျက် ကောင်းကင်က ဆင်းသက်သည်ကို ငါမြင်၏။ ရှေးမြွေဟောင်း၊ မာရ်နတ်စာတန်တည်းဟူသော နဂါးကို ကိုင်ဖမ်း၍၊ **အနှစ်တစ်ထောင်ဖို့ ချည် နှောင်လေ၏။**” - ဗျာဒိတ်ကျမ်း ၂၀:၁၊ ၂

မာရ်နတ်နဲ့ အပေါင်းအပါတွေကို ချည်နှောင်မဲ့သံကြိုးသည် သူတို့ရဲ့ပတ်ဝန်းကျင်ကို ဆိုလို တာပါ။

> “အကြောင်းမူကား၊ **ပြစ်မှားသော ကောင်းကင်တမန်တို့ကို** ဘုရားသခင်သည် **နှ မြောတော်မမူ၊** ငရဲထဲသို့ ချလိုက်ပြီးမှ စစ်ကြောစီရင်ခြင်းအလို့ငှာ ချုပ်ထား၍၊ မှောင်မိုက်သံကြိုးနှင့် ချည်နှောင်တော်မူ၏။” - ရှင်ပေတရုဩဝါဒစာဒုတိယ စောင် ၂:၄ (YLT)

မာရ်နတ်က လူ့သမိုင်းမှာ ဘယ်သူ့ကိုမှ အလွတ်မပေးခဲ့ပါဘူး။ သူက အားလုံးကို အပြစ် ရှာ၊ အပြစ်တင်၊ မတရားစွပ်စွဲခဲ့ပါတယ်။ အခုတော့ သူဟာ ခြောက်သွေ့တဲ့ကမ္ဘာမှာ သူ ရင်ဆိုင်ရမဲ့ရှေ့ရေးကို နှစ် ၁,၀၀၀ သုံးသပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီအဖြစ်ကို သမ္မာ ကျမ်းစာက အဆုံးမဲ့တွင်းနက်လို့ ဆိုပါတယ်။ မာရ်နတ်ရဲ့စိတ်ဓာတ် အဆုံးမရှိ ကျမယ့် သဘောပါ။ သူလည်း သူ့ရဲ့ခွင့်မလွှတ်နိုင်ခြင်းတွေနဲ့ အချုပ်ကျနေမှာ ဖြစ်ပါတယ်။ အဲဒါကို ယေရှုဘုရားက ဥပမာပြခဲ့ပါတယ်။

> “ထိုအခါ ပေတရုသည် ချဉ်းကပ်၍၊ သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကိုပြစ်မှား၍ အကျွန်ုပ်သည် သူ၏အပြစ်ကို ဘယ်နှစ်ကြိမ် လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်

မြောက်အောင် လွှတ်ရပါအံ့လောဟု မေးလျှောက်သော်၊ ယေရှုက၊ ခုနစ်ကြိမ် မြောက်အောင် လွှတ်ရမည် ငါမဆို။ အကြိမ်ခုနစ်ဆယ် ခုနစ်လီမြောက်အောင် လွှတ်ရမည် ငါဆို၏။ ထိုကြောင့် ကောင်းကင်နိုင်ငံတော်သည်၊ မိမိကျွန်များတို့ကို စာရင်းယူခြင်းငှာ အလိုရှိသောမင်းကြီး တစ်ဦးနှင့် တူ၏။ စာရင်းယူစဉ်တွင်၊ ငွေ အခွက်တစ်သိန်းကြွေးတင်သောသူတစ်ယောက်ကို ရှေ့တော်သို့ဆောင်ခဲ့ကြ၏။ ထိုသူသည် ကြွေးဆပ်ရန်မရှိသောကြောင့်၊ ကိုယ်မှစ၍ သားမယားဥစ္စာရှိသမျှတို့ ကိုရောင်း၍ ကြွေးကိုဆပ်စေဟု သူ၏သခင်စီရင်၏။ ထိုကျွန်သည် ညွတ်ပျပ်ဝပ် တွားလျက်၊ သခင်၊ ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည် ဟု လျှောက်လျှင်၊ သူ၏သခင်သည် သနားခြင်းရှိသဖြင့် ကြွေးရှိသမျှကိုလွှတ်၍ ချမ်းသာပေးလေ၏။ ထိုကျွန်သည် ထွက်သွားရာတွင် မိမိငွေဒေနာရိတစ်ရာ ကြွေးတင်သော ကျွန်ချင်းတစ်ယောက်ကို တွေ့လျှင်၊ လည်ပင်းကိုကိုင်ညှစ်၍ ငါ့ ငွေကိုဆပ်ပေးလော့ဟု ဆို၏။ ထိုကျွန်ချင်းသည် ကျွေးရှင်၏ခြေရင်း၌ ပျပ်ဝပ် လျက် ကျွန်တော်ကို သည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု တောင်း ပန်သော်လည်း၊ ငွေရှင်သည် နားမထောင်ဘဲသွား၍ ကြွေးကိုမဆပ်မီတိုင်အောင် သူ့ကိုထောင်ထဲမှာ လှောင်ထား၏။- ထိုအမှုအရာကို အခြားသောကျွန်ချင်းတို့ သည် မြင်လျှင် အလွန်နာကြည်းသောစိတ်နှင့် သွား၍၊ ပြုလေသမျှတို့ကို မိမိတို့ သခင်၌ ကြားလျှောက်ကြ၏။ ထိုအခါ သခင်သည် ထိုကျွန်ကိုခေါ်၍၊ ဟယ် ဆိုး ညစ်သောကျွန်၊ သင်သည် ငါ့ကိုတောင်းပန်သောကြောင့် သင်၌တင်သမျှသော ကြွေးကို ငါရှင်းလင်းစေ၏။ ငါသည် သင့်ကိုသနားသကဲ့သို့ သင်သည်လည်း ကျွန် ချင်းကို မသနားအပ်သလောဟု ဆိုလျက်၊ **အမျက်ထွက်၍ ကြွေးရှိသမျှကို မဆပ် မီတိုင်အောင် အာဏာသားတို့လက်ကို အပ်လေ၏။** သင်တို့သည်လည်း ညီအစ် ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက် အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိ တော်မူသော ငါ၏အဘသည် ထိုနည်းတူ သင်တို့ကို စီရင်တော်မူလတ္တံ့ဟု မိန့် တော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၁၈: ၂၁-၃၅

သခင့်အပေါ် အကြွေးရှိတဲ့ ကျွန်တစ်ယောက် အကြွေးလျှော်ပေးတဲ့အတွက် ကျေးဇူးကြွေး ရှိနေရဲ့သားနဲ့ သူ့အပေါ် အကြွေးနည်းနည်းတင်တဲ့လူကိုကြတော့ အပြစ်ရှာပါတယ်။ ဆိုလိုတာက သူများကို ခွင့်မလွှတ်တတ်တဲ့သူဟာ ပြန်အထောင်းခံရမယ်လို့ ပြချင်တာပါ။ ဘုရားက သူတို့ကို မရိုက်ပါဘူး။ သူ့သဘောသူဆောင်ဖို့ ခွင့်ပြုတာပဲရှိတာပါ။ နတ်ရဲတွေ က ဒါကိုကြောက်ကြတာပါ။

> "ကိုယ်တော်ကိုမြင်လျှင် ပျပ်ဝပ်၍၊ အမြင့်ဆုံးသောဘုရားသခင်၏ သားတော်ယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်နှင့် အဘယ်သို့ ဆိုင်သနည်း။ **အကျွန်ုပ်ကို ညှဉ်းဆဲတော်မမူမည်အကြောင်း အကျွန်ုပ်တောင်းပန်ပါသည်**ဟု ကြီးသောအသံနှင့် အော်ဟစ်၍ လျှောက်လေ၏။ လျှောက်သည်အကြောင်းကား၊ နတ်ဆိုးသည် ထိုလူကို အဖန်များစွာဖမ်းဆီးလှုပြီ။ ခြေချင်းသံကြိုးနှင့် အကျဉ်းထားသော်လည်း ခြေချင်းသံကြိုးကိုဆွဲဖြတ်၍ နတ်ဆိုးသည် တောအရပ်သို့ နှင်မြဲရှိကြောင်းကို ကိုယ်တော်သည်ထောက်၍၊ ညစ်ညူးသောနတ်၊ ထိုလူမှ ထွက်သွားလော့ဟု မိန့်တော်မူခဲ့ပြီ။ ယေရှုကလည်း၊ သင်သည် အဘယ်အမည်ရှိသနည်းဟု မေးတော်မူလျှင်၊ ထိုလူကို နတ်ဆိုးအများ စွဲသောကြောင့် အကျွန်ုပ်အမည်ကား လေဂေါင်ဖြစ်ပါသည်ဟု လျှောက်ပြီးမှ၊ **အနက်ဆုံးသော အရပ်သို့သွားစေခြင်းငှာ မနှင်ပါမည်အကြောင်း တောင်းပန်လေ၏။** ထိုအရပ်၌ တောင်ပေါ်မှာ များစွာသောဝက်အစုသည် ကျက်စားလျက်ရှိ၏။ ထိုဝက်ထဲသို့ ဝင်ရပါမည်အကြောင်း အခွင့်ပေးတော်မူပါဟု နတ်ဆိုးတို့သည် တောင်းပန်ပြန်လျှင် အခွင့်ပေးတော်မူ၏။ နတ်ဆိုးတို့သည် လူမှထွက်၍ ဝက်ထဲသို့ဝင်သဖြင့်၊ ဝက်အစုသည် အိုင်ကမ်းဖောက်ကို တစ်ဟုန်တည်း ပြေးဆင်း၍ အသက်ဆုံးကြ၏။" - ရှင်လုကာခရစ်ဝင် ၈:၂၈-၃၃

အနီးအဖြစ်အပျက်မှာ ညှဉ်းဆဲခြင်းနဲ့ အဆုံးမဲ့တွင်းနက်အကြောင်း တွေ့ရပါတယ်။ နတ်ရဲများဟာ သူတို့ခံရမယ့်ဒဏ်အတွက် ဘုရားသခင့်သားတော်ကို အပြစ်ရှာကြပြီး သူတို့ရဲ့ ဝသီအတိုင်း ခရစ်တော်ကို အပြစ်ဖို့ကြပါတယ်။ ပင်လယ်ထဲကျသွားတဲ့ဝက်တွေက တန်ဖိုး ကြီးတဲ့ ပုလဲရတနာကို ငြင်းပယ်ကြတဲ့ နတ်ရဲတွေကို ပုံဆောင်ပါတယ်။

အနှီနတ်ရဲတွေဟာ ဘုရားသားတော်ကို သူတို့ခြေနဲ့ နင်းချေခဲ့ပြီး သူ့ရဲ့သမာဓိကိုလည်း မုန်းကြပါတယ်။

> "ဖြူစင်သောအရာကို ခွေးတို့အား မပေးကြနှင့်။ **ပုလဲရတနာတို့ကို ဝက်တို့ရှေ့မှာ မချမထားကြနှင့်။** သို့ပြုလျှင် ထိုအရာတို့ကို ကျော်နင်း၍ သင်တို့ကိုလှည့်လျက် ကိုက်ဖြတ်ကြလိမ့်မည်။" - ရှင်မဿဲခရစ်ဝင် ၇:၆

ဝက်တွေ ပင်လယ်ထဲ ဝရုန်းသုန်းကားကျသွားတဲ့အဖြစ်က နတ်ရဲတွေလည်း သူတို့ရဲ့ အမှတ်အတေးတွေမှာ ဒေါင်ချာစိုင်းကြမှာကို ပြပါတယ်။ သူတို့မှာ ဆောင်ပုဒ်ရှိပါတယ်။

ငါတို့ ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ ငါတို့ ဘယ်တော့မှ မမေ့ဘူး။

ဒီဝါစာက နတ်ရဲတွေကို ပြန်ပြီးပဲ့တင်ပါတယ်။ သူတို့က ခွင့်မလွှတ်တတ်ကြသလို သူတို့ လုပ်ခဲ့တဲ့ အရာတွေကိုလည်း မမေ့နိုင်ကြပါဘူး။ သူတို့ဟာ ခွင့်လွှတ်ခြင်းရမယ်လို့ကို မယုံ နိုင်ဖြစ်ကြပါတယ်။ သူတို့ဟာ ဘုန်းအပြည့်နဲ့ရှိမယ့် ဘုရားသခင်ကို ရင်ဆိုင်ရဖို့ နှစ် ၁,၀၀၀ အကျဉ်းကျနေမှာ ဖြစ်ပါတယ်။ အဲဒီအခါကျရင် သူတို့ရဲ့အဖြစ်မှန်ကိုမြင်ပြီး ပင်လယ်ထဲ ကျသွားတဲ့ ဝက်တွေလိုဖြစ်ကြမှာပါ။

> "သင့်ကို မြေတွင်းထဲသို့နှိမ့်ချ၍၊ **ပင်လယ်အလယ်၌ ဆုံးရှုံးသောသူကဲ့သို့ သင့်အ သက်သည် ဆုံးရှုံးရလိမ့်မည်။**" - ယေဇကျေလအနာဂတ္တိကျမ်း ၂၈:၆-၈ (KJV)

ကမ္ဘာကုန်တဲ့အခါ လုံးလုံးယိုယွင်းမှာ ဖြစ်ပါတယ်။ သမ္မာကျမ်းဂန်မှာ ကမ္ဘာကြီးဟာ လူတွေမနေမဲ့၊ အရာအားလုံး သုသာန်တစပြင်ပမာဖြစ်မယ့်အချိန်ရှိတယ်လို့ လာပါတယ်။

> "ငါကြည့်ရှု၍ လူမရှိ။ မိုးကောင်းကင်ငှက် အပေါင်းတို့သည် ပြေးကြပြီ။ ငါကြည့် ရှု၍ ဝပြောသောပြည်သည် တောဖြစ်လေပြီ။ မြို့များတို့သည် ပြိုပျက်လျက် ရှိ ကြ၏။ ထာဝရဘုရားရှေ့ ပြင်းစွာသော အမျက်တော်ရှေ့၌ ထိုသို့သောအခြင်း အရာတို့သည် ဖြစ်ရကြ၏။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ တစ်ပြည်လုံး

ပျက်စီးရာဖြစ်လိမ့်မည်။ ပျက်စီးခြင်းကို ငါမဆီးတား၊" - ယေရမိအနာဂတ္တိကျမ်း ၄:၂၅-၂၇

မာရ်နတ်ဟာ သွေးဆောင်စရာလူမရှိဘဲ နေရမှာဖြစ်ပါတယ်။ နတ်ရဲတွေခမျာ လုပ်စရာဘာဆိုဘာမှမရှိ ဖြစ်နေမှာပါ။ သူတို့ဟာ စိတ်ဓာတ်ကျခြင်း၊ ခါးသီးခြင်း၊ အတွင်းမီးတွေနဲ့ ချာချာလည်နေကြမှာ ဖြစ်ပါတယ်။ ပုထုဇဉ်ဆိုတာကလည်း သေသူသေ၊ ကောင်းကင်ရောက်သူရောက်နဲ့ သူတို့ဘဲကျန်နေမှာဖြစ်ပြီး အပြစ်ရဲ့အကျိုးတွေကို သယ်ပိုးမှာ ဖြစ်ပါတယ်။ လူ့အကုသိုလ်တွေဟာ အခုတော့ မာရ်နတ်နဲ့ အပေါင်းအပါနတ်ရဲတွေရဲ့ခေါင်းပေါ်ရောက်ပါပြီ။

"သို့ဖြစ်၍ သင့်ညီ၏အသွေးကိုခံယူခြင်းငှာ၊ မိမိပါးစပ်ကိုဖွင့်သော မြေကြီး၏ ကျိန်ခြင်းကို သင်သည်ခံရ၏။" - ကမ္ဘာဦးကျမ်း ၄:၁၁

မာရ်နတ်နဲ့ သူ့ရဲ့နတ်ရဲတွေ ပုထုဇဉ်တွေကို သွေးစွန်းစေခဲ့တဲ့အမှုက အခုတော့ မြေကြီးက သူတို့ကို ပြန်ပြီးခြောက်ပါပြီ။

အပြစ်ဖြေလွှတ်ရာနေ့မှာ ယဇ်ပုရောဟိတ်မင်းက သူ့ရဲ့လက်နှစ်ဖက်စလုံးကို ဆိတ်အပေါ်တင်ပြီး ဝန်ခံမှုလုပ်ခဲ့ပါတယ်။ ဟေဗြဲစာအရ အပြစ်ကို ဆိတ်အပေါ်တင်ပေးလိုက်တာပါ။

"အာရုန်သည် အသက်ရှင်သောဆိတ်ခေါင်းပေါ်မှာ လက်နှစ်ဖက်ကိုတင်လျက်၊ ဣသရေလအမျိုးသားတို့၏ ဒုစရိုက်မှစ၍ ပြစ်မှားသော အပြစ်အမျိုးမျိုးရှိသမျှတို့ကိုဖော်ပြ၍၊ ဆိတ်ခေါင်းပေါ်မှာ တင်ထားပြီးလျှင်၊ တော်လျော်သောလူတွင် တောသို့စေလွှတ်ရမည်။" - ဝတ်ပြုရာကျမ်း ၁၆:၂၁

ဒါဟာ ဘာအဓိပ္ပာယ်လဲ။ အာဒံက ခရစ်တော်အပေါ် အပြစ်တင်ခဲ့သလို လိုက်လုပ်နေတာလား။ ခရစ်တော်က အရာအားလုံးအတွက် မာရ်နတ်ကို အပြစ်တင်နေတာလား။

ယေရှုက သူဟာ ဘယ်သူ့ကိုမှ အပြစ်မတင်၊ ဒဏ်မပေးဘူးလို့ ကျွန်တော်တို့ကို မိန့်ခဲ့ပါတယ်။ ဒါပေမဲ့ ခရစ်တော်ရဲ့တရားရုံးမှာ ဘာဖြစ်ပျက်သလဲဆိုတာ ကျွန်တော်တို့ အမှတ်ရနေပါတယ်။

> "ထာဝရဘုရားသည် တရားစီရင်ဆုံးဖြတ်တော်မူခြင်းအားဖြင့် ထင်ရှားတော်မူ၏။ မတရားသောသူသည် မိမိလုပ်သော အလုပ်ထဲမှာ ကျော့မိခြင်းကိုခံရ၏။" - ဆာလံကျမ်း ၉:၁၆
>
> "သင်ပြုသည်အတိုင်း သင်၌ သူတစ်ပါးပြုလိမ့်မည်။ သင်ပြုသောအမှုသည် သင့်ခေါင်းပေါ်သို့ ရောက်ရလိမ့်မည်။" - ဩဗဒိဗျာဒိတ်ရူပါရုံ ၁:၁၅
>
> "အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။" - ဂလာတိဩဝါဒစာ ၆:၇

မာရ်နတ်ဟာ သူ့အတတ်နဲ့သူ ပြန်စူးမှာပါ။ မော်ဒကဲကိုသတ်ဖို့ ကြိုးစင်ပြင်ခဲ့တဲ့ ဟာမန်အတိုင်းပဲ (ဧသတာ ၇:၁၀) မာရ်နတ်လည်း သူတကာကိုလိုက်ဖော်ခြင်းအတွက် သူကိုယ်တိုင် ဒဏ်ခံရမှာဖြစ်ပါတယ်။

ပုရိသနဲ့ပြစ်မှားတဲ့ အမျိုးသမီးကို အပြစ်ပေးချင်လို့ ခေါ်လာကြတဲ့လူတွေ ယေရှုက မြေကြီးပေါ်စာရေးတဲ့အခါ စိတ်မလုံဖြစ်ကြပြီး အလျှိုလျှို ပျောက်သွားကြတဲ့အတိုင်းပဲ ခရစ်တော်က မာရ်နတ်ရဲ့ဘဝကို အကုန်အစင်သိပါတယ်။ မာရ်နတ်လုပ်ခဲ့တဲ့ အရာအားလုံး ခရစ်တော်ဆီမှာ ရေးထိုးထားပါတယ်။ လူသားတွေလုပ်တဲ့ အပြစ်တွေအားလုံး ယေရှု ဆီမှာရှိပါတယ်။ "အာရုန်က ဣသရေလအမျိုးသားများရဲ့ အပြစ်အားလုံးကို ဆိတ်အပေါ် တင်ပါတယ်။" ဒီမှာသုံးတဲ့ ဝေါဟာရက "ဖော်ပြ" ဖြစ်ပါတယ်။ အကျိန်တိုက်တာ မဟုတ် ပါဘူး။ "ဖော်ပြ" ရဲ့ဆက်စပ်အဓိပ္ပာယ်ကတော့

(လက်ဆန့်ရင်း)၊ (လက်တုန်တုန်နဲ့) မြည်တမ်းသည်။

ကာဣနတုန်းကလည်း ခရစ်တော်က ဘာမှအကျိုန်မတိုက်ခဲ့ပါဘူး။ သူ့ရဲ့အပြုအမူတွေကို ဖော်ပြပြီး မီးခိုးကြွက်လျှောက် လိုက်လာမယ့်အကျိုးတွေကိုဘဲ မိန့်သွားတာပါ။ သူ့အပေါ် ဘာတွေဖြစ်မှာကို ဝမ်းနည်းနည်းနဲ့ဘဲ မိန့်ခဲ့တာပါ။

> "သို့ဖြစ်၍ သင့်ညီ၏အသွေးကိုခံယူခြင်းငှာ၊ မိမိပါးစပ်ကိုဖွင့်သော မြေကြီး၏ ကျိန်ခြင်းကို သင်သည်ခံရသောကြောင့်၊ ယခုမှစ၍မြေ၌လုပ်သောအခါ ပကတိ အတိုင်း အသီးအနှံကိုမရ ရ။ မြေကြီးပေါ်မှာ ပြေးရသောသူ၊ အရပ်ရပ်လည်ရ သောသူ ဖြစ်ရလိမ့်မည်ဟု မိန့်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၄:၁၁၊ ၁၂

မာရ်နတ်လည်း ကာဣနလိုဘဲ နှစ် ၁,၀၀၀ လျှောက်ပတ်နေရမှာပါ။ နှစ် ၆,၀၀၀ သက်တမ်းရှိ အပြစ်ရဲ့အကျိုးတွေနဲ့ နေရမှာပါ။ ခရစ်တော်က ကာဣနတုန်းက မိန့်ခဲ့သလိုမျိုးပဲ မာရ်နတ်အပေါ်မှာလည်း သူ့ရဲ့မကောင်းမှုကြောင့် ဖြစ်လာမယ့်မကောင်းကျိုးကို မိန့်တာပါ။

ပုထုဇဉ်ဖက်ကရှုရင်တော့ နိုင်ငံတော်ရဲ့ အပြစ်ထုကြီးတစ်ခုလုံးကို မူလအရင်းအမြစ်ဆီ ပြန်တင်ပေးသလိုမျိုး မြင်ရပါတယ်။ ဒါပေမယ့် ဘုရားသခင်ကတော့ ဒီလိုလက်လွှဲဖို့ မချမှတ်ပါဘူး။ အပြစ်ဆိုတာ ရွှေ့မရ၊ ကုမရ၊ ခွင့်လွှတ်လို့မရဆိုတဲ့ မာရ်နတ်ရဲ့ နိယာမအတိုင်း ဖြစ်သွားတာပါ။ ဘုရားဖက်ကကြည့်ရင် ဖြစ်ပျက်တာတွေဟာ တာ့တာလို့ လက်ပြတဲ့ပုံမျိုးလို ဖြစ်ပါတယ်။ မာရ်နတ်က သူပြုထားတာကို ပြန်ရင်ဆိုင်ရတာပါ။ ခရစ်တော်က အရောင်ခြယ်နေတာ မဟုတ်ပါဘူး။ ခရစ်တော်ရဲ့လမ်းစဉ်က ကျွန်တော်တို့နဲ့ မတူပါဘူး။ ခရစ်တော်နဲ့ ခမည်းတော်တို့က ကယ်တင်ခြင်းရပြီးသူတွေရဲ့အပြစ်ကို လွှတ်ပေးပြီးသား ပါ။ သူတို့ဟာ အပြစ်လွှတ်ဖို့အတွက် ပွဲတင်ဖို့မလိုအပ်ပါဘူး။

လူသားတွေ အပြစ်ကနေ ဘယ်လိုလွတ်တယ်ဆိုတာကို ပုံဆောင်မှုတွေနဲ့ နားလည်ပုံက ဘုရားသခင်ဟာ အပြစ်ကို ဖြေရှင်းပေးမှာဖြစ်ကြောင်း မိန့်တာဆိုပြီး ကျေနပ်ကြပါတယ်။

လူတွေရဲ့အပြစ်အားလုံး ဓားစာခံဆိတ်အပေါ်တင်တာကြောင့် ခရစ်တော်ကို ပုံဆောင်ပါတယ်လို့ မှတ်ကြတဲ့လူကလည်း များပါတယ်။ ဆိတ်တွေက စာရေးတံနဲ့ မဲရွေးတာဖြစ်ကြောင်း၊ ဘယ်အကောင်မဆို ဖြစ်နိုင်ချေရှိကြောင်း ကျွန်တော်တို့ နားလည်ပြီးသားပါ။ ဟေဗြဲဝေါဟာရမှာကိုက ဆိတ်ဟာ မာရ်နတ်ဆိုတဲ့ အဓိပ္ပာယ်ပါပြီးသားပါ။ Azazel ဆိုတာ လည်း ဒီအဓိပ္ပာယ်ပါပြီးသားပါ။ အင်္ဂလိပ်လို scapegoat ဟာ ဟေဗြဲလို Azazel ပါ။[30] အခမ်းအနားအားလုံးက အပြစ်ဆိုတာကို မာရ်နတ်ရဲ့စနစ်အတိုင်းသွားပြီး နောက်ဆုံးမှာ စကြဝဠာကနေ အပြီးပိုင်ပထုတ်မှာဖြစ်ပါတယ်။

ဘုရားသခင်က ကျွန်တော်တို့အပြစ်အားလုံးကို ခရစ်တော်အပေါ်တင်ဖို့ မချမှတ်ခဲ့ပါဘူး။ အာဒံက အစကတည်းကချမှတ်ခဲ့လို့သာ ပုထုဇဉ်တို့က လိုက်လုပ်နေတာပါ။ အပြစ်ဆိုတာ လွှဲတင်လို့ရတယ်ဆိုတာကို ကျွန်တော်တို့က ဒီတစ်နည်းကိုဘဲသိတာပါ။

> "ထိုအနှစ်တစ်ထောင်ကုန်ပြီးမှ၊ စာတန်သည် ထောင်ထဲက လွတ်သောအခွင့်ကိုရ၍၊ အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှ များသောဂေါဂ၊ မာဂေါဂတည်းဟူသော မြေကြီး လေးမျက်နှာပေါ်မှာနေသော လူအမျိုးမျိုးတို့ကို လှည့်ဖြားအံ့သောငှာလည်းကောင်း၊ စစ်တိုက်ဖို့ စည်းဝေးစေခြင်းငှာလည်းကောင်း တက်လိမ့်မည်။ ထိုသူများတို့သည် မြေကြီးမျက်နှာပေါ်သို့ တက်၍၊ သန့်ရှင်းသူတို့၏ တပ်ကိုလည်းကောင်း၊ ချစ်ဖွယ်သော မြို့တော်ကိုလည်းကောင်း၊ ဝိုင်းကြ၏။ ထိုအခါ ဘုရားသခင့်အထံတော်၊ ကောင်းကင်မှ မီးကျ၍ သူတို့ကိုမျိုလေ၏။" - ဗျာဒိတ်ကျမ်း ၂၀:၇-၉

---

[30] 1906 Jewish Encyclopedia entry: http://jewishencyclopedia.com/articles/2203-azazel

နှစ် (၁,၀၀၀) ပြည့်မှ လူဆိုးတွေထမြောက်လာပါလိမ့်မယ်။ မာရ်နတ်ကလည်း ဒီလူဆိုးတွေနဲ့ သူ့ရဲ့ယန္တရားကို ချက်ချင်းပြန်လည်စေမှာပါ။ မာရ်နတ်လည်း သူ့ရဲ့ ငေါင်စဉ်းစဉ်း အဖြစ်ကနေ လုပ်စရာရှိပြီဆိုတာကို တွေ့လာမှာပါ။ မာရ်နတ်ဟာ မပြောင်းလဲပါဘူး။ သူဟာ ခွင့်မလွှတ်တတ်လို့ ခွင့်လွှတ်ခြင်းရမယ်လို့ မယုံနိုင်ခဲ့ပါဘူး။ မာရ်နတ်လည်း မြို့တော်သိမ်းဖို့ လူဆိုးတွေကို ဆွယ်ပါတယ်။ သူတို့ကလည်း ကောင်းကင်ကနေ ဆင်းလာတဲ့မြို့ထဲမှာ နေထိုင်သူများကိုသတ်ပစ်ဖို့ စိတ်ပိုင်းဖြတ်ပြီးကြပါပြီ။

လူဆိုးတွေလည်း ဘုရားရဲ့မြို့တော်ကိုသိမ်းဖို့ လမ်းရှာပါပြီ။ ဒါပေသိ သားတော်က တစ်ဆင့်ပြတဲ့ ဘုရားသခင်ရဲ့သိက္ခာတရားက သူတို့ကို ပြန်ခြောက်ပါတယ်။ ဘုရားသခင့်သားတော်ရဲ့ ဘုန်းတော်က သူတို့ရဲ့သတ်လိုစိတ်ကို သူတို့ဆီ ပြန်လှည့်စေပါတယ်။ သူတို့ဟာ ဘုရားနဲ့သားတော်ရဲ့ဘုန်းတော်ကို ရှုကြတဲ့အခါ ခရစ်တော်နဲ့ သစ္စာရှိသူများကို မုန်းလေလေဖြစ်ပြီး သူတို့အပြစ်ကို မြင်လေလေဖြစ်ကြပါတယ်။ အဆုံးမှာတော့ သူတို့အချင်းချင်း ပြန်ပက်ကြပြီး ပင်လယ်ထဲ ကျတဲ့ဝက်တွေလိုဖြစ်သွားပါတယ်။

> “အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ့တောင်များ အရပ်ရပ်တို့တွင် သူ့တစ်ဖက်၌ ဓားကို ငါမှာလိုက်သဖြင့်၊ လူအပေါင်းတို့သည် တစ်ယောက်ကိုတစ်ယောက် ဓားနှင့် ခုတ်ကြလိမ့်မည်။” - ယေဇကျေလအနာဂတ္တိကျမ်း ၃၈:၂၁

> “ထိုနေ့ရက်၌ ထာဝရဘုရား၏တန်ခိုးတော်ကြောင့် သူတို့သည် အလွန်ရုန်းရင်းခတ်မှုပြု၍၊ တစ်ယောက်ကိုတစ်ယောက် လက်ချင်းရိုက်သော်လည်း၊ တစ်ယောက်ကိုတစ်ယောက် တိုက်၍ သတ်ကြလိမ့်မည်။” - ဇာခရိအနာဂတ္တိကျမ်း ၁၄:၁၃

> “စစ်တိုက်သောသူရဲ၏ခြေစွပ်နှင့် အသွေးလူးသော အဝတ်တန်ဆာရှိသမျှတို့သည် မီးရှို့ဖို့မီးစာ ဖြစ်ရကြလိမ့်မည်။” - ဟေရှာယအနာဂတ္တိကျမ်း ၉:၅

“ကြောက်မက်ဖွယ်သော တစ်ကျွန်းတစ်နိုင်ငံသားတို့ကို သင်ရှိရာသို့ ငါပို့ဆောင်သဖြင့်၊ **သူတို့သည် သင်၏ပညာဂုဏ်ကို ဓားနှင့်ခုတ်၍၊ သင်၏တင့်တယ်ခြင်း အသရေကိုရှုတ်ချကြလိမ့်မည်။ သင့်ကို မြေတွင်းထဲသို့နှိမ့်ချ၍၊ ပင်လယ်အလယ်၌ ဆုံးရှုံးသောသူကဲ့သို့ သင့်အသက်သည် ဆုံးရှုံးရလိမ့်မည်။**” - ယေဇကျေလအနာဂတ္တိကျမ်း ၂၈:၇၊ ၈

မာရ်နတ်နဲ့လူဆိုးတွေလည်း ပင်လယ်ထဲ နှစ်မြုပ်သွားတဲ့ဖာရောနဲ့ သူ့ရဲ့စစ်သား၊ ဝက်တွေလိုပဲ ဇာတ်သိမ်းသွားကြမှာပါ။

ဆိတ် (၂) ကောင်ကို သုံးသပ်တဲ့အခါမှာ သူများအပေါ် အပြစ်တင်တတ်တဲ့ လူသားတွေရဲ့ တရားရေးစနစ်ကို မြင်ကြပါစို့။ ဘုရားရှေ့မှာ နောင်တရ၊ နှိမ့်ချပြီး ဆိတ်နှစ်ကောင်အကြောင်းရဲ့အနှစ်ဖြစ်တဲ့ — အပြစ်ကို ချက်ချင်းလွှဲတင်ခြင်းအကြောင်းကို ဝိဘဇ္ဇပြုကြပါစို့။

ဘုရားက ဆိတ် ၂ ကောင်အားဖြင့် လူတွေရဲ့စိတ်ထားကိုပြ၊ အာဒံရဲ့အပြစ်လွှဲချ ဓားစာခံ ရှာခဲ့တဲ့ဖြစ်ရပ်ဆီ ပြန်ပြီးဆွဲခေါ်ပါတယ်။

ကျွန်တော်တို့လည်း ဘုရားရှေ့မှာနှိမ့်ချပြီး အပြစ်လွှဲချတာမျိုးကို ရပ်ကြရအောင်လား။ လင်မယားတွေ ဘယ်လောက်များ နေ့တစ္စဝလွှဲချကြပါလိမ့်။ ဘယ်လောက်ကများ ဘယ်သူ့အပေါ် အပြစ်ပုံရမလဲဆိုပြီး ဒိုးပစ်ကြသလဲ။ အပြစ်ဖြေလွှတ်ရာနေ့ အခမ်းအနားက ကိုယ့်ဒုက္ခတွေသည် သူများကြောင့်ဖြစ်တာ ဆိုတဲ့အပြစ်တင်တာမျိုးကို ရပ်စေပါတယ်။ ကျွန်တော်တို့ ကောင်းဖို့အတွက် အဖဘုရားကိုဘဲအားကိုးပြီး သူများကို အပြစ်ဖို့ခြင်းတွေ ရပ်ကြရအောင်လား။

“ကိုယ်တော်သည် အကျွန်ုပ်တို့ကို တစ်ဖန်သနား၍၊ အကျွန်ုပ်တို့၏ ဒုစရိုက်ရှိသမျှတို့ကို ကျော်နင်းတော်မူလိမ့်မည်။ အကျွန်ုပ်တို့၏ အပြစ်အလုံးစုံတို့ကို နက်နဲသော ပင်လယ်ထဲသို့ ချပစ်တော်မူလိမ့်မည်။ ရှေးကာလမှစ၍ ဘိုးဘေးတို့အား

ကျိန်ဆိုတော်မူသည်အတိုင်း၊ ယာကုပ်၌ သစ္စာစောင့်ခြင်း၊ အာဗြဟံအား ကရုဏာ ကျေးဇူးပြုခြင်းကို စီရင်တော်မူလိမ့်မည်။" - မိက္ခာအနာဂတ္တိကျမ်း ၇:၁၉၊ ၂၀

## ၂၄။ တမန်မဲ့ဖြင့်

ကျွန်တော်တို့ အများကြီးနီးနှောပြီးခဲ့တဲ့အတိုင်းဘဲ တရားမျှတမှုနဲ့ပတ်သက်လို့ ပုထုဇဉ်တို့ခံယူပုံက လူတစ်ဦးဦး ပြောင်းလဲမှုရှိလာလိုရှိလာငြား စောင့်ကြည့်ဖို့ကာလဆိုတာ ပါဝင်ပါတယ်။ အံဝင်လာဖို့ ကရုဏာကာလ ပေးထားပါတယ်။ တရားရေးမှာတော့ အမှုပလပ်လို့မရတဲ့အခါ အမိန့်ချတာ ကြန့်ကြာစေဖို့ ရှေ့နေရှိရပါတယ်။

ထိန်းသိမ်းချိန်အတွင်း အပြစ်ရှိကြောင်းပေါ်ရင်တော့ တရားရုံးက သူ့အလုပ်သူဆက်လုပ်ပြီး ကြားဝင်ဝန်ဆောင်ပေးခြင်းလည်း ရပ်သွားပါတယ်။ ဥပဒေက အပြစ်ရှိသူကို စီရင်နိုင်ဖို့ ကြားဝင် ဝန်ဆောင်ပေးခြင်းကိုရပ်ရပြီး ဥပဒေအတိုင်း အပြစ်ပေးရပါတယ်။ လျှောက်လှဲ နိုင်တဲ့လမ်းတွေအားလုံး ပိတ်သွားတဲ့အခါ ရှေ့နေကလည်း တရားခံအတွက် ဝန်မဆောင် ပေးတော့ပါဘူး။

ခရစ်တော်ဘုရားကျပြန်တော့ အမြဲအသက်ရှင်ပြီး ကျွန်တော်တို့အတွက် အစဉ်ဝန်ဆောင် ပေးပါတယ်။

> "ယေရှုမူကား၊ နိစ္စထာဝရတည်သောကြောင့် မပြောင်းမလဲသော ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားလျက်ရှိ၏။- ထိုကြောင့်၊ အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏၊ ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက်၊ **ကာလအစဉ် အသက်ရှင်သောကြောင့်၊ သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။**" - ဟေဗြဲဩဝါဒစာ ၇:၂၄၊ ၂၅

ပုထုဇဉ်ကလည်း ဘုရားရဲ့ပညတ်တော်ကို ချိုးဖောက်မှန်းသိတဲ့အခါ ခရစ်တော်ဘုရားကို တမန်အဖြစ်ကိုးပြီး ဘုရားရဲ့ညှာတာမှုကို တောင်းပေးမှာပါဆိုပြီး ကိုးစားပါတယ်။

> "ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကိုမပြုစေခြင်းငှာ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။ တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်

သခင်သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။" - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၂:၁

တရားမျှတမှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ဉာဏ်နုကြောင့် ဘုရားသခင်က ကျွန်တော်တို့ကို ညှာတာအောင် ခရစ်တော်ဘုရားက တမန်လုပ်ပေးမယ့်ပုဂ္ဂိုလ်လို့ မှတ်ကြတာပါ။ အမှန်ကတော့ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၏လို့ ဆိုကတည်းက သူ့ဆီအသနား ခံတဲ့သူတွေကို မေတ္တာအစဉ်ပေးပါတယ်။

အမှန်ကတော့ ခရစ်တော်ဟာ ကျွန်တော်တို့ရဲ့အမှတ်အတိုင်း တမန်လုပ်ပေးခြင်းသာ ဖြစ်ပါတယ်။ ခရစ်တော်က ကျွန်တော်တို့ ရောက်လေရာရာ အခြေအနေနဲ့ ခမည်းတော်ဆီကို လက်စွဲခေါ်လိုစိတ်ရှိပါတယ်။

ခရစ်တော်ဘုရား မနုဿလူစစ်စစ်အဖြစ် လာနေပြခြင်း၊ ကျွန်တော်တို့အတွက် အသက်လှူလိုခြင်းတွေသည် ဘုရားသခင်သည် သားတော်ရဲ့ လျှောက်တင်မှုတွေကို နားညောင်းမှာပါလို့ ကျွန်တော်တို့ စိတ်ချနိုင်ဖို့ဖြစ်ပါတယ်။

> "ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ထိုကြောင့်၊ ငါတို့သည် သနားခြင်း ကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်း ကျေးဇူးတော်ကိုလည်းကောင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင် ချည်းကပ်ကြကုန်အံ့။" - ဟေဗြဲဩဝါဒစာ ၄:၁၅၊ ၁၆

ကျွန်တော်တို့ရဲ့ခရစ်ယာန်ခရီး အစပိုင်းမှာဆိုရင် ကျွန်တော်တို့ရဲ့ အပြစ်တွေကြောင့် ဘုရားသခင်က ကျွန်တော်တို့ကိုသတ်မှာကို ခရစ်တော်ကတားပေးတယ်လို့ မှတ်ကြပါတယ်။ အမှန်ကတော့ ခမည်းတော်ကို ကျွန်တော်တို့အမှတ်မှားနေချိန်မှာပဲ ခရစ်တော်က

ကျွန်တော်တို့နဲ့အတူ ရှိနေပေးတာပါ။ အဲဒီတစ်လျှောက်လုံးမှာလည်း အပြစ်ပေးနေတာတွေသည် ကျွန်တော်တို့ဆီကသာဖြစ်ပြီး ဘုရားဆီကမဟုတ်ကြောင်းကို မြင်တတ်ဖို့ သူ့ဖက်ကိုခေါ်နေပါတယ်။

အမှန်တော့ ခမည်းတော်သည် အပြစ်လွှတ်ပေးလိုကြောင်း၊ ညှာတာမှုအပြည့်ရှိကြောင်း၊ ခရစ်တော်က ဘုရားသခင်ကိုသိကျွမ်းသလိုမျိုး ကျွန်တော်တို့ကလည်း သိကျွမ်းဖို့ ခရစ်တော်က ကျွန်တော်တို့ကို ဖိတ်ခေါ်နေတာပါ။ ခမည်းတော်ဆီမှာ ခရစ်တော်နားချဖို့ရှိတာဆိုလို့ ကမ္ဘာကြီးရဲ့အပြစ်ဝန်ထုပ်ကို ဆက်ပြီးထမ်းလိုတဲ့အကြောင်းဘဲရှိပါတယ် (ဟေရှာယ ၆၃:၉)။

> "ခမည်းတော်သည် ငါ့ကိုသိတော်မူ၍၊ ငါသည်လည်း ခမည်းတော်ကို ငါသိ၏။ ငါသည် ကိုယ်အသက်ကို သိုးတို့အဖို့အလို့ငှာ စွန့်၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၀: ၁၄၊ ၁၅

ဘုရားသခင်က အပြစ်မပေးပါဆိုတဲ့ ပရမတ်ကိုငြင်းတဲ့သူများသည် သူတို့မှတ်တဲ့အတိုင်း ခံရမှာပါ။ သူတို့ရဲ့အခြေအနေအမှန်ကို သိတဲ့အခါ အကျိုးဆောင်ပေးမယ့် တမန်ကလည်း မရှိတော့တာကြောင့် သူတို့အပြစ် သူတို့ခံရမှာဖြစ်ပါတယ်။

ဘုရားကိုယုံကြည်တဲ့ လူတွေလည်း ဒီလိုစိတ်ထင့်ရတဲ့ အဖြစ်တွေကြုံဖို့ ဘုရားက ခွင့်ပြုထားပါတယ်။ ကျွန်တော်တို့က အာဒံလက်ကိုင်ထားတဲ့ တရားမျှတမှု နိယာမအောက်ရောက်ကြသူများ ဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ အပြစ်တွေကြောင့် ဘဝဆုံးပြီဆိုတဲ့ ခံစားမှုမျိုးကို နောက်ဆုံးသောကာလမှာ ခံစားကြရမှာပါ။

> "လူတစ်ယောက်မျှမရှိသည်ကို မြင်တော်မူ၏။ တောင်းပန်သောသူ တစ်ယောက်မျှမရှိသည်ကို အံ့ဩတော်မူ၏။ ထိုကြောင့်၊ မိမိလက်တော်သည် မိမိအဖို့ ကယ်

တင်ခြင်းအမှုကိုပြု၍၊ မိမိဖြောင့်မတ်ခြင်းတရားသည် မိမိကို ထောက်ပင့်၏။" - ဟေရှာယအနာဂတ္တိကျမ်း ၅၉:၁၆

အနီကျမ်းချက်က ခရစ်တော် ပထမအကြိမ်လာပွင့်ချိန်နဲ့ အလွန်သက်ဆိုင်ပါတယ်။ ဘုရား သခင်က သူ့ရဲ့သိက္ခာကို အလုံးစုံညွှန်းနိုင်မယ့်ပုဂ္ဂိုလ် ခရစ်တော်မတိုင်ခင်မှာ ရှာခဲ့ပေမယ့် တစ်ယောက်မှမတွေ့ခဲ့ပါဘူး။ အဲဒါကြောင့် သူ့ရဲ့သားတော်ကိုပဲ လွှတ်လိုက်ပါတယ်။ သမ္မာကျမ်းဂန်ကလည်း အဲဒီအကြောင်းတွေ ကျွန်တော်တို့ကို လမ်းပြဖြစ်ဖို့ ရည်သန်ပြီး ရေးထားခဲ့ပါတယ်။ (၁ ကော ၁၀:၁၁)။ ခရစ်တော်ဘုရား ကောင်းကင်မှာ ဝန်ဆောင်ပေး ခြင်းကို အဆုံးသတ်မယ့်အချိန်ကို ကျမ်းစာကမိန့်ထားပါတယ်။

"ဘုရားသခင်၏ ဘုန်းတန်ခိုး အာနုဘော်တော်ကြောင့်၊ ဗိမာန်တော်သည် မီးခိုးနှင့် ပြည့်၍ **ကောင်းကင်တမန် ခုနစ်ပါး၏ ဘေးဒဏ်ခုနစ်ပါး မကုန်မီတိုင်အောင် ဗိ မာန်တော်ထဲသို့ အဘယ်သူမျှ မဝင်နိုင်။**" - ဗျာဒိတ်ကျမ်း ၁၅:၈

"ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကိုစောင့်သော အရှင်ကြီးမိက္ခေလ သည် ပေါ်လာလိမ့်မည်။ လူမျိုးတစ်စုံတစ်မျိုးမျှ ဖြစ်သည်ကာလမှစ၍ ထိုကာလ တိုင်အောင်၊ မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။ ထို ကာလအခါ စာစောင်၌ စာရင်းဝင်သမျှသော သင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ ရောက်ကြလိမ့်မည်။" - ဒံယေလအနာဂတ္တိကျမ်း ၁၂:၁

ကမ္ဘာကြီးဟာ နောက်ဆုံးကာလကို ချဉ်းကပ်လာတဲ့အခါ လုံးဝ ပရမ်းပတာဖြစ်၊ ဘုရားရဲ့ သန့်ရှင်းသူတွေဟာ သေဒဏ်ကြုံကြတဲ့အခါမှာ သူတို့ရဲ့အပြစ်တွေ အာရုံမှာပေါ်လာပြီး သူတို့လည်း စိတ်ကျလုနီးပါး ဖြစ်ကြပါလိမ့်မယ်။

ဘုရားသခင်က တစ်ယောက်ယောက်ကို ဘယ်တော့မှမသတ်ဘဲ အစဉ်သနားတယ်လို့ သိတဲ့သူတွေက "သူတို့ရဲ့လက်တွေက သူတို့ကိုကယ်တင်ပြီး သူ့ရဲ့သမာဓိက သူ့ကို

အသက် ဆက်ပေးမှာပါ" လို့ မြင်လာပါမယ်။ ဆိုလိုတာက သူတို့ဟာ ဘုရားရဲ့ကတိတော်ကိုကိုင်စွဲပြီး ယေရှုသည် ခမည်းတော်အကြောင်း အလုံးစုံလာပြပါတယ်ဆိုတာကို ယုံကြတယ်လို့ ဆိုလိုပြီး အဲဒါကြောင့် ဘုရားက သူတို့ကို ဥပေက္ခာမပြုဘဲ သူတို့ဟာ အနှီယုံကြည်ခြင်းမှာ ဆက်ပြီးမြဲကြမှာပါ။ အနှီဟာ ဗိမာန်တော်ထဲမှာ ဘုရားရဲ့ဘုန်း ကိန်းပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဘုရားရဲ့လူတွေက အပြစ်ရှိကြပေမယ့် ဘုရားသည် မေတ္တာကရုဏာရှိတယ်လို့ မြင်ကြပါတယ်။ ခရစ်တော်ဟာ တမန်အဖြစ် အပြစ်တွေကို ဖြေရှင်းပေးဖို့ အသန့်ရှင်းဆုံးအခန်းမှာ အလုပ်ဆက်လုပ်ဖို့ မလိုတော့ပါဘူး။ သူတော်စင်များကလည်း သူတို့ကိုယ်ကို ရိုးမယ်ဖွဲ့ခြင်းကိုအောင်သွားပြီး ဘုရားကိုလည်း အပြစ်ပေးသူလို့ မမြင်ကြတော့ပါဘူး။ ယေရှုက အမျိုးသမီးဆီမှာ "သင့်ကို ငါလည်း မစီရင်ပါ" လို့ မိန့်တာမျိုးနဲ့ အတူတူပါ။

သူတော်စင်များရဲ့ ယုံကြည်သဒ္ဓါအား ဆက်လက်ရှင်သန်စေတာက ခရစ်တော်ကထောက် ပေးတဲ့ ယေရှုရဲ့ယုံကြည်ခြင်းပဲ ဖြစ်ပါတယ်။ သူတော်စင်များဟာ သူတို့ရဲ့သီလကို အ မှီမပြုဘဲ ခရစ်တော်တစ်ပါးတည်းကိုဘဲ မှီခိုဖို့ တရားရလာကြပါတယ်။ သူတို့ဟာ ယာကုပ် ရဲ့ဒုက္ခကို ဖြတ်ကျော်လာခဲ့ကြသူတွေဖြစ်လို့ ဘုရားက သူတို့ကို ဘယ်တော့မှ အပြစ်မဖို့ ဘူးဆိုတဲ့ ပရမတ်ကိုသိကြပြီး တရားစီရင်ခြင်းဆိုတာ အပြစ်တင်ဖို့မဟုတ်ဘဲ မေတ္တာပြ တာဖြစ်တယ်လို့ မှတ်ကြမှာဖြစ်ပါတယ်။

အနှီက ဖြောင့်မတ်တဲ့ယုံကြည်သူဟာ အပြစ်ရဲ့တစ်ဖက်မှာ ရှေ့နေလိုက်ပေးမယ့်သူမရှိလည်း ဆက်သွားနိုင်တယ် ဆိုတဲ့သဘောပါ။ အပြစ်သည် ပညတ်တော်ကိုချိုးဖောက်ခြင်းဖြစ်ပါတယ်။ ပညတ်တော်ဆိုတာက ဘုရားရဲ့သီလပါ။ ဘုရားသခင်သည် အပြစ်ဖို့တယ်၊ သတ်တယ်လို့ မယုံတော့တဲ့သူများဟာ ယာကုပ်ရဲ့ဒုက္ခကို ကျော်ဖြတ်ခြင်းအားဖြင့် သူတို့ရဲ့ ယုံကြည်သဒ္ဓါအားကို တံဆိပ်ခတ်ပြီးသားဖြစ်ကြပါတယ်။ ဘုရားသခင်က လူတွေကို

သေဒဏ်ပေးတယ်လို့ လူတွေက မှတ်နေကြတာသည် ဘုရားသားသမီးတွေကို တံဆိပ်ခတ်မယ့် လူ့သမိုင်းနောက်ဆုံးပိတ်မှာ ဖြစ်မှာပါ။ ဘုရားသားသမီးတွေကတော့ ဘုရားဟာ သူတို့အပြစ်ကြောင့် ဒဏ်ပေးချင်မှာဘဲလို့ သွေးဆောင်ခံရတဲ့အခါမှာ သူတို့သန္တာန်မှာရှိတဲ့ ခရစ်တော်ရဲ့ယုံကြည်ခြင်းက သူတို့ကို ဘုရားရဲ့မေတ္တာတော်မှာ အခြေခိုင်စေပြီး သံသယကို ပယ်သတ်ကြမှာ ဖြစ်ပါတယ်။ သူတို့ဟာ အောင်နိုင်သူများ၊ ဘုရားသခင်ရဲ့ ဣသရေလများ ဖြစ်ကြပါတယ်။

အဲဒီအကြောင်းတရားတွေကြောင့်လည်း သူတို့ဟာ ဘုရားက သူတို့ကို ဒဏ်ပေးမှာပဲလို့ ကြောက်နေချိန်မှာပဲ ကြားဖြန်ပေးသူမရှိလည်း ဆက်လက်တည်တံ့နိုင်ကြမှာ ဖြစ်ပါတယ်။ ခရစ်တော်က ဘုရားရဲ့လူတွေ ပံ့ပိုးပေးစရာ မလိုတော့ပါဘူး။ သူတို့ဟာ တရားမှန်ကို သိလာကြပြီး ခရစ်တော်ကလည်း သူတို့အကျိုးအတွက် လုပ်ပေးဖို့၊ သူတို့တောင်းတာကို ဖြည့်ဆည်းပေးဖို့ အစဉ်အသက်ရှင်လျက်ရှိပါတယ်။ သူတို့ဟာ အပြစ်တင်ခံရမှာ (သို့) ကယ်တင်ခြင်းရဖို့အတွက် သွေးသွန်းဖို့လိုတယ်ဆိုတာမျိုးကို စာမဖွဲ့ကြတော့ပါဘူး။ သူတို့ဟာ ပူဇော်သက္ကာဝတ်ကနေ လွတ်ကြပါပြီ။

ဘုရားသခင်ရဲ့သိက္ခာတော်ကို မလက်ခံကြတဲ့သူတွေက ဘုရားကတော့ ဒီလိုလုပ်မှာပဲဆိုတဲ့ သူတို့အမှတ်အတိုင်း ခံရမှာဖြစ်ပါတယ်။ သူတို့ရဲ့အပြစ်တွေကြောင့် ဘုရားက သူတို့ ကို ဥပေက္ခာပြုပြီ၊ ခရစ်တော်က သူတို့ကို ဘုရားလက်ထဲ ထိုးအပ်လိုက်ပြီလို့ ခံစားကြပါ တယ်။

> "ထိုနေ့၌ ခြိုးခြံစွာမကျင့်သောသူမည်သည်ကား မိမိအမျိုးမှပယ်ရှင်းခြင်းကို ခံရမည်။" - ဝတ်ပြုရာကျမ်း ၂၃:၂၉

ကမ္ဘာ့သမိုင်းပိတ်သိမ်းခါနီးမှာ ကိုယ့်ကိုယ်ကိုနှိမ့်ချပြီး ဘုရားက လူဆိုးတွေကို အပြစ်ဒဏ် ပေးလိုပါတယ်လို့ အမှတ်မှားခဲ့တာကို တောင်းပန်တဲ့သူတွေ

အပယ်ကျမှာမဟုတ်ပါဘူး။ အကြောင်းကတော့ ဘုရားသခင်က သူတို့ကို စောင့်ကြိုနေတယ်ဆိုတာကို သိကြလို့ ဖြစ်ပါတယ်။

> "ပဋိညာဉ်တရားကို ပြစ်မှားသောသူတို့သည် ချော့မော့ရာသို့ လိုက်၍ ယိုယွင်းကြလိမ့်မည်။ **မိမိတို့ ဘုရားသခင်ကို သိသောသူတို့မူကား၊ ကြီးစွာသောအားနှင့် ပြုကြလိမ့်မည်။**" - ဒံယေလအနာဂတ္တိကျမ်း ၁၁:၃၂

ဘုရားသခင်ရဲ့သိက္ခာတော်ကိုသိဖို့ သမ္မာကျမ်းစာကို မစူးစမ်းကြတဲ့ပုဂ္ဂိုလ်တွေသည် သူတို့ရဲ့အပြစ်တွေနဲ့ဘဲ နပမ်းသတ်နေကြမှာပါ။ သူတို့ဟာ အာဒံရဲ့ တရားရေးမှုကို လက်ကိုင် ကြတဲ့အတွက် ဘုရားရဲ့လူတွေနဲ့ စည်းခြားသွားမှာဖြစ်ပါတယ်။

ဘုရားရဲ့သားသမီးတွေ ဖြန်ဖြေပေးသူမရှိပဲ အခက်အခဲကို ဖြတ်ကျော်ကြရမယ့်အကြောင်းဟာ လူတွေဟာ တရားမျှတမှုကို ဒီလိုနားလည်ကြလို့ ဖြစ်ပါတယ်။ ခရစ်တော်သည် ယုံကြည်သဒ္ဓါ အားသန်သူများကို ကောင်းချီး၊ ကရုဏာ၊ မေတ္တာတွေပေးဖို့ ထာဝရအသက်ရှင်နေပါတယ်။ ယုံကြည်သူတွေကို ဒီလိုပံ့ပိုးနေတာကို သူကတော့ ဘယ်တော့မှ ရပ်မှာမဟုတ်ပါဘူး။ ယာကုပ်ရဲ့ ဒုက္ခကာလအတွင်း ဘုရားနဲ့ သူ့ရဲ့တရားမျှတမှုအပေါ် ထားရှိတဲ့ဒိဋ္ဌိအမှားကို ပြောင်းနိုင်မှသာ ဒီပံ့ပိုးမှုကို ရနိုင်မှာဖြစ်ပါတယ်။ ဘုရားရဲ့မျှတမှုဆိုတာက မေတ္တာကရုဏာ တောင်းတဲ့သူတိုင်းကို ပံ့သကူပေးဖို့ဖြစ်ပါတယ်။

တမန်မဲ့ကာလအတွက် ကျွန်တော်တို့ ပူစရာဘာမှမရှိပါဘူး။ ဖြောင့်မတ်သူတွေက ဘုရားသခင်က အပြစ်ဒဏ်ပေးမယ့်ကိစ္စကို လုံးလုံးမေ့ပျောက်ပြီး တမန်မဲ့လည်း ဖြစ်ပါတယ် ဆိုတဲ့အောင်စိတ် ရှိကြမှာပါ။ လူဆိုးတွေကို သူတို့ရဲ့အပြစ်က ပြန်ခြောက်မှာဖြစ်ပြီး ခရစ်တော်ဆီမှာ ကရုဏာတောင်းဖို့ရပ်ကြမှာပါ။ အကြောင်းကတော့ ပံ့သကူပေးကြောင်းကို မယုံတော့လို့ပါ။ အဲဒါကြောင့် မြည်တမ်းအံခဲခြင်းတွေရှိမှာ ဖြစ်ပါတယ်။ အနီးတရားအကြောင်း အလင်းရပြီး ကရုဏာတံခါးပိတ်တဲ့အခါ ဖြန်ဖြေပေးမယ့်သူ မရှိတော့ဘူးဆိုတဲ့ အနီးပရမတ်တရားကိုရကြပြီး ငြိမ်းအေးနိုင်ပါစေ။

## ၂၅။ အချိန် (Chronos) နှင့် ကရုဏာတံခါးပိတ်ခြင်း

တရားစီရင်ခြင်းမှာ အခြားအခရာကျတာတစ်ခု ရှိပါတယ်။ ဒါကတော့ အချိန်ရဲ့သဘော သဘာဝ ဖြစ်ပါတယ်။

စန်တာကလော့ပုံပြင်မှာ အချိန်ဆိုတာပါပါတယ်။ စန်တာကလော့ဟာ နှစ်ကုန်ပိုင်း ဒီဇင်ဘာလ ၂၅ ရက်မှာလာမှာမို့လို့ သတိဆောင်ပါ။

ကျွန်တော်တို့ဟာ စာမေးပွဲကို သတ်မှတ်ချိန်အတွင်း (သို့) ကန့်သတ်ချိန်နဲ့ဖြေပြီး ကြီးပြင်း လာခဲ့ကြပါတယ်။ ကန့်သတ်ဆိုတာက အချိန်နဲ့ဘယ်လိုဆက်နွှယ်တာလဲ။

လူတစ်ယောက်ကို ကရိယာအစုံပေးပြီး ကန့်သတ်ချိန်အတွင်း လုပ်စေတဲ့အခါ ဘာထူးသ လဲ။ ကန့်သတ်ဆိုတာက အချိန်ကိုင်တွယ်သူက အဖြေတစ်ခုခုရဖို့ အဓမ္မနဲ့ခိုင်းခြင်းဖြစ်ပါ တယ်။

အဲဒီကန့်သတ်တာကို ဒဏ် (သို့) သေမိန့်နဲ့ ထပ်ပေါင်းလိုက်တဲ့အခါ စိတ်ပိုင်းဆိုင်ရာ အလွဲ သုံးစားခြင်း ခံရပါတော့တယ်။

အချိန်နဲ့ဖိခြင်းနဲ့ တီထွင်ကြံဆမှုကြား ဆက်နွှယ်မှုကို သုတေသနလုပ်တာကနေ ရလာတဲ့ အဖြေကတော့။ ။

> လက်ရှိအဖွဲ့အစည်းများမှာ အတော်အသင့်မှ ပြင်းပြင်းထန်ထန် အချိန်ကန့်သတ် ခြင်းသည် ကြံဆမှုအပိုင်းမှာ အနုတ်လက္ခဏာ ပြတယ်။[31] လို့ဆိုပါတယ်။

ကန့်သတ်ချိန်အတွင်းမှာမပြီးရင် ဒဏ်ပေးမယ်လို့ ခြိမ်းခြောက်ခြင်းက လိုချင်တဲ့ရလဒ် ထက် ဆန့်ကျင်ဖက်ရလဒ်ကိုရစေကြောင်း အများအတွက် မမြင်သာပါဘူး။

---

[31] https://www.hbs.edu/faculty/Publication%20Files/02-073_03f1ecea-789d-4ce1-b594-e74aa4057e22.pdf

“ငါ သုံးအထိရေမယ်၊ အဲဒီအတွင်း ငါခိုင်းတာကိုမလုပ်ရင် ရိုက်မယ် (သို့) အခန်းထဲမှာ ပိတ်ထားမယ်” ဆိုတာမျိုး မိဘဘယ်နှစ်ယောက်များ သုံးခဲ့သလဲ။

အချိန်ကန့်သတ်တာက မလုပ်တဲ့သူတွေကို တောက်ထောက်ကြည့်ဖို့၊ စီရင်ဖို့၊ ဒဏ်ပေးဖို့ ဖြစ်ပါတယ်။ အချိန်ကန့်သတ်မှုနဲ့စိတ်ကိုဆွပြီး အလုပ်လုပ်ခိုင်းခြင်းဟာ အဆိုးမြင်ဝါဒက နေ အခြေခံတာဖြစ်ပြီး အခိုင်းခံရတဲ့လူဟာ အချိန်မကန့်သတ်ရင် အလုပ်မလုပ်ကြဘူးလို့ မှတ်စေပါတယ်။ အဲဒါကြောင့် အချိန်နဲ့ဖိခိုင်းတာက အမှန်တော့ အခိုင်းခံရသူကို ပုန်ကန် လိုစိတ်ရှိစေပါတယ်။

အချိန်ကို ဘယ်လိုလုပ်ပြီး ဖိအားအဖြစ် သုံးလို့ရရတာလဲ။ အဖြေကတော့ ရိုးပါတယ်။ ကျွန် တော်တို့အားလုံးက သေကြလို့ပါ။ အဲဒါကြောင့် အချိန်အကန့်အသတ် ရှိပါတယ်။ အချိန် ဆိုတာ ပုထုဇဉ်အတွက် ရှားပါးသယံဇာတရင်းမြစ် ဖြစ်ပါတယ်။ အဲဒါကြောင့် လူ့စိတ် မြှင့်တင်ပေးတဲ့ ကိရိယာအဖြစ် သုံးနိုင်တာပါ။

အနှီဟာ ဘုရားနဲ့ လုံးလုံးဆန့်ကျင်ပါတယ်။

> “အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊ အထွဋ်အမြတ် ဖြစ်တော်မူသောဘုရား မိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်းသော အရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့်၊ နှလုံးကြေကွဲသော သူတို့၏စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှာ၊ ကြေကွဲနှိမ့်ချသော စိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏။” - ဟေရှာယအနာဂတ္တိကျမ်း ၅၇:၁၅

ကောင်းကင်မှာရှိတဲ့ ကျွန်တော်တို့ရဲ့အဖဘုရားက ထာဝရအသက်ရှင်တာပါ။ သူ့ရဲ့ထာဝရဖြစ်တည်မှုကြောင့် အချိန်ဆိုတာ ကျွန်တော်တို့ တန်ဖိုးထားသလို ဖြစ်မနေပါဘူး။ အဲဒါကို ဆုပေးဒဏ်ပေးအဖြစ် ယူကြည့်ပါ။ ဘုရားအတွက် အချိန်မရှားပါဘူး။

အဲဒါကြောင့် အချိန် ရဲ့ သက်ရောက်မှုက ကျွန်တော်တို့အပေါ်မှာလိုမျိုးမဟုတ်ပါဘူး။ အချိန်ဆိုတာ သူ့အ တွက် တစ်မျိုးတစ်ဘာသာခြားနားနေပါတယ်။

> "ချစ်သူတို့၊ ထာဝရဘုရားမှာ ကာလတစ်ရက်သည်၊ အနှစ်တစ်ထောင်ကဲ့သို့ လည်းကောင်း၊ အနှစ်တစ်ထောင်သည် တစ်ရက်ကဲ့သို့ လည်းကောင်းဖြစ်သည် အရာတစ်ခုကို မမေ့လျော့ကြနှင့်။" - ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃:၈

ဘုရားကတော့ သူဖန်ဆင်းထားတဲ့အရာတွေကို ထိန်းကျောင်းနေတာနဲ့ပဲ အချိန်ပြည့်နေပါတယ်။ ဘုရားက နှစ်ထောင်ပေါင်းများစွာ အလုပ်လုပ်နေပါတယ်။ တစ်ဖက်ကနေပြောရရင် သူ့ရဲ့သားသမီးတွေကို ထိန်းနေရတာကို နှစ် (၁,၀၀၀) ကြာလည်း သူ့အတွက် (၁) ရက်ပမာပါပဲ။ ဒီလိုအရာသာမျိုးက ကျွန်တော်တို့ ချစ်ရသူတွေနဲ့ နေတဲ့အခါမှာ ခံစားလို့ ရပါတယ်။ အချိန်ကုန်မှန်းမသိ ဖြစ်တတ်ပါတယ်။ နာရီကိုကြည့်တဲ့အခါ နာရီအများကြီး စားမှန်း သိလိုက်ရပါတယ်။ အဲဒါကြောင့် ထာဝရဆိုတဲ့အရသာကို ကျွန်တော်တို့ အမြည်း စမ်းလို့ရပါတယ်။ ဒါပေမယ့် အချိန်ကို ကျွန်တော်တို့မှတ်ပုံက တစ်ဘာသာခြားဆဲပါ။ အကြောင်းကတော့ — ကျွန်တော်တို့အားလုံး သေကြလို့ပါ။

သေခြင်းက အချိန်ရဲ့တန်ဖိုးကို ပြောင်းပစ်လိုက်ပါတယ်။ အချိန်သည် အများစုအတွက် အလွန်တန်ဖိုးရှိပြီး ပဓာနကျတဲ့ ကုန်သွယ်ပစ္စည်း ဖြစ်လာပါတယ်။ အဲဒါကြောင့် "အချိန်သည်ငွေ၊" အချိန် "ဖြုန်း" စတဲ့စကားလုံးတွေ ကြားလာရပါတယ်။



အဲဒါတွေကို သန္တာန်မှာသွင်းရင်းနဲ့ ဂရိမှာ Chronos လို့ခေါ်တဲ့ဘုရား တကယ်ရှိပါတယ်။ အချိန် ပုံဆောင်တဲ့ဘုရားပါ။ ဂရိဒဏ္ဍာရီက ကျယ်ပြန့်ပါတယ်။ ဒါနဲ့ တစ်ချိန်မှာ Chronos ဟာ လူတွေအပေါ် ကာလဆိုးကျစေခဲ့တဲ့ Cronus နဲ့ တစ်ထပ်တည်း ကျခဲ့ဖူးပါတယ်။ ဒီသဘောကတော့ အချိန်က သူ့ရဲ့ သားသမီးတွေကို စားတဲ့သဘောပေါ့။ Cronus ကို သူ့ရဲ့သားသမီးတွေကိုစားတဲ့ နတ်ဘုရားအဖြစ် ပုံဖော်ထား ပါတယ်။ အနှိုဂန္တဝင်နှစ်ဦးဟာ အချိန်ရဲ့ရှင်ကြီး ဖြစ်ဖို့ ပေါင်းစည်းခဲ့ကြပါတယ်။[32]

သူ့ကို ခေါင်းသုံးလုံးနဲ့မြွေလို့ ပြောစမှတ်ပြုကြတာကလည်း စိတ်ဝင်စားစရာပါ။ ခေါင်းတွေကတော့ လူခေါင်း၊ နွားခေါင်း၊ ခြသေ့ခေါင်းတွေ ဖြစ်ပါတယ်။[33]

Chronos (Aeon လို့လဲခေါ်တယ်) ကတော့ သူ့ဟာသူဖြစ်တည်လာပြီး သယ်သူ့ဆီကမှ ဘာမှမရခဲ့ပါဘူး။ သူ့ကို ပါးသိုင်းမွေးရှိတဲ့အဖိုးအဖြစ် ပုံဖော်ထားပါတယ်။ သူက လူတွေ၊ ကာလပျက်တွေကို လာရိတ်ဖို့ ကောက်ရိတ်ဓားရှည် ကိုင်ထားပါတယ်။

Ananke ဆိုတဲ့ဘုရားမလည်း ဂရိဒဏ္ဍာရီမှာ ကနဦးတည်းကရှိပါတယ်။ သူဟာ လိုအပ်ခြင်း၊ ကြမ္မာနတ် ဖြစ်ပါတယ်။ သူ့ကို လွန်းဆံကိုကိုင်ထားတဲ့ပုံနဲ့တွေ့ရပြီး စကြဝဠာ

[32] https://en.wikipedia.org/wiki/Chronos
[33] https://www.greekmythology.com/Other_Gods/Primordial/Chronos/chronos.html

စတည်ချိန်ကစပြီး သူ့ရဲ့ခင်ပွန်း Chronos နဲ့အတူ ရှိခဲ့ပါတယ်။ Ananke နဲ့ Chronos ဟာ မြွေပုံသဏ္ဍာန်ဖြစ်ပြီး ၂ ကောင်သားလိမ်ပြီး နဂိုမူလဥကို ပတ်ထားကြပါတယ်။[34]

ကိုယ့်ဟာကိုယ်ဖြစ်တည်ပြီး ထာဝရအသက်ရှိတဲ့ ပါးသိုင်းမွှေးနဲ့ဖခင်ပုံရိပ်က သမ္မာကျမ်းစာလာ ဘုရားသခင်အကြောင်း လူတွေကို သိလွယ်စေပါတယ်။

သေခြင်းတရားအောက်မှာ နေကြရသူအားလုံးအတွက် ဘုရားမှန်နဲ့ Chronos ရဲ့မျက်နှာမျိုးစုံကြား အမှတ်မှားဖို့ မခက်ပါဘူး။ ထာဝရအသက် အာမခံရထားတဲ့ ပုဂ္ဂိုလ်အတွက်တော့ အချိန်ရဲ့သတ္တိယုတ်သွားပြီး သေခြင်းကိုကြောက်တဲ့စိတ်လည်း ပျောက်သွားပါတယ်။ ဒီလိုနဲ့ မြွေဘုရား Chronos ရဲ့မူလဘူတသရုပ်မှန်ကို ခွာပြလိုက်ပါပြီ။

ထာဝရသည် အချိန်ဆိုတာနဲ့လားလားကွာပါတယ်။ အချိန်ကတော့ သေခြင်းနဲ့ဆက်နွှယ်ပြီး အချိန်ကို ဖြုန်းခြင်း၊ မသုံးတတ်ခြင်းတို့က စိတ်ကို ဗလောင်ဆူစေပါတယ်။ ထာဝရဆိုတာကတော့ အနားရခြင်း၊ ငြိမ်းချမ်းခြင်း ဖြစ်ပါတယ်။ ဥပုသ် (Sabbath) နဲ့ ဆက်နွှယ်ပါတယ်။ ကမ္ဘာဦးကျမ်းမှာတော့ ပထမဆုံးသော သတ္တမနေ့ကျတော့ ညဦးနှင့်နံနက်သည် သတ္တမနေ့ဖြစ်သည်လို့ မလာတာဟာ ထူးပါတယ်။ ရှေ့ (၆) ရက်တွေကို ညဦးနှင့်နံနက်လို့ လာပါတယ်။ ဥပုသ်ဟာ အချိန်ကန့်သတ်ခြင်းမဲ့ပါတယ်။ အဲဒီနေ့ဟာ ကျွန်တော်တို့က ကောင်းကင်မှာရှိတဲ့ ခမည်းတော်နဲ့ သဟာယပြုရတဲ့ နေ့ဖြစ်ပြီး ဘုရားရဲ့အေးချမ်းမှုကို မြည်းစမ်းကြတဲ့နေ့ဖြစ်ပါတယ်။[35]

စာပေဂုရုကြီး တမန်တော်ရှင်ပေါလုက ဂရိစာဖတ်ကြတဲ့သူတွေကို အကြီးအကျယ် စိန်ခေါ်တဲ့စကား အများကြီးဆိုခဲ့ပါတယ်။

[34] https://www.greekmythology.com/Other_Gods/Primordial/Ananke/ananke.html
[35] အနီးအကြောင်း အကျယ်သိချင်ရင် fatheroflove.info မှာရနိုင်တဲ့ *Fountain of Blessing* စာအုပ်ကိုရှုပါ။

"ထိုကြောင့်၊ ငါတို့သခင်ဘုရား၏ သက်သေကိုလည်းကောင်း၊ ထိုသခင်ကြောင့် အကျဉ်းခံရသောသူဖြစ်သော ငါကိုလည်းကောင်း ရှက်ကြောက်ခြင်းမရှိနှင့်။ ဘုရားသခင်ပေးတော်မူသော တန်ခိုးကိုရသည်အတိုင်း ဧဝံဂေလိတရားနှင့် ဆက်ဆံ၍ ဆင်းရဲဒုက္ခကိုခံလော့။ ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကို ထောက်တော်မမူ။ ရှေးကပ်ကာလမရောက်မီ[G5550] [G166] [Chronos, aeonious မရှိမီ]၊ ယေရှုခရစ်အားဖြင့် ငါတို့အဖို့ ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကိုကယ်တင်၍၊ သန့်ရှင်းသောအရာ၌ ခေါ်သွင်းတော်မူ၏။" - တိမောသေသြဝါဒစာဒုတိယစောင် ၁:၈၊ ၉

ရှင်ပေါလုကတော့ ခရစ်တော်ဘုရားသည် Chronos Aeon မရှိခင်ကတည်းက ရှိပြီးသား လို့ ဆိုပါတယ်။ ဒါကတော့ ဂရိတွေနားယည်ပြီးသားအကြောင်းနဲ့ လုံးလုံးကို ကွာခြားပါ တယ်။ ဟေဗြဲတွေက ထာဝရကာလကို Olam လို့ ပြောပါတယ်။ စိတ်ဉာဏ်စဉ်မမီနိုင်တဲ့ ကာလ၊ မျက်စိဖြင့်မမြင်နိုင်တဲ့ကာလ၊ မိုးကုတ်စက်ဝိုင်းကြီးရဲ့တစ်ဖက် အစိဋ္ဌေယျလို့ ပြောချင်တာ ဖြစ်ပါတယ်။ ခရစ်တော်ဘုရားအကြောင်းကို အလင်းပြရာမှာ Olam ကို ဒီလိုသုံးကြပါ တယ်။


"အို ဗက်လင်ဖေရတ်မြို့ အစိုးရသော ယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေလအမျိုးကို အုပ်စိုးရသော သခင်သည် ငါ့အဖို့ သင်၏အထဲမှာ ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာ[Olam]မှစ၍ ပေါ်ထွန်းသောသခင် ဖြစ်၏။" - မိက္ခာအနာဂတ္တိကျမ်း ၅:၂

ဂရိတွေအတွက်ကတော့ ထာဝရဖြစ်တည်သူဟာ အစဆိုတာမရှိနိုင်ဘူးလို့ မှတ်ကြတာပါ။ အဲဒါက ဟေဗြဲတွေအတွက် မခက်ပါဘူး။ ခရစ်တော်ဟာ အချိန်မဖြစ်မီကတည်းက ရှိပြီးသားပါ။ အဲဒါက လူ့ဉာဏ်စဉ်နဲ့ မမီနိုင်တဲ့ အစိဋ္ဌေယျပါ။ အဲဒါက ခရစ်တော်ရဲ့အစနဲ့ ဟေဗြဲတို့ရဲ့ ထာဝရဆိုတာ သူ့ဆီမှာဒွန်တွဲလျက်ရှိကြောင်းကို အလွယ်လက်ခံစေပါတယ်။


ဂရိအတွက်ကတော့ အချိန်ဟာ သူ့အလိုလိုဖြစ်တည်တဲ့ဘုရားလို့ မှတ်ကြတာပါ။ အချိန်ရဲ့ ဘောင်အပြင်ဆိုတာကို လက်မခံနိုင် ဖြစ်ကြပါတယ်။ ခရစ်ယာန်တွေလည်း ခရစ်တော် ကို ဘုရားမှန်ဖြစ်ကြောင်း ပြရင်းကနေ Chronos ကို သတိမမူဘဲ လေးစားမှုပြကြပြီး ခရစ်တော်ဟာ ထာဝရဆိုတဲ့ကာလထဲမှာ ရှိပြီးသားဖြစ်ပြီး ဖြစ်တည်လာချိန် မရှိဘူးလို့ ဆိုကြပါတယ်။ ဒါက အချိန်နဲ့ထာဝရကို တစ်ခုထဲဖြစ်အောင် ပေါင်းခြင်းပါ။

ဟေဗြဲတို့ရဲ့ထာဝရနဲ့ ဂရိတို့ရဲ့ Chronos ကို ပေါင်းခြင်းဟာ ခရစ်တော်ဟာ ဘုရားသား အစစ်အဖြစ် ထာဝရကတည်းက ဖြစ်ခဲ့တယ်ဆိုတာကို ဖျက်ဆီးပါတယ်။ Chronos ဟာ ဂရိတို့ရဲ့ ဉာဏ်စဉ်ကနေလာတာဖြစ်ပြီး ထာဝရဆိုတဲ့ အကန့်ကိုဝင်သွားပြီး ယေဟောဝါ ရဲ့သားတော်ကို သတ်ပါတယ်။ Chronos က ဘုရားသခင်မှာ သားမရှိနိုင်ဘူး။ ဘာလို့လဲ ဆိုတော့ Chronos ရဲ့သဘောက ဘုရားဆိုသည်မှာ မမွေးဖွား၊ အဖေမရှိဘူး။

ခရစ်ယာန်အများစုက ထာဝရကာလရဲ့တစ်ကွေ့မှာ ခရစ်တော် စဖြစ်တည်ခဲ့တဲ့သမယ ရှိတယ်လို့ လက်မခံနိုင်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ဂရိတို့ရဲ့ Chronos/Aeon ထက် နိမ့်သွားမှာမို့လို့ပါ။ အဲဒါကြောင့် ခမည်းတော်နဲ့ညီနိုင်ဖို့ ခရစ်တော်ဟာ စဖြစ်တည်လာချိန် မရှိနိုင်ပါဘူး။ အဲဒီလိုနဲ့ ခမည်းတော်ကနေ အမွေရခြင်းကို ဖျက်ဆီးပါတယ်။ ကျွန်တော် တို့ဆိုခဲ့ပြီးတဲ့အတိုင်းဘဲ ဂရိတို့ကတော့ အချိန်နဲ့ထာဝရကို အတူတူလို့ မြင်ကြပါတယ်။ မရေတွက်နိုင်တဲ့ အချိန်လို့ မှတ်ကြပါတယ်။ အဲဒါဟာ ထာဝရမဟုတ်ပါဘူး။ အဆုံးမဲ့ ကာလ ဖြစ်ပါတယ်။




ဟေဗြဲတို့ရဲ့အယူက အောက်ကပုံအတိုင်းပါ။




ရှင်ပေါလုက ခရစ်တော်သည် အချိန် (သို့) Chronos မရှိခင်ကတည်းက ဖြစ်တည်ပြီးသား လို့ ဆိုပါတယ်။ ခရစ်တော်ဟာ ထာဝရကနေပြီး အချိန်စက်ဝန်းထဲကို လာခဲ့တဲ့သူပါ။ ထာဝရဖြစ်တည်ပြီးသားဖြစ်ပြီး သေခြင်းကိုမကြောက်၊ အချိန်ရဲ့အကန့်အသတ်နဲ့ မနေရ ပါဘူး။ အဲဒီကြောင့် ရှင်ပေါလုက ဒီလိုပြောထားပါတယ်။

> "မုသားနှင့်ကင်းစင်တော်မူသော ဘုရားသခင်သည်၊ ကမ္ဘာ [G4253] [Aeon (ios), Chronos မတိုင်ခင်ကတည်းက ကတိထား] မတည်မီ ကတိထားတော်မူ" - တိတု ဩဝါဒစာ ၁:၁-၃

ကျွန်တော်တို့က အချိန်ကိုချည်း အဓိကထားပြောနေကြတာဟာ သေမှာကြောက်လို့ပါ။ ကမ္ဘာကြီးမှာ သေခြင်းတရားမရှိရင် ဘယ်လိုဖြစ်မလဲလို့ မတွေးတတ်အောင် ဖြစ်နေကြ

လို့ အချိန်ရဲ့ကျေးကျွန် ဖြစ်နေကြရပါတယ်။ ဒါပေမယ့် ခရစ်တော်အားဖြင့် ထာဝရ အသက်ရကြောင်း သေချာလို့ရှိရင် ထာဝရဆိုတာကို အခုချိန်မှာကို မြည်းစမ်းနိုင်ပါတယ်။ ဆန္ဒရှိရုံ (သို့) လျှောက်မျှော်ဖို့ပြောတာ မဟုတ်ပါဘူး။ ခရစ်တော်ယေရှုကြောင့် တကယ် ကိုရနေပြီဖြစ်ကြောင်း သေချာကိုသိလို့ပါ။

အချိန်နဲ့ထာဝရကွာခြားပုံက ဂီတာတီးပြီး သီချင်းဆိုတာနဲ့ တူပါလိမ့်မယ်။ တေးဂီတမှာ စည်းချက်ဆိုတာ ရှိပါတယ်။ ဒါပေမယ့် အရေးပေးမခံရဘူးပေါ့။ စာသားကို အရေးပေးတာ ဖြစ်ပြီး မြန်နှုန်းက တေးဂီတ၊ အသံ၊ နောက်ခံအတွဲအဖက်တွေကို လိုက်ဖက်ညီစေပါ တယ်။ ဂီတမှာ စည်းချက်ကိုတင်ဖို့အတွက် စည်အကြီးတစ်ခုထည့်သုံးတဲ့အခါ စည်းချက် က ဂီတကို ခြယ်လှယ်ပါတော့တယ်။ အရာအားလုံး ပြောင်းသွားပါတယ်။ ဂီတကပေးမယ် အနှစ်သာရဟာ စည်းရိုက်ချက်ရဲ့အောက်မှာ တိမ်မြုပ်သွားပါတယ်။ သေခြင်းတရား ကမ္ဘာမှာဝင်လာတာဟာ ကျွန်တော်တို့ရဲ့ဘဝကို လာပြီးရိုက်သလို ဖြစ်ပါတယ်။ အချိန်က နည်းတဲ့အတွက် ကျွန်တော်တို့မသေခင်မှာ တစ်ခုခုလုပ်ဖို့ ထောင်းနေပါတယ်။ ကျွန်တော် တို့က ထာဝရအသက်ကို ရပြီဆိုတာကို သိတဲ့အခါမှာ စည်းချက်လည်း ညင်သာလာ ပါတယ်။ အရာရာကို အေးအေးနဲ့ စနစ်ကျစေပါတယ်။ စိတ်အေးချမ်းပြီး အာရုံချဲ့လာ ပါတယ်။

အချိန်ဆိုတာ ကျမ်းစာလာ တရားစီရင်ခြင်းအကြောင်း နားလည်ဖို့ အခရာပါ။ အခန်း (၁၅) မှာ တရားစီရင်ခြင်း စမယ့်အချိန်အကြောင်း နှီးနှောပြီးသား ဖြစ်ပါတယ်။ နှစ်ပေါင်း ၂,၃၀၀ ပြည့်မှ ဗိမာန်တော်ကို ဆေးကြောမယ်၊ Yom Kippur သည် ၁၈၄၄ ခုနှစ်ကျမှ စမယ်ဆိုတာကို ဒံယေလဆီမှာ ပြောထားပြီးသား ဖြစ်ပါတယ်။

ဘုရားသခင်က အနီအချိန်ကနေမှစပြီး ဘယ်သူရှင်မယ်၊ သေမယ်ကို မှတ်တမ်းစာအုပ် တွေနဲ့ စစ်မှာပါ။ ဒီမှာလည်း အခန်း (၁၉) မှာ ဆွေးနွေးခဲ့ပြီးတဲ့အတိုင်းဘဲ တရားစီရင်ခြင်း

ဆိုတာက ဘုရားသခင်က သူ့ရဲ့သားသမီးတွေကို မာရ်နတ်ရဲ့စွပ်စွဲခြင်းကနေ ကာပေးခြင်းပါ။ အများစုက ဒီတရားစီရင်ခြင်းကို တစ်မျိုးမြင်ကြပါတယ်။ တရားစီရင်ခြင်းကို "သတိထားပါ" ဆိုတဲ့ဖက်ကနေ မြင်ကြပါတယ်။

အဲဒီအမြင်က တရားစီရင်ခြင်းကို "နှင့်မှာပြုပြင်ဖို့ အချိန်အကန့်အသတ်ရှိတယ်။ မပြုပြင် လို့ရှိရင် အသတ်ခံရမယ်" ဆိုတာမျိုး ဖြစ်စေပါတယ်။ တရားစီရင်ခြင်းကို အဲဒီလိုမြင်ခြင်း က အပြစ်သားအတွက် ရည်ရွယ်ထားတာကို ဆန့်ကျင်ဖက်အကျိုး ဖြစ်စေပါတယ်။ အ ကြောက်တရားက အပြစ်ကို အောင်မြင်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ မှတ်စေပါတယ်။ ဘာ့ ကြောင့်လဲဆိုတော့ မေတ္တာတရားမှာ အကြောက်တရားမရှိလို့ပါ - (၁ ယော ၄:၁၈)။

ခရစ်တော်ဒုတိယအကြိမ် မကြွလာခြင်မှာ တရားစီရင်ခြင်းလုပ်မယ် ဆိုတဲ့အကြောင်းက ကျွန်တော်တို့ကို အချိန်လုစေပြီး ကျွန်တော်တို့ရဲ့ အချိန်ကိုးကွယ်မှုကို ထုတ်ပြပါတယ်။ ခရစ်ယာန်အများစုက ခရစ်တော်ဒုတိယအကြိမ် မကြွလာခင်မှာ တရားစီရင်ခြင်းရှိမှာကို ငြင်းကြတာကြောင့် ပညတ်တော် သူတို့ရဲ့ဓမ္မခရီးထဲဝင်မှာကို ရှောင်ကြပြီး အပြစ်ပွားစေပါတယ် - (ရောမ ၅:၂၀)။ လက်ဝါးကားတိုင်ပေါ်မှာ ပညတ်တော်ကို မှားယွင်းစွာ ရိုက်ခဲ့ကြလို့ ခရစ်တော်ဆီရောက်ကြဖို့ ကျွန်တော်တို့ရဲ့အပြစ်ကိုထောက်ပြမယ့် ဘုရား အစီအမံကို သူတို့က ပထုတ်ထားကြပါတယ်။

ခရစ်တော် နောက်တစ်ကြိမ်မကြွလာခင်မှာလုပ်တဲ့ တရားစီရင်ခြင်းဟာ ကျွန်တော်တို့ရဲ့ အချိန်ကိုးကွယ်တဲ့ဗီဇကို မြေလှန်ပစ်ဖို့ အရေးပါပါတယ်။ အနှီတရားစီရင်ခြင်းက အမြင် စောင်းသူတွေအတွက် ကြည့်မှန်ပြင်ဘဲ ဖြစ်ပါတယ်။ အပြစ်ပွားခြင်းကြောင့် ဘုရားရဲ့ မေတ္တာ ဆပွားလို့နေပါတယ်။

သမ္မာကျမ်းဂန်က တရားစီရင်ခြင်းရဲ့ အကျိုးဟာ အချိန် [Chronos] ကို နိဂုံးချုပ်ခြင်းလို့ ဆိုထားပါတယ်။

> “ဘုရားသခင်၏ ကျွန်တော်မျိုးပရောဖက်တို့အား ဝမ်းမြောက်စရာသတင်းကို ဗျာဒိတ်ထားတော်မူသည်နှင့် စပ်ဆိုင်သော ဘုရားသခင်၏ နက်နဲသောအရာသည်၊ ကာလမနှေးဘဲ သတ္တမကောင်းကင်တမန် တံပိုးမှုတ်ခြင်း အသံမြည်သော **နေ့ရက်ကာလ၌ ပြည့်စုံခြင်းသို့ ရောက်မည်**ဟု ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာကိုလည်းကောင်း၊ အရပ်ရပ်၌ ရှိရှိသမျှတို့ကိုလည်းကောင်း၊ ဖန်ဆင်း၍ ကမ္ဘာအဆက်ဆက် အသက်ရှင်တော်မူသော သူကို တိုင်တည်၍ ကျိန်ဆိုခြင်းကို ပြုလေ၏။” - ဗျာဒိတ်ကျမ်း ၁၀:၆၊ ၇

အသေးစိတ် တရားစီရင်ခြင်းသည် ကိုယ့်ရဲ့အချိန်ကိုမှီပြီး တရားစီရင်ခြင်း၊ အပြစ်တင်တဲ့ ဗီဇတွေကိုပြတဲ့ ဝိညာဉ်ရေးဆိုင်ရာ ကာကွယ်ဆေးမျိုးပါ။ ဘယ်သူ့ကိုမှ မစီရင်တဲ့ ခရစ်တော်ဘုရားဖက်က ရှုရရင် အနီးကာကွယ်ဆေးက အချိန်ကိုမှီတဲ့ စီရင်ခြင်းကနေလွတ်ဖို့ လုပ်ပေးခြင်းပါ။ အဲဒါကြောင့် ဒီတရားစီရင်ခြင်းမှာ ဘုရားသားသမီးတွေက အချိန်ကို အရေးပေးခြင်းကနေ ရပ်ကြတော့မှာ ဖြစ်ပါတယ်။ သူတို့ဟာ ထာဝရကာလမှာ နေကျင့်စကြတော့မှာဖြစ်ပြီး သေခြင်းကို မကြောက်ကြတော့ပါဘူး။

ကျွန်တော်ငယ်ငယ်တုန်းကတော့ အောက်ကကျမ်းချက်ကို ကြောက်ခဲ့ရပါတယ်။

> “တစ်ဖန်တုံ၊ ငါ့အားမိန့်တော်မူသည်ကား၊ ဤစာစောင်၏ အနာဂတ္တိစကားကို တံဆိပ်မခတ်နှင့်။ အကြောင်းမူကား၊ ကာလအချိန် ရောက်လုနီးပြီ။ မတရားသောသူသည် မတရားသဖြင့် ပြုစေဦး။ ညစ်ညူးသောသူသည် ညစ်ညူးစေဦး။ ဖြောင့်မတ် သောသူသည် ဖြောင့်မတ်စေဦး။ သန့်ရှင်းသောသူသည် သန့်ရှင်းစေဦး။” - ဗျာဒိတ်ကျမ်း ၂၂:၁၀၊ ၁၁

ဘုရားသခင်ဟာ သဲပေါ်မှာ မျဉ်းသားသလိုမျိုး တော်ပြီလို့ မိန့်လာမဲ့အချိန်ရှိပြီး အဆင်သင့် မဖြစ်တဲ့သူတွေတော့ ခံရမယ်လို့ ကျွန်တော့်ကို သင်ပေးခဲ့ပါတယ်။ ဘုရားသခင်က ညစ်ညူးသောသူသည် ညစ်ညူးစေဦးလို့ မိန့်လာမဲ့အချိန်

ရောက်လာမယ်ဆိုတာ မှန်ပါတယ်။ အနှီဟာလည်း ဘုရားသခင်မှာ အချိန်မရှိတော့လို့ သူ့စကားကို နားမထောင်တဲ့သူတွေကို အပြစ်ပေးတာမျိုး မဟုတ်ပါဘူး။

ဘုရားသခင်က သူ့ရဲ့သားတော်အားဖြင့် နိုင်ငံတစ်နိုင်ငံဟာ ကရုဏာဘယ်လို အပိတ်ခံရလဲ ဆိုတဲ့အဖြစ်က နောက်ဆုံးသောကာလအတွက်လည်း သင်ခန်းစာဖြစ်ပါတယ်။ ယုဒခေါင်းဆောင်များက ခရစ်တော်ကို ငြင်းဆန်ခဲ့ကြတဲ့အခါမှာ ခရစ်တော်ဟာ ယေရုရှလင်မြို့အတွက် မျက်ရည်ကျခဲ့ပါတယ်။ နောက်ဆုံးမှာ ယေရှုက "သင်တို့နေသော အိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏" လို့ မိန့်ပါတော့တယ် (ရှင်မဿဲ ၂၃:၃၈)။ ကရုဏာဆိုတာ ဘုရားသခင်က ပိတ်ခဲ့တာမဟုတ်ပါဘူး။ ပုထုဇဉ်ကသာ ပိတ်ပြီး ဘုရားက ကျွန်တော်တို့ရဲ့ရွေးချယ်မှုကို အလေးထားပြီး မဖြစ်မနေလက်ခံလိုက်တာပါ။

သမ္မာကျမ်းဂန်မှာ ဘုရားသခင်ရဲ့ကရုဏာတော်ဟာ အမြဲတည်တယ်လို့ လာပါတယ် (ဆာလံ ၁၀၀:၅။ ၁၀၇:၁။ ၁၃၆:၁။ ဧရ ၃:၁၁။ ယေရမိ ၃၃:၁၁)။ ဘုရားကတော့ ပေးကမ်းဖို့ အမြဲအသင့်ရှိပါတယ်။ ကမ္ဘာ့နောက်ဆုံးပိတ်ကာလပိုင်းက လူတွေက သမ္မာကျမ်းဂန်လာ ဘုရားသခင်ရဲ့ အကြွမ်းမဖက်တဲ့ အနန္တမေတ္တာတော်အကြောင်းကို ကြားကြ ရမှာပါ။ ကမ္ဘာ့လူသားတွေက အဲဒီမေတ္တာလက္ခဏာကို ဘုရားသားသမီးများရဲ့ အသက် တာမှာ မြင်ကြမှာဖြစ်ပါတယ်။

> "ထိုနောက်မှ ကောင်းကင်တမန် တစ်ပါးသည် ကြီးစွာသောတန်ခိုးနှင့် ပြည့်စုံ၍ ကောင်းကင်က ဆင်းသက်သည်ကို ငါမြင်၏။ သူ၏ ရောင်ခြည်အားဖြင့် မြေကြီး ထွန်းလင်းလျက်ရှိ၏။" - ဗျာဒိတ်ကျမ်း ၁၈:၁

လူအယောက်တိုင်းက ဘုရားသခင်ရဲ့လူတွေဖက်ပါရင်ပါ (သို့) သူတို့ကို ဖျက်ဆီးတဲ့ဖက် ပါရမှာ ဖြစ်ပါတယ်။ အဲဒီနည်းအားဖြင့်နဲ့ လူသားအားလုံးက ကိုယ့်အစ္စျတ္တနဲ့ကိုယ် နေရပြီး ကရုဏာတံခါး ပိတ်သွားပါလိမ့်မယ်။

အခုအချိန်မှာ ဘုရားသခင်က ဘယ်အချိန်မှာ ကရုဏာတံခါးပိတ်မလဲဆိုပြီး ဇယားတွေဆွဲပြီး ကြိုဟောသူအများကြီးရှိပါတယ်။ ဒီလက္ခဏာတွေသည် အချိန် (Chronos) ကိုဂါရဝပြုခြင်းဖြစ်ပြီး စန်တာကလော့ဒဏ္ဍာရီလာ သတိထားပါဆိုတဲ့အကြောင်းကို ရှောင်ပြန်ဟပ်ပါတယ်။

အသက်အန္တရာယ်ခြိမ်းခြောက်ပြီး လူတွေကိုအချိန်နဲ့ဖိခြင်းက တံဆိပ်ခတ်ထိုက်တဲ့ဘုရား သိက္ခာ စံမီတဲ့လူအမျိုးအစား ပေါ်စေမှာမဟုတ်ပါဘူး။ လူတွေကထာဝရကာလဆိုတာ ကို မြည်းစမ်းပြီး Chronos ကို သူတို့ဘဝမှာ မင်းမူစေခြင်းကနေရပ်စေဖို့လိုပါတယ်။

> “ထိုသို့ငါတို့သည် ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံသောအားဖြင့်၊ တရားဆုံးဖြတ်တော်မူသောနေ့၌ ရဲရင့်ရသောအခွင့် ရှိကြလိမ့်မည်။ အကြောင်းမူကား၊ ငါတို့သည် ကိုယ်တော်၏နည်းတူ ဤလောက၌ဖြစ်ကြ၏။ ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့် မပေါင်းနိုင်ရာ။ သံဝေဂသည် ပူပန်ခြင်းဝေဒနာကို ဖြစ်စေသောကြောင့်၊ စုံလင်သောမေတ္တာသည် သံဝေဂကို ပယ်ရှားတတ်၏။ သံဝေဂရှိသောသူသည် မေတ္တာနှင့် မပြည့်စုံသေး။” - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၁၇၊ ၁၈

အချိန်ဆိုတဲ့ဘုရားကို စွန့်လွှတ်ကြရအောင်လား။ Chronos-Aeon ရဲ့ ထောက်ခံမှုရတဲ့ ဘုရားတွေကို စွန့်ကြပါစို့။ ယေဟောဝါနဲ့ ၎င်းရဲ့သားတော်ဟာ ဘုရားဖြစ်ကြကြောင်း ပြဖို့ Chronos ဆီမှာ ကျေးဇူးကြွေးမရှိပါဘူး။ ပြန်ပြောပါမယ်။ ။

> “မုသားနှင့်ကင်းစင်တော်မူသော ဘုရားသခင်သည်၊ ရှေးကပ်ကာလ[Aeon(ios), Chronos]မရောက်မီ ကတိထားတော်မူ” - တိတုဩဝါဒစာ ၁:၁-၃

ဘုရားရဲ့သားတော်သည် ဘုရားဖြစ်ပါတယ်လို့ ကျွန်တော်တို့က ပြဖို့လိုရင်လည်း လူစစ်စစ်အဖြစ် လာပြီးပြခဲ့တဲ့ ပြည့်စုံတဲ့မဟာမေတ္တာတော်ဖြင့်သာ ပြကြစို့။ အဲဒါက

ကျွန်တော် တို့ စူးစမ်းဖို့အတွက် ဘုရားက ကျွန်တော်တို့ကို ပေးခဲ့တာပါ။ စိတ်နဲ့ မမှန်းနိုင်၊ မျက်မြင် မရှိ၊ မိုးကုတ်စက်ဝိုင်းရဲ့ အပြင်ဖက်က Olam မဟုတ်ပါဘူး။

> "နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်လည်း ကောင်း၊ သစ္စာတော်နှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။" - ရှင်ယောဟန်ခရစ်ဝင် ၁:၁၄

ခရစ်တော်က သူ့ရဲ့တပည့်တွေနဲ့ (၃) နှစ်ခွဲ လာပြီးအချိန်ပေးခဲ့တုန်းက သူ့ရဲ့ အမတဘာဝ ကို စူးစမ်းစေချင်ခဲ့သလား။ မဟုတ်ပါဘူး။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူတယ်ဆိုတာကိုပြတဲ့ သူ့ရဲ့အတ္တမဲ့မေတ္တာကိုပဲ စူးစမ်းစေချင်ခဲ့တာပါ။ အချိန်၊ သေခြင်း စတာတွေကို မလေ့လာခိုင်းခဲ့ပါဘူး။ သူကဖန်ဆင်းခဲ့တဲ့ အချိန်နဲ့သူကို ပြန်တိုင်းရမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း ဘုရားသခင်ရဲ့သိက္ခာနဲ့ သားတော်နဲ့ ဘယ်လို သဟာယဖြစ်သလဲဆိုတာကို အာရုံထားကြပြီး ကျွန်တော်တို့နဲ့မအပ်စပ်တဲ့ ထာဝရဆိုတာ ကို ခမည်းတော်ဘုရား ချပြလာမယ့်အချိန်အထိ ဒီအတိုင်းပဲ ထားကြရအောင်လား။

## ၂၆။ ဝိညာဉ်ရေးဗိမာန်တော်ကို ဆေးကြောမွမ်းမံခြင်း

ဒီစာအုပ်ထဲမှာ ထောက်တိုင်အဖြစ် သုံးထားတဲ့အကြောင်းတွေ အများကြီးရှိပါတယ်။

၁။ ဘုရားက ဘယ်သူ့ကိုမှ မစီရင်/အပြစ်မပေးပါ။ ရှင်ယောဟန် ၅:၂၂

၂။ ခရစ်တော်က ဘယ်သူ့ကိုမှ မစီရင်ပါ။ ရှင်ယောဟန် ၈:၁၅

၃။ ဘုရားရဲ့ပညတ်သည် အရူပဖြစ်ပြီး သန္တာန်မှာ အလုပ်လုပ်တာပါ။ ဘုရားရဲ့နိုင်ငံတော်မှာ ၎င်းရဲ့ပညတ်ကို လိုက်လျှောက်ဖို့ အခမ္မနဲ့ပြဋ္ဌာန်းတာမဟုတ်ဘဲ သူ့ရဲ့သိက္ခာကိုပြတာဖြစ်ပြီး သူ့ရဲ့စိတ်ဓာတ်မျိုးနဲ့ ဝမ်းပမ်းတသာ စောင့်ကြတာပါ။

၄။ ဒီကမ္ဘာမှာလာပွင့်ခဲ့တဲ့ ခရစ်တော်သည် ဘုရားရဲ့သိက္ခာကို အကုန်အစင် လာပြခဲ့တာပါ။ အနီးလာထင်ပြခြင်းက သမ္မာကျမ်းစာတစ်အုပ်လုံးမှာရှိတဲ့ ဘုရားရဲ့သိက္ခာတော်အကြောင်း လာပြခဲ့တာပါ။

၅။ အပြစ်တင်ခြင်းသည် အာဒံကြောင့် လူသားတွေ ကျင့်သားရလာတာပါ။ အာဒံက အသီးကိုစားမိခဲ့ရတာကို ဘုရားရဲ့သားတော်နဲ့ဝေတို့ကို အပြစ်တင်ခဲ့တာက မာရ်နတ် က သူ့ကိုသွေးထိုးခဲ့လို့ပါ။

၆။ ဘုရားသခင်ရဲ့ မျှတမှုဆိုတာက ဓမ္မကိုပြုခြင်း ဖြစ်ပါတယ်။ ဓမ္မဆိုတာ ဘုရားအတွက် ကြင်နာခြင်း၊ ကရုဏာထားခြင်း၊ ညှာတာခြင်း၊ ကိုယ့်အဓ္ဈတ္တအတိုင်း စံစေ၊ ခံစေခြင်းတွေ ဖြစ်ပါတယ်။

၇။ ဘုရားသခင်ရဲ့ ကယ်တင်ခြင်းလမ်းစဉ်က ဗိမာန်တော်ထဲက နည်းသရည်းတွေမှာ ဖော်ပြထားပါတယ်။ အကန့်တိုင်းက လူတစ်ယောက်ရဲ့ အမှတ်မှားခြင်းကို ထောက်ပြပါတယ်။ ဘုရားက ယဇ်ပူဇော်ခြင်းအမှုကို တည်ခဲ့ပါတယ် (ဘုရားရဲ့ဆန္ဒတော့ မဟုတ်ဘူးပေါ့)။ သူ့ရဲ့တရားစီရင်ပုံ သဘောသဘာဝကို စီရင်ထုံးအဆင့်ဆင့်တွေနဲ့ ပြခဲ့ပါတယ်။

၈။ ပထမကောင်းကင်တမန်က "တရားစီရင်ခြင်း အချိန်ရောက်ပြီ" ဆိုတာက ကျွန်တော် တို့က ဘုရားသခင်ရဲ့သိက္ခာတော်ကို စစ်ရမှာကို ဆိုလိုတာပါ။ ဘုရားရဲ့သီလကို စီရင်ရာမှာ ကျွန်တော်တို့ရဲ့ စိတ်မှန်းအတိုင်း ကျွန်တော်တို့ ပြန်အစီရင်ခံရမှာ ဖြစ်ပါ တယ်။

၉။ ဘုရားက အပြစ်သားတွေကို အပြစ်ပေးဖို့ စာရင်းတွေမသိမ်းထားပါဘူး။

၁၀။ ပုရိသနဲ့ပြစ်မှားခဲ့တဲ့ အမျိုးသမီးကိစ္စကိုကြည့်ရင် တရားမျှတမှုကိုတောင်းတာက အသင်းလူကြီးတွေပါ။ အယောက်တိုင်းက ကိုယ့်ကိုယ်ကို ပြန်စစ်တဲ့အခါ တရားစီရင် ခြင်းရဲ့ရလဒ်က ရှေ့လူနောက်ရောက်၊ နောက်လူရှေ့ရောက် ဖြစ်သွားပါတယ်။

၁၁။ တရားရုံးမှာတော့ မာရ်နတ်ဟာ တရားလိုပါ။ မာရ်နတ်ရဲ့စွပ်စွဲမှုတွေကိုချေပဖို့ ဘုရား သခင်က ကျွန်တော်တို့ရဲ့ရာဇဝင်ကို ပြန်စစ်ရပါတယ်။

၁၂။ အချိန်နဲ့ပတ်သက်လို့ ဘုရားရဲ့အနေအထားက ကျွန်တော်တို့နဲ့ လုံးလုံးကို ကွာပါ တယ်။ ဘုရားက သူဖန်ဆင်းထားတဲ့အရာကနေ အကောင်းတွေရဖို့ အချိန်ကို လက် ကိုင်တုတ်အဖြစ် မသုံးပါဘူး။ သမ္မာကျမ်းစာလာ အချိန်နဲ့သွားတဲ့တရားစီရင်မှုဟာ ကျွန်တော်တို့ရဲ့ အပြစ်တွေကို မြင်တတ်၊ နောင်တရတတ်ဖို့ပါ။

ဒီအချက်တွေကို အခြေခံပြီးတော့ ကျွန်တော်တို့သည် တရားစီရင်ခြင်းကိုမှီပြီး ဘုရား သခင်နဲ့ နီးစပ်နိုင်ပါတယ်။ သမ္မာကျမ်းစာမှာ ဒီလိုလာပါတယ်။ ။

> "သင်တို့ကို စစ်ကြောစီရင်ခြင်းငှာ ငါချဉ်းမည်။" - မာလခိအနာဂတ္တိကျမ်း ၃:၅ (KJV)

ခရစ်တော်ဘုရားက တရားစီရင်ထုံးအားဖြင့် ကျွန်တော်တို့ဆီကို မေတ္တာအရင်းခံပြီးလာ တဲ့အခါမှာ ခရစ်တော်သည် ကျွန်တော်တို့အတွက် သစ္စာရှိသောသက်သေအဖြစ်

ရှိသွားမှာ ပါ။ ခရစ်တော်က ကျွန်တော်တို့ရဲ့ပြဿနာဟာ အပြစ်ပေးဖို့မဟုတ်ဘဲ ကုစားဖို့ရည်သန် ပြီး ကျွန်တော်တို့ရဲ့အဖြစ်ကို ထုတ်ပြပါတယ်။

ကျွန်တော် ခရစ်ယာန်ဓမ္မခရီး စလျှောက်တုန်းက တရားစီရင်ခြင်းကို ကြောက်ခဲ့ရပါတယ်။ ယေရှုဆီမှာ စိတ်ချမ်းသာနိုင်ပေမယ့် တရားစီရင်ခြင်းကို ဘယ်လိုကျော်ဖြတ်နိုင်မလဲဆိုပြီး စိတ်ပူခဲ့ရပါတယ်။ အချိန်က ကျွန်တော့်ကို ဖွဲ့နေပါတယ်။ ဘုရားကတော့ တစ်ကွေ့ကွေ့မှာ အပြစ်တင်မှာဘဲဆိုတဲ့စိတ်က ကျွန်တော့်ကိုခြောက်ပါတယ်။

ကျွန်တော်လည်း တစ်ခြားအသင်းသားတွေလိုပဲ ကိုယ့်အကြောက်ကို ငြိမ်းသတ်ပြီး ကမ္ဘာ မှာရှိတဲ့ ကျွန်တော့်ထက်ဆိုးတဲ့လူတွေကို လိုက်ပြီးအာရုံစားခဲ့ပါတယ်။ ဘုရားက လမ်းမ လိုက်သူတွေကို ဖျက်ဆီးမယ်ဆိုတဲ့ရှုထောင့်နဲ့ စိတ်သက်သာကြဖို့ အသင်းတော်ထဲက လူတွေအတွက် ကမ္ဘာမှာလူဆိုးရှိဖို့ လိုအပ်နေကြပါတယ်။ ဒီဘောင်အတိုင်းသာဆိုရင် ဘုရားက လူတိုင်းကို မသတ်လောက်ပါဘူး၊ အဲဒါကြောင့် ကျွန်တော်သိနေတဲ့လူတွေ ထက် ကျွန်တော်ကသာနေရင် ကောင်းကင်ရောက်သင့်ပါတယ်ဆိုတဲ့အတွေး ပေါ်လာပါ တယ်။ ဒီစိတ်မျိုးရှိတဲ့လူဟာ တစ်ခါမှ နားရတယ်လို့မရှိဘဲ လူတွေနဲ့ လိုက်လိုက်ပြိုင်နေ မှာ ဖြစ်ပါတယ်။

ဒီစာအုပ်က ဘုရားသခင်ဟာ ခင်ဗျားကို ဘယ်တုန်းကမှ အပြစ်မတင်ခဲ့၊ နောင်လည်း အပြစ်တင်မှာမဟုတ်ကြောင်းကို မြင်တတ်ပါစေလို့ ဆုတောင်းပေးပါတယ်။ ကျွန်တော် ကိုယ်၌က ဒီလိုလွတ်မြောက်ရေးအတွေးမျိုးကို တွေးဖြစ်ခဲ့ပါတယ်။ အဲဒီအတွေးက ကျွန် တော့်ရဲ့ အကြောက်တရားကိုဖယ်၊ ခမည်းတော်ရဲ့မေတ္တာကို ကျွန်တော့်နှလုံးသားမှာ အမှန်အမှန်အတိုင်း ဝင်စေခဲ့ပါတယ်။

ကျွန်တော်တို့ချခဲ့တဲ့ အနှီအုတ်မြစ်ဖက်ကနေကြည့်ရင် ကျွန်တော်တို့ကို ဖိတ်ခေါ်တဲ့ ဝိညာဉ်ရေးဗိမာန်တော်ဆီ ခြေလှမ်းနိုင်ပါပြီ။

"ထိုကြောင့်၊ သင်တို့သည် တစ်ကျွန်းတစ်နိုင်ငံသား မဟုတ်၊ ဧည့်သည်လည်း မဟုတ်၊ သန့်ရှင်းသူတို့၏ အမျိုးသားချင်း ဖြစ်ကြ၏။ ဘုရားသခင်အိမ်တော်သားလည်း ဖြစ်ကြ၏။- အဘယ်သို့နည်းဟူမူကား၊ တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။ ထိုတိုက်ထောင့်အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့် တစ်တိုက်လုံးသည် စေ့စပ်၍ ကြီးပွားသဖြင့်၊ သခင်ဘုရားအဖို့ အလိုငှာ သန့်ရှင်းသော ဗိမာန်တော်ဖြစ်၏။" - ဖေက်သြဝါဒစာ ၂:၁၉-၂၁

ဗိမာန်တော်ကြီး ဆေးကြောနိုင်ပြီလို့ ကျွန်တော်တို့ တကယ်ပြောနိုင်ပါပြီ။ ဘုရားသခင်ဟာ အပြစ်ဖြေဖို့ အသွေးတွေမလို့တဲ့အတွက် အသွေးအားလုံးဟာ အသန့်ရှင်းဆုံးအခန်းကနေ ဖယ်ပစ်လို့ရပါပြီ။ သူများကိုအပြစ်ဖို့တတ်တဲ့ ကျွန်တော်တို့ရဲ့အပြစ်ကို နောင်တရပြီး ကျွန်တော်တို့ရဲ့အပြစ်တွေ စားစာခံဆိတ်အပေါ်တင်နိုင်ဖို့ ဘုရားသခင်က ဒီအသုံးအဆောင်တွေကို သုံးနေရတာပါ။

"အကြင်သူသည် အောင်မြင်၏။ ထိုသူကို ငါသည် ငါ၏ဘုရားသခင့်ဗိမာန်တော်၌ တိုင်ဖြစ်စေမည်။ နောက်တစ်ဖန် သူသည် ပြင်သို့မရွေ့ရ။ ငါ၏ ဘုရားသခင့် နာမတော်ကိုလည်းကောင်း၊ ငါ၏ဘုရားသခင့်အထံတော် မှထွက်၍၊ ကောင်းကင်ဘုံမှ ဆင်းသက်သော ယေရုရှလင်မြို့သစ်တည်းဟူသော၊ ငါ၏ဘုရားသခင့်မြို့တော်၏ နာမကိုလည်းကောင်း၊ ငါ၏ နာမသစ်ကိုလည်းကောင်း၊ ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်။" - ဗျာဒိတ်ကျမ်း ၃:၁၂

ဘုရားသခင်ပေးမယ့် နာမည်အသစ်ဟာ စီရင်ခြင်းနဲ့ အပြစ်ပေးခြင်းကင်းတဲ့၊ ကြင်နာခြင်း နဲ့ သနားခြင်းပါတဲ့နာမည် ဖြစ်ပါတယ်။ သားတော်အားကိုးနဲ့ ကျွန်တော်တို့ရဲ့ ထူးမြတ်တဲ့ ခမည်းတော်ကို ရှုတဲ့အခါ တစ်ပါးကိုတစ်ပါး အပြစ်မဖို့ကြတာကိုကြည့်ပြီး ကျွန်တော်တို့ လည်း ဘုရားသခင်နဲ့တူသောသဏ္ဍာန်သို့ ပြောင်းနိုင်ပါစေ။ အာမင်။

တရားစီရင်ရာနေ့! ဒီဘဝမှာ ပြုခဲ့တဲ့အရာတွေအတွက် အယောက်တိုင်းက တရားစီရင်ခြင်း (အကျိုး) ခံရမယ်ဆိုတဲ့အယူ ဒီကမ္ဘာမှာရှိတဲ့ လူမျိုးတိုင်းမှာ ရှိပါတယ်။ ယေရှုခရစ်တော်က ဒီတရားစီရင်မှုကို ကြံ့ကြံ့ခံရမယ့် ရိုးရိုးရှင်းရှင်းနည်းကို ပေးခဲ့ပါတယ်။

"သင် စစ်ကြောခြင်းမခံရရန် စစ်ကြောဆုံးဖြတ်ခြင်းကို မပြုနှင့်။" - ရှင်မဿဲ ၇:၁

အခြားလူတွေကို စစ်ကြောဆုံးဖြတ်ခြင်းမရှိတဲ့ဝန်းကျင်မှာ နေထိုင်ရခြင်းဟာ ဘာနဲ့တူမလဲ။ ဒါကဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ကျွန်တော်တို့ဟာ လူတွေရဲ့ရုပ်အဆင်း၊ နိမ့်/ မြင့်၊ ဝ/ ပိန်၊ တတ်ကျွမ်းမှုတွေကို အစဉ်အတင်းပြောနေကြပါတယ်။ ကျွန်တော်တို့ဟာ လူတို့ရဲ့အရောင်အသွေး၊ ကိုးကွယ်ယုံကြည်မှု၊ လူရာဝင်မှု၊ ဝင်ငွေ၊ ပညာဂုဏ်တွေကို အတင်းပြောကြပါတယ်။

ဘယ်သူ့ကိုမှ မစစ်ကြောတဲ့ ရှေ့သွားနမူနာယူဖို့ ဒီလိုပြီးပြည့်စုံတဲ့ပုဂ္ဂိုလ် ကျွန်တော်တို့ ဘယ်မှာရှာတွေ့နိုင်မှာလဲ။

"သင်တို့သည် ဇာတိပကတိအတိုင်း စီရင်တတ်ကြ၏။ ငါမူကား အဘယ်သူကိုမျှမစီရင်။" - ရှင်ယောဟန်ခရစ်ဝင် ၈:၁၅

ယေရှုဘုရားက ဘယ်သူ့ကိုမှ မစီရင်ဘူးဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ။ သူ့ခမည်းတော်အကြောင်း ယေရှုဘုရားဘာမိန့်သလဲဆိုတာ သုံးသပ်ကြပါဦး။

"ထို့ပြင်မှက ခမည်းတော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ။ တရားစီရင်ခြင်း အခွင့်ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၅:၂၃

လူတိုင်း တန်ရာတန်ရာကိုရမယ်ဆိုတဲ့ ဘုရားရဲ့တရားစီရင်ခြင်းအကြောင်း ကျမ်းစာမှာလာတယ် မဟုတ်လား။ ဒီအကြောင်းက ယေရှုမိန့်တာတွေနဲ့ ဘယ်လိုသဟဇာတ ဖြစ်ကြသလား။ ကိုယ်ကျရှုံး တဲ့အခါ ကိုယ့်ကိုယ်ကိုအပြစ်တင်တတ်ခြင်း၊ အခြားလူတွေက ကိုယ့်ကို မကောင်းကြံပြီး ဟားတိုက်ကြတာကို ကြံ့ကြံ့ခံနိုင်မယ့်သော့ချက်ကို ရှာကြပါ။

အပြစ်တင်ခြင်းကင်းစင်တဲ့ ပရမတ်ကို ရှာမှီးပါ။